# ဗုဒ္ဓဝါဒ [illegible]

(ပထမတွဲ)

ဗုဓလင်မြို့

ကြောင်ပန်း-ဦးတိက္ခာ အရှင်မြတ်

၏

# ဝိပဿနာအလုပ်-အကျဉ်းချုပ်

# ဒိဋ္ဌိပြုတ်လမ်း ဟောပုံကျမ်း

ဆုံးခဏ်းတိုင်အောင်

ကြည့်ကျက်ဆောင်

---


ပဌမတွဲ

နှိပ်ရှင်

မုံရွာ - ဆရာကျော်

( ကူးယူပုံနှိပ်ခြင်းခွင့်မပြု )

---



ကျေးဇူးရှင်-ကြောင်ပန်းဂိုဏ်းအုပ်

ဦးတိက္ခ ဆရာတော်ဘုရားကြီး၏ ပုံတော်

# နိဒါန်း

ဦးတိဋ္ဌ အရှင်သူမြတ်သည် အရပ်ရပ်၌ ဟောကြား တော်မူအပ်သော ဝိပဿနာအလုပ် အကျဉ်းချုပ် ဂါထာ ဆောင်ပုဒ်တို့သည် မြောက်များစွာ ရှိခဲ့ကုန်၏။ ထိုသို့ရှိခဲ့ရာ အပိုင်ပိုင် အမွှာမွှာ ဖြစ်နေကြ၍ တလုံးတည်း တစည်း တည်း ကြည့်ရှုမှတ်သား၍ လွယ်ကူစေခြင်းအကျိုးငှါ၎င်း။

ထို ဂါထာ ဆောင်ပုဒ်တို့၏ အဓိပ္ပါယ်ကို သိလွယ် မြင်လွယ်စေခြင်း အကျိုးငှါ၎င်း။

ခန္ဓာ ငါးပါး ရုပ်နာမ်တရားကို ဝါသနာပါသူတို့သည် ဆင်ခြင် လေ့လာ ဟောပြောခြင်း၌ ဥပလက္ခဏာ ဉာဏ်စွယ် ဉာဏ်စံ ရကြစေခြင်း အကျိုးငှါ၎င်း။

ဤသို့စသောအကျိုးငှါ အကျဉ်းချုပ် အဓိပ္ပါယ်အားဖြင့် စုဆောင်း ရေးသား၍ ပေးသနားတော်မူပါဟု အရပ်ရပ် တပည့်ကြီး ငယ် အပေါင်း သူတော်ကောင်းတို့ လျှောက်ထား တောင်းပန်ကြသောကြောင့် တအုပ်တည်းစုဆောင်း၍

## ဟောပုံကျမ်း

ဟူသော အမည်သညာနှင့် စီစဉ်ကာ ရေးသားလိုက်ရပေသတည်း။

# မာတိကာ

အမှတ်စဉ် စာမျက်နှာ


၁။ ကြောင်ပန်း အတိတ်တဘောင်နှင့် စပ်လျဉ်းသော တရားခွန်း ...... ...... ၁
၂။ မြွေမသေ ဒုတ်မကျိုး တရားခွန်း ...... ၂၄
၃။ မသေဝနဲ့ မရှင်ဝနဲ့ တရားခွန်း ...... ၄၇
၄။ ကြောင်ပန်းဝါဒ တရားခွန်း ...... ..... ၆၇
၅။ အနန္တလက်နက်ကြီး တရားခွန်း ...... ၉၂
၆။ ပွတ်ဖန်များ သစ်သားမီးဖြစ် တရားခွန်း ...... ၁၂၂
၇။ နီးလျက်နှင့်ဝေး တရားခွန်း .... ...... ၁၄၄
၈။ ချစ်ကြိုးလိမ် တရားခွန်း ...... ..... ၁၇၄
၉။ သူငယ်ပြန် တရားခွန်း ...... ...... ၁၉၆
၁၀။ စိတ်ကြီးဝင် တရားခွန်း ...... ..... ၂၂၃
၁၁။ သဏ္ဌာယဒိဋ္ဌိ ၂၀ သချပ်အရ .... ..... ၂၄၂
၁၂။ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိသချပ်အရ ..... ၂၄၅



# ၁။ ကြောင်ပန်းအတိတ်တဘောင်နှင့် စပ်လျဉ်းသော တရားခွန်း

—— ○ ——

ဗိဋ္ဌာရေဒ္ဒိ မဟာ ဂီတံ၊
ဥပ္ပန္နံ နာမ ဒဿနံ။
ပ,ဒု,တ,စေတ္တ ပါဒါနံ၊
ဂုဏာကာရ နိမန္တနံ။

ဘော-တိတ်နဲ့ နိမိတ်နဲ့ အရိပ်တဲ့လို့ ဟိတ်အလှဲ့ကံသာ မြန်မာအမျိုးသား’ ဒိ-အမျိုးသမီးများတို့၊ ၀ါ-ဇမ္ဗူဘောင်ကျွန်း ဩဘာ နိမိတ်ထွန်းသတဲ့ အတိတ် သတင်းကျေညာ အကြောင်းနှင့် ညီညာစွာ ဤသာသနာ့ တည်ရာချက်ြ၍ မနသိကာရ ပြော့ပြောင်း, ဒိ- တပည့်အပေါင်းတို့၊ အတိတေ- မဝေးကွာလှ ကလေးဘာဝ ရှေးကာလကပင်သျှင်၊ ဗိဋ္ဌာရေဒ္ဒိ မဟာဂီတံ-ကြောင်ပါးမီးတံတို့ အဆိုအစ ကိုက်လှဲ့ပါလေး၊ ဆုံးရေးအထိ ပေါ်သည့်ရှေးရိုင်း သား

ချော့ခေါ်သော တေးသီချင်းကြီးသည်၊ ဉပ္ပန္နံ-ဗမာအစ ပဏာမစကား အစဉ်အားဖြင့် ထင်ရှားစွာ ဖြစ်ပေါ်၍ လာခဲ့လေပြီ၊ ဉပ္ပန္နံ- ၁၃၀ ၁၃၀ ပေါ်ကထဲက တကျော်ကျော်လွှဲဒါ ကြားသိရသဖြင့် တော်တော်ဘဲ အားရှိခဲ့လေပြီ၊ ဉပ္ပန္နံ- မဖို မသိတ်ရအောင် အလိုလို အိပ်ကရော့လို့ အမိဆိုသိပ် ထို နိမိတ်ကြောင့် ငိုစိတ်ကလေးပျောက်လို့မို့ ရိုစိတ်ကလေးလဲ ရောက်ခဲ့ကြလေပြီတကား၊ ဇွဲ ဣမသ္မိံ ဂီတေ-၌တဘောင် ရေးရင်း တေးသီချင်းကြီး၌၊ ပါဒါနံ-လေးဆစ်အချိုး လေးမျိုး ဝါကျ လေးပါဒ,တို့တွင်၊ ပ-ပထမ ပါဒံ - ရှေးဦးအစ ပထမ ပါဒသည်၊ ဝါ-"**ကြောင်ပါး မီးဘုံခို**"အဆိုအရ ပုဒ်ပဒက ထုတ်ပြကောက်ဘော် အမိပ္ပါယ်သော်ကား၊တသသ ထေရသ- ကြောင်အပါးပေမို့ တဘောင်စကား ဒါလိုယူ တော့ သတ္တဝါမိုလ်လူ ဆဲ့တမီးကုန်တဲ့အောင် ဖျက်ဆီးပုံ ခါ်းအမြန်တိုသောကြောင့် အပြီးမကျန်သကို နည်းအမှန်ဆို ရမှာဖြင့် မီးတံကို ခေါ်ညား ထို ဆရာတော်ဘုရားကြီး၏၊ နာမ ဒသနံ-ကြောင်ပန်း,ကြောင်ပန်း ဟူသော အမည်တော် ကို ပြဆိုလိုက်ခြင်း အကြောင်းရင်းနိမိတ် ပထမ,တဘောင် အတိတ်ကြီး တခုဖြစ်ပါပေသတည်း။

ဒု- ဒုတိယပါဒံ-,နှစ်ခုမြောက် ဖြစ်သော ဒုတိယ, ပါဒ သည်၊ ဝါ-"**အဆိကိုစားပါလို့ အသားကိုမျို**"အဆိုအရ ပုဒ်ပဒက ထုတ်ပြ ကောက်ဘော် အမိပ္ပါယ်သော်ကား၊တသသ ထေရသ-ကိုယ့်အလုပ်,ကိုယ့်ကိစ္စ,ကိုယ့်ဌာန,ကိုယ့်အရာ ဖြစ်သော •အမွေဓမ္မာအမြတ် ဒေသနာ ပရမတ်ကို အသေ အချာ မမွေရှာတတ်လျှင်ဖြင့် မနေပါ သေဒါပင် မြတ်သဟဲ့

လို့ ဧကစာရပ်ခိုမြိုး ထိုကြောင်ပန်း မဟာထေရ်မြတ်ကြီး၏ ဂုဏ ဒသသန်-ချပ်ခါတ် နာမ်ဝါတ်ပရမတ္ထသဘာဝမှာငါမရ သူမရှိ ပကတိအနေ ဉာဏ်စွမ်းကုန်မြှလိုက်တော့ အခုရနှင့် မစပ် အဖတ်ကိုပယ် ပရမတ်ထိုနယ် အဆီကို စားလို့မို့ မြတ်ဘုရားအသိနှင့် ဓါတ်သားကို မျိုသွင်း ဂုဏ်သတင်းကို ပြဆိုလိုက်ခြင်း အကြောင်းရင်း နိမိတ် ဒုတိယ တံဘောင် အဘိတ်ကြီးတခု ဖြစ်ပါပေသတည်း။

တ-တဘိယပါဒ်-သုံးခုမြောက် ဖြစ်သော တဘိယ ပါဒ သည်။ ဝါ- "**ကြောင်အိုပေမွေး**"ဆိုတေးအရ ပုဒ်ပဒက, ထုတ်ပြ ကောက်ဘော် အဓိပ္ပါယ်သော်ကား၊ သတ္တာနံ-ဝန် ဖြစ်ပုံ သေဆေးကို လွှတ်နှစ်ရုံ အပြေပေးဒါမှုနှင့် ကျေခေါ် နေရှာကြတဲ့ သတ္တဝါ ငပေမွေးတို့၏။ အာကာရ ဒသသနံ- တောင်မကျ,မြောက်မကျ ရောင်တ,တ,နှင့် နောင်မှ,ကြောင် တ,ရမည့် အခြင်းအရာကို ပြဆိုလိုက်ခြင်း အကြောင်းရင်း နိမိတ် တတိယ တဘောင် အဘိတ်ကြီး တခု ဖြစ်ပါပေသ တည်း။

စ-စတုတ္ထ ပါဒ်- လေးခုမြောက် ဖြစ်သော စတုတ္ထ ပါဒ သည်။ဝါ-"**ကိုက်ဘီလွဲပါစေသေး**"ဆိုတေးအရ ပုဒ်ပဒက ထုတ် ပြ ကောက်ဘော် အဓိပ္ပါယ်သော်ကား၊ တံ သေရံ-ကမ္ဘာ နိမိတ်နှင့် ပွင့်ပေါ်လာ သင့်ချော်စွာ တဘောင်စခန်းဆိုက် လို့မို့ ကြောင်ပန်း အမြှက် ထင်ရှား ထို အရှင်ဘုရားကို၊ နိမန္တနံ- ကျင့်ဝိတ်မယွင်း အရှင့်ဟိတ် သတင်းကြောင့် ပင့် ဘိတ်ခြင်းဆိုတဲ့ စတုတ္ထ တဘောင် အဘိတ်ကြီးတခု ဖြစ်ပါ ပေသတည်း။

နိမန္တနံ- သာသနာတုံဘဝ ဒုလ္လဘာ နှင့် တွေ့ရကြုံရ တခုဏ်လျှကြတို့ အမှုဂဏာမရောတဲ့ သုညတ သဘောကို ဟောလှဲ့ပါအုံး ဟောပါအုံးဟု ပြာဖုံးနေတဲ့ အမှောင့်ဓမ္မ ညာလုံးတွေနဲ့ မထောင့်ရအောင် အသာဆုံးဓမ္မ အဖြောင့် ရခြင်းလို့မို့ တကမ္ဘာလုံး ကြောင့်ကျည်းပြီး တောင့်တကြီး တောင့်တကြရပေလိမ့်သတည်း။

နိမန္တနံ-ဘယ်ကလာလာ ဘာကိုပြောပြော ဘယ်သဘောကိုစန်းစန်း ဘယ်လမ်းကိုလိုက်လိုက် နောင်စခန်းတွင် အောင်နန်းအဝင်မှာ ကြောင်ပန်းပင်သို့ ဆိုက်ကြရလိမ့်မတဲ့ သိထိုက်သူ ကလျာဏတို့မှာဖြင့် ကဝိမကိုင်ငုတဆူကို အခါခါ တ,တ,ပြီး "**ဟော သာကြ လာကြ-သာဓကတို့**"ဘဂဝါ ဘုရား ခါသမယ၌ "**ဒါမှ - သဘာဝ - ပြာအကျ**" ဆိုက် ရောက်ရပေတော့သတည်း။

ကဲကဲ-အနန္တသခင် ကျေးဇူးရှင်ဘုရားကြီး၏ အဘိတ် တဘောင်နှင့် စပ်လင်း၍ တရားတခင်း ဝိုက်ပျူးပြီး အမြိုက် မိုးယံကြီး ရွာချလိုက်မယ် တကာတကာမတွေက သဘာဝ ပြာကျအောင် နာကြပေတော့။

တကာအောင်ရေ(ဘုရား)ငါတို့ရဲ့ ကျေးဇူးရှင်ဆရာတော် ဘုရားကြီးဟာ ပုဗ္ဗနိမိတ် အဘိတ်တဘောင်က ရှေ့ဆောင် ပြီး ဤလောက လူ့ဘောင်မှာ ထင်ရှားစွာ ပွင့်ပေါ် ပေါက် ဘွားတော်မူလာပေတယ်ဆိုဒါ စဉ်းစားကြည့်လိုက် ရင် အများပင် သိထိုက်တယ်မဟုတ်လား-( မှန်ပါ- သိသင့် သိ ထိုက် ကြပါတယ်ဘုရား )

ဈေးပဝေက, ကလေးအမေတို့ အေးအေး, အေးအေး နှင့် နိမိတ်ဆောင်ကြတဲ့ အဘိတ်တဘောင်ကတော့ ဒီလိုတဲ့။

* ကြောင်ပါး မီးတံတို့ အဆီကိုစားပါလို့
  အသားကိုမျှ...ကြောင်အိုပေမွေး ကိုက်
  လှဲ့ပါလေး။

တကာအောင်ကော ဒီ သားချော့ သီချင်းများ ရရဲ့လား (မှန်ပါ၊ တပည့်တော် အိမ်က ဟာမ,လဲ ဒီအတိုင်း ချော့နေဒါဘဲ ဘုရား)

အေးအေး ဒါကြောင့်(**ဇမ္ဗူတောင်ကျွန်း-ဩဘာနိမိတ်ထွန်း**) ဆိုဒါလို၊တကာအောင်တို့ ငါတို့ ကျွန်းသူကျွန်းသား တွေဟာ ဗိတ်နဲ့ နိမိတ်နဲ့ လာခဲ့ကြတဲ့ လူမျိုးတွေ ဖြစ်ခြင်း ကြောင့် ဘိတ်နိမိတ်ကင်းပြီး ပေါ်လာသော အမှုရယ်လို့ တပုံတခုမှ မရှိဘူးနော်။

**ဆဲ**- ယနေ့တဘောင်ကြီးလဲ အများလူတွေ ဥဝဲဥဝဲ ပေါ် လာကတဲ့က နားထဲမှာ ကွဲအက်တေတတ် တခဲနက်သော အမိ ၏ မေတ္တာသံနှင့် ချစ်သဒ္ဒါသ နံသန် အဆိုနှင့် လွှဲလိုက်တော့ အငိုစဲလို့ အရှိုက်ရပ် အဟိုက်ပြတ်လို့ အပမ်းပြေ မသန်း မဝေ အပူအေးတဲ့အောင် လူကလေး ချွေသွေး အေအေးအိုရယ်လို့ ဆိုပြီး အငိုမီးငြိမ်းသတ်ကြရတဲ့ ကိန်းမြတ်တဘောင် ကြီးပါလားဆိုဒါ လေးလေးစားစား မှတ်ကြရမယ်။

ဒွိ - လေးဆစ်ချိုးအရ အကျဉ်းချုပ် ပြလိုက်တော့ " **ကြောင်ပါး မီးတံတို** " ဆိုတဲ့ ပထမပိုဒ်က, ကြောင်အပါးလို့ ဆိုလိုလျက် စကားပြေပြစ်စေခြင်းငှါ အ,အက္ခရာ တလုံးကို ချေဖျက် ရှောင်ထားပြီး ကြောင်ပါးရယ်လို့ ဆိုကြ၊ ပါး,အရကတော့ ပါးတယ်, နပ်တယ်, ပေါက်တယ်, ပိုင်တယ်,ဆိုတဲ့ ဝေဝစ် ပရိယာယ် စကားလှယ်မျှသာကွာ၍ အဓိပ္ပါယ်မှာ အတူတူပါဘဲ။

**မီးတံတို** အရကတော့ ဝဋ်ဘဝတိုတိုနှင့် မဂ်,ဖိုလ်,နိဗ္ဗာန်ကို စိတ်သန်စွာ လိုလားကြတဲ့ သံသာရဘီရုက ပုဂ္ဂိုလ်များ ကျေးဇူးရှင် ဘုရားကြီး၏ ဟောနည်း ပြောနည်း ကျင့်နည်း ကြံနည်း, နိသျည်းအတိုင်း, မဆိုင်း နေ့ ည, မပြတ်မပြတ် အထပ်ထပ် ပွါးများကြပလား ဆိုရင်ဖြင့် ရာဂ အစ, ဥပါယာသအဆုံး တဟုန်းဟုန်းတောက်လောင်၍ နေသော ဆဲ့တပါး မီးတံဟာ အပြီးမကျန် ခရီးအမြန် တိုလို့ရို့ မီးတံတိုဟု ခေါ်ဆိုရတယ် မဟုတ်သား တကာအောင် ရ ( မှန်ပါဘုရား )

**အဆီကိုစားပါလို့ အသားကိုမျှ** ဆိုတဲ့ ဒုတိယပိုဒ် အရကတော့ ထိုက်သမျှ အဓိပ္ပါယ်ကို ကြံတ်နယ်ခါ အတိတ်အဖြေ ထုတ်ရမှာဖြင့် .....

၁။ စိတ်,စေတသိက်၊ရုပ်နှင့်နိဗ္ဗာန်၊ ဤလေးတန် အမှန်ဆတ်ဆတ်၊ ပရမတ်။

## ၂။ ငါသူတပါး၊ ယောကျ်ား မိန်းမ၊ ကြီး,ဆ, သိဒါ၊အရေရာ၊ သညာ အမှတ်၊ ခေါ်ပညတ်။

အဲ...... ယခု ရွတ်ဆိုလိုက်တဲ့ သိတန်ကလေး နှစ်ပိုဒ်ကို တကာအောင်တို့ အရဆောင်ထိုက်တဲ့ အချက်ကြီးတဲ့ဟော့။ စိတ်တရား, စေတသိက်တရား, ရုပ်တရား, နိဗ္ဗာန်တရား, ဤလေးပါးကတော့ မဖောက်မပြန် အမှန် ကေန်ရှိတဲ့တရား မျိုးမို့ ပရမတ်တရားလို့ခေါ်တယ်၊ငါ,သူတပါး,ယောကျ်ား မိန်းမ, ပုဂ္ဂိုလ်,သတ္တဝါ ရယ်လို့ အရေရာသောဝတ္ထု အရပ် သော အခြင်းအရာ, အဖြာဖြာသော ပုံဟန်, အလုံးပုံသော သဏ္ဌာန်,အရတွေကတော့ နာမ်ကြီးဆ ချယ်လှယ်တဲ့ အသိမျှ ပါဘဲ။တကယ် နှစ်ကယ်မရှိ,ခတ်အစဉ်ရှာလိုက်တော့ မှတ် သညာ အဆက်အသွယ်ပြု၍ စက်လယ်သမှု အဆင့်ဆင့် အမှတ်ထားကြသဖြင့်၊ပညတ်တရားက တချားလိုလို အများ ထိုထို အမှန်ကျသို့ချုပ်လိုက်တော့ ဩ…. နာမ်က လုပ်တဲ့ ပညတ်ပါကလား တကာအောင်ရ ( မှန်ပါဘုရား )

တကာအောင်ရေ ပါဠိတော်ကြီးတွေမှာ မြတ်စွာဘုရား ဟောကြားတော်မူသော မဖောက်မပြန် အမှန် ကေန်ရှိတဲ့ ပရမတ္ထတရားဆိုဒါ စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန် ဟု လေး ပါးသာရှိတယ် ထိုလေးပါးပြင် အပိုအလွန်ရယ်လို့မရှိဘူး. ယခု- တကာအောင်တို့ ကမ္ဘာသူ ကမ္ဘာသား လူအများ တွေကတော့ ပညတ်တရားကိုလဲ ပရမတ်တရားလိုဘဲ၊အမြဲ အစွဲ အမှန်ကေံ ရှိတယ်- တကယ် ရှိတယ် လို့ ထင်မနေကြ ဘူးလား (မှန်ပါ-ထင်နေကြပါတယ်ဘုရား။)

ဒါဖြင့် ပရမတ္ထတရား ငါးပါးတောင် ဖြစ်နေပါပကော ဟ .. တကာအောင်ရ၊ ( မှန်ပါ-ငါးပါးချောင်ချောင် ဖြစ်နေကြ ထင်ပါဘုရား )

ချောင်ချောင် မဟုတ်ဘူး ကြောင်တောင် ဖြစ်နေကြတယ် တကာအောင်ကြီးလဲ, ငါးပါးကိုလာ်းယဲ ရောက်နေအခန်းမယ် ကြပ်ကြပ်သတိထား စဉ်းစားကြည့်နော် ( မှန်ပါဘုရား)

အေး-အေး ....ဒါ့ကြောင့် အစဉ်အလာမပြတ်, သညာက မှတ်ခဲ့သော အသွံ, အကာ, အဖတ်, ပညတ်နယ်ကို လွှင့်ဖြတ် ဖယ် ကပိမြတ် မဟာထေရ်က ဝိပဿနာအဆိကို မပြတ် မလပ် အသပ်ထပ်စားပြီး ပရမတ်သားအစစ်နှင့် ဓါတ်သား အနှစ် သားကလေးကိုမှ ရွေးမျိုတော်မူပေသကိုး တကာ အောင်ရ (မှန်ပါဘုရား)

“**ကြောင်အိုဒေသမွေး**”ဆိုတဲ့ တတိယပိုဒ်အရ ကတော့ အပိုက်ကျနေတဲ့ သတ္တဝါတွေကို ထပ်ခါသေ, မသာချရ အောင် ဒါနပြုပြန်တော့လဲ တငါငါ သီလဆောက်တည်ပြန် တော့လဲ တငါငါ ဘာဝနာပွါးပြန်တော့လဲ တငါငါ အဲဒါလို တဈော ငါ-မာနငါ ဒိဋ္ဌိငါ-လို့ဆိုတဲ့ ဒိငါကလေး လုံးထွေး လုံးထွေးနှင့် အရှုံးပေးနေရဒါ ဒုန်းပြေးလို့မှ မလွတ်သာ အောင် ဖြစ်နေကြပြီ တကာအောင်ရ ( မှန်ပါဘုရား )

ထို ငါကလေး အရှုံးပေးပေးပြီး ဆုံးရေးကို မသိ ထွက် လမ်းကိုလဲ မကြည့်တော့ဘဲ သုံးဖြာသော ဘုံကြီးမှာ ကြုံမိ ကြုံရာ ဓောတအြမြ သဘောကျသရို့ အဟောဝတ အဟော

ဝတ,လို့ လောဘက တပေပေ ဒေါသက တတောတော မောဟက တဝေဝေ သို့ကလို - တပေပေ - တတောတော- တဝေဝေ့ တထွေးထွေးနှင့် ညာဏ်ဖြာခါ အရှေတွေးလိုက် တော့ သံသရာမှာ ပေပေပြီး မှေးခဲ့ရဒါ ကြေအေးနိုင်တယ် လို့ မရှိတော့ဘူးဟာ ဒကာအောင်ရ ( မှန်ပါဘုရား )

“ **ကိုက်လှဲ့ပါလေး** ” ဆိုတဲ့ စတုတ္ထပိုဒ် အရကတော့ အမြိုက်ဓမ္မ ခြသေ့ဆိကို ' ဘဝင်မြေ့ကြည်ကြည်, နာယူ မှတ်ပြီး အမတာဂူမြတ် နန်းသိဝေသို့ လှမ်းမည်မသွေ ထွက် ပေါက်ရှယ်ကြသည့် ထက်အောံနယ် ခေတ်တိုက်ဇမ္ဗူတွင် ကျွတ်ထိုက်သူ တပည့်တကာ တကာမ တွေက ကဝိဆရာ ဘုရား ကြောင်ပန်းရှင် ကို မှောင်မသန်း အစဉ် ဘုံဘဝ မမြောမဆက်ရအောင်၊အောင်လမ်းတံခွန် အမှုံ ဂဏ မရော မယှက်တဲ့ သုညတ ဓမ္မော စက်၏ ဇောအချက် ဖြစ်သော သဘောသက်သက်ကို ဟောမြွက်တော်မူပါဘုရား, ဟော မြွက်တော်မူပါဘုရားဟု တောင်းပန်လျှောက်ထားကြသဖြင့် ပြဆိုခဲ့ပြီးသော အတိုင်တဘောင်စကားဟာ ဤတွင် ကြေ သွားပြီမဟုတ်လား တကာအောင်ရ ( မှန်ပါ။ကြေသွားပါပြီ ဘုရား )

အောင်မယ် တကာအောင်ရေ ကြားဘူးတဲ့ စကားအထူး ဟာ ဒီမျှမကသေးဘူး ရက်တရက် အပိုမတိဟ်တဲ့အတွက် မဒ္ဒိပ် မစက်နိုင်သော ကလေးအရူးတွေကို တေးကြူးပြီး ချော့သိပ်ထာကတော့-ဒီလိုရှိပြန်တယ်။

* တဆိတ်စာ-အိပ်ပါတော့လား၊ အသက် ဇီဝိန်
ပြုတ်အောင်- ခုတ်လိမ့် ကြောင်ပါး

ဇွဲ- ယခုရွတ်ဆိုလိုက်တဲ့ နှစ်ဆစ်အချိုးကလေးနဲ့ အဓိက- ချော့သိပ်လိုက် ပြန်တော့လဲ ပြော့အိပ်သွားရော ဆိုပါလား တကာအောင်ရ ( မှန်ပါ့ဘုရား )

ဒီ-အတိတ်တဘောင်ရဲ့ အဓိပ္ပါယ်သဘောတွေကို သိတ်အကျယ်ပြောနေမှဖြင့် စကားတွေ မြောခြင်တိုင်း မြောနေလိမ့်မယ်၊ လိုရင်းသဘော တိုတိုပြောကြမို့.... မြတ်စွာဘုရားနှင့်တကွ ငါတို့ ဆရာတော်ဘုရားကြီး အမြဲမပြတ်နိစ္စပတ် အထပ်ထပ်ဟောတော်မူအပ်သော ရုပ်ဓါတ် နာမ်ဓါတ် ပရမတ္ထ ဓမ္မ သဘာ်ရတရားဆိုဒါ နိသတ္တ,သတ္တဝါလဲ မဟုတ်ဘူးတဲ့၊ နိဇ္ဇီဝ,အသက်လဲ မဟုတ်ဘူးတဲ့၊ တကာအောင်တို့ တတွေကတော့ သတ္တဝါဟုတ်တယ် အသက်ဟုတ်တယ်လို့ တကယ်ထင်ရှဲပြီး အလွဲကြီး လွဲနေကြတယ်ဆိုရင် တယ်ခံခြင်မယ်မဟုတ်လှဘူး မခံခြင်သော်လဲ ချော်လွဲနေမှုကြီးကတော့ အပြီးတိုင် ထောက်ခံချက်ပေးနေရှာဒါဘဲ၊ ထောက်ခံချက် ပေးနေပုံကတော့ ရုပ်, နာမ်- နှစ်ပါး တဖွားဖွား ဖြစ်ပေါ်နေဒါရဲ့ သတ္တဝါ ဖြစ်ပေါ် နေသလိုလို အသက် ဖြစ်ပေါ်နေသရောင်ရောင် ရုပ်,နာမ်-နှစ်ပါး တဖွားဖွား ပျက်စီးသွားဒါရဲ့ သတ္တဝါ ပျက် စီး သွား သ လို လို အသက် ပျက်စီးသွား သလိုလို အသက်ပျက်စီးသွားသရောင်ရောင်၊ အဲ့-ဒါလို ရုပ်, နာမ်- နှစ်ပါး အပေါ်မှာ ထင်ရောင်

ထင်မှား ဖြစ်မနေဘူးလား တကာအောင်ရ (မှန်ပါ ဖြစ်နေပါ သဘုရား )

အေး-ဒါလို ထင်ရောင်ထင်မှား မဖြစ်ရအောင် ဘောက် ပြန်ပျက်မှု ချပ်အဒု၊ ညွတ်သိပျက်မှု နာမ်အဒု၊ အဲ-ဒါလို ချပ် အဒု နာမ်အဒုကို တခုစီ ခွဲကြည့်လိုက်တော့ သတ္တဝါပွဲဒိဋ္ဌိ အသက်ပွဲ ဒိဋ္ဌိဟာ ဘယ်မှာ ကပ်ငြိ လာနိုင်ပါတော့မလဲ၊ ရုပ်ကို ရုပ်တဲ့တဲ့ နာမ်ကို နာမ်တဲ့တဲ့ မြင်မှ အသက်ပွဲ စင် မယ် အသက်ပွဲပြုတ်မယ်လို့ ဆိုလိုဒါပေါ့၊ ဆဲဒါက- အသက် ဇီဝိန်ပြုတ်အောင် ခုတ်လိမ့်ကြောင်ပါး ဆိုတဲ့ တဘောင် စကားရဲ့ အဓိပ္ပါယ်ပါဘဲ တကာအောင်ရ ( မှန်ပါဘုရား )

* မင်္ဂ ဖိုလ်– ရက်တိုဘို့ တရား၊ အသက် ဇီဝိန် ပြုတ်အောင် ခုတ်တဲ့ ကြောင်ပါး။

ယခင် အပိုဒ်ကို ဒါလို မြင်လိုက်ရင် သာ မကောင်းပေ ဘူးလား တကာအောင်ရ ( မှန်ပါ-သာ ကောင်းပါဘုရား)

ဩ- ဒါလို ပုဂ္ဂလဝိသေသ ဖြစ်သော ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ် မြတ်, ပုဂ္ဂိုလ်ဘတ်, ပုဂ္ဂိုလ်ချွန်, ပုဂ္ဂိုလ်မွန်ကြီး တဆူ ပွင့် တော်မူတော့မယ်ဆိုရင် ပုဗ္ဗနိမိတ်, ရှေ့ပြေးဟိတ်က အဦး အစ,ဖြစ်နိုင်ရတယ်ဆိုဒါ ကမ္ဘာ့တံတွာ ဓမ္မတာကြီး ငနု ဘဲနေဘ်.. ကြည့်ပါလား " **အင်းခနိုးတော့ လယ်ပေါ်၊ လယ်ပေါ်တော့ ဌက်ကျ၊ ဌက်ကျတော့ ကြောင်ခုတ်** " သတဲ့။ တနည်းကတော့လဲ " **အင်းခနိုးလို့ လယ်ပေါ်၊ ဌက်တော် ကြောင်ခုတ်** " ဟောဒါလို အဆိုစကား သချပ်

ရှိပေတယ်၊ တကာအောင် ကြားဘူးရဲ့လား ( မှန်ပါ-ကြား ဘူးပါ ဘုရား )

ယခုလို လောက ဆိုရိုး မှော်ကွန်းထိုးထားတဲ့ စကားကို ထောက်ပြီး အရကောက်လိုက်တော့၊ အင်းခန်း ဆရာတော် ဘုရားကြီး၊ လယ်တီ ဆရာတော်ဘုရားကြီး၊ ငှက်တွင်း ဆရာ တော်ဘုရားကြီး၊ ကြောင်ပန်း ဆရာတော်ဘုရားကြီး၊ ၎င်း ပုဂ္ဂိုလ်ကြီးများပါဘဲ၊ ဤလေးပါးသချပ်, အကျဉ်းချုပ်ပြန် တော့၊ ကြောင်ခုတ်တဲ့စကားရပ်တွင် အဆုံးသတ်ထားတယ်၊ ကြောင်ခုတ်ပြီးမှဖြင့်လဲ ဘာလုပ်ဘို့ လိုသေးသလဲ- တကာ အောင်ရ ( မှန်ပါ--မလိုပါဘူးဘုရား )

ပိဋကတ္တယ,ပါရဂူ ဖြစ်တော်မူသော လယ်တီဆရာတော် ဘုရားကြီးကတော့တရားဟောတော်မူသောအခါမှာဖြစ်စေ, ဒီပနီ ကျမ်းများကို ရေးသားတော်မူသော အခါမှာ ဖြစ်စေ၊ သယ်သယ်ပိုးပိုး သွယ်သွယ်ဝိုက်ဝိုက် ငန်းတိုက်ပြီး ဟော ကြား ရေးသားတော်မူလေ့ရှိတယ်၊ နွားထိးများဖွေ့တဲ့အခါ တကောင် နှင့် တကောင် စောင်လိုက်, မျှောင်လိုက်, တွန် လိုက်, ချိန်းလိုက်, ဟန်းလိုက် ဟောက်လိုက်, လုပ်ပြီးမှ ဒိုးခနဲ နေအောင် ပင်ဖွေ့လိုက်သလိုပေါ့လေ၊ ငါတို့ ကြောင် ပန်းဆရာတော်ဘုရားကြီးကတော့ ဟောကြားတော်မူသော အခါမှာဖြစ်စေ၊ရေးသားတော်မူသောအခါမှာဖြစ်စေ၊မသွယ် မဝိုက် ငန်းမတိုက်တော့ဘဲ တိုစိ,တိုစိ,အလိုရှိတဲ့ လိုရင်း အဘောကလေးကို ကြည့်ကြည့်ပြီး တိခနဲ- တိခနဲ, ဟော ကြား ရေးသားတော်မူလေ့ရှိတယ်၊ နွားမများ ဖွေ့တဲ့အခါ

တေ့ဆတ်လိုက်သလို စောင်ဟဲ မျှောင်ဟဲနှင့် အချိန်ကာလ ဆွဲမနေတော့ဘဲ ဒင်းကနဲ ဝင်ဖေ့လိုက်သလိုပေါ့လေ၊

ဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးက၊ကြောင်ပန်း ဆရာတော်ဘုရားကြီးကို ဆရာ့တရားက, နွားမ,ဖေ့ တရား ကိုးလို့ မိန့်ဆိုတော်မူဘူးသတဲ့၊ ထိုမိန့်ချက်ကိုယူပြီး အချို့ အချို့သော သူတို့ကတောင် ကြောင်ပန်း တရားက နွားမ, ဖေ့ တရား-နွားမ,ဖေ့ တရားလို့ အများပင် ပြောဆို သုံးစွဲ နေကြတယ်၊ အဲဒီ-နွားမ,ဖေ့ တေ့ဆတ် တရားဆိုဒါ လူ တိုင်းလဲ နားမခံသာပေဘူး၊ ခံနိုင်သူ ခံ မခံနိုင်သူ လံပေါ့- တကာအောင်ရာ ( မှန်ပါဘုရား )

တကာအောင်ရေ- တချို့ နွားထီးများလဲ တကယ် တွယ် တော့မလိုလို တွံ, မြှုန်း, ဟိန်း, ဟောတ်, စောင် မျှောင်ပြီး တော်တဲ့နေရာ ရှောင်ထွက်သွား ဘိုးသာဝ, နွားကျစ်သိုး- သေး သဝေထိုးပေါက်သွား, လားလားမှ မဖေ့တတ်ရှာဘူး ဆိုသလိုဘဲ၊ ဒီလိုလဲ ရှိခြင် ရှိလိမ့်အုံးမယ် ထင်တယ်နော်...... ( မှန်ပါ-ရှိပါလိမ့်ဘုရား )

တကာအောင်ရေ နိဗ္ဗာန်လမ်းပြ ဝိပဿနာ ဓမ္မကထိက ဆိုဒါ တယ်မလွယ်လှဘူး၊ အချို့ပုဂ္ဂိုလ်ကလဲ ရှေရှေ မြော မြော အကျယ်ပြောလေ့ပြောတာ ဟောလေ့ဟောတာရှိကြ၊ ဒါလိုပြောမှ ဟောမှ သဘောကျတဲ့သူတွေကလဲ အများကြီး ဘဲ၊ အချို့ပုဂ္ဂိုလ်ကလဲ လိုရင်းအချက်ကလေးတို ဒက်ခနဲ ဒက်ခနဲ အကျဉ်းဆွဲပြီး တင်းခနဲ ရှင်းခနဲ လင်းခနဲ နေအောင် ပြောလေ့ပြောတာ ဟောလေ့ဟောတာ ရှိကြ၊ ဒါလိုပြောမှ

ဟောမှ သဘောကျတဲ့ သူတွေကလဲ အများကြီးဘဲ၊ သည်
တော့ အကျယ် နှင့် အကျဉ်း ဆိုဒါ လိုရင်း ရောက်မှသာ
ပဓာနပါဘဲ။ သာဝကတို့ ဟောနည်း ပြောနည်းမှာ၊ မိမိတို့
ဉာဏ်သက်ရောက်သလို ပြောဆိုသုံးစွဲကြရိုးမို့ အချိုးကိုက
တမျိုးစီ ညီတယ်လို့မရှိကြဘူးနော်၊ သို့သော် ... အကျယ်
အကျဉ်း လိုရင်း မဟုတ်ဘူး ဆိုသော်လဲ တော်ရုံ ကျယ်မှ
တော်ဒါဘိုး၊ သိတ်ကျယ်လွန်းပြန်တော့လဲ လင်ပန်းကြီးထဲ
ရေထည့်သောက်ရသလို- ဖန်း မမိနိုင်လောက်အောင် ဖြစ်နေ
တတ်တယ်၊ ဒါ့ကြောင့် "**အကျယ်ဟော သဘောမပေ့၊ အကျဉ်းခသ့မှ ခံတွင်းတွေ့**"ဆိုမဟုတ်လား တကာအောင်
ရ ( မှန်ပါဘုရား )

အေး-အေး-ရှပ်နှင့်နာမ် အကျဉ်းလေ့လို့ ခံတွင်းတွေ့ပြီး
သွားသူများကတော့ ကိစ္စမရှိဘူး၊ အကျယ်ဟောလဲ
သဘောမတွေ့ အကျဉ်းဟောလဲ သဘောမကျတဲ့ အချို့
အချို့သော မောဟ သမားတွေကတော့ ကိုယ့်ဉာဏ်က,
မဝင်စားနိုင်ဒါကို အပြစ်မထားဘဲ တရားတော်ကို အမှား
ထားပြီး- များများကြီး ကဲ့ရယ် ပြောဆိုတတ်ကြသေးတယ်၊
ကိုယ် ပိုင် ဉာဏ် နှင့် ကိုယ် တိုင် ကပ် ကြည့် ပြီးမှ ဟုတ်၏
မဟုတ်၏ ယုတ္တိ ရှိမရှိကို ပါဠိနှင့်ပြော သဘောနှင့်ယူမယ်
တော့ မရှိဘူး၊ တဦးတယောက်က ပြောသံကြားနဲ့အမှားလုပ်
ထားဒါတွေကလဲ ပြေ့လို့ တယ်ခက်ပါကလားကရို။

သူများက တဆင့်စကား ပြောသံကြားနဲ့ အမှားလုပ်ထား
ပုံ ပြောအုံးမယ်၊ ငါတို့ရဲ့ ကျေးဇူးရှင်ကြီး မဟာမြိုင် ခေါ်

သော ပထမ ကြောင်ပန်းတောရမှာ သီတင်းသုံးနေထိုင်တော်မူတဲ့အခါ၊ ရွာတရွာက သတ်ဘို့ရာအလို့ငှါ နွားရှာလာကြတဲ့- နွားသတ်သမား နှစ်ယောက် ကျောင်းအနီးသို့ ရောက်လာကြသတဲ့၊ ၎င်းတကာနှစ်ယောက်က အဲဘော်တယောက်ကို မေးလိုက်သည်မှာ- ဟော့ကောင် ဆင်ရော ကျွဲရော တသောသော နေတဲ့ ဒီတောထဲမှာ ပေါက်ပေါက် ရှာရှာ လာနေဒါ ဘယ်က ကိုယ်တော်တဲ့လဲကွ။ အို ငါမရှိ, ကိုယ်မရှိ အသက်မရှိ ဆိုတဲ့ တရားကို ဟောတဲ့ ကိုယ်တော် ဆိုထင်ပါ့ ကွယ်လို့ ပြောလိုက်လေရာ၊ ၎င်းနွားသတ်သမား တကာတယောက်က, ခြေဖျားကလေးထောက် ခါးကလေး မြှောက်ထဲ့ပြီး "ဩ .... အယူလွဲဆိုတဲ့ ကိုယ်တော် ဟာ- ဒီအထဲလာနေရှာသကိုး-အင်း-သနားပါ့-သနားပါ့ လို့ ဆိုပြီး လိုရာခရီး သွားကြသတဲ့" သည်တော့ ဆရာတော်ဘုရားကြီးက နွားသတ်သမားဆိုတဲ့ စကားကို ကျောင်းတွင်းက ကြားရတော့ "ဟယ် ယောကျ်ား-သင်းတို့က မှားသယ်ဆိုရင် ငါ့တရား မှန်ပြီ အများအယူနှင့်လွဲမှ ငါတယောက်ထဲ အယူတဲ့မဟာ" လို့- စိတ်ထဲက ကြံနိုးဝါး အားကျပြီး အမှန်မှန်မှန် နှင့် သန်သန်ကြီး အားထုတ်၍ ဝိပဿနာ အလုပ်ကို မီးကုန် ရမ်းကုန် အရအမိ ကျိုးကုတ်တော်မူခဲ့သတဲ့ တကာ အောင်ရ ( မှန်ပါဘုရား )

သတ္တဝါရှိတယ် အသက်ရှိတယ် ဆိုတဲ့ အယူက တသံသရာလုံးက ယူညွှဲ လွဲမှား လာကြတဲ့ အယူ၊ သတ္တဝါ မရှိ အသက် မရှိ ရုပ် နှင့် နာမ်သာ ရှိတယ် လို့တဲ့ အယူကတော့ ယခုလို သာသနာတော်မြတ်ကြီးနှင့် တွေ့ရတဲ့အခါ ရံခါရံခါမှ

ယူရတဲ့အယူဖြစ်ပေတယ်၊ သို့ကလို မကြားဘူးတော့ နားထူးနေတော့ဒါပေါ့ နားထူးနေတဲ့ တရားမို့လဲ ၎င်းသတ်သမားကတောင် တဆင့်စကား နားရောင်ပြီး အမှားကြောင်း အလွဲကြောင်းလို့ပြောသွားဒါ အလွန်အံ့သြစရာဘဲ၊တချို့ကတော့လဲ ကြောင်ပန်းတရားက အလွန်နက်တယ် အရိယာများမှသိတဲ့တရား၊ငါတို့ ပုထုဇဉ်တွေနဲ့ လားလားမှ မတော်ဘူးလို့ပြောသူကပြော တရားမသိခင် အရိယာက အရင်ဖြစ်နေနှင့်ရမှာလိုလို၊ တရားသိမှ အရိယာဖြစ်မှာ ယခုတော့ အရင်ဟာနောက်, နောက်ဟာအရင် ပြောခြင်ရာ ပြောနေကြဒါ တယ်ခက်ပါကလား ဟ တကာအောင်ရ ( မှန်ပါ-အမျိုးမျိုး ခက်နေကြပါဘုရား )

သို့သော်လဲ "**သူမျှားလင်းသား မျှားနာလို့ သေသေကျပြတ်ဘို့ဆင် ကိုရွှေဝင်း-မင်းဖြစ်ပါစေ** ဆိုဒါလို" သူများဘယ်လိုခက်ခက် ကိုယ်သာ မခက်စေနဲ့ နေဉ်-အနတ္တ အချက်ကြီးကျတော့ လွန်စွာဦးစောက်ချ လိုတယ် ဦးစောက်ချဘို့အရေးကြီးတယ် ဦးစောက်မချရင် ဘယ်တော့မှ အနတ္တအစစ်ကို မမြင်ဘူး အနတ္တစစ် မမြင်ရင်လဲ အတ္တဖြစ်နေမှာဘဲ ဦးစောက် မချရင် ဘယ်တော့မှ အမှန်မရဘူးဆိုဒါ တထစ်ချမှတ်ရမယ်၊ •ဦးစောက်မချဘူးဆိုဒါ မယုံကြည်ဘူး ဆိုဒါနဲ့အတူတူပါဘဲ၊မိမိမှာ ထိုးထွင်းဉာဏ်ကလဲမရှိ သိတဲ့သူကပြောပြန်တော့လဲမယုံ ထုံတယ် ဆိုရမှာလဲအခက် သွက်တယ် ပြောရမှာလဲ နေရာမကျဟောဒီလူ ငအကျဆုံး မဟုတ်လား တကာအောင်ရ(မှန်ပါ၊ ငအကျဆုံးပါဘုရား)

အေး .....ဒီဘဝမှာ ဦးစောက်မချလိုက်မိလို့ ယုံကြည်ခွင့်မရပလားဆိုမှဖြင့်တကာအောင်ရေ·နောင်ဘဝါဘဝမှာမယုံခါတ်ကြီးအဆက်ဆက်ပါသွားပါရော အကယ်၍ ဘုရားရှင်ကြီးနှင့်ကိုယ်တိုင် တွေ့ကြုံတောင် ထို မယုံခါတ်ကြီးက စိတ်အစဉ်ကို ပိတ်ဆီး ပေါ်လာ ပြန်တတ်တယ်၊ အဲ ဒီလို ပိတ်ဆီးပေါ်လာရင် ဘယ်တော့ ဉာဏ်အမြင် ပွင့်နိုင်ပါတော့မလဲ ဒါကြောင့်- မယုံခါတ်ကြီးဟာ မဂ်ဉာဏ်ကို တားဆီး တတ်တယ်ဆိုရင် လွဲပါ့မလား(မှန်ပါ မလွဲပါဘုရား)

ဒါဖြင့် အလွန် ဆိုးဝါးတဲ့ မယုံခါတ်ကြီးကို လက်ခံမထားနဲ့ဟေ့၊ ဒီ မယုံခါတ်ကြီး နောင် ဘဝများစွာပါသွားမှာဟာ အလွန် ကြောက်စရာကောင်းတယ်နော် ( မှန်ပါ အလွန်ကြောက်စရာကြီးပါဘုရား )

ဆရာသမားအပေါ် ဦးစောက်ချလို့ ယုံကြည်ခွင့်ရကြ၍ယတာဘူတ အမှန်အကန် သိကြကုန်သော ကံထူး ကံချွန်, ဉာဏ်ထူး ဉာဏ်ချွန်, ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တွေကတော့ ကျေးဇူးရှင်ဘုရားကြီးရဲ့ ဟောချက် ပြောချက် သဘောနက်ပုံကို မိမိဉာဏ် ငုံနိုင်သမျှ ထောက်ဆ ထောက်ဆပြီး, ဩ .....ဝိပဿနာအချက် အနန္တစက်ကို ကွက်ကွက် ကွင်းကွင်း ဥပါဒ်စွန်း ဘင်စွန်းလွတ်အောင် သိမြင်တော်မူတယ်ဆိုဒါ ဒီအချက် ဒီအချက်ပုက သက်သေခံနေပါကလား၊သိဆိုလဲ သိပေမှာပေါ့၊ ပဌမ ကြောင်ပန်း တောကြီးထဲမှာ ၁၂-နှစ်တိတိ ကိုယ်ဘိ ရင်ဘိ နေ့မှန်း ညမှန်း မသိလောက်အောင် အားထုတ်တော် မူလာခဲ့ပေဒါကိုး၊ ယခု ငါတို့မှာ

လွှယ်လင့်တကူကလေးနဲ့ နာယူမှတ်သားရဒါ တယ် ဝမ်းမြောက်စရာကောင်းပါကလားဆိုဒါ မျှားစွာ ကျေးဇူး တင်ကြ မဟုတ်လား တကာအောင်ရ ( မှန်ပါ-ကျေးဇူးတင်ကြပါဘုရား )

တောထွက်တော်မူစဉ်ကလဲ ရှေးဦးစွာ ကြောင်ပန်းတောကြီးထဲ ရောက်အသွား တပါးထည်း ထိုင်ပြီးစဉ်းစား ကြံနီးဝါးတော်မူလိုက်သတဲ့။ **"ငါကဲ့သို့သော ယောကျ်ား ဒီ ဘုရားသာသနာ ကျွတ်တမ်းဝင်ပုဂ္ဂိုလ်ထဲမပါရ နေပါ့ရိုးလားဆင်နှင်းလို သွားသွား- ကျားစားသို့ သေသေ ဒီကျွန်းပင် ပါးပျဉ်းကြီးထဲက နေပြီး- ဒိဋ္ဌိကို အသေသတ်မယ"** လို့ ဆုံးဖြတ်ချက် ချ တော် မူ ပြီး သည့် တပြိုင်နက် အသက်နှင့် ခန္ဓာကိုယ်ကို လိုသလို သုံးစွဲကြံရေ့လို့ ရှိသမျှ တောတိရစ္ဆာန်တို့အား ဒါန ချ ထား တော် မူလိုက် သတဲ့ တကာအောင်ရ (မှန်ပါ-ဘကယ့်ယောကျ်ားအာဇာနည် ပြီသ ပါပေ့ဘုရား )

တကာအောင်တို့တတွေ လူသူမနီး တောနက်ကြီးထဲ ရောက်သွားမယ်ဆိုရင် ဒိလိုဒိဋ္ဌိပြုတ် ကျွတ်တမ်းဝင် စကားမျိုးကိုတော့ ကြံနီးဝါးလိုက်မယ် တယ်မထင်ဘူး၊ မကျွတ်တမ်းဝင်စကား ကြံနီးဝါးလိုက်လိမ့်မယ် ထင်တယ် ဟုတ်ပေဘူးလား ( မှန်ပါ-အမယ်လေး တွေ့မှ တွေ့ရ ပါ့တော့မလားလို့ ကြံနီးဝါးလိုက်လိမ့် ထင်ပါဘုရား )

အင်း-အင်း- တော်ပ တော်ပ ရှေ့ မဆက်ပါနဲ့တော့ တကာအောင်တို့ ကြံနီးဝါးမဲ့ပုံကို ကျုပ်က အကုန်သိပြီးသားပါ၊ ' တခါတရံ ဟိုရွာ သည်ရွာသွားလို့ တညအိပ်

လောက်ကြာဒါတောင် ညကျ ထ,ရောင်နေသေးဒါ အထူး ပြောဘို့ မလိုပါဘူး။

တကာအောင်ရေ- ငါတို့ ကျေးဇူးရှင်ဘုရားကြီးဟာ တကတ့် စိတ် တကယ့်ဖွဲ့နဲ့ ဝိပဿနာအလုပ်ကို သဲသဲမဲမဲ အားထုတ်တော်မူလာတဲ့ ဂုဏ်အင်္ဂါကို ရုံလင်စွာသိပြီးသား ဖြစ်ကြတဲ့ အချို့ပညာရှိကြီးများကတောင် ချီးမွမ်းဩဘာ ဟောမနာပြုပြီး တေးထပ်ကလေး တခု ရေးစပ်ထားဒါ ရှိ သေးတယ်-နားထောင် နားထောင်။

**ဟောမနာ တေးထပ်**

အရည်ဩ တောကြောင်ပန်း- ဓောအောင်ခန်း ပရိနိဗ္ဗာန်၊ သဘောဆောင်စွမ်း-ရှုစိတ်သန်သည့် တိဟိတ်ဉာဏ်ဥဇ္ဇော။ သမထ, ဝိပဿနာ၊ ပဋိပတ်အရာ အားလုံ့လပေါ်။ ။ သာ သနာ့ အဖျားစွန်မှာ-တပါးချွန် သံဃော၊ တရားမွန် အတန် တန်ဟောခဲ့-ပြန့်ပြောတဲ့ အမိပ္ပါယ်။ ။ရွှေဂဠုန် တောင်ဟုန် သုတ်သည့်နှယ်-မြေဘုံလှုပ် ဒိုးဂျင်သို့လယ်။ တေဓောခါတု ရှိအခါဝယ်၊ အရိယာနွယ်-အဝင်ဖြစ်ဘို့၊ သဘင်ခေတ်-ပရိ နိဗ္ဗူ-လှမ်းစံမဲ့ခြု၊ ဤလောကာ-တောင်နန်းဇမ္ဗူမှာ၊ ကြောင် ပန်းအတူ ရှိဘူးထင့်လေး။ ။

တကာအောင်ရေ ( ဘုရား ) ငါတို့ ကျေးဇူးရှင်ဘုရား ကြီးရဲ့ ဂုဏ်ပုဒ်တွေကို အကျယ်ထုတ်ပြောနေရင်- စကား ကြောကြီး သိပ်ရှေနေလိမ့်မယ်၊ တရားတော်ကို-နာတင်ဘို့ မှတ်တတ်ဘို့ အရေးကြီးတယ်၊နာတတ်မှလဲ-ငါ-ဆိုတဲ့ အစွ

စွဲ ပြုတ်မယ်၊ ထို အတ္တစွဲ, ဗိဝစွဲ,ပြုတ်အောင်ကလဲ-ခန္ဓာငါးပါး တရားအချုပ်၊ ဝိပဿနာအလုပ်နဲ့ ဖြုတ်မှ အနုသယ ဆိုတဲ့ အမြစ်ပါပြုတ်ကြမှာကိုး။ခန္ဓာငါးပါးဆိုဒါ-ပါဠိဘာသာအလို ဖြင့်၊ ရူပက္ခန္ဓာ- ဝေဒနက္ခန္ဓာ- သညက္ခန္ဓာ- သင်္ခါရက္ခန္ဓာ- ဝိညာဏက္ခန္ဓာ-တဲ့။ ။မြန်မာဘာသာအလိုဖြင့်၊ ရုပ်-ဝေဒနာ သညာ-သင်္ခါရ-ဝိညာဉ် တဲ့။ ။ ထိုငါးပါးတို့တွင် တပါး ပါးကို ပေါက်အောင်ပိုင်အောင်မြင်ရင် ဒိဋ္ဌိစင်သွားတော့ဒါ ပါဘဲ။

ရူပက္ခန္ဓာဆိုဒါလဲ လုံးပြီးဆိုထားတဲ့စကား၊ ဝိပဿနာ အရာမှာ လွန်စွာထင်ရှားတဲ့ ရုပ်ဓာတ် ကိုးပါးကို ရှေးဦးစွာ မှတ်သားထားရမယ်၊ ရုပ်ဓာတ်ကိုးပါးဆိုဒါ

(၁) ပထဝီ-မြေဓာတ်-မြေပရမတ်၊
(၂) အာပေါ-ရေဓာတ်-ရေပရမတ်၊
(၃) တေဇော-မီးဓာတ်-မီးပရမတ်၊
(၄) ဝါယော-လေဓာတ်-လေပရမတ်၊
(၅) ဝဏ္ဏ-အဆင်းဓာတ်-အဆင်းပရမတ်၊
(၆) ဂန္ဓ-အနံ့ဓာတ်-အနံ့ပရမတ်၊
(၇) ရသ-ရသာဓာတ်-ရသာပရမတ်၊
(၈) ဩဇာ-အဆီဓာတ်-အဆီပရမတ်၊
(၉) သဒ္ဒ-အသံဓာတ်-အသံပရမတ်၊

အဲဒီ ထင်ရှားတဲ့ ရုပ်ဓာတ်ကြီးကိုးပါးကို ရှေးဦးစွာ မှတ် သားမိမှ နာတတ် မှတ်တတ်ကြမယ်၊ ဤဓာတ် ကိုးပါးနှင့်

ခွဲခြားပြီး မိမိကိုယ် တကိုယ်လုံး တကောင်လုံးကို သိမ်းကျုံး၍ ကြည့်လိုက်တော့၊ တကာအောင်ရေ၊ ငါ ဆိုဒါ-သူ ဆိုဒါ-ဘယ်မှာရှိပါတော့မလဲ၊ ထိုရုပ်ခဲတ်တွေ တသဲသဲဖြစ် တသဲသဲချုပ်နေဒါလဲ ရှိတော့တယ်မဟုတ်လား။ ( မှန်ပါဘုရား )

ငင်းရုပ်ခဲတ်ကြီး ကိုးပါးကို-သေချာစွာ မှတ်သားပြီးမှ၊ ပွါးများတဲ့အခါကျတော့-တခုခုကို တဲ့တဲ့မြင်အောင်-ကြည့်ပါ-ရှုပါ တခုခု တဲ့အောင် မြင်ရင်လဲ- ကြွင်းခဲတ်ရကို တဲ့အောင်မြင်နိုင်တော့ဒါပါဘဲ၊ တခုကို ပေါက်အောင် ရှုရမယ်လို့ဆိုလိုဒါပေါ့၊ ဤရုပ်ခဲတ်အပေါ်မှာ- အမြင်မတဲ့ကြရင်-ဖဲ့ ဖဲ့ချလို့ - ဒိဋ္ဌိဘက် လွှဲလွှဲကျကျနေတတ်သေးတယ်နေ့သူ့သဘော သူဆောင်နေဒါကို၊ဉာဏ်မျက်စိကြောင်တောင်တဲ့တဲ့ကြီးမြင်အောင် ရှုတတ်ပါမှ၊ သတ္တဝါကောင်, အသက်ကောင်,ရယ်လို့၊အရိပ်အရောင်မျှ-မထင်လာတော့ဘဲ၊ ဤဖနေရာတွင် ဒိဋ္ဌိအစွဲကို- တိခနဲနေအောင် ဖြုတ်ချလိုက်နိုင်တော့ဒါပေါ့လေ။

တကာအောင်ရေ (ဘုရား) အင်း.... ဗျောက်ဖေါက်သလို-ဒေါက်ရှောက်ကြီး ဟောနေလို့ ဘာမှတ်ရမှန်းမသိကြပေဘူး။ မှတ်လို့လဲ နေရာကျ, နာလို့လဲ အရသာပေါ်အောင် ခါးပိုက်ဆောင်ဖြစ်သော၊ သဘာဝ,သရုပ်-ဝိပဿနာဆောင်ပုဒ်ကလေးတွေကို ခပ်သုတ်သုတ် ချ ပေး အုံးမယ်၊ ကဲကဲ အားလုံး လိုက်ကြစန်း-လိုက်ကြစန်း။

ရှစ်ခတ်( ၉ )ပါး

# ဒိဋ္ဌိပြုတ်, ဆောင်ပုဒ်များ

၁။ ပထဝီဓာတု - မြေဓာတ်ဗုကို၊ ပွားရှုဆင်ခြင်
တွဲ့တွဲ့မြင်-ဤတွင်ဒိဋ္ဌိပြုတ်။

၂။ အာပေါဓာတု-ရေဓာတ်ဗုကို၊ ပွားရှုဆင်ခြင်
တွဲ့တွဲ့မြင်-ဤတွင်ဒိဋ္ဌိပြုတ်။

၃။ တေဇောဓာတု-မီးဓာတ်ဗုကို၊ ပွားရှုဆင်ခြင်
တွဲ့တွဲ့မြင်-ဤတွင်ဒိဋ္ဌိပြုတ်။

၄။ ဝါယောဓာတု၊လေဓာတ်ဗုကို၊ ပွားရှုဆင်ခြင်
တွဲ့တွဲ့မြင်-ဤတွင်ဒိဋ္ဌိပြုတ်။

၅။ ဝဏ္ဏဓာတု-အဆင်းဓာတ်ဗုကို၊ ပွားရှုဆင်ခြင်
တွဲ့တွဲ့မြင်-ဤတွင်ဒိဋ္ဌိပြုတ်။

၆။ ဂန္ဓဓာတု - အနံ့ဓာတ်ဗုကို၊ ပွားရှုဆင်ခြင်
တွဲ့တွဲ့မြင်-ဤတွင်ဒိဋ္ဌိပြုတ်။

၇။ ရသဓာတု-အရသာဓာတ်ဗုကို၊ ပွားရှုဆင်ခြင်
တွဲ့တွဲ့မြင်-ဤတွင်ဒိဋ္ဌိပြုတ်။

၈။ ဩဇာဓာတု-အဆီဓာတ်ဗုကို၊ ပွားရှုဆင်ခြင်
တွဲ့တွဲ့မြင်-ဤတွင်ဒိဋ္ဌိပြုတ်။

၉။ သဒ္ဒဓာတု-အသံဓာတ်ဗုကို၊ ပွားရှုဆင်ခြင်
တွဲ့တွဲ့မြင်-ဤတွင်ဒိဋ္ဌိပြုတ်။

ဤမျှလောက်တွင်၊ တရားတထုံး-နိဂုမ်းခပတ်၊
အဆုံးသတ်တော့မည်။

## တရားအဆုံးသတ်ရန်

ဇ္ဈောဝတာ၊ ဤမျှလောက်ပင်- စကားအစဥ်ဖြင့်၊ မယာ၊ ငါသည်။ ဒေသိတံ၊ အကျဥ်းချုပ်မျှ,သဘောအရကို-ဟောပြအပ်ခဲ့သော။ ဓမ္မံ၊ဘုရားပွင့်မှ- ကြားသိရသော၊ သဗ္ဗဇိဝ-ကင်းစင်ပ,သည့်၊ ဓမ္မထူးခြား-မြတ်တရားကို။ သုတွာ၊ ရိုရိုသေသေ-လေးလေးမြတ်မြတ် နာယူမှတ်၍၊ ဝါ၊ အများမပါ-ပွားသဒ္ဒါဖြင့် ကြားနာရသောကြောင့်။ တုမှေ ယခု ဂေါတမလက်ထက်- အာဏာစက်၌၊ မဂ်ဆိုက်, ဖိုလ်ထိ - အ လို ရှိကြောင်း၊ သင်တရားနာပရိသတ်အပေါင်း-သူတော်ကောင်းတို့သည်။အတ္တဒိဋ္ဌိ၊သက္ကာယဝါကောင်ထဲ-အသက်ဘဲဟု၊ ထင်စွဲငုတ်တုတ်-ဒိဋ္ဌိယုတ်ကို။ ဃာတေထ၊ ဝိပဿနာစက်- ဓါးသံလျက်ဖြင့် ချိုးဖျက်ခုတ်ထွင်- သုတ်သင်နိုင်ကြပါစေကုန်သတည်း။

**သာဓု -- သာဓု -- သာဓု**

အဓိပ္ပါယ်အကျယ်ကို၊ မိမိဉာဏ်ဖြင့် ချဲ့ထွင်၍
ထင်မြင်အောင် ဟောကြပါဘုန်း၊

**ပြီး ပြီ**

—o—

# ၂၊ မြွေမသေ—ဒုတ်မကျိုး တရားခွန်း

—— ○ ——

အဟံ အာခါယ ဂဏ္ဍာဓိ၊ ကိလေသ ဘာရဗန္ဓကံ။
နာမရူပံပိ ဘာဝေန္တော၊ ဇဟေတုံ အတိဒုက္ကရော။ ။

အဟံ၊ အသိအမှတ် အစွဲခေတ်က-တကာတဲမပြတ်၊ ဒလစပ် မှောက်လှုံ၊ကြောက်ကန်ကန့်နှင့်ဖေါက်ပြန်သွေယွင်း-နောက်ဆံတွေ တင်းပါဘိ ဖြေရှင်းမပြီ၊ဆိုးတဲ့ငါသည်။ ကိလေသ ဘာရဗန္ဓကံ၊ကိလေသာယုတ်-ဝန်ဆယ်ထုပ်ကို။ ငါ၊မျက်စိ, နား,နှာ၊ လျှာ, ကိုယ်, မနော၊ ခြောက်သဘောမှ၊ ဒလဟော စီးယို တကိုယ်လုံးရှုပ်၊ ကိလေသာယုတ်- ဝန်ဆယ်ထုပ်ကို။ အာခါယ၊ သိမ်းခါ,ပိုက်ခါ-စွဲယူပါ၍။ ဂဏ္ဍာဓိ၊ ထိုဘဝ,ဤဘဝ, အတည်မကျလေအောင်။ ရှည်သမျှ သံသရာမှာ- မာန်တကျော အစေးပွါးလို့မို့- ပြေးသွားခါ နေရလေတော့၏။ ဝါ၊ပေါ့တဲ့ဝန်-နင်မတွေး၊လေးတဲ့ဝန် တမင်ရှာ၊နင်မာယာ ပွေရှုပ်လို့၊သံသရာဆိုတဲ့-ဗွေဇလုပ်အိုင်မှာ၊ ရေငုတ်မြိုင်ရဒါ မောလှပေါ့၊လောခြင်ရာလော-ကီခြင်ရာကီ၊ဒွိဝသိ နှစ်လုံးရှိုင်းတွေကြောင့်၊ တလည်လည် အဆုံး မပိုင်းနိုင်တော့ဘဲ၊ ဒုန်းပိုင်းခါ နေရလေ၏တကား။ ... နာမရူပံ၊ ငါ သူတပါး-ယောကျ်ား,မိန်းမ,ဇီဝမဟုတ် နာမ်နှင့်ရုပ်ကို။ ဝါ၊ ညွှတ်ထောက-နာမ်၊ဖေါက်ပြန်ဒါ-ရုပ်၊ ရှိန်ရှိန်သုတ်လျက်—တိမ်ရုပ်ပမာလို၊ငါကိုယ်စွဲဖြုတ်-ဝိပဿနာအလုပ် အကျဉ်းချုပ်ကို။ ဘာဝေန္တောပိ၊ အားမနာ ပါးမနာ မနားသာအောင်-ပွါးများပါသော်လည်း။ ကိလေသ ဘာရဗန္ဓကံ၊ ကိလေသာထု-ဝန်

ဆယ်ခုကို။ ဝါ၊မြင်းချာကြားချာ-နံရာလျက်ထိ-ကြိမ်စည်သိကာ၊ပကတိအမှောင်-တကောင်လုံးရ၊ကိလေသာထု ဝန်ဆယ်ခုကို။ ဇဟောတို၊ မတွယ်မကပ်-တကယ်ပြတ်အောင့် ပယ်သတ် စွန့်ပြစ်လိုက်ခြင်း၌။အတိဒုက္ခရော၊လွန်ထက်လွန်မင်း ခဲရင်းလှလေ၏တကား။ ။ ဇဟောတို၊လေးတဲ့ဝန်ထုပ်-ခရီးမရှုပ်ရအောင်- မိုးဖုတ်ပြာချ ရာပနလိုက်ခြင်း၌။ အတိဒုက္ခရော၊ ပြောတော့မိုး-ရှိုးတော့မြေ၊ နှင့်စိတ်နေ ဟန်မရဒါကြောင့်-အကြံရခက်လှလေ၏တကား။ ။ ဇဟောတို၊ဝဋ်စက်အဆုံး လွတ်ထွက်ရုံးရအောင် သူ့ကိုဖြင့်- ချစ်ရက်နဲ့မုန်းမဟဲ့လို့ နှစ်လုံးအတဲ့ ဟိတ်ကောင်း - တစိတ် ပြောင်းလိုက်ခြင်း၌။ အတိဒုက္ခရော၊ အခြေအနေ အဟုတ်တမျိုး အပြစ်မပြနိုင်တဲ့ ပြင် တပေပေတလှုပ်လှုပ် တိုးတိုးပြီးချစ်ရဒါခတော့ အတွေတွေ အပုတ်အသိုးအညစ်ခမ္မတွေကြောင့် ဟော- တို့ တတွေ မှာကွယ် ( **မြွေမသေ - ဒုတ်မကျိုး** ) ဖြစ်ရလေတော့သတည်း။

တကာမောင်ရေ ( ဘုရား ) ယနေ့ညတော့ အလွန် ဆိုးဝါးလှတဲ့ ဝိပလ္လာသ တရားကြီး သုံးပါးကို အခြေတယ်ပြီး ရလည်အောင် ဟောရလိမ့်မယ် ( မှန်ပါဘုရား )

ဝိပလ္လာသတရား သုံးပါးဆိုဒါ အသိဘောက်ပြန်မှုဆိုတဲ့ စိတ္တ ဝိပလ္လာသ တပါး။ အမှတ်ဘောက်ပြန်မှုဆိုတဲ့-သညာ ဝိပလ္လာသ တပါး။ အဆွဲ ဘောက်ပြန်မှုဆိုတဲ့-ဒိဋ္ဌိဝိပလ္လာသ တပါး။ဒီတရားသုံးပါးဟာ-တကာမောင်တို့ ငါတို့ သံသရာ သမား-ခရီးသွားတွေကို မျက်စိလယ် လမ်းမှားပြီး- ချောက်

ကမ္ဘာ့ကျသွားအောင် ပို့ဆောင်ဆွဲငင်လျက် အမြဲတွင်တွင် ဒုက္ခပေးနေတဲ့တရားမျိုးလို့ မှတ်ရမယ်နော်(မှန်ပါဘုရား)

ထိုဝိပလ္လာသ တရားဆိုးတရားယုတ်ကို မောင်းမထုတ်နိုင်ကြလို့-သူပေးသမျှ ဒုက္ခဆိုးကို အမျိုးမျိုး အထွေထွေ ဒုတ်ထုတ်ကြီး ခံနေကြရဒါ တကမ္ဘာလဲမက-နှစ်ကမ္ဘာလဲမက- အနန္တထက်-အနန္တ လိပ်,အစရှာ မရသလို ဘဝနှင့် ကမ္ဘာ- အစရှာလို့တောင် မရတော့ဘူး တကာမောင်ရ.... ( မှန်ပါ--လိပ်အစရှာမရသလိုပါဘုရား )

အဘယ်ကဲ့သို့- ဘောက်ဘောက်ပြန်ပြန်- မှားမှား ယွင်းယွင်း, တင်းတင်းကြပ်ကြပ် သိမှတ် ငုံထင်ထုတ်ပါသလဲ ဆိုတော့။ ရုပ် နာမ်ခန္ဓ အနိစ္စကို လူ,နတ်,ဗြဟ္မာ သတ္တဝါနှင့် ငါ,သူတပါး,ယောကျ်ား,မိန်းမ,ရယ်လို့ နိစ္စအနေနှင့် အသိအထင်က ဘောက်ပြန်၊အမှတ်အသားက ဘောက်ပြန်၊ အစွဲအလန်းက ဘောက်ပြန်။ ရုပ်,နာမ်ခန္ဓ ဒုက္ခရဲ့ကို လူ, နတ်, ဗြဟ္မာ,သတ္တဝါနှင့် ငါ,သူတပါး,ယောကျ်ား,မိန်းမ,ရယ်လို့ သုခအနေနှင့် အသိအထင်က ဘောက်ပြန်၊ အမှတ်အသားက ဘောက်ပြန်၊ အစွဲအလန်းက ဘောက်ပြန်။ ရုပ်, နာမ်ခန္ဓ အနတ္တ ကို လူ, နတ်, ဗြဟ္မာ, သတ္တဝါ နှင့် ငါ, သူတပါး, ယောကျ်ား,မိန်းမ ရယ်လို့ အနတ္တ အနေနှင့် အသိအထင်က ဘောက်ပြန်၊ အမှတ်အသားက ဘောက်ပြန်၊ အစွဲအလန်းက ဘောက်ဖြန်၊ရုပ်,နာမ်ခန္ဓအသုဘကို လူ,နတ်,ဗြဟ္မာသတ္တဝါ နှင့်-ငါ, သူတပါး,ယောကျ်ား,မိန်းမ ရယ်လို့ သုဘ အနေ

နှင့်၊ အသိအထင်ကဘောက်ပြန်။ အမှတ်အသားကဘောက်ပြန်၊ အတွဲအလန်းကဘောက်ပြန်။

ဆဲဒါလို အနိစ္စ ကို-နိစ္စ၊ ဒုက္ခကို-သုခ၊ အနတ္တကို-အတ္တ၊ အသုဘ ကို-သုဘ၊ ဘောက်ပြန်သမျှ အကျယ် ပွါးရချင် ဝိပလ္လာသတရား-တဆယ့်နှစ်ပါးရှိပြန်တယ်•တကာမောင်ရ ( မှန်ပါ-တဆယ့်နှစ်ပါး ရှိပါဘုရား )

ဒါ့ကြောင့် ( ဝိပရီတ တော အသတ္တိ ဥပဂန္တတ္တိတိ ဝိပလ္လာသာ )။ ယေဓမ္မာ၊သညာစိတ္တ ဒိဋ္ဌိမျှဟု သုံးခုထင်ရှား အကြွင်တရားတို့သည်။ အနိစ္စာဒိသု၊ အဟုတ်အမှန် ရုပ်နာမ် ဓမ္မ အနိစ္စ ဒုက္ခ အနတ္တနှင့် အသုဘမျှ သဘာဝတို့၌။ဝိပရီတတော၊ မဟုတ်မမှန် လုပ်ကြံပြောဆို ပုဂ္ဂိုလ် သတ္တဝါ- ငါ သူတပါး ယောက်ျား, မိန်းမ, နိစ္စ, သုခ, စွဲ အတ္တ နှင့် သုဘ တထွေ-ဘောက်ပြန် မှားယွင်းသော အနေအားဖြင့်။ အသတ္တိ ဥပဂန္တတ္တိ၊အရိပ်အရောင်,အကောင်,အထည် အရှည်အတို, အဖိုအမ, ဃနအနေ အရေ, အဖတ်, ဖြစ်အသွင်နှင့် မှတ်ထင် ကပ်ရောက်တတ်ကြကုန်၏။ ဣတိတသ္မာ၊ထိုသို့ ဆိုအပ်ခဲ့ပြီးသော အနက်သဘောကြောင့်။ တေ ဓမ္မာ၊ အကျဉ်းသုံးပါး- •ကျယ်ပွါးဆယ့်နှစ် - တွက်စစ်မှတ်သား- ထိုတရားတို့သည် ဝိပလ္လာသာ၊ ဘောက်ပြန်ထတ်လှ-ဝိပလ္လာသတို့မည်ကုန်၏။

ဆဲ ဒါလို ဗိုဒ္ဓိပ်ပါဠိ- ဆိုရိုးရှိသည့်အတိုင်း ဝိပလ္လာသတရား၏ အချက်ကို လေးလေး နက်နက်ကြီး သိထိုက်တဲ့ အချက်မဟုတ်လား ( မှန်ပါ- တကယ့် အချက်ကြီး ဖြစ်ပါသဘုရား )

ရင်း ဝိပလ္လာသ တရား - နှောက် ယှက် ပလား ဆို ရင် ကတောက်ကတက် ဖြစ်သွားတတ်တယ်။ တသံသရာလုံးက လဲ- ကတောက်ကတက် ဖြစ်ခဲ့လှပြီ။ ဘယ်တရားအတွက်- ဘယ်အပေါက်ကထွက်ပြီး- ကတောက်ကတက် ဖြစ်နေရပါ သလဲဆိုတော့ ရူပ,သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ နှင့်- ဓမ္မ ဖုံဖုံ- ခြောက်အာရုံကို လုံးရုံပုံပုံဟန် သဏ္ဍာန်အနေ ထွေထွေရော ယှက်- သူ့အတွက်ကြောင့် စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ,မနဒွါရခြောက်ခု အပေါက်ဗုက, နောက်ကျူထွေဝေ ဆယ်ကိလေသာသည် အနေမ ရွှင်-စိတ်အစဉ်၌ ပူးဝင်နှောက် ယှက်ကြသဖြင့် ကတောက်ကတက် ဖြစ်ရလေ၏။

ကတောက် ကတက် ဆိုသည်ကား။ လောဘ,ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ-ဟုဆိုအပ်သော ကိလေသာ ဆယ်ပါး ဝန်ထုပ် ကြီးများကို ဒွါရခြောက်ပါးမှ၊နေ့မအား,ညမအား- တဖွါးဖွါး ပေါ်ထွက် တစက်စက်ကျ တလလ တမားမား နှင့် သိမ်း ထား ဆောင်ရွက်ပြီး သံသရာစက်ခရီးဝယ် သွက်သွက်ကြီး လယ်အောင် ပြေးသွားနေကြရပုံကို ပြောလိုဒါပေါ့- တကာ မောင်ရ။ ( မှန်ပါဘုရား )

## ကိလေသာနှင့် ပတ်သက်၍ မှတ်ချက်တခုကို အမိုထုတ်ဆို ဘောင်ပြလိုက်ဦးမည်

(၁) နာမ်,ရုပ်,လက်,တည်၊ သန်မြှောက်ပြီ၊ တလီကိနှင့် မြှောက်။

(၂) တထောင့်ငါးရာ၊ ကိလေသာ၊ ထိုခါအပြီးရောက်။

မြှောက်ပွါးပုံ အဓိပ္ပါယ်အကျဉ်း လိုရင်းကား နာမ်အရ နာမ်တေပညာသ-၅၃-ပါး။ နိပ်အရ နိပ္ဖန္နရုပ် အဋ္ဌာရသ-၁၈ ပါး။ လက်အရ လက္ခဏာရုပ်-၄-ပါး၊ ပေါင်း-၇၅-ပါးဖြစ်၏။ ၎င်း-၇၅-ပါးကို တပေါင်းထည်းတည်၍။ သန် အရ, အဇ္ဈတ္တ ဗဟိဒ္ဓ ဟုဆိုအပ်သော သဏ္ဍာန် နှစ်ပါးနှင့် မြှောက်-၁၅၀ ဖြစ်၏။ ၎င်း-၁၅၀-ကို ကိအရ, ယခင်ပြဆိုခဲ့ပြီးသော ကိလေသာ ဆယ်ပါးနှင့်မြှောက်-၁၅၀၀-ကိလေသာဖြစ်၏။

ဝိပလ္လာသတရား- လှည့်စားထားတဲ့ အတွက်ကြောင့် အထင်အမြင်တွေ မှောက်မှားပြီး ကိလေသာတရားတွေ မြင်ရာမှာ တဖွါးဖွါး၊ ကြားရာမှာ တဖွါးဖွါး၊ နံရာမှာ တဖွါးဖွါး၊ လျက်ရာမှာတဖွါးဖွါး၊ တွေ့ထိရာမှာတဖွါးဖွါး၊ ကြံစည်ရာမှာ တဖွါးဖွါးနှင့်-ရပ်နားခွင့်တောင် မရအောင်ဖြစ်နေကြတယ်။ ဩ--ဒီကိလေသာတရားတွေဟာ အနှစ်အသား အဆံအမာ- အကျိတ်အခဲ မရှိပေလို့ဒါနော် အဘယ်၍- အနှစ် အသား အဆံအမာ- အကျိတ်အခဲသာရှိခဲ့ရင် တကာမောင်တို့-ငါတို့ တတွေမှာ-လေးဖိတောင်သေလောက်ရဲ့နော်။ (မှန်ပါ-လေးဒါ နဲ့ဘဲ သေလောက်ပါဘုရား။)

ဘုရားသာသနာ- ကြုံယိုက်တဲ့အခါ အရိယသစ္စာဆိုတဲ့ ဝန်ပေါ့ ဝန်အေးတရားကို မရှာမှီးဘဲ သာပြီးလေးတဲ့ ဝန်ကျွေး, ဝန်ဟောင်း, ဝန်လမ်းကြောင်းတွေ-သောင်းပြောင်း ရောထွေးပြီး ငါငါ-ငါငါ ဟူသော ဒိဋ္ဌိငါကလေး လက်ကိုင် နှင့် သံသရာဆိုတဲ့ ဗွေဇလုပ်ဒိုင်မှာ ရေငုတ်မြုပ်နေလိုက် ကြဒါ ဒိဋ္ဌိမြုပ်ပွဲကြီးဟာ- ကမ္ဘာတခုလုံး- အုံးအုံးတက်-

ကျွက်ကျွက်ဆူ-ပွက်ပွက်ပူလို့ မဟုတ်လား-တကာမောင်ရ (မှန်ပါ-ပွက်ပွက်ပူလို့ပါဘုရား။)

ကြည့်စမ်းပါလား-ငါကလေး လက်ကိုင်ထားပြီး တချို့က-သားကလေးနဲ့ ရေငုတ်မြုပ် တချို့က သွေးကလေးနဲ့-ရေငုတ်မြုပ်။တချို့က မြေးကလေးနဲ့-ရေငုတ်မြုပ် တချို့က-ပစ္စည်းကလေးနဲ့-ရေငုတ်မြုပ်။ ။နွားကလေးနဲ့-ရေငုတ်မြုပ်သူက တမျိုး။လှည်းကလေးနဲ့-ရေငုတ်မြုပ်သူက တမျိုး။ ကျောင်းကလေးနဲ့- ရေငုတ်မြုပ်သူက တမျိုး။ လူ့ပြည်မှာ-ရေငုတ်မြုပ်ရဒါ အားမရသေးလို့ ရံခါရံခါ နတ်ပြည်မှာတက်ပြီး ရေငုတ်မြုပ်သူကမြုပ်၊ ရံခါရံခါ- ဗြဟ္မာ့ပြည်မှာ တက်ပြီး ရေငုတ်မြုပ်သူက မြုပ်။ **ဆဲ**-ဒါလို့, အမျိုးမျိုး အထွေထွေ-ရေငုတ်မြုပ်နေလိုက်ကြဒါ။ငါကလေးကအနိုင်ရပြီး ဘုရား အဆူဆူတွေကတောင် လက်မှိုင်ချ၍ ကြွသွားတော်မူကြပြီ၊ တို့တတွေမှာ-ရေငုတ်မြုပ်ကြတုံးဘဲနော်-(မှန်ပါ, ရေငုတ်မြုပ်ကြတုံးပါဘုရား။)

တော်တော်သတ္တိကောင်းတဲ့- ငါကလေးဘဲ။ ဒီငါကလေး အတွက်-နိဗ္ဗာန်ကို ကြောပေးလျက် ကလေးကစ- ယယ်ယယ် ကြီးကြီး-ထိုးထိုးမမ တဖွဖွနေအောင် ပစပ်ကဖြင့် တောင်းလိုက်ကြတဲ့ နိဗ္ဗာန်- ပွက်လောက်ညံပါရော ထုံးစံမို့သာ တောင်းကြ-ရောက်ကြောင်းက ဘယ်လို ဘာကိုသိမှ-နိဗ္ဗာန်ကို ရမယ်လို့ ရွေးချယ်စိစစ်၍ ငါဆိုတဲ့ဒိဋ္ဌိကို အမြစ်ပါ မတိနိုင်ကြရင် နိဗ္ဗာန်ရဘို့ နေနေသာသာ ငရဲတိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့, အပါယ်လေးပါးသို့ ပြေးသွား

စရာ အသင်းအပင်းတွေဟာ-ဝင်းဝင်းတော်, မောက်မောက် ဖြိုးရှိနေကြ၍ တောင်းဒါက တမျိုး-ရဒါက တမျိုးမို့ ပြော တော့ မိုးယ်း၊ ရှုံးတော့ မြေ, ဖြစ်မနေကြဘူးလား- တကာ မောင်ရ (မှန်ပါ ပြောတော့ မိုးယ်း, ရှုံးတော့ မြေ, ဖြစ်နေကြ ထင်ပါဘုရား။)

ယခုလောကမှာ- ပြုကြရိုးဖြစ်တဲ့ ဝဋ္ဋနိဿိတ ဒါနမျိုး၊ ဆောက်တည်ကြရိုးဖြစ်တဲ့ အနိယတ ဝဋ္ဋနိဿိတ သီလမျိုး၊ ပွါးများကြရိုးဖြစ်တဲ့ ဝဋ္ဋနိဿိတ သမထဘာဝနာမျိုး၊ ဒါ တွေကို အားကိုးနေကြသော်လဲ တဒင်္ဂမျိုး ဝိက္ခမ္ဘနမျိုးမျှ သာဖြစ်၍၊ အပါယ်ဗိဇ-ငါဆိုတဲ့ ဒိဋ္ဌိကဖြင့် နဲ့နဲ့ကလေးမှ မရှိသေးဘူး၊ သည်တော့- ကာမာဝစရ ကုသိုလ်မဟာဂ္ဂုတ် ကုသိုလ်မျိုးလဲ-စင်စစ် အားကိုး အားထားရတဲ့ တရားမျိုး မဟုတ်သေးဘူးနော် ခေတ္တ ခဏမျှ ချမ်းသာခွင့်ကလေး ရ တယ်ဆိုရပေမယ်လို့ တော်တော်ကြာ ပေါ်လာလတ့် ငရဲ ကျွေး, ပေါ်ခဲ့ပြီး ငရဲကျွေးတွေကို တခါထဲ ပြေသွားအောင် ဆပ်ပေးနိုင်ဒါမျိုး မဟုတ်တော့- ငုတ်ခနဲ မားခနဲ ယားခနဲဆို ငရဲထိုးထိုး ကျကျသွားကြရဒါ အထင်အရှားဘဲ မဟုတ် သား-(မှန်ပါ-အလွန်ထင်ရှားပါဘုရား။)

ဒါဖြင့်-ငုတ်ချီတခါ ပေါ်ချီတလှဲ့နဲ့-ဝဋ်နယ်ကို ချဲ့နေကြ သမျှ ငါကလေးက ဖွဲ့ထားလို့ တကယ့် ချမ်းသာထူး, ချမ်း သာစစ်ကြီး လက်လွှတ်ပြီး ဖြစ်ခြင်ရာဖြစ်- နစ်ခြင်ရာ နစ်နေ ကြဒါ အရင်းစစ်တော့ အမြစ်မြေက ဆိုဒါလို့ ငါဆိုတဲ့ ဒိဋ္ဌိ မြွေကလဲ မသေသေးပါရိုးလား၊ လောကမှာ အားထုတ်ကြ

ရှိး ဒါနမျိုး, သီလမျိုး, ဘာဝနာမျိုး ဆိုတဲ့ ဒုတ်ကလဲ ကျိုးအောင် မရိုက်နိုင်ဘဲကိုး။ ဒါ့ကြောင့်-မြွေမသေ ဒုတ်မကျိုး ဆိုသလိုဖြစ်နေကြပြီ တကာမောင်ရဲ့။ (မှန်ပါ-မြွေမသေ ဒုတ်မကျိုးဖြစ်နေကြပါဘုရား။)

ယခုဟောပြခဲ့သော ဝိပလ္လာသ တရားသုံးပါးဟာ ဘာကို အမှီသဟဲ အခွဲပြုပြီး လွဲမှုကြီးတွေ ဖြစ်နေကြရပါသလဲ ဆိုတော့ အဟုတ် အမှန်မရှိတဲ့ ပညတ်ကို အဟုတ် အမှန်ရှိတဲ့ အနေနှင့် အထင်ရောက်ထားလို့ မှောက်မှား ဘောက်ပြန် ဖြစ်ရဒါကိုးဆိုဒါ- တထစ်ချ မှတ်ရမယ်၊ ပညတ်ဆိုဒါ မရှိတရား, ပရမတ်ဆိုဒါ ရှိတရား၊ ထိုမရှိတရား ရှိတရား နှစ်ပါးတို့တွင်မရှိဆိုဒါ ဥပါဒ် ဌီ ဘင် ဟုဆိုအပ်သော-ခဏ အနေနဲ့လဲ မရှိဘူး အစဉ် ဟုဆိုအပ်သော ပဗန္ဓအနေနဲ့လဲ မရှိဘူး ရှိဆိုဒါ ခဏအနေနဲ့လဲရှိရဲ့ ပဗန္ဓအနေနဲ့လဲရှိရဲ့ အဲဒါလို မရှိတရား-ရှိတရား ဤနှစ်ပါးကို သေသေချာချာသိထားကြနော် တော်တော်ကြာ ဘူးလုံးဘတွေးနဲ့ မိအေး-ကလေးချော့သလို နေအုံးမယ် တကာမောင်ရ (မှန်ပါ-မိအေး ခလေးချော့ဒါ-ဘယ်လိုပါလဲဘုရား။)

အင်း-မိအေး ကလေးချော့ဒါကတော့ (ရွှေလ,သာသာ မှောင်မိုက်တုံး ကတုံးကြီးနဲ့ ရောင်ကြီးဝေဆိုကိုး။ ရွှေလ, သာတယ်လဲဆိုရဲ့ မှောင့်မိုက်တုံးလဲ ဆိုသေးရဲ့၊ ပြီးတော့-ကတုံးကြီးနဲ့လဲဆိုရဲ့- ရောင်ကြီးနဲ့လဲ ဝေလို့တဲ့ သူ့ဟာ ဘာသူ့ရမယ် မသိဘူး။)

အဲဒါလိုဘဲ လောကသင်္ကေတ ဝေါဟာရမျှ ဖြစ်ပါလျက် တချို့ကလဲ အဲဒီ မရှိ ဆိုဖွဲ့ ပရမတ်လို ဥပါဒ်၊ ဌီ၊ ဘင် အနေ နဲ့ဒါ မရှိဒါပါ၊ ဒါဖြင့် ဥပါဒ်၊ ဌီ၊ ဘင်-အနေနဲ့မှ မရှိရင် ဘယ်လို အနေမျိုးကလေးနဲ့ ရှိနေဒါလဲလို့ မေးတော့ သူနေ ခြင်တဲ့ အမျိုးလေးနဲ့ နေပြီး ရှိမှာပေါ့လို့ ဆိုပြန်တယ်၊ ကဲ သူနေခြင်သလို နေပြီး သူရှိခြင်သလို ရှိနေမှာဘဲ ဆိုတော့ ဒိပညတ်ကို ဘယ်လိုမှတ်ကြမလဲ ကထုံးကြီးနဲ့ ရောင်ကြီးဝေ ထက်တောင် ကဲနေပြီ မဟုတ်လား (မှန်ပါ-ဘုရား)

## ဆောင်ပုဒ်

၁။ မရှိတရား အရှိထား၊ အများပေါ်ရန် လမ်းမမှန်။
၂။ မရှိတရား မရှိထား၊ အများပျောက်ရန် လမ်းအမှန်။

ပဌမဆောင်ပုဒ် အဓိပ္ပါယ် ကတော့ ငါ၊ သူတပါး ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့ ခေါ်ဆိုသော ပညတ်တရားကို ပရမတ်တရားကဲ့သို့ တပုံထားပြီး သိး ခြား ရှိတယ် ထင်လျှင် ဝိပလ္လာသ တရား ဝင်နှောက်လို့ လမ်းမှားတွေ ရောက်ကုန်မှာပေါ့၊ မရှိတဲ့တရား မရှိတဲ့ အ တိုင်းထားတတ်မှ ဝိပလ္လာသတရားတွေ ကွယ်ပျောက်ပြီး ပရမတ္ထနယ် လမ်းမှန်သို့ ရောက်ပါရောတဲ့ တကာ့မောင်ရာ (မှန်ပါ့၊ဘုရား)

မရှိတရား အရှိထားတယ်ဆိုဒါ ပုဂ္ဂိုလ်သတ္တဝါ ဆိုတဲ့ ပညတ် မရှိတရားကို တကယ်ရှိ၊ အဟုတ်ရှိ မှတ်ထင်လို့ သတ်ခြင်မှုတွေ၊ ဖြတ်ခြင်မှုတွေ၊ တဲ့မှုတွေ၊ မတဲ့မှုတွေ၊ ဖြစ်

ရဒါပေါ့၊ ပရမတ်အစဉ်မှန်းသိ၍ ပုဂ္ဂိုလ်,သတ္တဝါရယ်လို့ မမှတ်ထင်လျှင် ဘယ်မှာ သတ်ခြင်း, ဖြတ်ခြင်းမှုတွေ ပေါ်လာပါတော့မလဲ၊ ယခုတော့ မိန်းမရှိလို့ မိန်းမ ... ထင်၊ မိန်းမကို သတ်ခြင်း, ဖြတ်ခြင်း, ယောကျ်ားရှိလို့ ယောကျ်ားထင် ယောကျ်ားကို သတ်ခြင်း, ဖြတ်ခြင်း၊ တိုတို ပြောကြပါစို့ ပရမတ်အစဉ် ခါတ်အစဉ်မှတပါး မိန်းမရယ်လို့ တခြားရှိတယ် မှတ်ထင်လျှင် မိန်းမကို သတ်ခြင်း, ဖြတ်ခြင်းရုံမျှတောင် မကသေးဘူး တကာမောင်ရေ့ (မှန်ပါ, မကသေးပါ ဘုရား)

အေး-အေး ဝိပလ္လာသတရားသုံးပါးတို့တွင် ယခင်က ပြဆိုခဲ့ပြီးသော ငါငါ ငါငါ ဟူသော ဒိဋ္ဌိဝိပလ္လာသတရားဟာ အဆိုးဝါးဆုံးဟေ့၊ ဆိုးဝါးပါသော်ကော မရှိတဲ့ တရားအပေါ်မှာ ရှိချောင်ချောင် လွဲချော်စွဲမှားနေဒါကိုး၊ သူ လွဲချော် စွဲမှားတဲ့အတွက်ကြောင့် ငရဲသွား အဘုသလပါပ ညစ်ကျု မကောင်းမှုတွေ ဖြစ်နေရတယ်ဆိုဒါလဲ တထစ်ချ မှတ်ရမယ်၊ဒါ့ကြောင့် ဒိဋ္ဌိကို နောက်က ခွေးပါလာတဲ့ဩဇ္ဈ သည်လိုလဲ မှတ်ရမတဲ့ တကာမောင်ရ (မှန်ပါ မှတ်ရပါလိမ့်ဘုရား)

**အရောရာ-ငါပါငါနို့ ဒိဋ္ဌိခွေး။**
**သခင်ကိုအရှက်ပေး ဩဇ္ဈသည်ရှဲခွေး။**

ဩဇ္ဈသည်များ ခရီးသွားတဲ့အခါ နောက်က ခွေးပါလာပလားဆိုမှဖြင့် မျက်နှာထားမလှ,ရှက်ခြေမရတော့ဘူး။ ဘယ်

ဈာန်ကြွ ရနိုင်ပါတော့မလဲ လူက အိမ်ဝင်မယ်လို့ ခြေတလှမ်း လောက် လှမ်းမိခါရှိသေး သူက အရှေ့ခန်းရောက်နေနှင့်ပြီ အိမ်ခံသည်က ဖျာမှ မခင်းရသေးဘူး သူက ခေါင်းရင်း ရောက်နေနှင့်ပြီ ဧည့်သည်နှင့် အိမ်သည် စကားတလုံးမှ မပေးမကမ်းရသေးဘူး သူက ခေါင်းအုံး သေးပန်းပြီးပြီ သည်တော့ အိမ်ခံသည်ကလဲ ဧည့်သည်ခွေးမို့ ဒုတ်စာကျွေး လိုက်ရမှ လဲ အခက်၊ ဧည့်သည်ကလဲ သူများရွာ သူများ အိမ်မှာ ဧည့်သည် ဖြစ်နေခိုက်မို့ ထရိုက်လိုက်ရမှာလဲ အ ခက်၊ ဧည့်သည်မှာမျက်နှာထားခက်ပြီး ဈာန်ကြွပျက်နေတော့ ဒါပေါ့ တကာမောင်ရ (မှန်ပါ့, ဈာန်ကြွပျက်ပါလိမ့် ဘုရား)

ဥပမာနှင့် ဥပမေယျ နှိုင်းယှဉ်၍ ပြရမှာဖြင့် တကာ မောင်တို့တတွေ ငါတို့တတွေက ဧည့်သည်နှင့် တူစေ၊ ဒိဋ္ဌိ က ခွေးနှင့် တူစေ၊ ကာမ,ရူပ,အရူပ, ဟု ဆိုအပ်သော ထို ထို ဘုံဘဝတွေက သူများရွာ, သူများအိမ်တွေနှင့် တူစေ၊ ဒါကြောင့် ငါငါ - ငါငါဆိုတဲ့ ဒိဋ္ဌိခွေးကလေး ပါလာရင် ဘယ်ဘုံမှာ ရောက်ရောက် ဘောက်ဘောက်ပြန့်ပြန့်နှင့် နေခံ လန်လန်ကျရဒါနဲ့ မျက်နှာထား မလှ, ဈာန်ကြွလဲမရနိုင်တော့ ဘူး၊ အရိယာအပေါင်း သူတော်ကောင်းတို့၏ အလယ်မှာ မဖွယ်မရာ တငါငါနှင့် ထင်မိထင်ရာ ပြုမိပြုရာ ဘယ်ဟာ အသုတ် ဘယ်အလုပ် အဖြတ် ဘယ်အတတ် အကောင်း ဘယ်အကြောင်း အဆိုး ဘယ်အမျိုး တင့်တယ် ဘယ်အ နှယ် နေရကျ ဘယ်ကိစ္စ အမှား ဘယ်တရားအမှန်ရယ်လို့ ဝေဘန်၍မကြည့်ပြန် အသိဉာဏ်က နည်းပါး၍ ကိုးရိုကား ရား ဖြစ်နေလိုက်ကြဒါ သိတ်ရှက်စရာ ကောင်းပါကလား

တတာမောင်ရ (မှန်ပါ အရိယာများ အလယ်မှာ သိတ်ရှက်စရာပါဘုရား)

ဒါ့ကြောင့် သီလက္ခန် အဋ္ဌကထာကြီးမှာ ဒိဋ္ဌိ၏ အဖြစ်ကို နှစ်နှစ်နာနာကြီး ဆိုထားတဲ့ ဥပမာစကားတရပ် ရှိတယ် သေသေချာချာ မှတ်လိုက်စမ်း....

ဒိဋ္ဌိဂတိကာယာ ဟိ ဂါဟော၊
ဥမ္မတ္တက ပစ္ဆိ သဒိသော။

ဟိ၊ ဒိဋ္ဌိ၏ဥပမာအရကို ထင်စွာပြဦးအံ့။ ဒိဋ္ဌိဂတိကာယ၊ ခန္ဓာငါးပါး မြတ်တရားကို လားလားမသိ မရိပ်မိ၍ ဒိဋ္ဌိအယူရှိသော သူ၏၊ ဂါဟော၊ မှားစ ရှိလျှင် မှားခြင်ခြင်ဟုသူ့အယူသည်၊ ဥမ္မတ္တကပစ္ဆိ သဒိသော၊ ကောင်းတယ် မကောင်းတယ် ရွေးချယ်မရှိ တွေ့ခဲ့ရထည့်လောင်း အကုန်ပေါင်းသော သူရူး၏ ခြင်းတောင်းနှင့် တူလှပါပေ၏။

အဓိပ္ပါယ်ကတော့ မြို့ထဲမှာ ဖြစ်စေ ရွာထဲမှာ ဖြစ်စေ သည်းခြေပျက်၍ သွက်သွက်လယ်အောင် ရူးနေသော အရူးကြီး တယောက် ရှိရာ၏။ ထို အရူးမှာ ခြင်းတောင်းကလေး တခုပါသာသေးသတဲ့၊ ထို လက်ထဲက ခြင်းတောင်းကလေးထဲမှာ မုံ့ချင် မုံ့သိီး မုံ့ကျိုး မုံ့ပဲ့ကလေး တွေကို တွေ့လဲ အကောင်းထင်ပြီး ကောက်ထည့်လိုက် အဝတ်ရုတ် အဝတ်ပြတ်ကလေးတွေကို တွေ့လဲ အကောင်းထင်ပြီး ကောက်ထည့်လိုက်၊ လူ့မစင် နွားချေးတုံး ခွေးချေးတုံး ကလေးတွေကိုတွေ့လဲ အကောင်းထင်ပြီး ကောက်ထည့်

လိုက်၊ အဲဒါလိုတွေခဲ့ရ မြင်ခဲ့ရတွေကို ကောက်ကောက် ထည့်လိုက်ထာ သူ့ချင်းတောင်းထဲမှာ ပြည့်လို့ ဆိုကိုး တကာမောင်ရ (မှန်ပါ ဘုရား)

ယခု ငါ့ခြင်းတောင်းထဲမှာ ငါထည့်လိုက်တဲ့ ဝတ္ထုဟာ ကောင်းသလား မကောင်းသလား ဆိုဒါ မစဉ်းစားတတ်ဘူး၊ သွက်သွက်လယ်အောင် ရှူးရှာဒါကိုး (မှန်ပါ အရှူး ဆိုဒါ ဘယ်သိမလဲ ဘုရာ့)

ဒါဖြင့် အရူးက သူ့ခြင်းတောင်းထဲမှာပါလာတဲ့ မုံ့ချင် မုံ့သိုး ရေ့ကျိုး မုံ့ပဲ့ ကလေးတွေကို ရေ့စားတော့လို့ ကောက်များပေးလိုက်ရင် တကာမောင် စားချင်ပါ့မလား (မှန်ပါ-စားခြင်ဘို့ နေနေသာသာ ကိုင်တောင် ကိုင်ခြင်မှာ မဟုတ်ပါဘုရား)

ဩ—တယ်စက်ဆုတ်သပေါ့လေ (မှန်ပါ စက်ဆုတ်ပါ ဘုရား)

တကာမောင်တင် မကသေးဘူး ကလေးများ ပေးရင် မယူခြင် မကိုင်ခြင်တဲ့ပြင် ကဆုံချတောင် ပြေးလိမ့်အုံးမယ် ထင်တယ် (မှန်ပါ-ပြေးမှာပါ့ဘုရား)

ဒါကြောင့် "**ဥဒုမ္ဗရိက, ပဋ္ဋိယံ, ပုဗ္ဗဏ္ဏာ ဂုဠ, ဂေါမယ ယာ·ဒီနိ ဝိယ စေတ္တ သုန္ဒရမ္ပိ အသုန္ဒရမ္ပိ ဟောဘိဒေယာ**" ဟု သိသက္ကန် အဋ္ဌကထာကြီးမှာ ဥပမာနှင့် ဥပမေယျ အဓိပ္ပါယ်ပြ ပါဌ်တဆင့်ကို ထပ်ဖွင့် မိန့်ဆိုတော်မူပြန်တယ်။

ဥဒုမ္ဗရိက ပဋ္ဋိယံ၊ သည်းချေပျက်၍ သွက်သွက်လယ်

ခမ်း အရှူးအနှင်းတို့၏ ထူးဆန်းကိုင်တွဲ ခြင်းတောင်းထဲ၌၊ ပုခလ္လာ ဂူသ ဂေါဓယာ-ဒိဋ္ဌိ ဝိယ၊ မုံ့ပဲ့ မုံ့ကျိုး. မုံ့သိုး, မုံ့ချဉ်-လူမစင်, ခွေး, နွားချေးတလီ ဖုံ အမှိုက် စသည်တို့ကဲ့သို့၊ ထွေ၊ မိုက်မှားပြစ်ထု ဤဒိဋ္ဌိအယူ၌။ သုန္ဒရမ္ဘိ၊ အပြစ်တင်းလင်း ရံခါ ကောင်းခြင်းသည်ရှင်း။ အသုန္ဒရမ္ဘိ၊ အပြစ်ဆပ်ညှင်း ရံခါ မကောင်းခြင်းသည်ငြင်း။ ဟောဘိ ဧယဝ၊ ကောင်းလဲ မကောင်း မကောင်းလဲ မကောင်းမို့ တစလောင်းသာ ဖြစ်ရတော့သည် သာလျှင်တည်း။

ဤ အဋ္ဌကထာကြီး မိန့်ဆိုတော်မူသော စကား နှစ်ရပ်အရ ဥပမာ ဥပမေယျ ဟပ်ပြလိုက်သော် တကာမောင်တို့ ငါတို့ ပုထုဇဉ်တွေက အရှူးနှင့်တူစေ၊ မှားသောဒိဋ္ဌိ အယူကလေးက ခြင်းတောင်းနှင့်တူစေ၊ ဝဋ္ဋနိဿိတ ကုသိုလ်တရား (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိကြီးများနှင့် တကွ အကုသလ ပါပညစ်ကျူ မကောင်းမှုတွေက မုံ့ပဲ့, မုံ့ကျိုး, မုံ့သိုး, မုံ့ချဉ်, လူမစင်, နွားချေးတွေနှင့် တူစေ။

အောင်မယ် ဒါဖြင့်… တကာမောင်တို့ ငါတို့ ပုထုဇဉ်အရှူးတို့ရဲ့ ဒိဋ္ဌိအယူ တည်းဟူသော ခြင်းတောင်းထဲမှာ သေသေချာချာ ကြည့်လိုက်တော့ ဝဋ္ဋနိဿိတ ကုသိုလ်တည်းဟူသော မုံ့ပဲ့, မုံ့ကျိုး, မုံ့သိုး, မုံ့ချဉ်ကလေးတွေ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိများနှင့်တကွ အကုသလ ပါပ ညစ်ကျူ မကောင်းမှု အကုသိုလ် ဒုစရိုက် တည်းဟူသော လူမစင် နွားချေး ခွေးချေးတွေ ရောထွေး ပြည့်နှက်၍

နေအောင် ဗလဖွေ့ရဆောင်းပြီး ဝန်တရားတွေကို အကျန်ပေါင်းထားသောကြောင့် ဒိဋ္ဌိတည်းဟူသော ခြင်းတောင်းကြီးထဲမှာ ကောင်းလဲမကောင်း မကောင်းလဲမကောင်းဖြစ်နေကြပါပကော တကာမောင်ရ (မှန်ပါ ကောင်းလဲမကောင်း မကောင်းလဲ မကောင်း ဖြစ်နေကြပါဘုရား)

လောကမှာ.... သူကောင်း, လူကောင်း များကတော့ မိမိခြင်းတောင်းထဲမှာ ဘယ်တော့မှ မကောင်းဒါကို မသည့်ဘူး ဝက်သား, ကြက်သား, အမဲ, ငါး, နှင့် ဘဲသားတလီစသည့်မလစ် ကောင်းဆိုတဲ့ အဆီအနှစ်ကိုသာ စိစစ် ရွေးချယ်ပြီး ဝယ်ယူ ထည့်လာလေ့ ရှိကြတယ် မဟုတ်လား (မှန်ပါ, သူကောင်း ခြင်းတောင်းဆိုဒါ ကောင်းဒါ ကိုမှ ထည့်ပါတယ် ဘုရား)

ဒါဖြင့် မြတ်စွာဘုရားတည်းဟူသော သမားကောင်း အကျော် ခန္ဓာ ငါးပါးဆိုတဲ့ ဆေးတော်ကြီးကို သောက်မိကြ၍ အရူးစိတ်ကလေး အနည်းငယ် ပျောက်ရှိကြသည့် အတိုင်း မိစ္ဆာဒိဋ္ဌိ ခြင်းတောင်းမျိုးကို ရိုက်ချေ ပေါက်ချိုးပြီး သမ္မာဒိဋ္ဌိ ခြင်းတောင်းကို အတင်းပြောင်းကိုင်လိုက်ကြစို့ရဲ့ (မှန်ပါ, သမ္မာဒိဋ္ဌိခြင်းတောင်းကို အတင်းပြောင်း ကိုင်လိုက်ကြဘို့ အချိန်တော်ပါပြီဘုရား)

သို့မှ.... ဝက်သား, ကြက်သား, အမဲ,ငါးနှင့် တူသော ဝိဝဋ္ဋဒါန, ဝိဝဋ္ဋသီလ, ဝိဝဋ္ဋဘာဝနာဆိုတဲ့ အဆီအနှစ် အ

သားစစ်တွေ ဒိဗ္ဗစ်ခြင်းတောင်းကြီးထဲ ထည့်ရက် နေမှာကိုး (မှန်ပါ ဘုရား)

တကာမောင်ရေ .. ခြင်းတောင်းကိုင် မလွှဲစေနဲ့နော်— ခြင်းတောင်းကိုင်ကလေးတခု လွှဲရင် အသူလဲ မမြဲပေဘူး၊ အသူအမြဲ မတည်တဲ့ပြင် ယခင်ပြောခဲ့တဲ့ မကောင်းမှုတွေကို လဲ ပေါင်းရထည့်သားရက် နေတတ်သေးတယ်၊ ဒါကြောင့် ငါယခုကိုင်ထားတဲ့ ခြင်းတောင်းဟာ ဘယ်လိုခြင်းတောင်း မျိုးပါလိမ့်လို့ တစိမ့်စိမ့်တွေးကြည့်မှ ခြင်းတောင်းကိုင် နေရာကျ မကျကို မျက်စိကသက်သေခံလိမ့်မယ်, နားကသက် သေခံလိမ့်မယ်, နှာခေါင်းက သက်သေခံလိမ့်မယ်, လျှာ က သက်သေခံလိမ့်မယ်, ကိုယ်က သက်သေခံလိမ့်မယ်, မနောက သက်သေခံလိမ့်မယ်၊ အဲဒါလို..... သက်သေခံ ဖြောက်ဦး ပေါ်မလာပေဘူးလား၊ (မှန်ပါ ပေါ်လာပါလိမ့် ဘုရား)

ဒါဖြင့် သက်သေခံပေါ်လာပုံကို သိသာရုံ ပြောကြအုံး စို့.....

၁။ စက္ခုဒွါရ၊ မျက်စိပေါက်က၊
မြင်သိသမျှ စက္ခုဝိညာဏ်။

၂။ သောတဒွါရ၊ နားပေါက်က၊
ကြားသိသမျှ သောတဝိညာဏ်။

၃။ ဃာနဒွါရ၊ နှာခေါင်းပေါက်က၊
နံသိသမျှ ဃာနဝိညာဏ်။

၄။ ဇိဝှါဒွါရ၊ လျှာပေါက်က၊
လျက်သိသမျှ၊ ဇိဝှါဝိညာဏ်။

၅။ ကာယဒွါရ၊ ကိုယ်ပေါက်က၊
တွေ့သိသမျှ၊ ကာယဝိညာဏ်။

၆။ မနောဒွါရ၊ စိတ်ပေါက်က၊
ကြံသိသမျှ၊ မနောဝိညာဏ်။

အဲဒါလို… မြင်သိ,ကြားသိ, နံ့သိ, လျက်သိ, တွေ့သိ, ကြံသိ,ဆိုတဲ့ ဝိညာဉ်အရှိ အသိခြောက်ခု နာမ်ဓာတ်ရုကို သူ့အတိုင်း သူ့အနေ မသိလေလျှင်၊ ငါမြင်, ငါကြား, ငါနံ့, ငါလျက်, ငါတွေ့, ငါကြံ, ပြင်းထန်ကြိတ်ခဲ တင်းလင်းကြီး စွဲနေမှဖြင့် ခြင်းတောင်းကိုင် လွဲမနေပေဘူးလား တကာမောင်ရ (မှန်ပါ,ဒီလိုယူထားရင် ခြင်းတောင်းကိုင် မှားနေပါဘုရား)

မြင်ဒါ စက္ခုဝိညာဉ်က မြင်ဒါ၊ ကြားဒါ သောတဝိညာဉ်က ကြားဒါ၊ နံ့ဒါ ဃာနဝိညာဉ်က နံ့ဒါ၊ လျက်ထာ ဇိဝှါဝိညာဉ်က လျက်ထာ၊ တွေ့ထိဒါ ကာယဝိညာဉ်က တွေ့ထိဒါ၊ ကြံသိဒါ မနောဝိညာဉ်က ကြံသိဒါ၊ ထို ခြောက်ပါးသော သိမှုနာမ်ဓာတ် အစုထဲမှာ ငါ-ဟူ၍ သူ-ဟူ၍ မြူနှံလောက်မှ မရှိ မပါ သိဒါကလဲ နာမ်တရား၊ ရှိဒါကလဲ ၎င်းခြောက် ပါး ပရမတ် ညာဏ် နှင့် ထောက် ထား ပြီး ယောက်ျား,မိန်းမဆိုဒါ အိပ်မက်ခြင်လို့မှ ရှာမရပါကလား လို့ သိတော့ ခြင်းတောင်းကိုင် မှန်ရော့မဟုတ်လား (မှန်ပါဘုရား)

သာသနာတော် အခါကောင်း အခွင့်ကောင်းလို့ မိစ္ဆာဒိဋ္ဌိခြင်းတောင်းကိုင်မှ သမ္မာဒိဋ္ဌိ ခြင်းတောင်းကိုင်သို့ ပြောင်းကိုင်နိုင်ဒါနော်– သာသနာပ အခါမှာဆိုရင် ခြင်းတောင်းကိုင်ကို ဘယ်ပြောင်းနိုင်လိမ့်မလဲ၊ ဒါ့ကြောင့် ပြောင်းနိုင်တဲ့အခါ မြန်မြန်ပြောင်းလိုက်မှ တော်မှာကိုး (မှန်ပါ မြန်မြန်ပြောင်းလိုက်မှ တော်မှာပါဘုရား)

အဲဒီ သူ့အာရုံနှင့်သူ အကြောင်းတော်တိ၍ပေါ် ဖြစ်လာကြတဲ့ အာရုံသိမှု နာမ်ဓာတ် အစုကလေးတွေဟာ ထိုနေရာတွင်ဖြစ် ထိုနေရာတွင် ချုပ်ချုပ်သွားကြဒါ ဘယ်နေရာမှ ရွှေ့ပြောင်းပါလာတော့ဒါမဟုတ်ဘူး၊ဘိုင်စကုတ်ရုပ်ရှင်လို သုတ်သုတ် လျှင်လျှင် သူ့အခန်း သူ့လမ်းကလေး ပြီးလျှင် ဝင်ဝင်သွားကြရဒါလိုဘဲ၊ ဘယ်မှာ အမြဲတည်နေ နိုင်ပါမလဲတကာမောင်ရ (မှန်ပါ အမြဲတည်မနေနိုင်ပါဘုရား)

ဘိုင်စကုတ် ရုပ်ရှင် အရိပ်အသွင်ကလေးတွေဟာ မျက်မြင်မှာဘဲ အတုံးအခဲနဲ့ ကိုင်စနီး ဖမ်းတွေ့ဒါမျိုး မဟုတ်ဘူးနော်– အရိပ်အရောင်ကိုပင် အကောင်ထင်ပြီး ကားထဲမှာဝင်သွားသလိုလို ကားထဲကဘဲ ပေါ်လာဒါလိုလို ထင်ကြရစင်စစ်ကတော့ ကားထဲက ထွက်လာသည်လဲမဟုတ် ကားထဲ ပြန်ပင်သွားသည်လဲ မဟုတ် မယုံလျှင် ကားကိုဖြုတ်ကြည့် ကားစုတ်ရုံသာ ရှိမယ် အရုပ်အကောင်ကိုဖြင့် အရိပ်အရောင်မျှ တွေ့မှာ မဟုတ်ဘူး၊ အဲဒါလိုဘဲ မြင်သိမှု နာမ်ဓာတ် အစုကလေးကို မျက်လုံးကြီးထဲ ခွဲရှာ၊ ကြားသိမှု နာမ်ဓာတ်'အစုကလေးကိုနားကြီးထဲခွဲရှာ မျက်စိနှင့်နားဟာ

ကန်းရင်သာကန်းမသာ အလုံးအခဲ အပုံအရုနှင့်ဖြင့် တွေ့ရမှာ မဟုတ်ဘူး တကာမောင်ရ (မှန်ပါ ဉာဏ်၏ အာရုံမှု ဖြစ်၍ အပုံအရုနှင့် ရကောင်းသော တရားမျိုး မဟုတ်ပါဘုရား)

အေး–အေး–ဒါကြောင့် ဖြစ်တို့ရန်အသင့် အပုံအရုနှင့် ရှိနေနှင့်တဲ့ တရားမျိုးလဲ မဟုတ် ဖြစ်တုံး ဖြစ်ဆဲမှာလဲ အတုံးအခဲ ဒြပ်သဏ္ဌာန်မျိုးနှင့်လဲ မပြောလောက် ချုပ်ပြီးသည့် နောက်မှာလဲ ဘယ်ရောက် သွားတယ်လို့ သူ့နယ် သူ့အရပ်ကိုလဲ သတ်မှတ်၍ အပြမလွယ် အဘာဝနယ်လို့ သာ ညွှန်ရ မြင်ခဏ, ကြားခဏ, ဘဒဂ်တရားမှုမို့ တားမရ, ဆီးမနိုင် ခွင့်မပိုင် အနိစ္စ ပျက်ရလို့ ဒုက္ခ အနတ္တ သူ့ထုံးစံကို ရှုလုံးမှန်မှန် ရှိသလောက် သွားလိုက်တော့ အသိ ခြောက်ပါး မရပ်မစဲကြရဘဲ ဖြတ်ခနဲ ဖြတ်ခနဲကျ, တိမ်နှစ်ခုဆပ်လို့ ရှိန်နူလျှပ် တလက်လက် တဝေဝေ ခတ်သလိုသြ ... ပျက်ချေပြတ်တရားမျိုးတွေပါလား တကာမောင်ရ (မှန်ပါ ပျက်ချေပြတ် တရားမျိုးတွေပါဘုရား)

အဲဒါလို မြင်ခါမတ္တ, ကြားခါမတ္တ, နံခါမတ္တ, လျက်ခါမတ္တ, တွေ့ထိခါမတ္တ, ကြံစိခါမတ္တ, ၆-ခွါရ ၆-ဌာနမှာ အခိုက်အတန့်မှု ဖြစ်ပေါ်လာကြတဲ့ အသိနာမ်ဓာတ် နာမ်ပရမတ်ကလေးတွေဟာ ပျက်ချေပြတ်တရားတွေပါကလားလို့ သိရင် ဗိဋ္ဌိ မကာပ်ညိလာတော့ဘူး၊ ၄င်း ဗိဋ္ဌိ မကာပ်ညိလာတော့ရင်လဲ ဗိဋ္ဌိရဲ့အသင်း အပါယ်ရောက်ရန် ခပင်းတွေလဲ နောက်ဆံ မတင်းနိုင်တော့ပါဘူး နောက်ဆံ အတင်း

ရော့ပေါ့ သွားရော မဟုတ်လား တကာမောင်ရ (မှန်ပါ၊ နောက်ဆံတင်းမှုကြီး ရော့ဘို့ ပေါ့ဘို့ပါဘုရား)

အသိလိ အဆုံးမပိုင်းနိုင်တော့ဘဲ ဒုန်းဗိုင်းခါ နေရလေ တော့၏တကား ဆိုတဲ့ စကားအရ ဗိဒ္ဓ အညွန့်တုံးအောင် မလုပ်နိုင်ရင်သာ ထိုဘဝ ဤဘဝ ဝဋ်ဒုက္ခကို အဆုံးမပိုင်း နိုင်ဒါပါ၊ ဗိဒ္ဓ အညွန့်တုံးသွားရင် အလွန်ဆုံး ၇-ဘဝသာ ဝဋ်ဒုက္ခထဲ နေရတော့တယ်၊ ၇-ဘဝထက်ပိုလွန်၍ မဖြစ်ရ တော့ဘူး၊ သည်တော့ သံသရာထဲ ခရီးခဲမှာ ဒုန်းလဲမပိုင်း ဘူး အဆုံးလဲ ပိုင်းနိုင်ရော့ပေါ့ (မှန်ပါ အဆုံး ပိုင်းနိုင်ပါ ဘုရား)

လွန့်ထက်လွန်မင်း ခဲရင်းလှလေ၏ တကား.... ဆိုတဲ့ စကားအရ သာသနာနှင့် မတွေ့သေးရင် ဗိဒ္ဓပြုတ်ဘို့ လွန့် ထက်လွန်မင်း ခဲရင်းလိမ့်မယ်၊ ဝါ-ခဲရင်းသည်ထက် မကာ ပြောမပြ နိုင်လောက်အောင် ခဲရင်း လိမ့်မယ်၊ သာသနာ တော်နှင့် တွေ့ရတဲ့နေ့ကစ၍ နဲ့နဲ့ကလေးမှ မခဲရင်း၊ ဝါ-မခဲ ရင်းသည်ထက်မကာ ပြောမပြ နိုင်လောက်အောင် မခဲရင်း ပေလိမ့်မယ်၊ ဟုတ်ကဲ့မဟုတ်လား တကာမောင်ရ(မှန်ပါ၊ မခဲရင်းပါဘုရား)

**ချစ်ရက်နဲ့ မုန်းတော့မယ်ဲ့** ဆိုတဲ့ စကားအရကတော့ သံသရာဝဋ်မြစ်ကို ချစ်ရက်နဲ့ မုန်းတော့မယ် ဆိုလိုဒါပေါ့။ သက္ကာယဒိဋ္ဌိကို မဖျောက်ရက်လို့ ငါငါ-ငါငါနဲ့ နှစ်သက်လုံး ခိုင်ခိုင်နှင့် ယခုထက်ထိ မမုန်းနိုင်ကြဘူး။ သူ့ကို မမုန်းရင်

လဲ ဘယ်တော့မှ ဝင်ရိုလမ်းဆုံးကြတော့မှာ မဟုတ်ဘူး၊ ဒါ ကြောင့် ငါရှိတယ် သူရှိတယ်လို့ တကယ်ရှိတယ် ထင်နေ တောင် ဟယ်-တကယ်တော့ မရှိဘူးဟာ၊ အသိ နာမ်ခေတ် နာမ်ပရမတ် မျက်ချေပြတ် တရားကလေး ရှိသဟဲ့လို့ အ သိဘက်သို့ ဖွတ်တိုး ဖွတ်တိုးပြီး လှဲ့လိုက်ရင် ချစ်ရက်နဲ့ မှန်းရာကြရောမဟုတ်လား တကာမောင်ရ (မှန်ပါ ဒီလို ဖွတ်တိုးကြည့်မှ ချစ်ရက်နဲ့ မှန်းရာ ကြမှာပါဘုရား)

တကာမောင်ရေ ..... (ဘုရား) ဒါဖြင့် ဒိဋ္ဌိတလုံးဟာ အ ရေးအကြီးဆုံးပေါ့ (မှန်ပါ အရေးအကြီးဆုံးပါဘုရား) ကဲ ကဲ ဒါဖြင့် ဆောင်ပုဒ်ကလေး ချပေးအုံးမယ် လိုက်ကြစမ်း လိုက်ကြစမ်း။

## နာမ်ခေတ် (၆)ပါး
## ဒိဋ္ဌိပြုတ် ဆောင်ပုဒ်များ

၁။ အဆင်းသိမှု၊နာမ်ခေတ်ရကို၊ ပွါးရှုဆင်ခြင်၊ တဲ့တဲ့ မြင်၊ ဤတွင် ဒိဋ္ဌိပြုတ်။

၂။ အသံသိမှု၊နာမ်ခေတ်ရကို၊ ပွါးရှုဆင်ခြင်၊ တဲ့တဲ့မြင်၊ ဤတွင် ဒိဋ္ဌိပြုတ်။

၃။ အနံ့သိမှု နာမ်ခေတ်ရကို၊ ပွါးရှုဆင်ခြင်၊ တဲ့တဲ့ မြင်၊ ဤတွင် ဒိဋ္ဌိပြုတ်။

၄။ အရသာသိမှု၊ နာမ်ခေတ်ရကို၊ ပွါးရှု ဆင်ခြင်၊ တဲ့တဲ့မြင်၊ ဤတွင် ဒိဋ္ဌိပြုတ်။

၅။ အခတ္တသိမှု၊ နာမ်ခါတ်ရကို၊ ပွါးရှုဆင်ခြင်၊ တွဲတွဲမြင်၊ ဤကွင် ဒိဋ္ဌိပြုတ်။

၆။ အကုန်သိမှု၊ နာမ်ခါတ်ရကို၊ ပွါးရှုဆင်ခြင်၊ တွဲတွဲမြင်၊ ဤကွင် ဒိဋ္ဌိပြုတ်။

## တရားအဆုံးသတ်ရန်

ရှုမိနာ ဓမ္မသဝန ပုညေန၊ ဤ ယခုဟောအပ်သော တရားသံကို နာခံ မှတ်သားရသော ကုသိုလ်ကံကြောင့်။ သုဇနာ၊ တကဲ့ချမ်းသာ တကဲ့ဟာကို တကယ်လိုကြောင်း သူတော်ကောင်းတို့သည်။ မိစ္ဆာဘိ နိဝေသံ၊ မှားသော နှစ်လုံးသွင်းခြင်း ဟုဆိုအပ်သော။ ဒိဋ္ဌိ°၊ အမှားခေါင်ချုပ် ဒိဋ္ဌိယုတ်ကို။ ပဇဟန္တု၊ မတွယ်မကပ် တကယ်ပြတ်အောင် ပယ်သတ်နိုင်ကြပါစေကုန်သတည်း။

သာဓု—သာဓု—သာဓု

အကျယ်ချဲ့ထွင်၍ ထင်မြင်အောင် ဟောကြပါကုန်။

ပြီးပြီ

———○———

# (၃) မသေဝန့်—မရှင်ဝန့် တရားခွန်း

—— ၀ ——

တဏှာယ ဧဝ မာနေန၊ ဒိဋ္ဌိယာ နှ မရန္တိတော။
အာဝိဇ္ဇာ ဝိဏ္ဏာရိတေ၀၊ နာပိ ဇီဝန္တိ သံသာရေ။

ဘောဓန္တော၊ မသေဝန့် မရှင်ဝန့် တစွန်းစွန်းနှင့် တလွန့် လွန့် ပျော်ပါး ဒိဋ္ဌိ–လူများတို့။ တဏှာယ၊ မြင်လိုက်ရင် တားမရ ကြားလိုက်ရင်, ဘလောင်ဆန် နံလိုက်ရင်, ဆူဆူ ပွက် လျက်လိုက်ရင်, အငွေ့မိ တွေ့ထင်တော့ မေ့ကြောတွေ ထုံ အာရုံကို သာယာတတ်သော တဏှာခေါ်တ်ဆိုတဲ့ ဘီလူး မကြီးသည်။ အာဝိဇ္ဇာ၊ မကြောက်မရှက် ကတောက် ကတက်နှင့် နှောက်ယှက်လေပြီ ပွေလီဆန်းပြား အသရမ်းပွါး အောင် ဖမ်းစားလှည့်ပတ် ပူးဝင်အပ်ဘုန်သော၊တော၊ထိုတ ဏှာနှင့်သွား အမေ့ကောင် အမေ့သား တို့သည်။ နှ မရန္တိ၊ အနန္တ တရား စိတ်က မပွါးကြရင်ဖြင့် လေးပါး ပါယ်မြေ ကံဟောင်းတွေ အနေဆဲ့မှာကြောင့် ဝိပဿနာ အချေက နဲ့လို့မို့ သေလဲ မသေဝန့်ကြကုန်။ မာနေန၊ ဖိသလို ကြို့သ လို သို့ကလို အသွင်ပြုံးသော်လဲ ကိုယ့်ကိုယ်ကို ထင်တလုံး ဟာမို့ ပြင်ဖုံးဟန်ဆောင် မာန်ထောင် ရပ်လွဲ စိတ်သန္တာန် အဟုန်စွဲနေသော မာနဆိုတဲ့ ဘုတ်သူရဲမကြီးသည်။ အာ ဝိဇ္ဇာ၊ မကြောက်မရှက် ကတောက်ကတက်နှင့် နှောက် ယှက်လေပြီ ပွေလီဆန်းပြား အသရမ်းပွါးအောင် ဖမ်းစား

လှည့်ပတ် ပူးဝင်အပ်ကုန်သော။ တော၊ ထို မာနရှေ့သွား အမေ့ကောင် အမေ့သမားတို့သည်။ န မရန္တိ၊ ဒုက္ခတရား မုချမပွါးကြရင်ဖြင့် လေးပါးပါယ်မြေ ကံဟောင်းတွေ အနေဆွဲမှာကြောင့် ဝိပဿနာ အချေက နဲလို့မို့ သေလဲ မသေဝန့်ကြကုန်။ ဒိဋ္ဌိယာ၊ ခန္ဓာ ငါးအင် ဘိတ်မမြင်အောင်ပိတ်ပင် မောဟ ရင်းမူလကြောင့် ရုပဟန်ဆောင် သူရောင် ငါရောင် အကောင်အထည် အရှည်အတို အဖို အမတဲ ရယ်လို့ အမြဲတမ်းဖြင့် စွဲလမ်း မှတ်သိမ်း စိတ်သညာန် မပြတ်ကိန်းနေသော ဒိဋ္ဌိဆိုတဲ့ နတ်စိမ်းမကြီးသည်။ အာဝိဋ္ဌာ၊ မကြော်မရှက် ကတောက်ကတက်နှင့် နှောက်ယှက်လေပြီ ပွေလီဆန်းပြား အသရမ်းပွါးအောင် ဖမ်းစားလှည့်ပတ် ပူးဝင်အပ်ကုန်သော။ တော၊ ထို ဒိဋ္ဌိရှေ့သွား အမေ့ကောင် အမေ့သမားတို့သည်။ န မရန္တိ၊ အနတ္တတရား အထပ်ထပ်မပွါးကြရင်ဖြင့် လေးပါးပါယ်မြေ ကံဟောင်းတွေ အနေ ဆွဲမှာကြောင့် ဝိပဿနာ အချေအနေက နဲလို့မို့ သေလဲ မသေဝန့်ကြကုန်။ သံသာရေ၊ သံသရာကြီး ခရီးတခွင် လမ်း အစဉ်၌။ ဝိဏ္ဏာရိတာဝ၊ တဏှာ,မာန,ဒိဋ္ဌိ စသား ပပဉ္စတရား ဤသုံးပါးတို့ဖြင့် မနား မရပ် ချွတ်ထွင်အပ်ကုန်သည်ဖြစ်၍သာလျှင်။ နာပိ ဓါဝန္တိ၊ သေပြန်ရင်လဲ ပါယ်ငရဲ ရှင်ပြန်ရင်လဲ အကုသိုလ်ကံတွေ တဖွဲဖွဲနှင့် အမြဲအသစ်အသစ် တကာတဲ မလစ် မလွဲဖြစ်မှာကြောင့် အနေရင့်စွာ ဘဝင်လဲ မမြင့်လိုက်ကြပါနှင့် အရှေချင့်စာ ဆင်ခြင်ထိုက်ကြပါပေါ့ ဟော-တို့တတွေမှာနေဘ် (**မသေဝန့်-မရှင်ဝန့်**) ဖြစ်၍နေကြလေကုန် သတည်း။

တကာဆောင်ရေ (ဘုရား) ယနေ့ညတော့ အင်မတန် ဆိုးဝါးလှတဲ့ ပပဉ္စတရားတော်ကြီး သုံးပါးကို အရင်းထား ပြီး ရှင်းသွားအောင် ဟောရလိမ့်မယ်' (မှန်ပါ ဘုရား)

ပပဉ္စတရား သုံးပါးဆိုဒါ တွယ်တာကပ်ငြိမှု ဆိုတဲ့ တဏှာ ပပဉ္စတရား တပါး၊ တက်ကြွထောင်လွှားမှုဆိုတဲ့ မာန ပပဉ္စတရား တပါး၊ အယူမမှန် ဘောက်ပြန် ဖွဲမှားမှု ဆိုတဲ့ ဒိဋ္ဌိပပဉ္စတရား တပါး၊ ၎င်းတရား သုံးပါးဟာ သံသရာ၌ ချာချာရစ်ပတ် ချဲ့ထွင်တတ်သောကြောင့် ပပဉ္စတရားလို့ မှတ်ရမယ်နော် (မှန်ပါ မှတ်ရပါလိမ့် ဘုရား)

သံသာရေ ပပဉ္စေန္တိ ဝိတ္ထာရေန္တီတိ ပပဉ္စာ။

ယေ ဓမ္မာ၊ အကြင် တဏှာ, မာန, ဒိဋ္ဌိ စသား သုံးပါး အချုပ် တရားယုတ်တို့သည်။ သံသာရေ၊ ရုပ်, နာမ်ခန္ဓာ သံ သရာတခွင် တက်တက်စင်၌။ ပပဉ္စေန္တိ-ဝိတ္ထာရေန္တိ၊ မနား မရပ်ချားရဟာတ်ကဲ့သို့မပြတ်မလတ် အထပ်ထပ်လျှင် တပတ် ပတ် နေအောင် ချဲ့ထွင်တတ်ကုန်၏။ ဣတိ-တသ္မာ၊ ထိုသို့ဆို အပ်ခဲ့ပြီးသော အနက်သဘောရှိယင်း သတ္တိကြောင့်၊ တေ ဓမ္မာ၊ သာယာ,တက်,ကြွ,ယူဆဖွဲမှား ထို တရားသုံးပါး တို့ သည်။ ပပဉ္စာ၊ ပပဉ္စတို့ မည်ကုန်၏။

အဲ .. ယခု ပြဆိုအပ်သော ဝိဂြိုဟ်အတိုင်း အဓိပ္ပါယ် ပိုင်းလိုက်တော့ ကပ်ငြိတွယ်တာ သာယာတတ်တဲ့ တဏှာ ငါက အသာ ငါဟာ အတတ် ငါသာမြတ်၏ ဟု စိတ်ဓာတ် ကို တက်ကြွ မောက်မားလာအောင် ပြုတတ် ပြင်တတ် မြှောက်

တတ် ပင့်တတ်တဲ့ မာန၊ အဟုတ် အမှန်ရှိသော ရုပ်,နာမ်ကို မသိ၍ မဟုတ်မမှန် ဘောက်ပြန်ယူမှားလေ့ရှိတဲ့ ဒိဋ္ဌိ၊ ထို သုံးပါး၏ သဘောအရှိ သူ့ဇာတိက များဘိခန္ဓာ သံသရာ၌ ဈာဈာရစ်ပတ် ချဲ့ထွင်တတ်သောကြောင့် ပပဉ္စတရား ခေါ်ရ မဟုတ်လား တကာဆောင်ရ (မှန်ပါဘုရား)

ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ ရယ်လို့ အာရုံခြောက်ပါးကို အစွဲပြုပြီး သာယာမှု ဖြစ်ပွါးလို့ တဏှာခြောက်ပါး ရှိပြန်တယ် မဟုတ်လား (မှန်ပါ ခြောက်ပါးရှိပါ ဘုရား)

တဏှာနှင့်ပတ်သက်၍ မှတ်ချက်တခုကို အပို ထုတ်ဆို ဘော်ပြလိုက်ဦးမည်။

**၁။ ကာမ,ဘဝ, ဝိဘဝ၊ ခြောက်ထ၊ အာကာသန်။**

**၂။ တဏှာအစစ်၊ တရာ့ရှစ်၊ ပြီးလစ် တွက်ရေမှန်။**

**ခြောက်ပွါးပုံကား** ...ကာမတဏှာ, ဘဝတဏှာ, ဝိဘဝ တဏှာ, ဤသုံးပါးကိုဘည်၊ အာ,အရ အာရုံခြောက်ပါး နှင့်မြှောက် ၁၈-ပါး ဖြစ်၏။ ၎င်းကို ကာ,အရ အတိတ် အနာဂတ် ပစ္စုပ္ပန် ဟု ဆိုအပ်သော ကာလ သုံးပါးနှင့်မြှော် ၅၄-ပါးဖြစ်၏။ ၎င်းကို သန်,အရ အဇ္ဈတ္တ,ဗဟိဒ္ဓ, သန္တာန် နှစ်ပါးနှင့်မြှောက် တဏှာအစစ် ၁၀၈-ပါး ဖြစ်၏။

**မာနနှင့်ပဘ်သက်၍ မာန်တက်ခြင်း ၁၂-ပါး**

၁။ အမြတ်အထူ၊ အယုတ်ဟူ၊ မာန်မူသုံးခုရ။

၂။ မြတ်သည်အဟုတ်၊ မြတ်တူယုတ်၊ ဆိုထုတ် သရူပ။

၃။ တူသည်အဟုတ်၊ မြတ် တူ ယုတ်၊ ဆိုထုတ် သရူပ။

၄။ ယုတ်သည်အဟုတ်၊ မြတ်တူယုတ်၊ ဆိုထုတ် သရူပ။

၅။ သုံးခုလေးဖြာ၊ ပေါင်းလိုက်ပါ၊ သချာ ဒွါဒသ။

**အစိပ္ပါယ် အကျဉ်းကား** ..... မိမိကိုယ်ကို ငါမြတ်သည် ဟု မာန်တက်ခြင်း သေယျမာန်, ငါ, သူတို့နှင့် အတူတူဘဲ ဟု အတူထား၍ မာန်တက်ခြင်း သဒိသမာန်, ငါ, သူတို့ အောက် ယုတ်သည် ဟု အယုတ်ထား၍ မာန်တက်ခြင်း ဟီန မာန်, ပေါင်း ၃-ပါး။

မိမိမြတ်သည် ဖြစ်ပါလျက် ငါမြတ်၏ ဟူသော သေယျသသ သေယျမာန်, ငါ, သူတို့နှင့် တူ၏ဟူသော သေယျသသ သဒိသ မာန်, ငါ, သူတို့အောက် ယုတ်သည်ဟူသော သေယျသသ ဟီန မာန်, ပေါင်း ၃-ပါး။

မိမိသည် သူတို့နှင့် တူသည်ဖြစ်ပါလျက် ငါ, သူတို့ထက် မြတ်၏ ဟူသော သဒိသသသ သေယျမာန်, တူ၏ ဟူသော သဒိသသသ သဒိသမာန်, ယုတ်၏ ဟူသော သဒိသသသ ဟီန မာန်, ပေါင်း ၃-ပါး။

မိမိသည် သူ့အောက် ယုတ်သည် ဖြစ်ပါလျက် ငါ သူ့ထက်မြတ်၏ ဟူသော ဟီနဿ သေယျမာန်, တူ၏ ဟူသော ဟီနဿ သဒိသမာန်, ယုတ်၏ ဟူသော ဟီနဿ ဟီနမာန်, ပေါင်း ၃-ပါး။ ဤသို့ ၃-ပါး လေးလီပေါင်းသော်...... မာန်တက်ခြင်း အပြား ၁၂-ပါး ဖြစ်၏။

**တနည်း မာန်တက်ခြင်း ၁၆-ပါးအရ**

၁။ မာန အတိ၊ မာနာတိနှင့်၊ ဇာတိဂေါတ္တ၊ အာရောဂျဟု၊ ယောဗ္ဗနမာန်၊ ဇီဝိတံ၊ လာဘံ သက္ကာရ။

၂။ ဂရုဂါရဝ၊ ပုရေက္ခနှင့်၊ ပရိဝါရ၊ ဘောဂဝဏ္ဏံ၊ သုတမာန်၊ တဖန် သောဠသ။

**အဓိပ္ပါယ် အကျဉ်းကား**..... သာမညတက်ကြွခြင်းမာန အလွန်တက်ကြွခြင်း အတိမာန, ထို့ထက် အလွန်အမင်း တက်ကြွခြင်း မာနာတိမာန, အမျိုးကို အစွဲပြု၍ တက်ကြွခြင်း ဇာတိမာန်, အနွယ်ကို အစွဲပြု၍ တက်ကြွခြင်း ဂေါတ္တမာန်, ရောဂါကင်းခြင်းကိုအစွဲပြု၍ တက်ကြွခြင်း အာရောဂျမာန်, အရွယ်ကိုအစွဲပြု၍ တက်ကြွခြင်း ယောဗ္ဗနမာန်, အသက်ရှည်စွာ နေရဒါကိုအစွဲပြု၍ တက်ကြွခြင်း ဇီဝိတမာန်, လာဘ်ရသည်ကို အစွဲပြု၍ တက်ကြွခြင်း လာဘမာန်, ပူဇော်သက္ကာရကို အစွဲပြု၍ တက်ကြွခြင်း သက္ကာရမာန်, သူတပါးတို့ အရိုအသေ အလေးအမြတ် ပြုကြသည်ကို အစွဲပြု၍ တက်ကြွခြင်း ဂရုဂါရဝမာန်, အကြီးအမှူး ဦးစီး နာယက, ရှေ့သွားပြုရသည်ကိုအစွဲပြု၍တက်ကြွခြင်းပုရေက္ခာ

ရမာန်, အမြဲအရံ များသည်ကို အစွဲပြု၍ တက်ကြွခြင်း ပရိဝါရမာန်, စည်းစိမ်ဥစ္စာ, ရတနာ ရွှေငွေ, လယ်ယာ, မိုးလ်းမြေ, ရှိဒါကို အစွဲပြု၍ တက်ကြွခြင်း ဘောဂမာန်, အဆင်း လှပသည်ကို အစွဲပြု၍ တက်ကြွခြင်း ဝဏ္ဏမာန်, အကြားအမြင် များသည်ကိုအစွဲပြု၍တက်ကြွခြင်း သုတမာန်, ဤသို့ မာန်တက်ခြင်းအပြား (၁၄) ပါး ဖြစ်သတည်း။

## ထိုမှ တပါးလည်း

၁။ ပညာ, ဘုန်းကံ၊ ခြွေရံ ယာပထ၊ သီလနှင့် ဈာန်၊ စွဲတက်မာန်၊ ဝေဘန်များပြားလှ။

**အဓိပ္ပါယ်ကား**...... ယခင် ပြဆိုခဲ့ပြီးသော (၁၂-ပါး) (၁၄ ပါး မှ တပါး အသိအလိမ္မာ ဉာဏ်ပညာကို အစွဲပြု၍ သော်ရင်း၊ ဘုန်းတန်ခိုး ကြီးသည်ကို အစွဲပြု၍သော်ရင်း၊ အပေါင်းအသော် မိတ်ဆွေသင်္ဂဟ အခြွေအရံကို အစွဲပြု၍ သော်ရင်း၊ ဣရိယာပုထ်ကိုအစွဲပြု၍သော်ရင်း၊ အကျင့်သီလ ကို အစွဲပြု၍သော်ရင်း၊ ဈာန်သမာဓိကို အစွဲပြု၍သော်ရင်း၊ မာန်တက်ကြွခြင်း တို့သည် များပြားလှကုန်၏ ဟူလို။

**ဒိဋ္ဌိအခုကား** ..... သဏ္ဍာယဒိဋ္ဌိ ၂၀-နှင့်တကွ အလွန် များပြားလှသော အယူမှားကြီး အသီးသီးတို့ကို အဘုန် ဆို လိုသည်ဟု မှတ်။

တကာဆောင်ရေ ..... မြင်တိုင်း, ကျားတိုင်း, နံတိုင်း လျက်တိုင်းတွေ့ထိတိုင်း, ကြံစီတိုင်း ဆိုဒါလို့ဒွါရ ခြောက်

ပေါက်ကတတ ထောင်ခြင်တဲ့ ဘီလူးမကြီး၊ မာနဆိုတဲ့ ဘုတ်သူရဲမကြီး၊ ဒိဋ္ဌိဆိုတဲ့ နတ်စိမ်းမကြီး၊ သူတို့တတွေ အမြဲတမ်း ဝင်ဝင်ပြီး ပူးဖမ်းနေလိုက်ဒါ သင်တို့ ငါတို့မှာ အရူးအနှမ်း ကြီးတွေဖြစ်နေကြပါပေါ့လား (မှန်ပါ, အရူး အနှမ်းကြီး တွေ ဖြစ်နေကြပါ ဘုရား)

ယခုသောကမှာ သားစား ကြူးတဲ့ ဘီလူးတတွေ၊ တဏှာ မြေဘုတ်, အစိမ်းသားရဲလို့ သမုတ်ရတဲ့ အကောင်တွေ ဝင်ရှုပ်ပလား ဆိုမှဖြင့် နှင်ထုတ်တို့ရာတောင် အတော်ခဲရင်းတယ်၊ သူတို့ ဝင်ကပ်လာရင် ပကတိ စိတ်ခါတ်က လေးလွင့်စင်၍ တောင်ထင် မြောက်ထင်နဲ့ ထင်ခြင်တတ်ကိုင်း အလိုင်းများစွာထင်ဘုန်တော့ဒါပေါ့ တကာဆောင်ရ (မှန်ပါ ထင်ကုန်ပါရော ဘုရား)

ဒီလို ထင်ခြင်တတ်ဘိုင်း အလိုင်းများစွာ ထင်လာပြန်တော့လဲ သံသရာမှာ ရှက်စရာကို မရှက်၊ ကြောက်စရာကို မကြောက်၊ ရောက်ခြင်ရာရောက် ဆိုသလို ဘောက်သောက်တွေ ဖြစ်မကုန်ပေဘူးလား (မှန်ပါ, ဘောက်သောက်တွေ ဖြစ်ကုန်ပါရော ဘုရား)

အဲဒါလို...... တကာဆောင်တို့ ငါတို့တတွေမှာ ပယောဂ သယ်တွေနှင့် တူစွာ၊ ထိုတဏှာ, မာန, ဒိဋ္ဌိ ဆိုတဲ့ ပယောဂ ပျောက်ဆေးကို မသောက်မိခဲ့ကြလို့ ဒီပယောဂတွေက ဝင်ဝင်ပြီး နှောက်ကြလို့ နှောက်နှောက်ဘဝကလဲ ဘောက်သောက် ဖြစ်ခဲ့ကြလေပြီ၊ ယခုဘဝမှာလဲ ဘောက်သောက် ဖြစ်တုံး ဖြစ်ဆဲ၊ နောင်လဲ ဘောက်သောက် ဖြစ်ရလိမ့်အုံး

မယ်၊ တကယ့် အရေး တကယ် တွေးကြည့်လိုက်တော့ အောင်မယ် ဒိဘောက်သောက် ဘေးကြီးဟာ သိပ်အရေးကြီးပါကလားနော်...... (မှန်ပါ ဘောက်သောက် ဘေးကြီး ဟာ အရေးအကြီးဆုံးပါ ဘုရား)

ဒါဖြင့် ဖြစ်ခြင်ရာ ဖြစ်, နစ်ခြင်ရာ နစ်, ရောက်ခြင်ရာ ရောက်, ပေါက်ခြင်ရာ ပေါက် ဆိုသလို ဒိဘောက်သောက် ဘေးကြီးနှင့် အပြီးမနား ခရီးသွားနေရဒါ ပပဥ္စတရား သုံးပါး ရှိသည့်အနက်က ဘယ်သူ့လက်ချက်ကြောင့် ဆိုမလဲ (ဒိဋ္ဌိ လက်ချက်ကြောင့်ပါ ဘုရား)

ဩ—မဂ်ပယ်စဉ် အားဖြင့် ကြည့်လိုက်တော့ ဒိဋ္ဌိပပဥ္စတရား လက်ချက်ကြောင့်တဲ့လား (မှန်ပါ သူ့ကြောင့်ပါ ဘုရား)

အေး အေး နောက်နောက် ဘဝက ပြုခဲ့ကြသမျှသော အကုသိုလ်ကံပေါင်း ကျွေးဟောင်းအနန္တတွေကလဲ အကျိုးပေးခြင်လွန်းလို့ ငါဆိုတဲ့သဏ္ဍာယဒိဋ္ဌိကလေးထဲကချောင်းမြောင်း အောင်းနေ လိုက်ကြဒါ ကြွက်ဂယ်လောင်း တကောင်ကို ကြောင်တထောင် ဝိုင်းရံနေသလိုပါလားဟာ တကာဆောင်ရ ( မှန်ပါ ကြွက်ဂယ်လောင်း တကောင်ကို ကြောင်တထောင် ဝိုင်းနေဒါလို လွတ်နိုင်စရာတောင် မရှိပါ ဘုရား)

ရုပ်,နာမ်ကို မသိ၍ ငါဆိုတဲ့ ဒိဋ္ဌိကလေး တခုရှိက သူနှင့် အသင်း အပင်း ဖြစ်ကြတဲ့ အကုသိုလ် ကံပေါင်း ကျွေး

ဟောင်းအနန္တတွေက သေသည့်၏ နောက်ကာလ၌ အပါယ် ပဋိသန္ဓေကို ပေးတော့မှာ ကြောက်လို့ ဒီလိုနဲ့ဖြင့် သေကော သေဝန့်ကြပါ့မလား တကာဆောင်ရ (မှန်ပါ ဒိ ဒိဋ္ဌိညောင့် တန်းလန်းနဲ့ဖြင့် မသေဝန့်သေးပါ ဘုရား)

ဒါဖြင့် ချုပ်နာမ်ကို မသိ၍ ဒိဋ္ဌိကလေးတခုရှိက ယခု ဘဝနှင့်တကွ နောင်ဖြစ်လေရာရာ ဘဝများ၌စွာတို့၌ ပဥ္စာ နန္တရိယကံကြီး ငါးပါးနှင့်တကွ အကုသိုလ်ဒုစရိုက် မှန် သမျှတို့ကိုလဲ မချုတ်မချ ကြောက်ပြုရလိမ့်ဦးမည် ဖြစ်သော ကြောင့် ဒီအနေနဲ့ဖြင့် ရှင်ကော နေဝန့်ပါအုံးမလား (မှန်ပါ ရှင်လဲ မနေဝန့်အောင် ဖြစ်နေပါ ဘုရား)

ဩ.... ဒီအခြေ ဒီအနေ ဒီဗလပွေနဲ့ဖြင့် သေလဲ မသေဝန့် ရှင်လဲ မရှင်ဝန့် သင့်မသင့်အကြောင်း အကောင်းနှင့်အဆိုး ချိန်ခွင်နှင့် စက်ရဲ့လျှင် ဟိုဘက်သာ စောက်ထိုးမို့ ကိုယ့် စိတ် ကိုယ်နှိုး အမျိုးမျိုးကြည့်လိုက်တော့ ရွှေတိုး ထမ်းပိုး နောက်ဆုတ် လှည်းထုတ် နုကုပ်နှင့် နမွဲ လှုပ်ပဲမလှုပ်သာပါ ကလား တကာဆောင်ရ (မှန်ပါ မလှုပ်သာပါ ဘုရား)

ပုထုဇဉ်အဖြစ်၌ အပြစ်တွေပေါများ အများတွေထုပြော သူ့သဘော အလိုက် အရိုက်ထိုထို ဗိုသည့်ထက် ဗိုပုံကို အင်္ဂုတ္တိုရ်လာ အဋ္ဌကထာရှိ ပါဠိနှင့် ပြောရလျှင်......

သာဝတ္ထော ပုထုဇ္ဇနဘာဝေါ၊ ယတြ ဟိ နာမ ပုထုဇ္ဇနော။ မာတုဃာတာ-ဒိနိပိ၊ အနန္တရိယာနိ ကရိဿတိ။

**အနက်အား**.... ပုထုဇ္ဇန ဘာဝေါ၊ ရုပ်မှန်း နာမ်မှန်း မသိစွမ်း၍ အကမ်းစင်စစ် ပုထုဇဉ်၏ အဖြစ်သည်။ သာဝဇ္ဇော၊ အပါယ်ရောက်ကြောင်း မကောင်းတရား တပါး မက များပြားလှသော အပြစ်နှင့်တကွ ဖြစ်ရ၍ချေ၏။ ယတြ ဟိ နာမ၊ အကြင်သို့သော မကောင်း သဘော ကြောင့် သာလျှင်။ **ပုထုဇ္ဇနော**၊ ပုထုဇဉ်ဘောင် အမိုက်ကောင်သည်။ မာတုဃာတာ·ဒိနိ၊ ရက်စက်ထန်ပြင်း အမိကို သတ်ဖြတ်ခြင်း အစရှိကုန်သော၊ အနန္တရိယာနိပိ၊သေသည်၏နောက် ငရဲရောက်အောင် ဆွဲကောက်ချတတ်သော အနန္တရိယကံ, ငါးတန်အစု ဝန်လေးသော အမှုကြီးတို့ကိုလည်း။ ကရိသ္သတိ၊ ဝန်မလေးသောအနေ ပြုနိုင်လေ၏။ ဝါ- သက္ကာယဒိဋ္ဌိ အရင်းရှိက မချမ်ရနဲ့ ပြုရချေလတံ့သတည်း။

ထို ပါဠိအရကို ထောက်ဆ၍ ကြည့်လိုက်တော့ သက္ကာယဒိဋ္ဌိ အရင်းရှိက ဘယ်ဘု ဘယ်ဘဝ ဘယ်ဌာနတာရ ဘယ်အမှု ဘယ်ကိစ္စမှ စိတ်မချရသေးဘူးဆိုဒါ၊ ဘုရားရှူး မကျိန်ဘဲ အမြဲတထစ်ချ သိထိုက်လှပြီဟာ တကာဆောင်ရ (မှန်ပါ မသိခြင်ရင်သာ သိရင်တော့ သိထိုက်လှပါပြီဘုရား)

အမိကိုသတ်ခြင်း, အဘကိုသတ်ခြင်း ရဟန္တာကိုသတ်ခြင်း, ဘုရားကို သွေးစိမ်းတည်အောင် ပြုခြင်း, သံဃာကို သင်းခွဲခြင်း ဆိုတဲ့ အနန္တရိယကံကြီး ငါးပါးကို သည်ဘာ မပြုမိတောင် ဒိဋ္ဌိရှိက နောင်ဘဝမှာ များစွာ ပြုနိုင်တယ်၊ အလွန် ဆိုးဝါးတဲ့ ပုထုဇဉ်အဖြစ် ဒိဋ္ဌိညစ်နောင်- သေသေ ချာချာ စဉ်းစားကြစမ်း။

**မေး။** ကံကြီး ငါးခု၊ ပြုမှားမှု၊ ဘယ်သူ့တွက်ကြောင့် ဖြစ်သနည်း။

**ဖြေ။** ကံကြီး ငါးခု၊ ပြုမှားမှု၊ ဒိဋ္ဌိ သူ့ကြောင့် ဖြစ်သတည်း။

ဒီလို ဂေါင်ပုဒ်ကလေးလုပ်ပြီး အမေး၊ အဖြေထုတ်မှတ်လိုက်ရ သာမကောင်းဘူးလား တကာဆောင်ရ ( မှန်ပါ သာကောင်းလှပါဘုရား )

ဖြစ်ပြီးသော အကုသိုလ်ဒုစရိုက်တွေ ထားပါဦးတော့ ကံကြီး ငါးပါးနှင့်တကွ ပြုလတံ့ ဖြစ်ကြတဲ့ အကုသိုလ်ဒုစရိုက်မှုတွေကလဲ ဖြစ်ဘို့ရန်အသင့် မျှော်လင့် ငံ့ဆိုင်း နေလိုက်ကြဒါ အတိုင်းမသိပါလား တကာဆောင်ရ ( မှန်ပါ အတိုင်းမသိပါ ဘုရား)

ဩ ဒါဖြင့် အပါယ်ပင့်သန္ဓေ အကျိုးကိုပေးမဲ့ အကုသိုလ်ကံပေါင်း ဘွေးဟောင်း အနန္တတွေကလဲ ငါဆိုတဲ့ ဒိဋ္ဌိကလေး အခဘော်သဟဲ အမှိုင်တက်ပြုပြီး ဗိုင်းအုံ ပြုံနေကြ နောင်ဖြစ်ပေါ်ကြမဲ့ ပါပညစ်ကျူ ဒုစရိုက်မှုတွေကလဲ ငါ ဆိုတဲ့ ဒိဋ္ဌိကလေးထဲက စောင့်ဆိုင်း နေကြ၊ နောက်ပြန် ကြည့်လိုက်လဲ နေရာမကျ ရှေ့လှမ်းကြည့်လိုက်လဲ သက် သာခွင့် မရ တော်တော် အသက်ရှူရ ကြပ်တဲ့ ဒိဋ္ဌိဘဲနော် (မှန်ပါဘုရား)

အင်း……အသက်ရှူချောင်အောင်ကတော့ တဒ္ဓိတ်ပစ္စည်း ဆိုင်းထမ်းနည်း ဆိုဒါလို ယခုလို ပစ္စုပ္ပန် ရုပ် နာမ်ကို အ

နတ္တ သုညတ ကျအောင်မြင်၍ ဒိဋ္ဌိကလေး စင်သွားရင် နေခဲ့က အကုသိုလ်ကံပေါင်း ကြွေးဟောင်း အနန္တ တွေလဲပြေ စောင့်ငံ့နေကြတဲ့ အကုသိုလ်ကံ အသစ်တွေလဲ အဝေးပြေး အဲဒီမှ ပျားစားလက်ဆေး ဖြစ်တော့ဒါကိုး ✔တကာဆောင်ရ (မှန်ပါ ပျားစားလက်ဆေး ဖြစ်ပါရော ဘုရား)

ကဲ-ဒါဖြင့် အင်မတန် ဆိုးဝါးလှတဲ့ ဒိဋ္ဌိ၊ ရုပ်,နာမ်ကိုသိတဲ့ ဝိပဿနာ ဉာဏ်လက်နှင့် သင့်ရောင်ကို တခါထဲ အတင်းဆွဲပြီး အလဲထောင်းမှ တော်တော့မှာ ထင်ပါလား ဟေ့ (မှန်လှပါ ဒိဋ္ဌိရောင်ဆွဲပြီး အလဲထောင်းမှ တော်ကြတော့မှာပါ ဘုရား)

မျက်စိနှင့်ဆိုင်ရာ အဆင်းဓာတ်သား ပရမတ်တရားကလေးတခု အဖတ်,အသား,အသယ်နှင့် တကယ်မဟုတ်ပုံကို သိသာရုံ ပြောကြဦး၊

စက္ခုဝိညာဏ် ခေါ်တဲ့ အသိ နာမ်ဓာတ် နာမ်ပရမတ်ကလေးက ဘာကို မြင်သလဲ ဘာကို သိသလဲ မေးလိုက်ရင် ကျွန်တော် အဆင်းရူပါရုံကို မြင်ပါတယ် သိပါတယ်လို့ ပြောရှာမှာ အမှန်ဘဲ မဟုတ်လား တကာဆောင်ရ ( မှန်ပါ သည့်အတိုင်းပြောရှာမှာပါ ဘုရား)

လူကို မြင်ရပါတယ်, နွားကို မြင်ရပါတယ်, လို့ ဘယ်တော့မှ အဖြေ အစစ်ခံ ထွက်ရှာမှာ မဟုတ်ဘူးပေ့၊ သည်တော့ အဆင်း ဝဏ္ဏဓာတ်နှင့် မိန်းမ, ယောကျ်ား ဆိုဒါနှင့်

ကွဲပြားအောင်ကြည့်တတ်ဘို့ မလိုပေဘူးသား (မှန်ပါ အရှင် မတန်လိုပါတယ် ဘုရား)

အဆင်း ဝဏ္ဏဓာတ်သားကို မိန်းမ, ယောကျ်ားရယ်လို့ မနောဝိညာဏ်က လုပ်ထားဒါကို သူ့လက်ချက်မှန်း မသိတော့ ဒိဋ္ဌိက ခွဲမှားပြီး လုံးထွေးကြီး ဖြစ်နေတော့ဒါပေါ့။ ဒါ့ကြောင့် အဆင်း ဝဏ္ဏဓာတ်သည် မိန်းမလဲ မဟုတ်, ယောကျ်ားလဲ မဟုတ်, အဆင်း ဝဏ္ဏရုပ်သာ အမှန်ဖြစ်၏။ မိန်းမ ယောကျ်ား ဆိုဒါ မနောဝိညာဏ်က သိခါမှ ထင်ခါမှ, မနောဝိညာဏ် ယူခါမှ ဆင်ခါမှမှတပါး တခြား မိန်းမ ယောကျ်ားရယ်လို့ တကယ်မရှိ အဟုတ်မရှိ၊ ကြံစီ၍ သိတတ်တဲ့ မနောဝိညာဏ် နာမ်ဓာတ်ကလေးသာရှိ၏ မယုံရင် အဆင်းဓာတ်ထဲကို ရှာ၍ကြည့် ထို အဆင်းဓာတ်သည် သဏ္ဌာန်နိမိတ်, အရိပ်အရောင်, အကောင်အထည်, အရှည်အတို, အဖို့,အမမျိုးလဲ မဟုတ်၊ ချိန်ခွင့် ဗိဿာ တင်းချင့်, တောင်းချင့်နှင့်လည်း မရကောင်း၊ အပေါင်းပြု၍ အရ အပုံကြီးလည်း မရှိ၊ ကိုင်စမ်း ဖမ်းကြည့်၍လည်း မရ၊ ယူပြစမ်းပါ ဆိုလို့လည်း မဖြစ်၊ အနှစ် အမာဆို ဝေးရော၊ သဘောကလေး သက်သက်မှ အချက်ခဏကို အချက်ကျ ရွက်ဆောင်နေတဲ့ သဘာဝလေး မြေ့မြေ့ကလေးမဟုတ်လား တကာဆောင်ရ၊ (မှန်ပါ မြည့်မြည့်ကလေးမှ သဘာဝပါ ဘုရား)

အဲဒါလို.... သဏ္ဌာန်ဒြပ်, အရေ အဖတ် မရှိအခင်တဲ့ အဆင်း ဓာတ်ကလေး ပျက်စီးနေပုံကို သိသာရုံပြောကြအုံးစို့.

မီးရောင်သည် ဘာကို အစွဲပြုပြီး ဖြစ်သလဲ မီးတောက်ကို အစွဲပြုဖြစ်ရ၏။ ၎င်း မီးတောက်သည် ဘာကိုအစွဲပြု ဖြစ်ရသလဲ ရေနံဆီ,ခေါတ်ဆီကိုအစွဲပြု၍ဖြစ်ရ၏။ ထိုရေနံဆီ ခေါတ်ဆီ ကုန်ဟုန်သွားဒါကို မြင်ရပါသဖြင့် ပထမမီးတောက်နှင့် ပထမ ရေနံဆီ၊ ဒုတိယ မီးတောက်နှင့် ဒုတိယရေနံဆီ၊ တတိယ မီးတောက်နှင့် တတိယရေနံဆီ စသည်ဖြင့် သူ့မီးတော နှင့် သူ့ရေနံဆီ အပိုင်းအပိုင်း အပြတ်အပြတ် ဖြစ်နေဒါကို သိရတယ်၊ ၎င်းကို သိရသဖြင့် မီးတောက်အစွဲပြု၍ ဖြစ်ရသော အရောင်အဆင်း အလင်းဝဏ္ဏဓာတ်လဲ ပထမမီးတော နှင့် ပထမအရောင်၊ ဒုတိယမီးတောက်နှင့် ဒုတိယအရောင် တတိယ မီးတောက်နှင့် တတိယအရောင် စသည် သူ့မီး တောက်နှင့် သူ့အရောင် အပိုင်းအပိုင်းအပြတ်အပြတ်ဖြစ်နေ ကြဒါလို စက္ခုဒွါရမှာ မြင်တဲ့အဆင်းဝဏ္ဏဓာတ်လဲ မဟာ ဘုတ် လေးပါးကို အမှီပြု၍ ဖြစ်ရသောကြောင့် ထိုမဟာ ဘုတ် လေးပါး ခဏခဏ ပျက်ရတိုင်း မိမိလဲတပါတည်း ပျက်ရလေတော့သည်။ ၎င်းပျက်မှု အစဉ်က ရပ်နားခွင့် မရသဖြင့် အလုံးအခဲ အပုအပုံကြီး ဖြစ်နေနိုင်သောကာလ တခဏကလေးမှ မရပါဘဲလျက် ဤကား အခဲ ဤကား အ လုံး စသည်ဖြင့် ပြောစရာ ပြစရာ ဝဏ္ဏဓာတ်သား ဂရမတ် တရားမှာ ဘယ်မှာ အရေခြုပ် အဖတ်အသားနှင့် ချပ်ပြား ပုံဟန် သဏ္ဌာန်နိမိတ် ဓရိပ် အရောင် အကောင်အထည် အရှည် အတို အဖို အမ ရယ်လို့ ရှာကြံလို့ရပါတော့မလဲ တကာဆောင်ရ (မှန်ပါ မရပ်ဘုရား)

အဲဒါလို မျက်စိက မြင်တိုင်း-မြင်တိုင်း မီးတောက်နှင့် မီးရောင်ဟာ အပိုင်းအပိုင်းပြတ်နေဘိသကဲ့သို့ အဆင်းဝဏ္ဏ ဓာတ်ကလေးတွေလဲ မဆိုင်းမရပ် အပိုင်းအပိုင်း ပြတ်ပြတ် ပြီး အထပ်ထပ်ဖြစ် အထပ်ထပ်ပျက်နေဒါကိုအကွက်ကြသိ၍ ဒိဋ္ဌိကလေး လွင့်သွားရင် သေမယ်ဆို မသေဝန့်ပေဘူးလား (မှန်ပါ သေဝန့်ပါပြီဘုရား)

အရေအဖတ် ဖြုပ်ပုံဟန် သဏ္ဌာန်နိမိတ် အရိပ်အရောင် အကောင်အထည် အရှည်အတို အဖိုအမ တတို တစမှ ရှာ မရတဲ့ ဝဏ္ဏဓမ္မ သုညတ အချက်ကို ကွက်ကွက်ကွင်းကွင်း ထင်ထင်လင်းလင်းသိ၍ ဒိဋ္ဌိကလေး အငြိမ်ခံရရင် ရှင်ကော ရှင်မနေဝန့်ပေဘူးလား(မှန်ပါ ရှင်လဲရှင်နေဝန့်ပါပြီ ဘုရား)

အေးနော်-- အဆင်း ဝဏ္ဏဓာတ်ကလေးအပေါ်မှာ ငါ ရောင်ရောင် ငါရိပ်ရိပ်, သူရောင်ရောင် သူရိပ်ရိပ်, ထင်နေ ကြတဲ့ သနိမိတ္တ အဆင်ကို အနိမိတ္တ အမြင်မျိုးနှင့်မှ ပယ် မ ကြည့်ကြ ရင် ဒိဋ္ဌိကလေးက ပွဲဦးထွက် ပြလိုက်လိမ့် မယ်၊ သူ ပွဲဦးထွက်ပြလိုက်မှတော့ သံသရာ ဇာတ်ကွက် ဟာ အထွက်မညိမ်းတော့ဘဲ ဘယ်ခါမှ ဇာတ်သိမ်းနိုင်ကြ မှာ မဟုတ်ဘူး၊ ယခုဘဝမှာ လူ့ခန္ဓာနှင့်နဲ့ နောင်ဘဝ အ မြီးကြီးနှင့် တဝဲဝဲ၊ ယခုဘဝမှာ နတ်ခန္ဓာနှင့်နဲ့ နောင်ဘဝ အမောက်ကြီးနှင့် တဝဲဝဲ၊ ယခု ဘဝမှာ ဗြဟ္မာ့ခန္ဓာနှင့်နဲ့ နောင်ဘဝ ဦးချိုကြီးနှင့် တဝဲဝဲ၊ ဟောဒါလို သံသရာဇာတ် ကွက်မှာ ခန္ဓာတွေလဲလဲ ထွက်ရလိမ့်အုံးမယ်၊ ဒါကြောင့်

ဒို့ကလေးကို ပွဲဦးထွက် လက်မခံနဲ့နော်– (မှန်ပါ သူ့ပွဲဦး ထွက် ခံလို့ မတော်ပါဘုရား)

အစစ အရာရာ သူကသာ ပွဲဦး ထွက်လာတတ်တယ် ကြပ်ကြပ်သတိထားကြ၊ သူ့ပွဲဦးထွက်လာမယ်ဆိုရင် မြင်သော်လဲ မမြင်ရောင်၊ ကြားသော်လည်း မကြားရောင် ပြောတတ် ဆိုတတ်သော်လဲ မပြောတတ် မဆိုတတ်ရောင်၊ အဲဒါလို အကန်းရောင် ဆောင်ပြီး အကန်းကောင်ကြီး အအ, ရောင်ဆောင်ပြီး အအ,ကောင်ကြီး လုပ်နေရဒါက ကောင်းသေးမဟုတ်လား တကာဆောင်ရ (မှန်ပါ အကန်း အအ, ကြီး လုပ်နေဒါ ကောင်းပါသေး ဘုရား)

တနည်းအားဖြင့်လဲ မြင်တဲ့အခါမှာ ဖြစ်စေ,ကြားတဲ့ အခါမှာ ဖြစ်စေ, ပြောဆိုကြတဲ့ အခါမှာ ဖြစ်စေ, ယခင်က ဟောတဲ့အတိုင်း မြင်မြင်သမျှ အဆင်း ဝဏ္ဏဓာတ်၊ ကြားကြား သမျှ အသံ သဒ္ဒဓာတ်၊ ဩ .. ပရမတ်တရာ' ဓာတ် သားကလေးတွေ ကုန်ခန်း ကုန်ခန်း သွားကြတဲ့ သက်သက် သုညတ အနတ္တ တရားမျိုးကလေးတွေမျိုးလို့ ထင်မြင်လာအောင် ဆင်ခြင်နေလိုက်မိရင်လဲ ဒို့ဦမျက်စိ ဒို့ဦနားဟာ အခ လိုလို ကန်းသွားတော့ဒါပါဘဲ၊ ဒီတရားစကားကိုသာ အခ ရေးထားပြီး ပြောကြား ရွတ်ဘတ်နေမယ်ဆိုရင် ဒို့ဦ ပါး စပ်ကြီးဟာ အလိုလို အ,သွားတော့ဒါပါဘဲ၊ ဒီအတိုင်းဆင် ခြင်မိရင် ကန်းနေသည် မည်တယ် ကန်းနေရာကြတယ်၊ ဒီ အတိုင်း ပြောဆိုတိုင်ပင် ဆွေးနွေးနေရင် အ,နေသည် မည် တယ်၊ အ,နေရာကျတယ်၊ ကောင်းသော အ,ခြင်း ကောင်း

သော ကန်းခြင်းပေါ့လ (မှန်ပါ ကောင်းသော ကန်းခြင်း ကောင်းသော အ,ခြင်းပါဘုရား)

တကာဆောင့်တို့ ငါတို့တတွေမှာ ဒိလိုတရားနှင့် အကန်းမျိုး တရားနှင့် အအ မျိုးဟာ ဘယ်ခါကာလ ဘယ်ဘဝကမှ မကန်းခဲ့ရဘူးသေးဘူး၊ မအ ခဲ့ရသေးဘူး၊ ယခုတော့ သာသနာ့ အဆုံးအမ ရကြ၍ ဒိဋ္ဌိမျက်စိ ဒိဋ္ဌိနားကန်းလို့ ပညာမျက်စိ ပညာနား ပွင့်လန်းရတယ်၊ ဒိဋ္ဌိပါးစပ် အ,လို့ ပညာပါးစပ် ဟလာရတယ်၊ ဒိဋ္ဌိမျက်ဗ, ဒိဋ္ဌိနားဟာ ကန်းသည်ထက် ကန်းသွားအောင် ပညာမျက်စိ ပညာနားဟာ ပွင့်လန်းသည်ထက် ပွင့်လန်းလာအောင် ဒိဋ္ဌိပါးစပ်ဟာ အ,သည်ထက် အ,သွားအောင်၊ ပညာပါးစပ်ဟာ ဟသည်ထက် ဟ,သွားအောင် ဝဏ္ဏခါတ်တလုံးနှင့် တကိုယ်လုံး တကောင်လုံး တလောကလုံး အကုန်သိမ်းကျုံးပြီး ညာဏ်နှင့်သာ ချေမှုန်းကြည့်ပေတော့နော် (မှန်ပါ အကုန်ချေမှုန်း ကြည့်ရပါလိမ့်ဘုရား)

တကာဆောင်ရေ (ဘုရား) စိတ်ခါတ်ကလေးယဉ်ကျေးပြီး တရားဆင်ခြင်ခွင့် ကောင်းကောင်းကြီး ရအောင် သံဝေဂတင်လိုက်ကြအုံးဗို့ ကဲကဲအားလုံးလိုက်ကြစမ်း လိုက်ကြစမ်း။

### သံဝေဂ–ဆောင်ပုဒ်များ

၁။ တဖျာဖျာတ်ကွက်၊ ပွဲဦးထွက်ရင်၊ မကြည့်ခြင်နဲ့၊ မကြားခြင်နဲ့၊ ကန်းနေဒါက ကောင်းသေးရဲ့။

၂။ မာနဇာတ်ကွက်၊ ပွဲဦးထွက်လျှင်၊ မကြည့်ခြင်းနှံ့၊ မကြားခြင်းနှံ့၊ ကန်းနေဒါက ကောင်းသေးရဲ့။

၃။ ဒိဋ္ဌိဇာတ်ကွက်၊ ပွဲဦးထွက်လျှင်၊ မကြည့်ခြင်းနှံ့၊ မကြားခြင်းနှံ့၊ ကန်းနေဒါက ကောင်းသေးရဲ့။

၄။ တဏှာဇာတ်ကွက်၊ ပွဲဦးထွက်လျှင်၊ မပြောခြင်းနှံ့၊ မဆိုခြင်းနှံ့၊ အ,နေဒါက ကောင်းသေးရဲ့။

၅။ မာနဇာတ်ကွက်၊ ပွဲဦးထွက်လျှင်၊ မပြောခြင်းနှံ့၊ မဆိုခြင်းနှံ့၊ အ,နေဒါက ကောင်းသေးရဲ့။

၆။ ဒိဋ္ဌိဇာတ်ကွက်၊ ပွဲဦးထွက်လျှင်၊ မပြောခြင်းနှံ့၊ မဆိုခြင်းနှံ့၊ အ,နေဒါက ကောင်းသေးရဲ့။

## တရား အဆုံးသတ်ရန်

ဗြဲ့၊ တရားသဘင် ဆင်ယည် ကျင်းပ ဤဌာနဒွ။ အာဂတာ၊ အပါယ်ဝဋ်ဘေး လွတ်လိုရေးကြောင့် စည်းဝေးရောက်လာကြကုန်သော၊ သာဓဝေါ၊ တကယ့်တရား တကယ့်နားဖြင့် နာကြားလိုကြောင်း သူတော်ကောင်းတို့သည်။ တိသု၊ သုံးမျိုး သုံးစား သုံးပါးအပြားရှိကုန်သော။ ပပဉ္စေသု၊ ပပဉ္စခေါ် ဌြား ထိုတရားတို့တွင်။ ပထမံ၊ လိုရင်းကိုရှာ ရှေးဦးစွာ၊ ဒိဋ္ဌိ ပပဉ္စံ၊ ငရဲတတန်, တိရစ္ဆာန် တဖြာ ပြိတ္တာ တသွယ် အသူရကာယ် တလှဲ့ နယ်ချဲ့သမား ဒိဋ္ဌိ ပပဉ္စတရားကို။ ပရိဿိနံ့နံ့၊ အသီးအပွင့် အညွန့်တမျိုး

အရိုး အရွက် တိုးမတက်နိုင်အောင် ချိုးဖျက်နိုင်ကြပါစေ ကုန်သတည်း။

**သာဓု—သာဓု—သာဓု**

ကြွင်းကျန်သော အဓိပ္ပါယ်များကို မိမိ ဉာဏ်သွားဖြင့် ထင်ရှားအောင်ဟောပြောကြပါကုန်။

# ပြီးပြီ

# ၄-ကြောင်ပန်းဝါဒ
# တရားခွန်း

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ၊

ယော ပုဂ္ဂလော၊ ဝိဇ္ဇာဉာဏ် အယူမရှင်းကြလို့မို့ မိစ္ဆာရန် အပူမကောင်းနိုင်ကြတဲ့ အကြောင် လူအဖြင်း, နတ်အဖြင်း, ဗြဟ္မာအဖြင်းကြီးသည်။ ဥဒယဗ္ဗယံ၊ ရုပ်ခေါတ် နာမ်ခေါတ် ပရမတ်အရ ခေါတ်အနှုတ္တိ၏ ဖြစ်မှု ပျက်မှု သင်္ခါရတရားအရ တွေကို၊ အပဿံ အပဿန္တော၊ မရှုမမြင် မဆင်ခြင် မစဉ်းစား မပွါးများမိလေဘဲ။ ဝါ-ခန္ဓာ ငါးပါး တရား အချက် သဘောနက်ကို။ အိပ်မက်တွင်မျှ မမြင်ဘူး မမက်ဘူးကြလေဘဲ။ ဝဿသတံ၊ လူ့ပြည်မှာ ဖြစ်စေ, နတ်ပြည်မှာ ဖြစ်စေ,ဗြဟ္မာပြည်မှာဖြစ်စေ ရာ ထောင် သိန်း သောင်း မကသျှောင်းအောင် နှစ်ပေါင်းရှုံး ကပ်ကမ္ဘာပင် ဆုံးစေတော့ မိမိတို့၏ အသက်တမ်း တည်ကြသမျှကာလပတ်လုံး။ ဇီဝေ ဇီဝေယျ၊ အသားမှုပါ အများမေ့တာဖြင့် အလကား သာ အသက်ရှည်ကြာ၍ နေငြားအံ့၊ သော ပုဂ္ဂလော၊ အဝိဇ္ဇာလုံး ဗိတ်ဘာဖုံးလို့မို့ မိစ္ဆာတုံးကြီး ဖြစ်၍နေသော ထို လူ အစွမ်းတုံး, နတ်အစွမ်းတုံး, ဗြဟ္မာ အစွမ်းတုံးကြီးသည်။ န သေယျော၊ လူဖြစ်ကျိုးမနပ်, နတ်ဖြစ်ကျိုးမနပ်, ဗြဟ္မာဖြစ်ကျိုး မနပ်လို့မို့ မမြတ်ချီး အမှန်သာတည်း၊ ဝါ၊

လူဖြစ်သော်လဲ လူတေလေ, နတ်ဖြစ်သော်လဲ နတ်တေလေ ဗြဟ္မာဖြစ်သော်လဲ ဗြဟ္မာတေလေ, အကြွပ် ခများတွေမို့ မမြတ်ရှာလေ   ရှင်ဖြစ်သော်လဲ ရှင်တေလေ, ရဟန်းဖြစ်သော်လဲ ရဟန်းတေလေ, ရသေ့ဖြစ်သော်လဲ ရသေ့တေလေ, အကြွပ် ခများတွေမို့ မမြတ်ရှာလေ .. လူဖြစ်သော်လဲ လူချိုးတွေ, နတ်ဖြစ်သော်လဲ နတ်ချိုးတွေ, ဗြဟ္မာဖြစ်သော်လဲ ဗြဟ္မာချိုးတွေ, သေမင်း ဖွတ်တော့ ဖွတ်ဖွတ်ကြေ အကြွပ် ခများတွေမို့ မမြတ်ရှာလေ....၊ ဥဒယဗ္ဗယံ၊ သင်္ခတခတ် ပရမတ်အများ ခတ်တရားတို့၏ မရပ် မနား မတန့်စားဘဲ ဘွားခနဲဖြစ်, လျှစ်ခနဲချုပ်,ငုတ်ခနဲပျောက်ကွယ်, သုည နယ်ကြီးသို့ အပြီးတိုင် ရောက်ကြရသည်၏ အဖြစ်ကို။ ပဿတော၊ ဝိပဿနာပညာ, မဂ်ပညာဖြင့် ထင်လာအောင် ပွါးများတတ်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ချွန် ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ် ပုဂ္ဂိုလ်တတ်ကြီးများ၏။ ဝါ၊ ထင်လာသမျှ အစိပ်အစိပ် မြွေတွေကို သင်္ခါရ နယ်နိမိတ်ရလေအောင် ဘာဝနာကိစ္စဖြင့် စိတ်ချခါ အားထားပြီး များများကြီးပွါးများလေ့ရှိသော လူအစွမ်းကောင်း,နတ်အစွမ်းကောင်း, ဗြဟ္မာအစွမ်းကောင်းကြီး၏၊ ဧကာဟံ၊ တနေ့ တရက် တမနက် တနာရီ တဗိဇနာကာလ တခဏမျှသော်လဲ၊ ဇီဝိတံ၊ ထွက်သက်,ဝင်သက် လေနှစ်ချက်၏ မပျက်မှီခါ ဆက်ဟည့်လာ၍ အသက်ရှည်စွာနေရခြင်းသည်၊ ဝါ၊ အမတာအနိုး မွှာမှီးပြီး ကြာကြာကြီး နေလိုက်ရခြင်းသည်။ သေယျော၊ လူဖြစ်ကျိုးနပ်,နတ်ဖြစ်ကျိုးနပ်, ဗြဟ္မာဖြစ်ကျိုးနပ်လို့မို့ အဘိုး မဖြတ်နိုင်သော အထွဋ်အမြတ်

ကြီးပါပေတည်း။ ဝါ၊ အနေကောင်း, အသေကောင်း, အခြေ မပြောင်းကြတော့ဘဲ မကောင်းသမျှ ကိလေ ရောဂါပ စေနိုင်လို့ရို့ လောင်းသမဏ တိဟော ဩကာသ, ထိုက်ပါရဲ့ (တကာလျှရေ) ဟောဒါမှ **ကြောင်ပန်း ဝါဒကြီး** အစစ် ဖြစ်တော်မူပါပေ သတည်း။

တကာလျှရေ (ဘုရား) ယနေ့ညဘော့ လွန်စွာ အရေးကြီးသော ကြောင်ပန်းဝါဒဆိုတဲ့ တရားအချက်ကြီးကို နားပွက်ပွက် ညီးသွားအောင် သွက်သွက်ကြီး ဟောရလိမ့် ထင်ပါလား (မှန်ပါ ဟောရပါလိမ့် ဘုရား)

အဲ …ယခု ရွတ်ဆိုလိုက်သော ပါဠိတော်လာ ဂါထာ ပုဒ်အရ ရှေ့ နှစ်ပါဒရဲ့ လိုရင်းအဓိပ္ပါယ်ကတော့ ဘယ်လို ပုဂ္ဂိုလ်မျိုးမဆို ထိုထို ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်မှု, ပျက်မှု,သင်္ခါရ တရားအပေတွေကို မပွါးမရှုဘဲ မေ့ကြောကြီး ဆွဲနေလျှင် ထိုသူ အနေမဖြတ်တော့ဘူးတဲ့,အနေမဖြတ်ရင်လဲ အသေဖြတ်နိုင်ပါတော့မလား၊ အနေလဲယုတ်မာ အသေလဲယုတ်မာတယ်လို့ ဟောတော်မူလိုဒါပေါ့၊ နောက်နှစ်ပါဒရဲ့ လိုရင်းအဓိပ္ပါယ်ကတော့ မည်သူမဆို ဖြစ်,ပျက်ကို ထင်၍ ဝိပဿနာဉာဏ်ဖြင့် သန်သန်ကြီး ဆင်ခြင်လျက် မပြင် မြင်အောင် ရှုဆောင်အားထုတ် နေတတ်လျှင် ထိုသူ အနေ ဖြတ်တော့ဒါဘဲတဲ့၊ အနေဖြတ်ရင်လဲ အသေဖြတ်ရောပေါ့၊ အဲဒါလို အယုတ်နှင့် အမြတ် ထို နှစ်ချပ်ကို သတ်မှတ်ခွဲခြားပြီး ဟောကြားတော်မူတဲ့ ပါဠိတော်ကြီး မဟုတ်လား

တကာလှရ (မှန်ပါ အမြတ်နဲ့ အယုတ်ကို ခွဲထုတ်တော်မူတဲ့ အချက်ကြီးပါဘုရား)

အယုတ် အမှန်ရှိသော ရုပ်,နာမ်ကို ဝိပဿနာဉာဏ်နှင့် အသူ မလင်းသေးရင် ထိုသူ အပူ မကင်းသေးဘူး။ ဘာ့ကြောင့် အပူမကင်းသေးသလဲ အမှန်ကိုမသိ အမှားကိုသာ သိစေတတ်တဲ့ အဝိဇ္ဇာလုံး ဖိတ်ကာဖုံး၍ မိဿာတုံးကြီး ဖြစ်နေရသောကြောင့် အပူမကင်း ဖြစ်ရတယ်၊ ထိုအမှားထင် အမှားမြင်ဖြစ်ဘဲ့ အဝိဇ္ဇာယုတ်ကို အမှန်ထင် အမှန်မြင်ဖြစ်တဲ့ ဝိဇ္ဇာဉာဏ်နှင့်မှ မထုတ်မခွါ လိုက်ရင်လဲ ယုတ်ခါမြဲ ယုက်မာ နေတော့ဒါပေါ့၊ ဒါ့ကြောင့် အဝိဇ္ဇာ ဆိုတဲ့ပုဒ်အရကိုအဋ္ဌကထာ ဋီကာကျမ်းကြီးများမှာ ဝိဂြိုဟ်လုပ်ပြထားကြဒါ အများကြီးရှိတယ်၊ ရေရေလယ်လယ် ကျကျနန မှတ်လိုက်ကြစမ်း။

၁။ အဝိဇ္ဇမာနေ ဇပါပေတီတိ အဝိဇ္ဇာ။
၂။ ဝိဇ္ဇမာနေ နဇနဝါပေတီတိ အဝိဇ္ဇာ။

၁။ ယာ ဓမ္မဇာတိ၊ မောဟာခေါ်သော အကြင်တရားသဘောသည်။ အဝိဇ္ဇမာနေ၊ အကယ်တိတိ ထင်ရှားမရှိသော ငါ, သူတပါး, ယောကျ်ား, မိန်းမ ဟူသမျှ၌၊ ဇဝါပေတိ၊ ဇာကယ့် ယောကျ်ား, တကယ့် မိန်းမ ပုဂ္ဂလ သဘော ရှိသော အနေ ထင်စေ မြင်စေ သိစေတတ်၏၊ ဣတိ တသ္မာ၊ ထိုသို့ မရှိသဘော ရှိသောအနေ ထင်စေတတ်ဘိယင်းသတ္တိကြောင့်။ သာ ဓမ္မဇာတိ၊ မောဟာခေါ်သော ထို

သဘောတရားသည်။ အဝိဇ္ဇာ၊ ပါဠိဘာသာဖြင့် အဝိဇ္ဇာ မည်၏။

၂။ ယာ ဓမ္မဇာတိ၊ အမှန်ဖယ်ရှား အမှားလမ်းပြ့ အကြွင် မဟောသည်။ ဝိဇ္ဇမာနေ၊ မဘောက်မပြန် ဇေကန်ရှိဒါ ခန္ဓာ ငါးပါး ရုပ်,နာမ်တရား၌၊ နှဲ့ ဇာါပေတိ၊ အတ္တ အမှတ် အမြှင်ပြုတ်အောင် မထင်စေတတ် မမြင်စေတတ် မသိစေ တတ်။ ဇူတိ-တသ္မာ၊ ထိုသို့ အတ္တအမှတ် အမြှင်ပြုတ်အောင် မမြင်စေတတ်ဘိ ယင်းသတ္တိကြောင့်။ သာ ဓမ္မဇာတိ၊ အမှန် ဖယ်ရှား အမှားလမ်းပြ ထို မဟောသည်။ အဝိဇ္ဇာ၊ မာဂဓ ဘာသာဖြင့် အဝိဇ္ဇာ မည်၏။

ဋီကာကျမ်းကြီးများ ပြဆိုတော်မူကြသော ဝိဂြိုဟ် အရ အဓိပ္ပါယ် တိုတို ပြောကြစို့၊ ပထမ ဝိဂြိုဟ်အဆို ပါဠိ ဘာသာလို ခေါ်တော့ အဝိဇ္ဇာ၊ မြန်မာလို ခေါ်တော့ အမှားကို သိစေတတ်တဲ့တရား၊ ဒုတိယ ဝိဂြိုဟ်အဆို မာဂဓ ဘာသာလို ခေါ်တော့ အဝိဇ္ဇာ၊ မြန်မာလိုခေါ်တော့ အမှန်ကို မသိစေတတ်တဲ့တရား၊ ဒါလို လိုရင်းအချက် အဓိပ္ပါယ် ပေါ် ထွက်လာတယ် မဘုတ်လား တကာလှရ (မှန်ပါ ဒီလိုမှတ် ရပါလိမ့်ဘုရား)

အဲ-အဝိဇ္ဇာဆိုဒါ အဝိဇ္ဇမာနေ ဆိုတဲ့အတိုင်း ထင်ရှား မရှိတဲ့ ယောက်ျား, မိန်းမ ထင်ရှားရှိသလိုလို ရှိသရောင် ရောင်။ ဝိဇ္ဇမာနေ, ဆိုတဲ့အတိုင်း ထင်ရှားရှိတဲ့ ရုပ်,နာမ် နှစ်ပါးကိုတော့ လားလားကမှ အိပ်မက်ထဲမှာ မမက်နိုင်

အောင် ပိတ်လှောင် မှေးယှက် ဖုံးဝှက် ကွယ်ကာမှု သဘော ကြီးကို အပြီးရှက်ဆောင် နေတယ် ဆိုဒါကို မစဉ်းစားလို့ သာနေ၁် စဉ်းစားကြည့်လိုက်ရင် အကွင်းသား သိမှာဘဲ မဟုတ်လား (မှန်ပါ သိမှာပါဘဲ ဘုရား)

အေး အေး ရှေးရှေးသော သူတော်ကောင်းတွေကတော့ အဟုတ်အမှန်ရှိတဲ့ ချပ်,နာမ်၏ ပျက်မှုအနိစ္စ, ဆင်းရဲမှုဒုက္ခ, အစိုးမရတဲ့ အနတ္တ, အချက်ကြီးတွေကို အပြီးတိုင် သိမြင်တော်မူကြ၍ ပထမမဂ်နှင့် ဆိုင်ရာ ပထမအဝိဇ္ဇာ, ဒုတိယ မဂ်နှင့်ဆိုင်ရာ ဒုတိယအဝိဇ္ဇာ, တတိယမဂ်နှင့်ဆိုင်ရာ တတိယအဝိဇ္ဇာ, စတုတ္ထ မဂ်နှင့်ဆိုင်ရာ စတုတ္ထအဝိဇ္ဇာ ဆဲဒါလို အသီးအသီး ပယ်သတ်တော်မူပြီး အေးငြိမ်းမှု ခတ်ကြီးသို့ ကိန်းဝပ်တော်မူမိကြပြီ တကာလှေ ရ (မှန်ပါ ဘုရား)

**ဥပမာဆိုရချေင်** "အရောင်အဝါနှင့် ပြည့်စုံသော နေလုံးကြီးကို တိန်လေးထပ် ဖုံးပြီးထားတဲ့အခါ ပထမလေ အကြမ်ဖြင့် ပထမတိမ်တိုက်ကို လွင့်သွားအောင် တိုက်ပြစ်လိုက်သလို" ပထမ သောတာပတ္တိမဂ်ဉာဏ်က တကယ့်ငါ တကယ့်ကိုယ်လို့စွဲဆိုစေတတ်တဲ့ အကြမ်းဆုံး ပထမ အဝိဇ္ဇာတိန်တိုက်ကြီးကို လွင့်စင်သွားအောင် တိုက်ဖျက်လိုက်လေ၏။ ဒုတိယ သကဒါဂါမိမဂ်ဉာဏ်က ဤ လူ့ဘုံသို့ တကြိမ် တခါမှ အထက် နှစ်ကြိမ်,သုံးကြိမ် ဆက်၍ လာလတံ့ ဖြစ်သော အတန်ငယ် ကြမ်းထမ်းသော ဒုတိယ အဝိဇ္ဇာတိန် တိုက်ကို လွင့်စဉ်သွားအောင် တိုက်ဖျက်လိုက်လေ၏။ တ ယ အနာဂါမိ မဂ်ဉာဏ်က ဤကာမဘုံသို့ မလာနိုင်

အောင် လာလတံ့ ဖြစ်သော အတန်ငယ် ထိမ်မွေ့သော တတိယ အဝိဇ္ဇာ တိန်တိုက်ကို လွင့်စင်သွားအောင် တိုက်ဖျက်လိုက်လေ၏။ စတုတ္ထ အရဟတ္တမဂ်ဉာဏ်က ရူပဘုံ, အရူပဘုံတို့၌ ဖြစ်လတံ့ဖြစ်စေတတ်သော အလွန် ထိမ်မွေ့သော စတုတ္ထအဝိဇ္ဇာ တိန်တိုက်ကို လွင့်စင်သွားအောင် တိုက်ဖျက်လိုက်လေ၏။

အဲဒါလို မဂ်လေးပါးအစဉ်ဖြင့် အဝိဇ္ဇာကို ပယ်ဖျက်ပြီး အအေးကြီး အေးကုန်ကြပြီ၊ တကာလှတို့ ငါတို့တတွေမှာ ဘယ်ဘုရား လက်ထက်ကမှ ဘယ်အဝိဇ္ဇာကို ဘယ်လိုမှ မလုပ်မိလို့ ယခုထက်ထိ ငုတ်စိငုတ်စိနဲ့ မြုတ်မိမြုတ်ရာ မြောမိမြောရာ ကျန်နေရစ်ကြဒါ၊ ဘယ့်လောက် လယ်ထဲမှာ တံခွန်ဖြူနှံကြီးနှင့် ရှုနေသလဲ စဉ်းစားစမ်း တံခွန်ဖြူနှံကြီးဆိုဒါကော မြင်ဘူးရဲ့လား (မှန်ပါ့ အမိန့်ရှိပါဘုရား)

တံခွန်ဖြူနှံကြီးဆိုဒါ လယ်ထဲမှာ သူများတကာ အဆံထည့်ချိန် အဆံထည့်လို့ နို့ရေခဲချိန် နို့ရေခဲလို့ ရင့်ချိန် ရင့်လို့ မှည့်ချိန် မှည့်လို့ ငိုက်ချိန် ငိုက်လို့ သူ့အခိုက် အခတန့်နဲ့သူ ဖြစ်ဖြစ်သွားကြတယ်၊ သူ့မှာတော့ သူများအဆံထည့်ချိန်လဲ မထည့်၊ နို့ရေခဲချိန်လဲ မခဲ၊ ရင့်ချိန်လဲ မရင့်၊ မှည့်ချိန်လဲ မမှည့်၊ ငိုက်ချိန်လဲ မငိုက်၊ နောက်ပိတ်ဆုံး သူများတကာမှာ အဆံအနှစ်တွေ ပြည့်တင်း၍ တလင်းထဲသော ရောက်သွားကြရော သူ့မှာတော့ မငိုက်မလဲဘဲ လယ်တောထဲမှာ တဝဲဝဲ တပြောင်ပြောင်နှင့် တထောင်ထောင် ကျန်ရစ်ခဲ့တုံး နောက်ပိတ်ဆုံး သူ့ကို နွားတောင် မစားဘူး။

အဲဒါလိုဘဲ တကာလှတို့ ငါတို့တတွေမှာလဲ သံသရာ တည်း ဟူသော လယ်ထဲမှာ ဝိဇ္ဇာဉာဏ် နို့ရေမခဲရလို့ ဒိဋ္ဌိနှံ့ကြီး တဝဲဝဲ တထောင်ထောင်နှင့် ကျန်နေရစ်ကြဒါ တံခွန် ဖြုန့်ကြီးတွေနဲ့ မခြားဘဲ တသားထဲ တူနေကြပြီ တကာလှရ (မှန်ပါ တံခွန်ဖြုန့်ကြီးနဲ့ အလွန်တူနေပါပြီ ဘုရား)

အဲဒါလို ဒိဋ္ဌိ တံခွန်ဖြုန့်ကြီး တဝဲဝဲ တထောင်ထောင်နဲ့ နေလျှင် လူ့ပြည်မှာ အနှစ်တရာ, အနှစ်တထောင် ကြာနေရလဲ အကျိုးမရှိ၊ နတ်ပြည်မှာလဲ အကြင်မိ၊ ဗြဟ္မာ့ပြည်မှာလဲ နတ္ထိ၊ စိတ်ချစရာ ချမ်းသာထူးကြည့်လို့ဖြင့် တစိတချမ်းမှ ရှာမရပါဘူး တကာလှရ (မှန်ပါ ဝဋ်မီးပုံကြီးထဲမှာ အအေး ချမ်းသာ ရှာမရပါ ဘုရား)

အေး အေး ... သမုတိအနေနှင့် လူ့ပြည်တခုဘဲ ပြောကြပါအုံးစို့။

၁။ ရှေ့ ခုနစ်ရာ၊ နောက် ငါးရာနှင့်၊ မြောက်မှာ တထောင်၊ သင်္ချာဆောင်၊ တောင်မှာ မြဲမရှိ။

၂။ သံယုတ် ဋ္ဌကထာ၊ မြတ်ကျမ်းလာ၊ တမ်းမှာ ဤသို့သိ။

အရှေ့ကျွန်းသူ ကျွန်းသားတို့မှာ အသက်တမ်း ၇၀၀ တိုင်တိုင် နေကြရ၊ အနောက်ကျွန်းသူ ကျွန်းသားတို့မှာ အသက်တမ်း ၅၀၀ တိုင်တိုင်နေကြရ မြောက်ကျွန်းသူ ကျွန်းသားတို့မှာ အသက်တမ်း တထောင် တိုင်တိုင် နေကြရ။ ငါတို့ဇမ္ဗူဒီပါ တောင်ကျွန်းသူကျွန်းသားများမှာတော့ သူ

**တော်ကောင်းတရား** ပျက်ကွက်ကြသော အခါ အသင်္ချေယျ တမ်းမှ ဆယ်နှစ်တမ်းသို့ရောက်၍ အသက်တိုကြလေကုန် ၏။ သူတော်ကောင်းတရား ထွန်းကားလာပြန်သောအခါ တဖန် ဆယ်နှစ်တမ်းမှ အသင်္ချေယျတမ်းတိုင်အောင်တက်၍ အသက်တမ်း ရှည်ကြလေကုန်၏။ ထို့ကြောင့် ဤတောင် ကျွန်းမှာကား အသက်တမ်း **အမြဲမရှိကြကုန်**။

**အသင်္ချေယျဆိုသည်ကား**

သင်္ခါတုံ န သက္ကာတိ အသင်္ချေယျာ။
ဂဏနာ တိက္ကန္တာတိ အဌ္ဌော။

**သင်္ခါတုံ**၊ မည်းရွေ့ မည်မျှ ဂဏန်းချ၍ မှန်းဆသော်ျာ ရေတွက်ခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ ဣတိ-တသ္မာ၊ ထိုသို့ မှတ်ပေါင်း မတတ်ကောင်းသောကြောင့်။ အသင်္ချေ ယျာ၊ အသင်္ချေယျ မည်၏။ ဂဏနာတိက္ကန္တာ၊ ရေတွက် ခြင်း ဂဏန်းသင်္ချာကို လွန်၏။ ဣတိ-အယံ၊ ဤသည်ကား။ အဌ္ဌော အသင်္ချေယျ ပုဒ်အရဝယ် အနက် အဓိပ္ပါယ်တည်း။

**မှတ်ချက်** "ရက်,လ,နှစ် အစရှိသော ဂဏန်းဝေါဟာရ အားဖြင့် မရေတွက်နိုင်သော ကာလကို အ သင်္ချေယျ ဟု ဆိုလိုသည်"

အဲ ဝသာသတံ၊ အနှစ်တရာ ကာလပတ်လုံး ဟု ဟော တော်မူသော ပါဠိတော်စကားကို ဥပလက္ခဏဟု မှတ်ရ မယ်၊ စင်စစ်ကတော့ ချပ်,နာမ်,ခန္ဓာကို မသိ၍ အဝိဇ္ဇာ အ

ဖိကို ခံနေရရင် အနှစ်တရာ၊ အနှစ်တထောင်၊ အနှစ် တသောင်း၊ အနှစ်တသိန်း၊ အနှစ် တသန်း၊ အနှစ်တကုဋေ၊ အနှစ် အသင်္ချေ၊ ကာလပတ်လုံး နေရအုံးတော့ လုံးလုံးမပြုတ်ဘူးတဲ့ တကာလမှာ (မှန်ပါ မပြုတ်ပါ ဘုရား)

ကဲ လူ့ပြည်ကို ထားလိုက်ပါဦး နတ်ပြည်ခြောက်ထပ်ရှိတွင် စတုမဟာရာဇ် နတ်ပြည်မှာ နေကြတဲ့ နတ်တွေဟာ သူတို့ဘုံမှာ သူတို့အရေအတွက်နှင့် နတ်သက် ၅၀၀ ရှိသတဲ့ လူတို့ အရေအတွက်နှင့်ဖြင့် နှစ်ပေါင်း ကိုးသန်းပေါ့လေ၊ အဲဒီ နတ်တွေ နှစ်ပေါင်း ကိုးသန်းပတ်လုံး နေရအုံးတော့ ငါတလုံးညီ အပိဇ္ဇာဖိ၍ ဒိဋ္ဌိမကင်း ငရဲမီးတဝင်းဝင်းနှင့် နေရသေရရင် ပြုတ်ပါအုံးမလား မှန်ပါ မပြုတ်ပါ ဘုရား)

ကဲ ... အထက်ဆုံး နတ်ဘုံ ကြည့်လိုက်စမ်းအုံး ပရနိမ္မိတ ဝသဝတ္တီနတ်ပြည်မှာ နေကြတဲ့နတ်တွေဟာ သူတို့ဘုံမှာ သူတို့အရေအတွက်နှင့်နတ်သက်တသောင်း ခြောက်ထောင်ရှိသတဲ့ လူတို့အရေအတွက်နှင့်ဖြင့် နှစ်ပေါင်း ကုဋေ ကိုးရာ့ နှစ်ဆယ့် တကုဋေ ခြောက်သန်းပေါ့လေ၊ အဲဒီ နတ်တွေလဲ နှစ်ပေါင်း ကုဋေ ၉၂၁ ကုဋေ ၆-သန်းကာလပတ်လုံး နေရအုံးတော့ ငါတလုံးညီ အပိဇ္ဇာဖိ၍ ဒိဋ္ဌိမကင်း ငရဲမီး တဝင်းဝင်းနှင့် နေရ သေရရင် ပြုတ်ပါအုံးမလား (မှန်ပါ သူတို့လဲ မပြုတ်သေးပါ ဘုရား)

လူ့ပြည် နတ်ပြည် ဆိုတဲ့ ကာမဘုံသား အသာထားပါဦး ဗြဟ္မာ့ပြည် နှစ်ဆယ် တို့တွင် အောက်ဆုံးဗြဟ္မာ့ဘုံမှာ ဗြဟ္မာ့ပါရိသဇ္ဇာ ဗြဟ္မာကြီး များဟာ အသင်္ချေယျ ကပ်၏

သုံးဘို့တဘို့နေကြရတယ်၊ အသင်္ချေယျကပ်၏ သုံးဘို့တဘို့ ဆိုသည်ကား ...

"ကပ်သည် အာယုကပ်, အန္တရကပ်, အသင်္ချေယျကပ် မဟာကပ်-ဟု လေးမျိုးရှိ၏။ ထိုလေးမျိုးတို့တွင် ထိုထို အသက်တမ်း ရောက်ဆဲ ရောက်ဆဲကို အာယုကပ် ဆိုသည်၊ လူတို့၌ အသက် အသင်္ချေယျ တမ်းမှ ဆယ်နှစ်တမ်း တိုင်အောင်ဆုတ်၍ တဖန် ဆယ်နှစ်တမ်းမှ အသင်္ချေယျတမ်း တိုင်အောင် တက်ပြန်၏။ ဤ ဆုပ်ကပ် တက်ကပ် နှစ်ခု အပုံကို အန္တရကပ် တခု ခေါ်သည်။ ထို အန္တရကပ်ပေါင်း ၆၄-ပြန်ကို အသင်္ချေယျကပ် တကပ် ဟု ဆိုသည်၊ ထို အသင်္ချေယျကပ် လေးကပ် အပေါင်းကို မဟာကမ္ဘာကြီး တကမ္ဘာ ဟု ခေါ်ဆို၏။

ထို မဟာ ကမ္ဘာကြီး တခုကို လေးဘို့ပြု၍ အသင်္ချေယျ ကပ်သည် သံဝဋ္ဋကပ်, သံဝဋ္ဋဋ္ဌာယီကပ်, ဝိဝဋ္ဋကပ်, ဝိဝဋ္ဋ ဋ္ဌာယီ-ဟု လေးမျိုးရှိ၏။ မီးဖျက်သောအခါမှာ ဖြစ်စေ, ရေဖျက်သောအခါမှာဖြစ်စေ, လေဖျက်သောအခါမှာဖြစ်စေ, ပျက်တုံး ပျက်ဆဲအခါကို သံဝဋ္ဋကပ်ဟု ဆို၏။ ပျက်ပြီး အတိုင်း ဟင်းလင်းကြီး တည်နေဆဲ အခါကို သံဝဋ္ဋဋ္ဌာယီ ဆို၏။ ဖြစ်ပွါးနေတုံး ဖြစ်ပွါးနေဆဲကို ဝိဝဋ္ဋ ဆို၏။ ဖြစ်ပွါးပြီး အတိုင်းကြီး တည်နေသည်ကို ဝိဝဋ္ဋဋ္ဌာယီ ဆို၏။ ထို ပျက်ဆဲ သံဝဋ္ဋကပ်, ပျက်ပြီး၍ တည်ဆဲ သံဝဋ္ဋဋ္ဌာယီကပ်, ဖြစ်ပွါးဆဲ ဝိဝဋ္ဋကပ်, ဖြစ်ပွါးပြီး၍ တည်ဆဲ ဝိဝဋ္ဋဋ္ဌာယီကပ်,

ဤ အသင်္ချေယျကပ် လေးကပ်သည် အန္တရကပ်ပေါင်း၊ ၆၄ ကပ်စီ အညီအမျှ ကာလ ကြာကြာသည်ဟု မှတ်။

ယခု ရောက်ဆဲကား ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ် ဖြစ်၏။ ထို့ကြောင့် ဖြဟ္မာ့ပါရိသဇ္ဇာဖြဟ္မာများ အသင်္ချေ ယျကပ်၏ သုံးဘို့တဘို့မျှ နေရဆိုသည်ကား အန္တရကပ် (၂၁)ကပ်သာသာ နေရသည်ဟုလို"

အန္တရကပ်(၂၁) ကပ်သာသာရ၏။ ထိုကဲ့သို့ နေရငြား သော်လည်း ထိုဖြဟ္မာကြီးရဲ့ အရှိုက္ခသဥ္ဉာန်မှာ အဝိဇ္ဇာ ဖုံး၍ ငါတလုံးဆိုတဲ့ ဒိဋ္ဌိမီး တဟုန်းဟုန်း တောက်လောင် ချေမှုန်း ခံနေရရင် စင်စစ်မြတ်ပါအုံးမလား (မှန်ပါ စင်စစ် မြတ်တယ် မဆိုထိုက်သေးပါ ဘုရား)

ကဲ အသက်ဆုံး ဘဝက်ဘုံ ခေါ်တဲ့ နေဝသညာ နာ သညာ ယတနဘုံ၌ ရှိကြသော ဖြဟ္မာကြီးတွေဟာ မဟာ ကမ္ဘာပေါင်း ရှစ်သောင်း လေးထောင်တိုင်တိုင် နေရသတဲ့ သို့လောက်ပင် အသက်ရှည်စွာ နေရပါသော်လဲ ထို ဖြဟ္မာ ကြီးရဲ့ အရှိုက္ခသဥ္ဉာန်မှာ အဝိဇ္ဇာဖုံး၍ ငါတလုံးဆိုတဲ့ဒိဋ္ဌိ မီး တဟုန်းဟုန်း တောက်လောင် ချေမှုန်းခံနေရရင် အမှန် မြတ်တယ်လို့ ဆိုနိုင်ပါအုံးမလား(မှန်ပါ မဆိုနိုင်သေးပါ ဘုရား)

ဒါ့ကြောင့် အရိယာပုဂ္ဂိုလ်များ ချန်လှပ်ထား၍ ဘုံ သုံး ပါးမှာ ငါကလေးနဲ့ စခန်းသွားနေရသေးသမျှကာလပတ်လုံး လောက အနေအားဖြင့် ဘယ်လို အထွန့်အမြတ် တင်ထား

၍ အသက်တမ်းကြီး ဘယ့်လောက် ရှည်ကြာ နေရပြား သော်လဲ မင်္ဂအချေ ဖိုလ်အချေ အသားမပါဘဲ အမျှား ဓမ္မ တာ နေရုံးမို့ ယုတ်မာမျိုးစာရင်း တင်သွင်းရသကိုး (မှန် ပါ ယုတ်မာမျိုးစာရင်း တင်သွင်းရပါလိမ့် ဘုရား)

ယခုလောကမှာ သူသူငါငါ ပုထုဇဉ်တွေဟာ ပကတိ မျက်စိနှင့် မြင်ရတဲ့မီးကိုသာ မီးမှန်းသိကြတယ် ဒိဋ္ဌိတည်း ဟူသော ငရဲမီးကိုတော့ မီးမှန်းမသိကြဘူး၊ ဒိမီးကတော့သိ နိုင်ခဲ မြင်နိုင်ခဲတဲ့မီးထင်ပါတကာသျှရ (မှန်ပါ လူတိုင်းမြင် နိုင်တဲ့ မီးမျိုးမဟုတ်ပါ ဘုရား)

အင်း အင်း ကြည့်စမ်းပါလား ဒိ ဒိဋ္ဌိ မီးလောင်မြိုက် လောင်မြိုက်ချလိုက်လို့ လူတွေ့နတ်တွေ့ ဗြဟ္မာတွေဟာ အကောင်လိုက် အကောင်လိုက် ဌါမ်းပြန် ဌါမ်းပြန် ကျလာ လိုတ်ကြဒါ ဘယ်နေရာ ဘယ်ဌာနမှ အတည်ကျကြတယ် မရှိဘူးနော် ဒါ့ကြောင့် လူတေလေ့ နတ်တေလေ့ ဗြဟ္မာ တေလေလို့ ဆိုလိုက်သကိုး (မှန်ပါ ဆိုလဲ ဆိုထိုက်ပါ ဘုရား)

တေလေဆိုဒါ လောကမှာ ဟိုမြို့ ဒီမြို့ ဟိုရွာ၊ ဒီရွာ ဟို အရပ်၊ ဒီအရပ် ဟိုအိမ်၊ဒီအိမ် ဂနာမငြိမ် အရှိန်မသတ် အ မှတ် မထားဘဲ သွားခြင်ရာသွား စားခြင်ရာစား အိပ်ခြင် ရာအိပ် နေခြင်ရာနေ လေခြင်ရာလေ လွင့်ခြင်ရာလွင့် ဖြစ် နေတဲ့သူကို တေလေရယ်လို့ ခေါ်ကြတယ် မဟုတ်လား

(မှန်ပါရောက်ခြင်ရာ ရောက်နေတဲ့သူကို တေလေလို့ ခေါ်ကြပါ ဘုရား)

ဒါဖြင့် ဒိဋ္ဌိမပြုတ်သေးတဲ့ ပုထုဇဉ် အယုတ်ဘောင်တွေဟာပဋိသန္ဓေအမျိုးမျိုး ဘဝအမျိုးမျိုးဖြစ်နေရတော့ သူတို့အတည်ကျတယ် ဆိုနိုင်ပါ့ဒ်ုးမလား မဆိုနိုင်သေးဘူးပေါ့ ဒီထဲမှာ ပုထုဇ္ဇန် ဗြာဟ္မာကြီးတွေကိုတော့ တေလေမကဘူး တေသံလို့တောင် ဆိုထိုက်ရဲ့ ဘာ့ကြောင့်လဲဆိုတော့ သူတို့ဟာ အထက်ဘုံ အထက်ဘုံ ရောက်ရောက်ပြီးမှ အောက်အောက်ဘုံသို့ ပြန်ပြန်လန်လန် ကျကျ လာကြလို့ တေလံကြီးတွေ မဟုတ်လား တကာလှုရ (မှန်ပါ တေလံကြီးတွေ အစစ်ပါ ဘုရား)

ပါဘ္ဘိုလူတွေ နတ်တွေကတော့ တေလေ အငယ်စားမျိုးပါ သေးတယ်၊ ပုထုဇဉ် ဗြာဟ္မာကြီးများမှာမူ ဗွတ်ကြီးတော့ မိချောင်း၊ မြွေကြီးတော့ နဂါး၊ တန္ဆောကြီးတော့ သားရဲ ခေါ်ရသလို တေလေ အကြီးစားမို့ သူ့ဘို့ကိုတော့ တေလံကြီးတွေလို့ ငါဆိုလိုက်သော ဒီအဓိပ္ပါယ်လောက်ကို ဝိဘင်းပါဋ္ဌိတော်ကြီးနှင့်လည်း မချောက်ပရစေနဲ့တော့ လက်သန်း အဋ္ဌကထာကလေးထောက်ရုံဘဲ သိလောက်ပါပြီဟ တကာလှုရ (မှန်ပါ သိလောက်ပါပြီ ဘုရား)

**ဥပမာဆိုသော်** ..... ဘာမှ မပြောပလောက်တဲ့ နှံပြည့်ရုတ်ကလေးကို ပြေသိမ်းအမြောက်ကြီးနှင့် ပြစ်ခတ် နေမည်ဆိုရင် လူရယ်စရာမှုဘဲ၊ နှံပြည့်ရုတ်ကလေးဆိုဒါ ကျောက်စံရစ်ခဲကလေးနှင့် ကောက်ပေါက်လိုက်ရင် သေလောက်ပါ

တယ်၊ ပြေသိမ်းအမြောက်ကြီး မလိုပါဘူးနော် (မှန်ပါ မလို ပါဘူး ဘုရား)

လူဖြစ်သော်လဲ လူဂျပိုးတွေ၊ နတ်ဖြစ်သော်လဲ နတ်ဂျပိုး တွေ၊ ဗြဟ္မာ ဖြစ်သော်လဲ ဗြဟ္မာ ဂျပိုးတွေ သေမင်း ပွတ်တော့ ဖွတ်ဖွတ်ကျေဆိုတဲ့ အဓိပ္ပါယ်တရပ်ကို သေသေ ချာချာ မှတ်ကြစမ်း **ဥမ္မာဒဆိုသော် .... စရိုက်ဂျပိုး တွေတဲ့ အခါမှ ထိုးရ** ဆိုဒါလို သုံးဆဲ့တဘုံခေါ်တဲ့ သာလာယံ စရပ်ကြီးမှာ တမျိုးပြီးတမျိုး တိုးတိုးပြီး ဂျပိုးထိုးနေလိုက် ကြဒါ အမျိုးမျိုးပါလား တကာလှရ (မှန်ပါ အမျိုးမျိုး ဂျ ပိုးထိုးနေကြပါ ဘုရား)

လူ့ပြည်မှာ လူဘို့အလျောက် အာရုံ ငါးပါး ကာမဂုဏ် တရားတွေနှင့် ပျော်ပါးနှစ်သိမ့် တင်မွဲ့စိမ့်နှင့် ဟုတ်လိမ့် နိုးနိုး အမျိုးမျိုး အထွေထွေ ဂျပိုးထိုး နေလိုက်ကြဒန်းကွယ် တော်တော်ကြာတော့ သေမင်းက ဇာချဆိုတဲ့ လက်ညှိုး၊ မရဏဆိုတဲ့ လက်မကလေးနဲ့ နှစ်ဖက်ညှပ်ပြီး ပွတ်ချေချ လိုက်ကြထာ ဖွတ်ဖွတ်ကျေကျသွားဒေါမဟုတ်လား တကာ လှရ (မှန်ပါ ဖွတ်ဖွတ်ကျေကျသွားတော့ဒါပါဘဲ ဘုရား)

တခါ လူ့ပြည်မှာ ဂျပိုးထိုးရဒါကို အားမရလို့ နတ်ပြည် သို့ တက်ပြီး ထိုးကြပြန်တယ်၊ နတ်ပြည်မှာရှိတဲ့ အာရုံ ငါး ပါး ကာမဂုဏ်တရားများကို လူ့ပြည်မှာရှိတဲ့ ကာမဂုဏ် တရားနှင့် နှိုင်းချင့် လိုက်သော်ကား ..... သမန်းမြက်ဖျားခွဲ တည်သော နှင်းပေါက်ရည်နှင့် လေးလီ သမုဒ္ဒရာ ရေဇ

လာနှင့် ပမာပုံခင်း စာနာခြင်း၌ အလွန်ကြာသကဲ့သို့ နတ်ခြောက်ရွာစလုံး တပြုံးပြုံး တအုံးအုံး တရုံးရုံး တလွင့်လွင့်နှင့်ခံစားရသော စည်းစိမ်တွေ မြင့်သည်ထက်မြင့်လျက် အဆင့်ဆင့်ကွာခြားပုံကို အကုန်သိကြပြီးပေါ့လေ။

**အမှိုက်ပုံကြီးသလောက် မီးဘောက်မြင့်** ဆိုဒါလို မိမိမိမိတို့ ကာမာဝစရ ကုသိုလ်ဘိုကလေး မြှောက်ထားသမျှ မင်းဘို့ ခေတ္တလောက် နေလိုက်ကြအုံး ဦးတေလေကြီးတို့ တော်တော်ကြာတော့ သေမင်းက ဇရာဆိုတဲ့ လက်ညှိုး၊ မရဏာ ဆိုတဲ့ လက်မကလေးနဲ့ နှစ်ဖက်ညှပ်ပြီး ပွတ်ချေ ချလိုက်ထာ တခါထဲ ဖွတ်ဖွတ်ကျေ ကျသွားပြန်ရော မဟုတ်လား တကာလှရ (မှန်ပါ သူတို့လဲဖွတ်ဖွတ်ကျေကောင်တွေပါဘုရား)

တခါနတ်ပြည်မှာ ဂျပိုးထိုးရဒါကို အားမရ တင်းမတိမ်နိုင်ပြန်လို့ ဗြာဟ္မာပြည်မှာ တက်ပြီး ဂျပိုးထိုးကြပြန်တယ် မဟာဂ္ဂုတ်ကံ ဈာန်မိဘ်ရဲ့ အရှိန်ကလေးကြောင့် တထိန်ထိန် တဝင်းဝင်း တလင်းလင်း တဖိတ်ဖိတ်ပေါ့လေ၊ အင်း ..... မင်းတို့ မင်းတို့ မဟာဂ္ဂုတ်ကံကလေး အရှိန်မသေခင် အခွင့်အလျောက် သင့်သလောက် ပင့်မြှောက်ထားသမျှ ခေတ္တလောက် နေလိုက်ကြအုံး၊ ဦးတေလေကြီးတို့ တော်တော်ကြာတော့ သေမင်းက ဇရာဆိုတဲ့ လက်ညှိုး၊ မရဏာဆိုတဲ့လက်မကလေးနဲ့ နှစ်ဖက်ညှပ်ပြီး ပွတ်ချေချလိုက်ထာ တခါထဲ သူတို့လဲဖွတ်ဖွတ်ကျေ ကျဘုန်ဒါဘဲ မဟုတ်လားဟာ တကာလှရ (မှန်ပါ သူတို့လဲ ဖွတ်ဖွတ်ကျေမျိုးတွေပါ ဘုရား)

ဒါဖြင့် ဒီလို ဖွတ်ဖွတ်ဆေ ကျဘေားကြီးမှ တဖြေးဖြေးကျွတ်လွတ်ရန် အရေးကြီးတယ်ဆိုဒါ သိလောက်ပြီ မဟုတ်လား (မှန်ပါ သိလောက်ပါပြီ ဘုရား)

ကဲ–သိလောက်ရင် ထိရောက်စွာ ပထဝီဓာတ် တခုကို သိမှုဉာဏ်အလင်းနှင့် သန့်ရှင်းလိုက်ကြစို့။

ဒို့ဖွဲ့ထားတဲ့ ငါတခုကို မာမှုနှင့် သတ်ရလိမ့်မယ် အဲဒီ မာမှုကြံယာ မာ့သဘာဝကလေးဟာ ဘယ်လိုနေပါသလဲ ဆိုတော့ ကာယဝိညာဏ်ဖြင့်သာ တွေ့ထိစမ်းသတ်၍ ရစကောင်းရုံ မထုံမလျှင်သော သူ့ကကွဲဒွသဘောကိုသာ သူဆောင်နေတယ်၊ သူ့ကကွဲဒွသဘောကို သူဆောင်နေတယ်ဆိုဒါ ထင်ရှားအောင်ပြောရလျှင် တကိုယ်လုံး တကောင်လုံးမှာ ကိုင်စမ်း ကြည့်လိုက်သော အခါ ဘယ် နေရာမှ မလွတ် အပြည့်တင်းကြမ်းရှိတယ်၊ သို့ပင်ရှိသော်လဲ ထိုပထဝီဓာတ် မာဆတ်ဆတ်ကလေးကို သူတခုထဲ ခွဲယူပြီး အသီးအခြား အလားသဏ္ဌာန်နှင့်တကွ ကိုင်ပြစမ်းပါဆိုလို့ မရဘူး၊ ကိုင်ပြ၍ရသော ဝတ္ထုကား ဃနမျှသာ ဖြစ်သည်။ အထည်ဒြပ်နှင့် ဖြစ်နေ၍ စင်စစ် ဓာတ်စစ် ဓာတ်နှစ် မဟုတ်သေး၊ ဓာတ်စစ် ဓာတ်နှစ်ကား ဉာဏ်မျက်စိနှင့်သာ မြင်ရ သိရ တွေ့ရလေသည်။ ဒါ့ကြောင့် ကိုင်စမ်းကြည့်သော အခါ တကိုယ်လုံးအပြည့် တင်းကြမ်းပင် ရှိသော်လဲ အခဲသဏ္ဌာန်မျိုး မဟုတ်ဘူး တကာလှရ (မှန်ပါ အခဲသဏ္ဌာန်မျိုး မဟုတ်ပါ ဘုရား)

ပရမတ်မှန်က အခဲသဏ္ဍာန်မျိုးနှင့် တကွ ဘယ်နည်းမှ မရစကောင်းဘူး၊ မိမိခန္ဓာမှ ကြိယာ, မာခြင်းကြိယာ,ကက္ခဠ အဖြစ်ကလေး လွှတ်လွှဲပြီး ဘယ်တော့ အခဲ အချောင်း သဘော လွှဲပြောင်းနိုင်လိမ့်မလဲ ဒါဖြင့် အခဲ အချောင်းရယ်လို့ လွှဲပြောင်းပြီး ထင်မှုဟာ နာမ်တခုဘဲ သညာ ကျနေတော့ ဒါပေါ့ (မှန်ပါ နာမ်ကထင်ခါမျှပါ ဘုရား)

ဥပမာဆိုကြစို့ ယခုလောကမှာ ပန်းချီဆရာတယောက်ဟာ ကားပြင်ကြီး တခုမှာ ရေးထားလိုက်ထာ တောပုံ တောင်ပုံကြီး ဟီးလို့ဆိုပါတော့ ဘေးကပတ်သား လိုက်တဲ့ သစ်ပင် ဝါးပင်ကြီးတွေကလဲ အထပ်ထပ် ညှပ်လို့ပေါ့လေ၊ တောင်ကြီးကလဲ တောင်စွယ်, တောင်စောင်း,တောင်လက်မောင်းအရစ်ရစ်, တောင်ထွဋ် အမျိုးမျိုး, တောင်ခိုး အဖုံဖုံ,တောင်မှုံအစားစား, ကျောက်သား, ကျောက်လုံး, ကျောက်တုံး, ကျောက်တက်,ကျောက်ခက်အဆင့်ဆင့် မြင့်ခြင်တိုင်း မြင့်သလိုလို တလွင့်လွင့် နေအောင် ရေးထားသကိုး။

ကဲ ကြည့်လိုက်စမ်း မျက်မြင် အလိုတော့ အခဲအလုံး အတုံး အတစ် အဆစ်အဖု အခုအခံတွေနဲ့ ဖုတိုးဖုသစ် ဖြစ်မနေဘူးလား (မှန်ပါ အဆစ်အဖု အခုအခံတွေနဲ့ ထင်ရပါဘုရား)

ဒီကားဘောင်မှာရှိတဲ့ တောင်ကြီးကို သွားပြီးလက်နှင့် ကိုင်ကြည့်လိုက်တော့ အဆစ်အဖု အခုအခံတွေ လက်ထဲမှာ ဆစ်ဖု ခုခံနေသေးသလား (မနေပါ ဘုရား)

ဘယ်နေရာကမှ အဘုံးအတစ်၊ အဆစ်အဖု အခုအခံ တွေကို မတွေ့ရတော့ဘဲ တချောထဲ တရောထဲ တပြေးထဲ တသားထဲ မဟုတ်လား (မှန်ပါ တသားထဲပါ ဘုရား)

အေး-ဒါဒီ ဥပမာလိုဘဲ ခေါင်းပုံ ခေါင်းဟာန် ခေါင်း သဏ္ဍာန် လက်ပုံ လက်ဟာန် လက်သဏ္ဍာန် ခြေပုံ ခြေဟာန် ခြေသဏ္ဍာန် အမျိုးမျိုးသော ပုံဟာန် သဏ္ဍာန်တွေဟာ စိတ် က ထင်ဒါ မာမှုဆတ်ဆတ် ပရမတ် သဘောကလေးတွေ ကတော့ ပုံ၊ဟာန်၊ သဏ္ဌာန်နှင့် မရကောင်း မရှိကောင်း၊ ထို မာမှုဆတ်ဆတ် ပရမတ် အမှုအရာ ကြံယာမှု သဘာဝ ကလေးတွေကို ဉာဏ်လက်နှင့် ကိုင်စမ်းလိုက်သောအခါ ဘယ်နေရာကမှ အခဲ အသုံး၊ အဘုံး အတစ်၊ အဆစ် အဖု၊ အခုအခံနှင့် ခုခံမနေဘဲ တချောထဲ တရောထဲ တသဘော ထဲ မဟုတ်လား တကာလှရ (မှန်ပါ တသဘောထဲပါ ဘုရား)

ဒါဒီလို ပထဝီဓာတ်တလုံးနှင့် အဆုံးတိုင် မွေနှောက် ကြည့်လိုက်တော့ ရုပ်ပေါ်မှာ ထင်နေတဲ့ပုံကလေးဟာ ပျောက် ပျက် မသွားဘူးလား (မှန်ပါ ပုံပျက်လို့ သဘာဝသက် သက် ကျန်ပါတော့ ဘုရား)

အေး-အနတ္တအချက်ရောက်အောင် တယ် ပုံပျက်ခဲတယ် နော်၊ တကာလှတို့ ငါ့ဘို့တွေမှာ ဒီပုံကလေး နှိပ်စက်နေ ဒါဘဲ မဟုတ်လား (မှန်ပါ အလွန်နှိပ်စက်တဲ့ ပုံကလေးပါ

အများနဲ့ မတူဒါ ဘယ်သူ့ အသူလဲဟော့ (ဘုရားအသူပါ ဘုရား)

ဘုရားအသူတော်ကို မကြိုက်တော့ကော (မကြိုက်လဲ ပူစရာမရှိပါ ဘုရား)

ကြိုက်တော့ကော (ကြိုက်ရင်လဲ ယူလိုက်ဖို့ပါဘဲ ဘုရား)

ယူပြီးတော့ကော (ယူပြီးတော့လဲ ဉာဏ်မှီအောင်လိုက် ခဲ့ရပါလိမ့် ဘုရား)

ကဲ-ဒါဖြင့် နှားထောင် နှားထောင် "**အများနဲ့ မတူ ဘုရားရဲ့ အသူ မကြိုက်ရင်လဲ မပူ ကြိုက်ရင်လဲယူ ကြိုက်ရင်လိုက်ခဲ့ ထိုက်တဲ့ ကြောင်ပန်းလူ**" ဒီ အတိုင်းဘဲ မဟုတ်လား (မှန်ပါ ဒီအတိုင်းပါ ဘုရား)

ယခု ဟောပြောခဲ့သည့်အတိုင်း ပထဝီဓာတ် တလုံးကို ညာတပရိညာ စခန်းကြီးနှင့် အဆုံးတိုင် ပိုင်းလိုက် နိုင်ရင် လူဖြစ်ကျိုး, နတ်ဖြစ်ကျိုး, ဗြဟ္မာဖြစ်ကျိုး နပ်ရော မဟုတ်လား (မှန်ပါ အကျိုးနပ်လို့ အဘိုးမပြတ်နိုင်အောင် မြတ်တော့ဒါပါဘဲ ဘုရား)

ဒီလိုသိ ဒီလိုမြင် ဒီလို ဆင်ခြင် ဒီလိုပွါးနိုင်ပလား ဆိုမှ ဖြင့် အဖြင်းဆုံး အညံ့ဆုံး ကလျာဏ ပုထုဇဉ် ရှုဋ္ဌ သောတာပန် စခန်း ဆိုက်ရောက်ပြီ ဆိုဒါ ပါဠိတော်လာ အဋ္ဌကထာနှင့် ကျမ်းစာ အမျိုးမျိုးဘို့မှာ ဖခါခါ ဆိုထားဒါ အထင်အရှား ရှိသားကလား သိတ်အားတက်စရာ ကောင်း ဒါဘဲနော် (မှန်ပါ အလွန်အားတက်စရာ ကောင်းပါဘုရား)

ဒီလိုသိတော့ သုဂတိဘဝသို့ ဖြစ်ရတဲ့အကျိုးလဲနှပ် အမြတ်လဲပေါ် အနေလဲကောင်း အသေလဲကောင်း နိဗ္ဗာန် ရောက်ကြောင်း အချေကောင်း ကြီးမှ အပါယ် ရောက် ကြောင်းဆိုတဲ့ အန္တအချေသို့လဲ ဘယ်တော့မှ မပြောင်း မ ရွေ့တော့ဘဲ ဘယ်ဘုံ ဘယ်ဘဝ ဘယ်ဌာနသို့ ရောက် ရောက် ထိုသူမှာ သာသနာလဲ မဆိပ် တရားလဲမဆိပ် အခ ထွန့်အထိပ်သို့ ရောက်သည့်တိုင်အောင် ပညာရောင် ပွင့် သည့်ထက်ပွင့် လင်းသည့်ထက် လင်းပြီး ဆီးနှင်း မြူဘိမ် သူရိ မိုးခိုး ညစ်မျိုး ငါးအင် ကင်းစင်ကွာရှင်း လမင်းကြီး သဘွယ် တင့်တယ် စမ့်ပါယ်ရတော့ဒါဘဲ မဟုတ်လား တ ကာလှူရ (မှန်ပါ အစင်တစိုက် ချမ်းသာတိုက်ကြီး အပြီး တိုင် ရောက်နိုင်ကြောင်းပါ ဘုရား)

အေး....ဒါကြောင့် ပုံကလေးတွေပေါ်မှာ ထွဲနေတဲ့ ဒိဋ္ဌိ အနာ ရောဂါဆိုးကြီးကို ယခုဘဝ အရှင်ဂေါတမ၏ ဩသ ထခေါ် ပထဝိဓာတ်ဆေးတော်ကြီးနှင့် အပြီးတိုင်သတ် အ မြစ်ပြတ်၍ နောက်ထပ်တခါမနိုးမထက်လာအောင် တခွက် ပြီး တခွက် နေ့ဆက် ရက်ဆက် ဆေးခွက်နှင့် မကင်းစေ ဘဲ မပျောက်မခြင်း အတင်းသောက်ကြဘို့ လိုတော့တယ် နော်- (မှန်ပါ အမြဲသောက်မှ ပျောက်မှာပါ ဘုရား)

တကာလှုရေ (ဘုရား) နူးညံ့မှု, ခက်မာမှု, ပထဝိဓာတ် အနုကလေးက သူ့သဘာဝ ပုံမရဒါအမှန် မနောဝိညာဏ် က ပုံဟာန်လို ကြံတွေးတော့ ရေကြောင့် ဖြစ်သော ရွှံ့ ညွှန်ကို ရေနှင့်ပင် စင်အောင် ဆေးရသကဲ့သို့ စိတ်ကလေး

ပေါ်မှာတဲ ပြန်လှဲ့ထင်လိုက်လို့ ပထဝီဓာတ်ပုံပျက်ကို မြင်လျှင် ကြွင်းကျန်သော အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ ဆိုတဲ့ ဓာတ်လေးပါးစလုံး သည့်အတိုင်း မြင်တော့ဒါပါတဲ၊ ၎င်းဒါကြောင့် ဓာတ်ကြီးလေးပါး၏ သချပ်အချုပ်မှတ်ရအောင် အနှုတ္တအချက် ပုံပျက်ဆောင်ပုဒ် ကလေးတွေ ချပေးခုံးမယ်၊ ကဲ ကဲ အားလုံးအကုန် ပု၊ ပု၊ ခရ မကျန် လိုက်ကြစမ်း လိုက်ကြစမ်း။

## ပုံပျက် ဆောင်ပုဒ်များ

၁။ ပထဝီဓာတ်သား၊ ပရမတ်တရားအပေါ်မှာ၊
အခဲအတိုး၊ ထင်လုံး စာနုပါ။
ပုံမပျက်လို့၊ ရုံခက်တွယ်တာ။
သြ–ပုံပျက်တော့၊ မရုံခက် မတွယ်တာ။

၂။ အာပေါဓာတ်သား၊ ပရမတ်တရားအပေါ်မှာ။
အခဲအတိုး၊ ထင်လုံး စာနုပါ။
ပုံမပျက်လို့၊ ရုံမက်တွယ်တာ။
သြ–ပုံပျက်တော့၊ မရုံခက် မတွယ်တာ။

၃။ တေဇောဓာတ်သား၊ ပရမတ်တရားအပေါ်မှာ၊
အခဲ အတိုး၊ ထင်လုံးစာနုပါ။
ပုံမပျက်လို့၊ ရုံမက်တွယ်တာ။
သြ–ပုံပျက်တော့ မရုံမက် မတွယ်တာ။

၄။ ဝါယောဓာတ်သား၊ ပရမတ်တရားပေါ်မှာ၊
အခဲ အတုံး၊ ထင်လုံးဆာနပါ၊
ပုဂ္ဂိုလ်မျက်လှို၊ ရုံမက်တွယ်တာ။
ဩ-ပုံပျက်တော့၊ မရုံမက် မတွယ်တာ။

## တရား အဆုံးသတ်ရန်

ရှုတိ၊ ဤသို့။ ဗုဒ္ဓေန၊ သုံးလူ့ထိပ်တင် ဘုရားရှင်သည်၊ သု ဒေသိတံ၊ မဂ်ဆိုက် ဖိုလ်ဝင် ကောင်းမွန်စွာ ဟောကြားတော်မူအပ်သော။ ဥဒယဗ္ဗယံ၊ ဖြစ်,ပျက်သမျှ ပုဂ္ဂိုလ်မရအပ်သော ပထဝီသုညတဓာတ်ကြီးကို။ သန္တာ၊ ဓမ္မမာမက အပေါင်း သူတော်ကောင်း တို့သည်။ ဝိပဿန္တု၊ အထူး သဖြင့် ရှုကျင့်ပွါးများနိုင်ကြပါစေ ကုန်သတည်း။

**သာဓု—သာဓု—သာဓု**

**အကျယ်ကို အလိုရှိသလောက် ချဲ့၍**
**ဟောပြောကြပါကုန်**

# ပြီး ပြီ

# ၅ - အနန္တ လက်နက်ကြီး
# တရားခွန်း

—— ○ ——

တတ္ထ ဣဓစ ဒေဝါနံ၊ နာနာကုလာန မာဟာရာ။
န ဘာယိတာ မဟာဝုဓာ၊ အနိဋ္ဌာဝုဓံ ဝ ဘာယိတံ။

တတ္ထ တသ္မိံ လောကေ၊ နတ်တို့နေရာ နတ်ရွာဌာန နတ်လောကကြီး၌။ ဒေဝါနံ၊ သိကြားဝသဝတ္တီ ဘုန်းလွန်ယမအာဠာဝကဟု နာမထင်ရှား နတ်မင်းကြီးလေးပါး တို့၏။ အာဟာရာ၊ အကြောင်းမညီ များဝေခိုက် ဖြစ်မည်ခတ်မည် ဖြစ်ခတ်မည်ဟု ကိုယ်စီကိုယ်ငှ စွဲကိုင်ဆောင်ယူ၍ ထားကြကုန်သော။ မဟာဝုဓာစ။ ဝရဇိန်ချွန်းတောင်း မျက်စောင်းဘွဲ့ဖြူ လေးသူသော လက်နက်ကြီးတို့ကိုလည်း။ နဘာယိတာ၊ ပြောပလောက်စွာ ကြောက်စရာကောင်းသော လက်နက်မျိုးလဲ မဟုတ်ကြပါကုန်။ ဣဓ-ဣမသ္မိံ လောကေ၊ လူတို့နေရာ လူ့ရွာဌာန လူ့လောကခေါ် ဤကမ္ဘာပေါ်၌။ ပါကဋာနံ၊ အကြား အမြင်အားဖြင့် အလွန်ထင်ရှား ကျော်စောလျက် ရှိကြကုန်သော၊ နာနာကုလာနံ၊ အင်္ဂလိပ် ဂျာမဏီ အီတလီ ဂျပန် အမေရိကန်နှင့် နိုင်ငံများပြား လူမျိုးခြားတို့၏။ အာဟာရာ၊ တတကယ့် စစ်ပွဲ တကယ်နွှဲမည်ဟုကိုင်စွဲဆောင်ယူ၍ လာကြကုန်သော။ မဟာဝုဓာစ၊ ရေတပ်,ကုန်းတပ်, ကောင်းကင်တပ်နှင့် မောင်းဆင်ခါ ဖြစ်ခတ်ကြကုန်သော သေနတ် ယမ်းကျောက် အမြောက်စက်ပုံး, လက်

သုံးကြဲချ အနိုင်ရအောင် ကမ္ဘာ့ထိပ်သီး တိုဒိတိုအစရှိသော ရေမြှုပ်လက်နက်ကြီး တို့ကိုလည်း။ နဲ ဘာသယိတာ၊ ပြောပလောက်စွာ ကြောက်စရာကောင်းသော လက်နက်မျိုးလဲ မဟုတ်ကြပါဘူန်း။ အနိစ္စာဂုဓံဝ၊ ဘဝဘဝ၊ ကမ္ဘာ့ ကမ္ဘာ သံသရာတကြောမှာ နေ့ရော ညရော ဒလဟောမပြတ် အတင်းသတ်၍ မရပ်သေဟန် မြှုမကျန် ပြာ, မကြွင်းအောင် ဘောက်ပြန် ယိုယွင်း ကိုယ်အတွင်း၌ ဖြိုခွင်း ဖျက်ဆီး၍ နေသော အနိစ္စ လက်နက်ကြီးတခုကို သာလျှင်။ ဘာယိတံ၊ မျက်စိမဖွင့် နှားမစွင့်ဝန့်အောင် အလွန့်အလွန်ပင်ကြောက်စရာကောင်းသော လက်နက်ကြီးပါပေတည်း။ ဘာယိတံ၊ လူ့လက်နက်, နတ်လက်နက်, မီး ရေ,လေ,ဆိုတဲ့ ကမ္ဘာ့ လက်နက်တို့နှင့်လည်း နှိုင်းစက်ချိန်မှတ် မယှဉ်အပ်လို့မို့ အဓိပတိတပ်ထိုက်သော လက်နက်ကြီးပါပေတည်း။ ဘာယိတံ၊ ကမ္ဘာ့ အထပ်ထပ် သတ္တဝါအရပ်ရပ်တွေကို၊ တငါငါ အာသာ မပြတ်နိုင်သောကြောင့် မညှာမတာ အခါခါ သတ်လို့မို့ မဟာ တတ်ထိုက်သော လက်နက်ကြီးပါ ပေတည်း။ ဘာယိတံ၊ တိတ်,နာဂတံ ပစ္စုပ္ပန်ဟု သုံးတန်ကာလ သုံးဌာနတို့၌ ရပ်,နာခ်မှန်သမျှ ဖြုတ်နှံ၍ချလို့မို့ မလှုပ်သာ ငုတ်တုတ်သာ ခံကြရပါတော့ ဘယ်နေရာ မကျန်ရအောင်ပ နယ်ခြေပါ ဆလုံသ,လောက်ပါရဲ့ ဖော......ဟောဒါမှ **အနိစ္စ လက်နက်ကြီး** ဖြစ်တော်မူပါပေ သတည်း။

တကာ ဘ,ရေ (ဘုရား) ယနေ့ညတော့ နတ်ပြည်မှာရှိသော လက်နက်ကြီး သေးပါး၊ ငါတို့ လူ့ပြည်မှာ ရှိသော

လက်နက် အမျိုးမျိုး အစားစားတွေနှင့် အနိစ္စလက်နက်ကြီး နှင့် ဘယ်လက်နက်ကပိုပြီး သတ္တိထက်မျက်သလဲဆိုဒါ တကယ့်အချက် တကယ့် အကွက်မို့ သွက်သွက်ကြီး ဟောရ လိမ့် ထင်ပါလား (မှန်ပါ ဟောရပါလိမ့် ဘုရား)

သိကြားမင်းမှာ ဝဇီရ ချိန်လက်နက်ကြီး, ဝေဿဝဏ် နတ်မင်းကြီးမှာ ချွန်းတောင်းလက်နက်ကြီး, ယမမင်းကြီးမှာ မျက်လုံးလက်နက်ကြီး, အာဠဝက ဘီလူးကြီးမှာ ဘွဲ့ပြု ပုဆိုး လက်နက်ကြီး, ဒါသို အသီးအသီး လက်နက်ကြီး လေးပါးဟာ နတ်ပြည်မှာ အထင်အရှား ရှိကြတယ် ဆိုဒါ သံယုတ် အဋ္ဌကထာကြီး စသော ကျမ်းဂန်များလာတဲ့ အ တိုင်း သေသေချာချာ မှတ်ရမယ်နော်- (မှန်ပါ မှတ်သား ထားရပါလိမ့်ဘုရား)

လက်နက်ကြီး လေးပါးအကြောင်းကို တိုတိုပြောကြစို့။

နတ်တို့ သေဋ္ဌနိုင်း သိကြားမင်းကြီးဟာ မာန်မူတင်း လျက် အမျက်ထွက်၍ ဒီ ဝဇီရချိန်လက်နက် မိုးကြိုးစက် ကြီးကို အကယ်၍ မြင့်မိုရ်တောင်ထိပ်၌ ပြစ်ချလိုက်ငြားအံ့ ဇင်းမြင့်မိုရ်တောင်ကြီးသည် ဖုရိုဖရဲ ပြိုကွဲလျက် မှုန့်မှုန့် ညက်ညက် ကြေမွပြီး အဘုန်မြေကြီး၌ ကျရောက် လာ သတဲ့။

ဝေဿဝဏ်နတ်မင်းကြီးလဲ မာန်မူတင်းလျက် အမျက် ထွက်၍ ဒီချွန်းတောင်းလက်နက်ကြီးကို အကယ်၍ စေလွှတ် ပြစ်ခတ်ငြားအံ့ ယက္ခိုက်ပေါင်း တထောင်တို့၏ ဦးခေါင်း

သည့် ထောင်းထောင်းပြတ်ကြွေ အကုန်သေ၍ မိမိနေရာသို့ ပြန်လာရာသတဲ့၊

ယမမင်းကြီးလဲ မာန်မူတင်းလျက် အမျက်ထွက်၍ ဒိ မျက်လုံးလက်နက်ကြီးနှင့် တချက်ထည်းလှည့် စောင်းငဲ့၍ ကြည့်လိုက်ပြန်လျှင် ဂုမ္ဘာန်တထောင် နတ်မျိုးကောင် တ သင်း တို့သည် အိုးကင်းပုထောင်းထောင်း၌ ထည့်လှောင်း ၍ လှော်အပ်သော တဖြတ်ဖြတ် တဆွေ့ဆွေ့ နှမ်းစေ့တို့ ပမာ တဖျစ်ဖျစ်သာမည့် တစိစိ တသဲသဲ နေအောင် ဖရိုဖရဲ နှင့် ပြိုကွဲ ပျက်ကြွေ၍ သေကြေပျက်စီးကြရကုန်သတဲ့။

အာဠဝကကြီးလဲ ဒေါသအမျက် ချောင်းချောင်းထွက် ၍ ဒိဗ္ဗဖြူလက်နက်ကြီးကို ကောင်းကင်၌ ဖြန့်ကျက်စေလွှတ် လိုက်မယ်ဆိုရင် တဆဲ့နှစ်နှစ်ကာလပတ်လုံး မိုးစက်သည် တလုံးတပေါက်မျှ မရွာချနိုင်တော့ဘူး မြေကြီးသို့ ချလိုက် ပြန်ရင်လဲ မြက်, သစ်ပင်, များဟာ အညွန့် အညှောက် မ ပေါက်နိုင်တော့ဘူး။ သမုဒ္ဒရာထဲ ချလိုက်ပြန်ရင်လဲ သမုဒ္ဒ ရာရေတွေဟာ မကြာခဏနှင့်ပင် ရေမမြင် ခန်းခြောက်၍ သွေ့သွေ့ခြောက် ဖြစ်သွားနိုင်တယ်၊ မြင့်မိုရ်တောင်၌ ချ လိုက်ပြန်သော် ထို မြင့်မိုရ်တောင်ကြီးလဲ ဖရိုဖရဲ ဆံကွဲကြဲ သလို တခဲတည်း အပိုင်းအပိုင်း ပြတ်ပြီး အထပ်အထပ်နေ အောင်ကျသွားရာသတဲ့။

အဲဒီ နတ်ပြည်မှာ ရှိတဲ့ နတ်လက်နက်ကြီး လေးပါးကို တော့ ဘယ့်လောက် ကြီးမား၍ ဘယ့်လောက် ကြောက်

စရာ ကောင်းခြားသော်လဲ ကိုယ်တွေ့မျက်မြင်မဟုတ်လို့ အသာထားလိုက်ပါအုံးတော့လေ။ ယခုလောကမှာရှိကြသော အင်္ဂလိပ်, ဂျာမဏီ, အီတလီ, ဂျပန်, အမေရိကန် အစရှိသော လူမျိုးခြားတွေ ကိုင်တွယ်၍ ထားလိုက်ကြဒါ သေနတ်က အစားစား, ယုံခါးက အသီးသီး, အမြောက်ကြီး အမြောက်ငယ် အသွယ်သွယ်, ဗုံးငယ် ဗုံးကြီး အသီးသီး အဖုံဖုံ လက်နက်မျိုးစုံလို့ ဝင်းတို့ကို မြင်ရသောအခါ အသံကို ကြားရသောအခါ သူရော ငါပါ ပြာပြာတလဲ အသဲရင်ခုံ ဘဝင်တုံ၍ ခိုလှုံစရာတွင်း အပြေးဆင်းပြီး အေးကျင်းထဲအောင်းလိုက်ကြရဒါ တကာဘတ္ထ ငါတို့ခေတ်မှာ လူစင်စစ်က ကြွက်ဖြစ်ရလေတော့သတည်း။ (မှန်ပါ လူစင်စစ်က ကြွက်ဖြစ်မှန်းမသိ ဖြစ်နေပါ ဘုရား)

ယခု ပြဆိုခဲ့ပြီးသော နတ်လက်နက် လေးပါး, လူ့လက်နက် အစားစားကိုတော့ ဗဟိဒ္ဓလက်နက် လောက လက်နက်မျိုးလို့မှတ်၊ ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့၏ တဖွါးဖွါး ပျက်နေတဲ့ အနိစ္စလက်နက်ကြီးကိုတော့ အဇ္ဈတ္တ လက်နက်, ဓမ္မလက်နက်မျိုးလို့ အဲဒါလို သိသာထင်ရှားအောင် နှစ်မျိုး နှစ်စား ခွဲပြီး အသဲစွဲမှတ်လိုက်နေ၁်— (မှန်ပါ နှစ်မျိုးခွဲ မှတ်ရပါလိမ့်ဘုရား)

လောကလက်နက်နှင့် ဓမ္မလက်နက် ဘယ်သူက သတ္တိထက်သလဲ နိုင်းစက်ကြည့်ကြစို့။

သမုတိအရ ဓတိ မရဘာနှင့်ဘဲ ကြည့်လိုက်စမ်းပါအုံး။ ဒီလောကလက်နက်တွေဟာ သူတို့ပြစ်ခတ် သတ်ဖြတ်လို့

သေရရင် ဒိဘဝ ဒိခန္ဓာကိုယ်ကိုသာ စွမ်းနိုင်တော့မပေါ့၊ နောင်ဘဝ နောင်ခန္ဓာကိုယ်ကို လိုက်ပြီး ပြစ်ခတ် သတ်ဖြတ် ခြင်း၌ စွမ်းနိုင်ပါအုံးမလား တကာဘ,ရ (မှန်ပါ၊ မစွမ်းနိုင် ပါ ဘုရား)

## လွှတ်လပ်ခွင့် မရတဲ့ အနိစ္စလက်နက်ကြီး

လူ့ဘဝမှာဖြစ်စေ, နတ်ဘဝမှာဖြစ်စေ, ဗြဟ္မာ့ဘဝမှာ ဖြစ်စေ, အမြတ်ဆုံးအားဖြင့် ဘုရားပစ္စေကဗုဒ္ဓါ သာဝက အပေါင်း သူတော်ကောင်း တို့ကို ဖြစ်စေ, အယုတ်ဆုံး ချ ပုန်း, ပလွက်, ခွေး, ဝက်, ကျွဲ, နွား, ငှဲသားတို့ကို ဖြစ်စေ, အ သေဆိုတဲ့ မရဏဒါဏ်ချက် အနိစ္စ လက်နက်ကြီးကတော့ ဘယ်နည်းနှင့် တွေးတွေး ချမ်းသာတို့အရေး လွှတ်လပ်ခွင့် များ ပေးခဲ့ဘူးရဲ့လားဟာ တကာဘ,ရ (မှန်ပါ လွှတ်လပ် ခွင့် မရတဲ့ အနိစ္စလက်နက်ကြီးပါ ဘုရား)

အမြတ်ဆုံးအားဖြင့် ဘုရား, အယုတ်ဆုံးအားဖြင့် အ ငယ်ဆေးဖြစ်တဲ့ တိ, တွတ်, ကျွတ်, ဆတ်, ဖွတ်ပဒတ် ကိုမှ လွှတ်လပ်ခွင့် မပေးဘူးဆိုတော့ လောက လက်နက်ထက် ဒိ အနိစ္စဝဇ္ဇ လက်နက်ကြီးက သတ္တိ အထက်မျက်ဆုံးပေါ့ (မှန်ပါ သတ္တိ အထက်မျက်ဆုံးပါ ဘုရား)

## ရပ်နားခွင့်မရတဲ့ လက်နက်ကြီး

သည်မျှမကသေးဘူး လောကလက်နက်တွေကတော့ အ မြဲမပြတ် မပြစ်ခယ်နိုင်ဘူး အချိန်ကာလ ရပ်နားခွင့် ရကြ

သေးတယ်၊ ညာဏ်မျက်စိတပ်ပြီး ပရမတ္ထ ခဏိကမရဏ ကြီးနှင့် ကြည့်လိုက်ပြန်တော့လဲ နာမ်သဘာဝ,ရုပ်သဘာဝ တွေက လှုပ်လှုပ်ရွရွ မွမွညက်ကြေ အမြဲသေနေလိုက်ကြ ဒါ တနေ့ တရက် တမနက် တနာရီ တဗိဇနာကာလ တခဏမျှ အချိန်ကာလ ရပ်နားခွင့်ရဲ့လား ( မှန်ပါ ရပ်နားခွင့် မရတဲ့ အနိစ္စလက်နက်ကြီးပါ ဘုရား )

## သချႋာမရတဲ့ အနိစ္စလက်နက်ကြီး

သည်မျှလဲ မကသေးဘူး လောက ရှိကြတဲ့ လက်နက် တို့တွင် နတ်လက်နက်ကြီးနဲ့ပစ်ခတ်၍သေကြရာမှာယက်ချိုက် ပေါင်း တသောင်း ဂုဏ္ဍာန်ပေါင်းကလဲ တထောင် လူတို့ လက်နက်နှင့် ပြစ်ခတ်၍ သေကြရာမှာ လူပေါင်း ဘယ်၍ ဘယ်မျှလို့ ရေတွက်၍ ပြနိုင်သေးတယ်၊ အနိစ္စအချက် ဓမ္မ လက်နက်ကြီးက ဖျက်ဆီး သတ်ဖြတ်ချလိုက်လို့ သေကြ ရတဲ့ ရုပ်မရဏ,နာမ်မရဏကိုတော့ မည်ရွေ့မည်မျှ ရှိပြီလို့ ရေတွက် ကောက်ပြ နိုင်ပါတော့မလား ( မှန်ပါ သချႋာမရ တဲ့ အနိစ္စလက်နက်ကြီးပါ ဘုရား)

## အထယ်ပျက် အနိစ္စလက်နက်ကြီး

သည်မျှလဲ မကသေးဘူး လောကလက်နက်တွေပြစ်ခတ် သတ်ဖြတ်၍ သေကြသော အသေကောင် အလောင်းကောင် များကိုတော့ အကောင် အထယ်နှင့်တကွ အရှည်အတို အဖို အမရယ်လို့ အရွယ်က ဘယ်မျှ အရပ်က ဘယ်လို အပျိုဘဲ အအိုဘဲ ပုံဟန်ကို ငဲ့ပြီး အထယ်ဖြပ် သညာအာန်နှင့် ခွဲပြ နိုင်

သေးတယ်၊ မြင် သိ ပျက်, ကြား သိ ပျက်, နံ သိ ပျက်, လျက် သိ ပျက်, တွေ့ သိ ပျက်, ကြံ သိ ပျက် ဆိုတဲ့ ရုပ်သဘောရ ရုပ်သဘောမှု နာမ်သဘောရ နာမ်သဘောမှု ကလေးတွေ ကိုတော့ သေးသေး မျှင်မျှင် အသွင်သဏ္ဌာန် ပုံဟာန်အထယ် တကယ်မရချ ကိုင်တွယ်၍ ပြနိုင်ပါ့မလား (မှန်ပါ အထယ် ပျက် အနိစ္စလက်နက်ကြီးပါ ဘုရား)

## ခြေရာပျောက် အနိစ္စလက်နက်ကြီး

သည့်မျှလဲ မကသေးဘူး ဘာမှ မပြောပလောက်တဲ့ လောကလက်နက်တွေ ပြစ်ခတ်၍ သေကြဒါ အရပ် လေး မျက်နှာ ရှစ်မျက်နှာ ဆယ်မျက်နှာတွင် ဘယ်နေရာ ဘယ် ဌာနလို့ အသေအချာ နေရာနှင့်တကွ ခြေရာချပြီး ပြောပြ နိုင်သေးတယ်။ အကြောင်းသင့်လို့ အခွင့်တော်ရာမှာ ဖြစ် ပေါ်၍လာပြီး တခါဘည်း ချုပ်ပျောက် ချုပ်ပျောက်သွား ကြတဲ့ သဘာဝ အသစ် အသစ် အနိစ္စ အစစ်ကလေးတွေ ကတော့ လှစ်ခနဲ လှစ်ခနဲ လျှပ်စစ်ခလေးတွေ ရှဲရှဲ သွား ကြသလိုမို့ တတို တစမှ ခြေရာခံလို့များ ရပါ့ခုံးမလား (မှန်ပါ ခြေရာပျောက် အနိစ္စလက်နက်ကြီးပါ ဘုရား)

အင်း= ဒါဖြင့် ငါ့နွားနပြာ ရေသောက်လာ ခြေရာ လဲပျောက် ရေလဲနောက် ဆိုဒါလို ဘောက်ပြန် ပျက်မှု ရုပ် ဓာတ်အရ ညွှတ်သိပျက်မှု နာမ်ဓာတ်အရ ဆိုတဲ့ ပရမတ် အရ ဓာတ် အနုကလေးတွေဟာ ဘယ်နေရာထဲက ထွက် ပေါ်လာ၍ ဘယ်နေရာထဲသို့ ဝင်အောင်း ပြောင်းသွား ပါ

တယ်လို့ အကောင်အထယ်နှင့်တကွ အသေအချာ နေရာ တကြ ခြေရာချပြီး မပြနိုင်သောကြောင့် ဒီ အနိစ္စ လက်နက် ကြီးတခုသာ သတ္တိအရှိဆုံးပေါ့ ( မှန်ပါ သူ့သတ္တိ အထက် မျက်ဆုံးပါဘုရား )

အေး အေး ယခုဟောပြခဲ့တဲ့အတိုင်း လွတ်လပ်ခွင့် မရတဲ့ ရုပ်,နာမ် အနိစ္စ လက်နက်ကြီး, ရပ်နားခွင့်မရတဲ့ ရုပ်, နာမ် အနိစ္စလက်နက်ကြီး, သချ်ာ မရတဲ့ ရုပ်,နာမ် အနိစ္စ လက်နက်ကြီး, အသယ်ပျက် ရုပ်,နာမ် အနိစ္စ လက်နက်ကြီး, ခြေရာပျောက် ရုပ်,နာမ် အနိစ္စ လက်နက်ကြီး, ဆဲဒါလို အခြင်းအရာ ငါးလီ အမည် ငါးပါးနှင့် ခွဲခြား၍ ကြည့်လိုက် တော့ မျက်စိကိုမဖွင့် နားကို မစွင့်ဝန့်အောင် လောက လက် နက်တို့ထက် ဆ,ထက် ရာထောင် မကအောင် အလွန့် အ လွန် ကြောက်စရာကောင်းသော အနိစ္စ လက်နက်ကြီးပါ လားဟ တကာဘ,ရ ( မှန်ပါ ဒီအနိစ္စလက်နက်ကြီး တခု သာ မနိုင်းယှဉ်နိုင်အောင် ကြောက်စရာကောင်းပါ ဘုရား)

ကဲ နတ်လက်နက် လူ့လက်နက်တွေကို အသာထားပြီး ကမ္ဘာကို ဖျက်ဆီးတတ်တဲ့ ကမ္ဘာ့ လက်နက်ကြီးများနှင့် တခါချိန်စက် ကြည့်လိုက်ကြအုံးဗို့။

**ကမ္ဘာဖျက်ချေ–မီး,ရေ,လေ**
**သုံးထွေလက်နက်မျိုး**

မီးလက်နက်ကြီး တပါး၊ ရေလက်နက်ကြီး တပါး၊ လေ လက်နက်ကြီး တပါး၊ ဆဲဒါလို ကမ္ဘာကို ဖျက်ဆီးတတ်တဲ့

ကမ္ဘာ့လက်နက်ကြီး သုံးပါး ရှိတယ်လို့ သေသေချာချာ မှတ်ထားရမယ်နော် ( မှန်ပါ ကမ္ဘာ့လက်နက်ကြီး သုံးပါး ရှိပါ ဘုရား)

သတ္တဝါတွေ ရာဂစရိုက်အားကြီး၍ ကမ္ဘာကြီးကို မီးဖျက်သောအခါ ရှေးဦးစွာ ကမ္ဘာပျက်မိုးကြီးသည်းထန်စွာ ရွာချလိုက်တာ စကြဝဠာ ကုဋေ တသိန်း အတွင်းမှာ ဘယ်နေရာမှ မလွတ်ဘူး၊ ၎င်းကမ္ဘာပျက်မိုးကြီး ရွာလိုက်တော့ သတ္တဝါတွေက နေရာကျပဟာဆိုပြီး ဝမ်းမြောက်ဝမ်းသာနှင့် ကောက်ပဲ စသော မျိုးစေ့တို့ကို စိုက်ပျိုး ကြသွန်လိုက်ကြဒါ သူ့ထက်ငါ ဆိုကိုး။

ကောက်ပဲမျိုး တို့ကို စိုက်ပျိုး ပြီးသည့်နောက် မိုးသည် တပေါက်မှမရွာတော့ဘဲ တသဲသဲ ခြောက်ခမ်းပြီး မြင်းဟီသလို မည်နေ၍ မိုးပြတ်လေသော် အသီးအနှံ တဆံ တစေ့မှ မရကြလို့ ငတ်ပြတ် သေကြေ လိုက်ကြဒါ မသာကောင်တွေ အသုံးအရုံး ဆိုကိုး။

ကမ္ဘာပျက်မိုးကြီးမရွာခင် ဖြာဟ္မာကြီးများက ပြောကြား၍ ကမ္ဘာပျက်တော့မည့်အကြောင်းကို သိသော ကာမာဝစရ လောကဗြူဟာ နတ်သားသည် နီမြန်းသောအဝတ်ကိုဝတ်ဆင်လျက် နီမြန်းသောပန်းကို ပန်လျက် ဆံပင်ကို ဖါးရားချ မရှုမလှမျက်နှာအိုနှင့် ငိုယိုလျက် သနားစရာ ထိပ်လန့်ဘွယ်ရာသော အသွင်ကိုဆောင်ပြီး လူ့ဘောင်သို့ လှည့်လည်၍ အို-လူများအပေါင်းတို့ ဤနှစ် ဤလ ဤနေ့မှစ၍ နောင်အနှစ်တသိန်းသို့ ကျလျှင် ဤကမ္ဘာလောကကြီးသည်

မိးဖျက်၍ ပျက်စီး ရတော့လတ္တံ့၊ ရေဖျက်၍ပျက်စီးရတော့ လတ္တံ့၊ လေဖျက်၍ ပျက်စီးရတော့လတ္တံ့ ဟု ပျက်လတ္တံ့ ကမ္ဘာ၏ အခြင်းအရာပုံ အလုံးပုံ တို့ကို ပြောကြားလျက် ကမ္ဘာပျက်ဘေးကြီးမှ လွတ်မြောက်ကြ၍ ဗြဟ္မာပြည်သို့ ရောက်ကြရလေအောင် သင်တို့သည် ကုသိုလ် ကောင်းမှု အဓုဓုတို့ကို မမေ့မလျော့ကြလင့် အားထုတ်ကြ ပြုကြ၊ အမိ အဘတို့ကို ကောင်းမွန်စွာ လုပ်ကျွေးကြ ပြုကြ၊ သိတင်း သီလများ ဆောက်တည်ကြ ပြုကြ၊ အသက်ကြီးသောသူ ဂုဏ်ကြီးသောသူ တို့ကို အရိုအသေပေးကြ ပြုကြ၊ တယောက် နှင့် တယောက် တဦး နှင့် တဦး အထူး မေတ္တာ ကြင်နာစွာ ရှိကြ ထားကြကုန်ဟု ဤသို့ ကြွေးကြော်လေ၏။

ဒါလို လောကဗြူဟာနတ်သား စကြဝဠာ ကုဋေတသိန်း အတွင်း ကြွေးကြော်ခြင်း ကပ္ပ ကောလာဟလ ပြုပြီးသည့် နောက် အသိဉာဏ် ပေါက်သောသူတို့သည် တရားတည် ကြ၍ အချို့ ဈာန်ရတဲ့သူတွေကာဗြဟ္မာ့ပြည် ဈာန်မရသော သူတွေကနတ်ပြည် ထိုနတ်ပြည်မှ တဖန်ဈာန်ရပြန်၍ ဗြဟ္မာ့ ပြည် နိယတ မိစ္ဆာဒိဋ္ဌိကံကြောင့် ကျရောက်ကြသော ငရဲ သားမှအပါး ကြွင်းကျန်သော ငရဲသူ ငရဲသား တို့လည်း ထိုအခါ အပရာပရိယကံထောက်မ၍ လူ့ပြည်, နတ်ပြည်သို့ ရောက်ကြရလေကုန်၏။ ၎င်းမှတဖန် ဈာန်ကိုရ၍ ဗြဟ္မာ့ ပြည်သို့ရောက်ကြရလေ၏၊

နတ်အပေါင်းတွေလဲ ဈာန်ကို အားထုတ်ကြ၍ ဈာန်ရ၍ ဗြဟ္မာ့ဘုံသို့ ရောက်ကြရ၏။ အောက် အောက် ဗြဟ္မာ

ကြီးတွေလဲ မပျက်စီးမီ အထက်အသက် ဗြဟ္မာ့ ဘုံသို့ ရောက်အောင် ဈာန်ကို အားထုတ်ကြ၍ ဈာန်ကိုရ၍ အထက် ဗြဟ္မာဘုံသို့ ရောက်ကြရလေ၏။

အပါယ်ဘုံသားများ လူ့ပြည် နတ်ပြည်သို့ အပရာပရိယာယ် ထောက်မ၍ ရောက်ကြရသော်လည်း နိယတ မိစ္ဆာ ဒိဋ္ဌိအယူရှိ၍ကျရောက်သော ငရဲသားမှာကား ငရဲမှ မလွတ်ရ ပျက်သော စကြဝဠာငရဲမှ တပါး, မပျက်သော စကြဝဠာ၌ရှိသော ငရဲ၌ ခံရလေ၏။ စကြဝဠာ အကုန်ပျက်သော်လည်း ကံအားလျော်စွာ အခြားပြင်ကျယ် ကောင်းကင်လယ်၌ ခေတ္တငရဲကြီးဖြစ်၍ ခံရခြေသေးသည် ဟူလို။

လောကဗြူဟာနတ်သား ကြွေကြော်လို့မှ ကုသိုလ်ကို ယုတ်ဘရက် သတိမရ၍ ကျန်ရစ်ခဲ့ကြသော မောင်ကျန်ရစ် မယ်ကျန်ရစ်တို့မှာ မူကား ကမ္ဘာပျက်မိုးသည်း ရွာဒါကို ပင် မိုးသည်းကောင်း, မိုးသည်းမှန်ထင်ပြီး ရှင်လန်း ဝမ်းမြောက် လျက် ကောက်စိုက်ဘို့ရာ စပါး မျိုးသူကမျိုး, ပဲမျိုးတွေ ထုတ်ကြတဲ့သူကကြ အပြီးသတ်တော့ မျိုးမပြန်မရတော့ဘဲ အစာငတ်၍ သေပွဲသာ ဝင်ရလေတော့သတည်း။

ကဲ-ကမ္ဘာပျက်ပုံကို အတိုချုပ် ဆက်လက်၍ ပြောကြ အုံးစို့။ ကမ္ဘာပျက်မိုးကြီး သည်းထန်စွာ ရွာပြီးသည့် နောက် ရှည်မြင့်စွာသော ကာလသို့ ရောက်တော့ နေ နှစ် စင်း ပေါ်ပေါက် ထွက်လာရာ မြစ်ငယ် ငါးရာဟာ ဘာလာ ခွက်မှောက် အကုန်ခမ်းခြောက် ကုန်သတဲ့။

၎င်းနောက် နေ့ သုံးစင်း ပေါ်ပေါက်လာရာ....

ဂင်္ဂါ အစိ၊ မဟီယမု၊ သရဘူ၊
ငါးခု မြစ်ကြီးသွယ်ပင်။

ဂင်္ဂါမြစ်, အစိရဝတီမြစ်, မဟီမြစ်, ယမုနာမြစ်, သရဘူမြစ် ၎င်းမြစ်ကြီး ငါးသွယ်ဟာ အကုန် ခမ်းခြောက်ရသတဲ့။

၎င်းနောက် နေ့ လေးစင်းမြောက် ပေါ်ပေါက်လာတဲ့ အခါ.....

အနောတတ်ကဏ္ဏ၊ ရထဆဒ္ဒန်၊ ကုဏာမန္ဒာ၊
သီဟပါ၊ အိုင်မှာ ခုနစ်မှတ်။

အနောတတ္တအိုင်,ကဏ္ဏမုဏ္ဍအိုင်,ရထကာရအိုင်, ဆဒ္ဒန်အိုင်, ကုဏာလအိုင်, မန္ဒာကိနီအိုင်, သီဟပ္ပပါတအိုင်, ထိုအိုင်ကြီး ခုနစ်အိုင်ဟာ တပြိုင်နက် ခမ်းခြောက်သွားသတဲ့။

၎င်းနောက် နေ့ ငါးစင်းမြောက် ပေါ်ပေါက် လာတဲ့ အခါ......

၁။ ရှေ့ငွေ မြောက်ရွှေ၊ နောက်ဖလ်မြေ၊ တောင်ရေ ပတ္တမြား။

၂။ သမုဒ် လေးစင်း၊ ရေခက်ခြင်း၊ အဆင်းသာ ပိုင်းခြား။

မြင့်မိုရ်တောင်ကြီး၏ အရှေ့ဘက် အခြမ်းကား ငွေသား အတိပြီး၏။ မြောက်ဘက် အခြမ်းကား ရွှေသားအတိပြီး၏။ အနောက်ဘက် အခြမ်းကား ဖလ်သားအတိ ပြီး၏။ တောင် ဘက် အခြမ်းကား ပတ္တမြားညိုအတိ ပြီး၏။ ၎င်းမြင့်မိုရ် တောင်၏ မျက်နှာမူရာ သမုဒ္ဒရာတွေလဲ မြင့်မိုရ်တောင်၏ အရောင်သို့ အတုလိုက်ကြရသောကြောင့် ငွေရောင်အဆင်း ရှိသော အရှေ့သမုဒ္ဒရာ, ရွှေရောင်အဆင်းရှိသော မြောက် သမုဒ္ဒရာ, ဖလ်ရောင် အဆင်းရှိသော အနောက်သမုဒ္ဒရာ, ပတ္တမြားညိုရောင်အဆင်းရှိသော တောင်သမုဒ္ဒရာ, ဤမဟာ သမုဒ္ဒရာ သီဒါရေ တို့သည် အကုန်ခမ်းပျောက် သွေ့သွေ့ ခြောက်ကုန်သတဲ့။

၎င်းနောက် နေခြောက်စင်းမြောက် ပေါ်ပေါက်လာတဲ့ အခါ စကြဝဠာ ကုဋေတသိန်းဟာ တပြိုင်နက်ပေါင်း အခိုး ချောင်းချောင်းကြွ၍ တဖြိုင်းဖြိုင်းထကုန်သတဲ့။

၎င်းနောက် နေ ခုနစ်စင်းမြောက် ပေါ်ပေါက်လာတဲ့ အခါ အောက်မဟာပထဝီ မြေကြီးမှစ၍ အထက်နတ်ပြည် ခြောက်ရွာ ဗြဟ္မာ ပထမဈာန်သုံးဘုံ အကုန်ခြုံပြီး တပြိုင် နက် တချက်ထည်း တဟီးဟီး တည်းည်းနေဖအောင် မီးတွေ လောင်လိုက်ထာ စကြဝဠာ ကုဋေတသိန်း အကုန်ပြောင်ပါ ရော၊ လောင်စာကုန်လျှင် အထက်ကောင်းကင်နှင့် အောက် ကောင်းကင်ဟာ ဟင်းလင်းအပြင်ကြီးဖြစ်ပြီး တစပ်ထည်း တပြင်ထည်းဖြစ်နေသတဲ့၊ အင်း- အတော် သတ္တိကောင်းတဲ့ မီးလက်နက်ကြီးဘဲနော် (မှန်ပါဘုရား)

ကဲ- မိုးလက်နက်ကြီး အသာထားလိုက်ပါဦးတော့။

သတ္တဝါတွေ ဒေါသစရိုက် လွန်ကဲလေ၍ ကမ္ဘာကြီးကို ရေဖျက်သောအခါ၊ ကမ္ဘာပျက်မိုးကြီးသည်းထန်စွာ ရွာသည်မှစ၍ အလွန်ခါး, အလွန်ငံသော ခါရဒက မည်သော မိုးကြီးဟာ စကြဝဠာကုဋေတသိန်းအတွင်း ကုန်းကျင်းမရှိ ရေအလျှံ ပြည့်အောင် ရွာချလိုက်ရာ ထိုအခါ အောက်မဟာပထဝီ မြေကြီးမှစ၍ ပြဟ္မာ ပထမဈာန် သုံးဘုံ, ဒုတိယဈာန် သုံးဘုံအထိ သက်ရှိ သက်မဲ့ ဝတ္ထုအဘုန် အလုံးစုံကြေမွ ပျက်စီးပြီးလျှင် အထက် ကောင်းကင်နှင့် အောက်ကောင်းကင် ဟင်းလင်း အပြင်ကြီး ဖြစ်၍ တစပ်ထည်း တပြင်ထည်း ဖြစ်သွားရပြန်သတဲ့။ အင်း.... ဗြဟ္မာ ဒုတိယဈာန် သုံးဘုံတောင် မချန်ခဲ့ဘူးဆိုတော့ ယခင် မိုးလက်နက်ထက် သူကပိုပြီး သတ္တိရှိပြန်သကိုး တကာဘ,ရ (မှန်ပါ ပိုပြီး သတ္တိထက်ပြန်ပါ ဘုရား)

ကဲ–ရေလက်နက်ကြီး အသာထားလိုက်ပါဦးတော့။

သတ္တဝါတွေ မောဟစရိုက် ထူပြောလေ၍ ကမ္ဘာကြီးကို လေဖျက်သောအခါ ကမ္ဘာပျက်မိုးကြီး သည်းထန်စွာ ရွာပြီးသည့်နောက် မိုးတပေါက်မှ မရွာတော့ဘဲ မိုးခေါင်နေခြင်း စသည်ကို နောက်ကအတိုင်းမှတ်။

ဤ လေဖျက်သော ကမ္ဘာ၌ လေသည် ဖြေးဖြေးစွာ ညင်ညင် သာသာ လာ၏။ ထို့နောက် ပြင်းထန်လာသော အခါ

မြူမှုံ့ကျောက်စရစ်တို့သည် ကောင်းကင် အပြင် တခုလုံး၌ တရုံးရုံးလွင့်ပါးကြကုန်၏။

ထို့ထက် လေသည် တဖြေးဖြေး ပြင်းထန် လာသော အခါ .....

၁။ တောင်ကျွန်း သပြေ၊ မြောက်ပဒေ၊
နောက်နေ ထိန်ဆို၊ ရှေ့ ကုက္ကို။
၂။ သခွတ်သူရံ၊ လက်ပံဂဠု၊ ဝတိဳဘုံ ကသစ်၊
အစဉ်ဖြစ်၊ ခုနစ်သစ်ကြီးဆို။
၃။ ဆဲ့ငါးလုံးပတ်၊ ပင်ရပ်တရာ၊ ယူဇနာ၊
ကျယ်မှာ မြင့်သလို။

ဤ တောင်ကျွန်း၌ သပြေပင်ကြီး, မြောက်ကျွန်း၌ ပဒေသာပင်ကြီး, အနောက်ကျွန်း၌ ထိန်ပင်ကြီး, အရှေ့ကျွန်း၌ ကုက္ကိုပင်ကြီး, အသူရာပြည်၌ သခွတ်ပင်ကြီး, ဂဠုံပြည်၌ လက်ပံပင်ကြီး, တာဝတိံသာ၌ ပင်လယ်ကသစ်ပင်ကြီး, ဤကဲ့သို့ သစ်ကြီး ခုနစ်ပင် ရှိကြရာတွင်။

ပင်မကြီး၏ လုံးပတ်မှာ တဆဲ့ငါးယူဇနာရှိ၍ ပင်ရပ်မှာ မြေမှအထက် ခွဆုံအထိ ယူဇနာ ငါးဆယ်၊ ခွဆုံမှ အထက် ခေါင်ကိုင်း အညွန့်အထိ ယူဇနာ ငါးဆယ်၊ မြေါင်း ယူဇနာ တရာတိတိမြင့်၍ အရှေ့, အနောက်,တောင်,မြောက် လေးမျက်နှာမှာလည်း အချင်း ယူဇနာ တရာ ကျယ်ပြန့်လျက် ရှိကြကုန်သော ဤသစ်ကြီး ခုနစ်ပင်တို့နှင့်တကွ သစ်ပင်ငယ်

တောယော်, တောင်ယော်တွေဟာ ဘာလဗိပ် ဘာလဗ္ဗ ပြုတ်ကြွေ ကြွေမ္ဗ၍ ပျောက်ကြရသဘဲ့။

ထို့ဘက် လေသည့် အလွန်အခင်း ပြင်းထန်လာသော အခါ .....

၁။ ယူဇန္ဓာပေါင်း၊ ရှစ်သောင်း လေးထောင်၊ အမြင့်ဆောင်၊ အခေါင် မြင့်မိုရ်ပေ။

၂။ ယု,ဇ္ဇ,က,ဒသ်၊ နေမိ အသ်၊ တောင်ထပ် ခုနစ် ထွေ။

၃။ အောက်အောက် တောင်မှာ၊ ထက်ဝက်သာ၊ လျော့ ခါ ရေတွက်လေ။

၄။ အနွော ဗဟိ၊ တောင်စဉ်ကြည့်၊ နက်သည့် သ မုဒ်ရေ။

အောက်ရေထဲ၌ ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နစ်မြုတ်၍ ရေပေါ်၌ ယူဇနာပေါင်း ရှစ်သောင်း လေး ထောင် ပေါ်ထွက်၍နေသော မဟာမြင့်မိုရ်တောင်ကြီး နှင့် တကွ အပြင်ဘက်က အသပ်အထပ် ရစ်ပတ်၍ နေကြကုန် သော ယုဂန္ဓိုရ်တောင်, ဣသိန္ဓိုရ်တောင်, ကရဝိကတောင် သုဒဿနတောင်, နေမိန္ဓရတောင်, ဝိနတ္တကတောင်, အဿ ကဏ်တောင်, ဤတောင်စဉ် ခုနစ်ထပ်တို့တွင် ပထမ ယု ဂန္ဓိုရ်တောင်သည် မြင့်မိုရ်တောင်၏ ထက်ဝက် ဖြစ်သော ယူဇနာ လေးသောင်း နှစ်ထောင် မြင့်၏, ထု၏, ကျယ်၏။

ဒုတိယ ရုက္ခသိန္ဓုရ်တောင်သည် နှစ်သောင်း တထောင်မြင့်၏ ထု၏ ကျယ်၏၊ တတိယ ကရဝိကတောင်သည် တသောင်း ငါးရာမြင့်၏ ထု၏ ကျယ်၏။ စတုတ္ထ သုဒဿန တောင် သည် ငါးထောင့် နှစ်ရာ့ ငါးဆယ် မြင့်၏ ထု၏ ကျယ်၏၊ ပဉ္စမ နေမိန္ဓရတောင်သည် နှစ်ထောင့် ခြောက်ရာ့ နှစ်ဆဲ့ ငါးယူဇနာ မြင့်၏ ထု၏ ကျယ်၏။ ဆဋ္ဌမ ဝိနတ္တကတောင် သည် တထောင့် သုံးရာ့ တဆဲ့နှစ်ယူဇနာနှင့် နှစ်ဂါဝုတ် မြင့်၏ ထု၏ ကျယ်၏။ သတ္တမ အဿကဏ် တောင်သည် ခြောက်ရာ့ ငါးဆဲ့ခြောက်ယူဇနာနှင့် တဂါဝုတ်မြင့်၏ ထု ၏ ကျယ်၏။

ဤတောင်စဉ် ခုနစ်ထပ် တို့သည်လည်း အထက် ပေါ် ထွက်သလောက်ပင် ရေထဲသို့ နစ်မြုပ် စူးဝင်နေသည်ဟု မှတ်ရမည်။

ဤ တောင်စဉ် ခုနစ်ထပ် တို့၏ အကြားအကြား၌ရှိသော သီဒါဟု ဆိုအပ်သော အန္တော သမုဒ္ဒရာ အဿကဏ်တောင် ၏ ပြင်ဘက်က စကြဝဠာ တံတိုင်းအထိ တည်ရှိသော ဗဟိသမုဒ္ဒရာရေ တို့သည် ၈၄-၈၄တို့၏ တောင် နစ်မြုပ်နေ သလောက်ပင် နက်ကျယ်သည်ဟု မှတ်အပ်ကုန်၏။

ထို တောင်ကြီးတွေဟာ ဘလစိပ် ဘလံမှာ ဖြစ်ပြီး အောက် လေထုကြီးကလဲ မြေကြီးကို တိုးဖွဲ့ တိုက်ခတ် လိုက်သဖြင့် ထက်‌ အောက် ပြောင်းပြန် အကုန် လန်လျက် ကွဲအက်ပျက်ကြေ၍ တောင်းတွေ, စကောတွေ, လေထဲမှာ

လွင့်နေသလို တခုနှင့်တခု တိုက်ခိုက်မှုကြောင့် ဖွဲ့နှုမျှမကျန် နှုတ်ထံ ခြောက်ရွာ ဖြာပွါ ပထမဈာန် သုံးဘုံ, ဒုတိယ ဈာန် သုံးဘုံ, တတိယဈာန် သုံးဘုံ အားလုံး ကုန်လျှင် အ ထက်ကောင်းကင်နှင့် အောက်ကောင်းကင် ဟင်းလင်း အ ပြင်ကြီးဖြစ်၍ တစပ်ထည်း တပြင်ထည်း ဒိုးယိုပေါက်ကြီး ဖြစ်သွားရောတဲ့။

အင်း ..... ဖြာပွါ တတိယဈာန် သုံးဘုံကိုတောင် မချန်ခဲ့ ပြန်ဘူး ဆိုတော့ ယခင် ရေလက်နက်ကြီးထက်တောင် ဒီ လေလက်နက်ကြီးက ပိုပြီး သတ္တိရောက်ပြန်သကိုး တကာ ဘ,ရ (မှန်ပါ သူ့ထက်သူ လူစွမ်းကောင်း ဆိုသလိုပါဘဲ ဘုရား)

ပျက်စီးကြရတဲ့ စကြဝဠာနယ်ကို ဘယ်လို အတိုချုပ် မှတ်ရမလဲ ဆိုတော့ ...

**ကုဋေတသိန်း၊ သွက်သွက်ယမ်း၊**
**ပျက်ကိန်း စကြာဝဠ်ါ။**

ယခု ဆိုခဲ့ပြီးသည့်အတိုင်း ပျက်ခြင်းအခါ ၃ နအပိုင်းအခဲ တွေနှင့်ဘယ်လိုပင်နိုင်မြဲတယ်ထင်ကြငြားသော်လဲ အကြမ်း စားအားဖြင့် ကြည့်လိုက်တော့ မီး, ရေ, လေ, ဆိုတဲ့လက် နက်ကြီး သုံးခုက သောင်းထု ကြိတ်ချေလိုက်လျှင် စကြ ဝဠာကုဋေတသိန်းမှာ ဘယ်ဟာတခုမှ ခုခံမနေနိုင်ကြတော့ ဘဲပြိုလဲပြီး ဖ၍ဖရဲ ပျောက်ပျက် လွင့်စင်ကုန်ကြရောမဟုတ်

လား တကာဘ,ရ (မှန်ပါ ဝိပဿနာဉာဏ် အကြမ်းစား ရှုလိုက်ရင် တခုမှ ခိုင်မြဲခြင်း မရှိပါဘူးဘုရား)

ကမ္ဘာ၏ အပိုင်းအခြားကို အတိုချုပ် ဘယ်လို မှတ်ရမလဲ ဆိုတော့ .....

၁။ သက်တမ်းထိုထို၊ ရောက်ဆဲကို၊ ခေါ်ဆို အာယုကပ်။
၂။ ဆုတ်ရ တက်ရ၊ နှစ်ပြန်ကျ၊ အန္တရ တကပ်။
၃။ ခြောက်ဆဲ့လေးထွေ၊ အန္တရေ၊ အသင်္ချေယျကပ်။
၄။ သင်္ချေလေးချ၊ ပေါင်းပြန်မှ၊ တခု ကမ္ဘာမှတ်။

တရာတမ်း တထောင်တမ်း စသော ထိုထိုအသက်တမ်း ရောက်ဆဲ ရောက်ဆဲကို အာယုကပ် ဆိုသည်ဟုမှတ်။

လူတို့၏ အသက်တမ်းအသင်္ချေယျမှ ဆယ်နှစ်တမ်းကျအောင် ဆုတ်ယုတ်၍ တဖန် ထိုဆယ်နှစ်တမ်းမှ အသင်္ချေယျတမ်း ကျအောင် တက်လာပြန်သော ဆုတ်ကပ်, တက်ကပ် နှစ်ခုအစုံကို အန္တရကပ် တကပ်ခေါ်သည်ဟုမှတ်။

ထို အန္တရကပ်ပေါင်း ခြောက်ဆဲ့လေးကပ်ကို အသင်္ချေယျ တကပ် ဆိုသည်ဟုမှတ်။

ထို အသင်္ချေယျကပ် လေးကပ်အပေါင်းကို•တကမ္ဘာဆိုသည်။ ဝါ-မဟာကပ်ကြီး တခုဟုမှတ်။

ထိုထိုကမ္ဘာတို့ကို မီးသော်၎င်း, ရေသော်၎င်း, လေသော်၎င်း ဖျက်သောအခါ ကာလ အပိုင်းအခြား ဘယ်လောက်ကြာသလဲဟု အတိုချုပ် မှတ်သားလိုလတ်သော် ...

၁။ ပျက်တည် ဖြစ်တည်၊ ဤလေးလီ၊ အညီသင်္ချေယျ။
၂၊ သံသံ ဝိဝိ၊ ဝဋ္ဋထည့်၊ ယှဉ်ဘိ ဋ္ဌာယီဒွ။

မိုးဖျက်သောအခါ မိုးအသျှံကြီးသည်ရင်း, ရေဖျက်သောအခါ ရေအလျှံကြီးသည်ရင်း, လေဖျက်သောအခါ လေအလျှံကြီးသည့်ရင်း, တဟိုးဟိုးနေအောင် ဖျက်ဆီးနေလိုက်ထာဟာ အသင်္ချေယျကပ်ကြီး တကပ် ကြာတယ်။

ရင်းမိုးအလျှံ, ရေအလျှံ, လေအလျှံတွေ ပြတ်စဲသွားတဲ့နောက် ဟင်းလင်းအပြင်ကြီး တည်ပြီး နေလိုက်ထာကလဲ အသင်္ချေယျကပ်ကြီးတကပ်ဘဲ ကြာတယ်။

ရင်းနောက် ကမ္ဘာကြီး ပြုပြင်ကြီးပွါး ထွန်းကားခြင်း ဖြစ်နေလိုက်ရဒါကလဲ အသင်္ချေယျကပ်ကြီး တကပ်ဘဲ ကြာပြန်တယ်။

ရင်းကြီးပွါးသည့်နောက် မပျက်စီးခင် တည်နေရဒါကလဲ အသင်္ချေယျကပ်ကြီး တကပ်မှုဘဲ ကြာဘယ်၊

အဲဒီ ပျက်တုံး,ပျက်ဆဲဖြစ်သော အသင်္ချေယျကပ်ကို သံဝဋ္ဋကပ်ဆို၏။ ပျက်ပြီးအတိုင်းကြီးတည်၍နေသော အသင်္ချေယျကပ်ကို သံဝဋ္ဋဋ္ဌာယီကပ် ဆို၏။ ဖြစ်ပွါးနေတုံး ဖြစ်ပွါးနေဆဲကို ဝိဝဋ္ဋကပ်ဆို၏။ ဖြစ်ပွါးပြီးသည့်အတိုင်း တည်နေတုံး တည်နေဆဲကို ဝိဝဋ္ဋဋ္ဌာယီကပ်ဆို၏။ ဤနောက်ဆုံးတကပ်သာ လူ, နတ်, ဗြဟ္မာတွေ နေလို့ဖြစ်သည် ဟုမှတ်။

ဤကဲ့သို့ ဖြစ်ပျက်ရသော ကမ္ဘာအစဉ်ကို အတိုချုပ် အားဖြင့် မှတ်သားလိုလတ်သော်......

၁။ မီးခွန် ရေတစ်၊ ရှစ်ပြန် လှစ်၊ နောက်ဖြစ် တကြိမ်လေ။

၂။ ခြောက်ဆဲ့လေးဖြာ၊ စေ့သောခါ၊ မီးသာ ပြန်၍ရေ။

၃။ မီးရေလေသုံး၊ ချေဖျက်မှုန်း၊ မဆုံးကမ္ဘာတွေ။

မီးချည်းသန့်သန့် ခုနစ်ကြိမ်, ၎င်းနောက် ရှစ်ကြိမ် မြောက်တော့ ရေ တကြိမ် ဤအတိုင်း မီး ခုနစ်ကြိမ်, ရေ တကြိမ်, မီး ခုနစ်ကြိမ်, ရေ တကြိမ်, ရှစ်ပြန်သွား၍ ခြောက် ဆဲ့လေးကြိမ် စေ့တော့ လေတကြိမ်၊ ဤ လေအကြိမ်ကို ခြောက်ဆဲ့လေးကြိမ် မြောက်သော နောက်ဆုံး အကြိမ်ဟုမှတ်။

ဤ လေအကြိမ်ပြီးလျှင် တဖန် မီးခုနစ်ကြိမ် ရေတကြိမ် ပြန်၍ကောက် တကြိမ် တကြိမ်ကို တကမ္ဘာ တကမ္ဘာ ပျက်ရသည်ဟုမှတ်။

ထိုသို့ ဖြစ်ပျက် နေကြသော ကမ္ဘာအစဉ်သည် ဘယ် တော့မှ အစလည်းမထင် အဆုံးလည်း မမြင်, ဓမ္မဒိနိယာ မကြီး အတိုင်းမင်ဟုမှတ်။

ခေတ် သုံးပါးကို အတိုချုပ်အားဖြင့် မှတ်သားလိုလတ် သော်......

၁။ တသောင်းမှာဇာ၊ တသိန်းအာ၊ ဝိမှာအနန္တ။

၂။ အာဏာခေတ်မှူ၊ ဖြစ်,ပျက်တူ၊ မှတ်ယူတထစ်ချ။

မြတ်စွာဘုရား အလောင်းတော် ပဋိသန္ဓေ နေတော်မူသောအခါ စသည်၌ မြေတုံလှုပ်ခြင်း စသည်ဖြစ်သော စကြဝဠာတသောင်းကို ဇာတိခေတ်ဟု ခေါ်ဆိုသည်။ မြတ်စွာဘုရား၏ အာဏာတော်စက် ပြန့်နှံ့ရာဖြစ်သော စကြဝဠာ ကုဋေတသိန်းကို အာဏာခေတ် ဟု ဆိုသည်။ မြတ်စွာဘုရား၏ ဗြဲဉာဏ်တော် ကျက်စားရာ မရေမတွက်နိုင်သော မြေ,ရေ,ကောင်းကင်,သတ္တဝါ,စကြဝဠာအနန္တကို ဝိသယခေတ် ဟု ဆိုသည်။

ဤအရာ စကြဝဠာ ကုဋေတသိန်း ဟု ဆိုအပ်သော အာဏာခေတ်သည် ပျက်လည်း တပြိုင်နက် တချက်ထည်း ဖြစ်လဲ တပြိုင်နက် တချက်ထည်း အတူတူဟုမှတ်။

ကဲ–တရားဆက်လိုက်ကြအုံးစို့ ....

အဲ......ယခုပြောပြခဲ့ပြီးသော ကမ္ဘာ့ လက်နက်ကြီးတွေဟာ လောကအနေမှာ ဘယ်လောက် သတ္တိကောင်းလို့ ဘယ်လောက်ပင် ကြောက်စရာကောင်းပါတယ် ဆိုသော်လဲ သူတို့ ဖျက်ဆီးတဲ့အခါမှာ စကြဝဠာက မည်၍ မည်မျှ ဘုံဌာနက မည်၍ မည်မျှရယ်လို့ ပိုင်းခြားကန့်သတ်ပြီး ပြ

နိုင် ပြောနိုင်သေးတယ် မဟုတ်လား (မှန်ပါ ကန့်သတ်ပြနိုင် ပါသေး ဘုရား)

## အဓိပတိ အနိစ္စ လက်နက်ကြီး

ရုပ်,နာမ် သဘာဝ တို့၏ ခဏခဏ သေနေတဲ့ အနိစ္စ လက်နက်ကြီးကိုတော့ မည်သည့်နည်းနှင့်မှ စကြဝဠာ ဘုံ ဌာနမှာ ခဏ သုံးပါးက လွန်ပြီး တည်နေနိုင်သော ရုပ်, တည်နေနိုင်သော နာမ်ရယ်လို့ တရံတဆစ်မှ မပြနိုင်ဘူး၊ စကြဝဠာဘုံ အကုန်ခြုံပြီး ဦးစီးနာယကလုပ်၍ တသုတ် သုတ် တဖြုတ်ဖြုတ်နေအောင် သတ်ဖြတ် ဖျက်ဆီးတတ် သောကြောင့် အဓိပတိလက်နက်ကြီးလို့ မဆိုထိုက်ပေဘူး လား (မှန်ပါ အဓိပတိအနိစ္စလက်နက်ကြီးပါ ဘုရား)

## ဟောအနိစ္စ လက်နက်ကြီး

ထိုမှတပါး ယခင် ကမ္ဘာလက်နက်တွေ ဖျက်ဆီးတဲ့ အခါမှာ ပျက်စီးပြီးသည့်နောက် ကမ္ဘာပြုမိုးကြီး ရွာလာ တော့ သတ္တဝါတွေ အကုန်ပျောက်ပြီး ကမ္ဘာကြီးအညွန့် အညှောက်တွေ ပေါက်လို့ တဖန် သူ့နေရာသူ စကြဝဠာ ဘုံစဉ်တွေ ရောက်လာရပြန်တယ် မဟုတ်လား၊ အနိစ္စ လက်နက်ကြီးက ဖျက်ဆီးပြီးမှတော့ ထို ပျက်စီး ကွယ် ပျောက်လေပြီးသော ရုပ်သဘော,နာမ်သဘောကလေးတွေ ဟာ တဖန် လာရောက်၍ အညွန့် အညှောက် မပေါက်နိုင် တော့ဘဲ အကုန် လက်စပျောက် ဖြစ်ရသောကြောင့် အလွန်

သတ္တဝါကြီးမား ထက်မျက်သော မဟာလက်နက်ကြီးလို့ ဆိုရင်လဲ လွဲမလား (မှန်ပါ မဟာအနိစ္စ လက်နက်ကြီး ဆိုရင်လဲ မလွဲပါဘုရား)

ထိုမှတပါး ယခင် ကမ္ဘာ့လက်နက်ကြီးများ ဖျက်ဆီးဒါက ဘုံစကြဝဠာ အပိုင်းအခြားနှင့်တကွ မီးအကြိမ်က မည်၍ မည်မျှ ရေအကြိမ်က မည်၍မည်မျှ, လေအကြိမ်က မည်၍ မည်မျှ, ဖျက်နေရဒါ ကာလ အကြာက မည်၍ မည်မျှ စသည်ဖြင့် ရေတွက်မှတ်သားပြီး ပြောပြ မှန်းဆနိုင်သေးတယ် မဟုတ်လား (မှန်ပါ အကြိမ်ဝါရကို ရေတွက်၍ ပြနိုင်ပါသေး ဘုရား)

## အနန္တ အနိစ္စသက်နက်ကြီး

အနိစ္စသက်နက်ကြီး သတ်ဖြတ် ဖျက်ဆီးနေလိုက်ထာကတော့ စကြဝဠာ အနန္တ,သတ္တဝါအနန္တ, ကမ္ဘာအနန္တမှာ ဘယ်နေရာမှ တဘိုတစ တစွန်းတစ မကျန်ရစ်ရတဲ့ပြင် ဘယ်နှစ်ကြိမ် ဘယ်နှစ်ဝါရရယ်လို့ သဗ္ဗညုတဉာဏ်တော်မှ သော်လဲ ရေတွက်၍ပြနိုင်ဘွယ်ရာထင်လာနိုင်တော့မယ် မဟုတ်ဘူး၊ စကြဝဠာတွေ သတ္တဝါတွေ ကမ္ဘာတွေ အတိတ်တွေ အနာဂတ်တွေကို ထားလိုက်ပါဦးတော့ ယခု ပစ္စုပ္ပန်ဘဝတွင် တသွန်သွန် ဖြစ်,ပျက်နေကြတဲ့ သဘာဝကလေးတွေလောက်တောင် အကြိမ် ဘယ်လောက်ရယ်လို့ ပြောပြနိုင်ဘို့ခဲရင်းသားကလား၊ ဒီဘဝမှာမှလဲ တဘဝလုံးကို မဆိုထားဘိ တရက်အတွင်း တနာရီအတွင်း ဆိုသလို အ

တင်းမရပ် အသေသတ်နေလိုက်ထာ ရပ်တယ်လို့မရှိ အကြံမ်ဝါရ သိဘ္ဘာရာ ဝေးကွာလှ၏။

အဲဒါလို စကြဝဠာ ကမ္ဘာအဆက်ဆက် သက်ရှိသက်မဲ့ နားလှဲ့အချိန် အကြံမ်ဝါရ လွန်များလှ၍ မပြနိုင်ခြေ အသေ အနန္တ သင်္ချာနယ်မှန်သမျှမှာ ဘယ်နေရာမှ မကျန်ရသော ကြောင့် အနန္တလက်နက်ကြီးလို့ မဆိုနိုင်ပေဘူးလား (မှန် ပါ အနန္တ အနိစ္စလက်နက်ကြီးခေါ်ဆိုနိုင်ကြောင်းပါဘုရား)

ခဏမစဲ အမြဲမပြတ် အတင်းသတ်နေတဲ့ နေရာမလပ် အနန္တ အနိစ္စလက်နက်ကြီးကို အနည်းငယ်မျှ အမြွက်ပြ၍ သိကြပြီနော်။

တမျိုးအားဖြင့် ကြည့်ကြအုံးစို့ တကာဘဘ ငါတို့ တ တွေမှာ မအိုချင်ဘဲနဲ့ အမြဲ အိုနေကြရ၊ မသေချင်ဘဲနဲ့ အမြဲ သေနေကြရ၊ မျက်မြင်မှာအထင်အရှားဘဲ မဟုတ်လား (မှန် ပါ အလွန်ထင်ရှားပါဘုရား)

လောကမှာ ငယ်ငယ် ကြီးကြီး ထီးထီး မမ ပုပုရှုရှု မြင် သမျှတွေကို အိုချင်ကြရဲ့လားလို့ မေးမနေနဲ့တော့ တဦး တယောက်မှ အိုချင်ပါတယ်လို့ မပြောတဲ့ပြင် အို ဆိုတဲ့ အသံကို ကြားတောင် ကြားချင်မယ် မဟုတ်ဘူး၊ ဘာ့ကြောင့်လဲဆိုးတော့ ပရိသတ် အလယ် မတင့်တယ် မ ဘွယ်ရာ လွန်စွာစက်ဆုပ်လှ၍ မအိုရအောင် ဆေးဝါး အ မျိုးမျိုး ၊စားသူကစား။ ဆံပင်ကလေးများ ဖြူလာတယ် ဆိုရင် ဆံဖြူပင် မပေါ်စေချင်လို့ ဆိုးနှင့်မှင် ဖျော်ပြီး

သုတ်ကြ လိမ်းကြဒါက တမျိုး, ကြွတ်ခိုးနှင့် အုံးဆီစပ် ရောပြီး လတ်တလော ဖုံးရ ဖိရဒါကတဖုံ, မအိုဆေးတွေ ရုံလို့ မဟုတ်လား တကာဘ,ရ (မှန်ပါ အမျိုးမျိုး ပြုပြင်ကြပါ ဘုရား)

သည့်ပြင်ဟာတွေ ထားပါအုံး ဆံပင်တခုဖြူရင်ဘဲ ပြုပြင်လို့ ရသေးရဲ့လား (မှန်ပါ ဘယ်လို ပြုပြင်ထားပေမဲ့ ဖြူဒါကတော့ ဖြူဒါပါဘဲ ဘုရား)

မသေချင်ကြလို့ ဆေးဝါး အမျိုးမျိုးတွေကို စားတော့ ကော မသေဘဲ နေကြရရဲ့လား (မှန်ပါ ဆေးတွေ,ဝါးတွေ စားရင်းနဲ့ဘဲ သေကြရပါ ဘုရား)

ဒါဖြင့် ယခင်က ပြောပြခဲ့တဲ့ လောက လက်နက်ကြီးတွေနဲ့ အအို, အနာ, အသေ, ဆိုတဲ့ ရန်သူတွေကို အိုမှုကြီး မဝင်လာနိုင်အောင် နာမှုကြီး မဝင်လာနိုင်အောင် သေမှုကြီး မဝင်လာနိုင်အောင် ခုခံပြီး တိုက်ခိုက် ဖျက်ဆီးနိုင်ပါ့မလား (မှန်ပါ မစွမ်းနိုင်ကြပါ ဘုရား)

ဘာစွမ်းနိုင်မလဲ သူ့ဘက်ကိုဘဲ အမြဲ အိုရက်, အမြဲနာရက် အမြဲသေရက်ကိုး (မှန်ပါ အမြဲနှိပ်စက်ခံရရက်ပါ ဘုရား)

သုံးလောကထိပ်တင် ဘုရားရှင်ကြီးသော်မှလဲ တားဆီး ခုခံနိုင်ဒါမျိုး မဟုတ်ဘူးပေါ့၊ ဒါ့ကြောင့် ဒီ အသေဆိုတဲ့ အနိစ္စ လက်နက်ဘေးကြီးမှ ကင်းလွတ်ကြရအောင် သူ့ကိုဘဲ ပုံပျက်အောင် ထင်မြင်ပြီး တွင်တွင်ကြီး ရှုကြရလိမ့်မယ်

(မှန်ပါ **လှေမြော လှေချင်းလိုက်** ဆိုသလို သူ့ကိုဘဲ မြင်အောင် ကြည့်ရမှာပါ ဘုရား)

အလွန်သတ္တိကောင်းသော အလွန်ကြောက်စရာကောင်းသော အနိစ္စလက်နက်ကြီးဆိုဒါ တခြားမှာ ရှာမနေနဲ့ မြင်တဲ့အခါမှာ အဆင်း ရုပ်ခဓာတ်ကလေးကလဲ မားခနဲမြင်, သိနာမ်ဓာတ်ကလေးကလဲ ဘွားခနဲ, ဖြစ်ဆဲနဲ့ ပျက်ဆဲ တဆက်ထဲ သွားလိုက်ထာ ပုံကလေး သဏ္ဍာန်ကလေးများဟာ အိပ်မက်ခြင်လို့မှ တတိုတစ ရှာလို့ရသေးရဲ့လား (မှန်ပါ မရပါ ဘုရား)

ရုပ်ဓာတ် ကိုးပါးတို့တွင် နောက်ဗိတ်ဆုံး အသံကို ကြားပြန်တဲ့အခါ အသံ ရုပ်ဓာတ်ကလေး ကလဲ မားခနဲ၊ ကြားသိ နာမ်ဓာတ်ကလေးကလဲ ဘွားခနဲ၊ ကြားဆဲနဲ့ပျက်ဆဲ တဆက်ထဲ သွားလိုက်ထာ ပုံကလေး သဏ္ဍာန်ကလေး အသွင်နဲ့ အိပ်မက်ခြင်လို့မှ တတိုတစ ကိုင်စမ်း ဖမ်းရှာလို့ ရသေးရဲ့လား (မှန်ပါ မရပါ ဘုရား)

အဲဒါလို အဏ္ဏုဏ္ဏ ဗဟိဒ္ဓ မခြား ရုပ်သား နာမ်သား ပုံပျက် တရားကလေးတွေ မြင်ပလားဆိုရင် အမှားစွဲဒိဋ္ဌိ ဝင်နိုင်ပါဦးမလား (မှန်ပါ မဝင်လာနိုင်ပါ ဘုရား)

အေး ..... ပုံပျက် အနိစ္စလက်နက်ကြီးကိုမြင်၍ ဒိဋ္ဌိနှင့် ပူးတွဲပြီး တပေါင်းထဲ ဖြစ်ပေါ်လာတတ်တဲ့ ဒိဋ္ဌိ အပုံအမက်ကလေး မသိလာရင် ဒိသာသနာမှာ ထောက်ရာ တည်ရာ

ကိုးကွယ်ရာကြီး ရတော့ဒါပေါ့ (မှန်ပါ ဒါမှ ထောက်ရာ တည်ရာ ကိုးကွယ်ရာရတော့မှာပါ ဘုရား)

တကာဘ,ရေ (ဘုရား) ကဲကဲ ဒါဖြင့် လွန်စွာ အရေးကြီးတဲ့ အနတ္တအချက် ပုံပျက် သိတန်ကလေးများကို အတိုမှ ချပေးခုံးမယ် အားလုံး အကုန် လိုက်ကြစမ်း လိုက်ကြစမ်း။

## ပုံပျက် ဆောင်ပုဒ်များ

၁။ ဝဏ္ဏခတ်သား၊ ပရမတ်တရား အပေါ်မှာ၊
အခဲ အတုံး၊ ထင်လုံး ဃနပါ။
ပုံမပျက်လို့၊ ရုံမက်တွယ်တာ။
သြ ပုံပျက်တော့၊ မရုံမက် မတွယ်တာ။

၂။ ဂန္ဓခတ်သား၊ ပရမတ်တရားအပေါ်မှာ၊
အခဲ အတုံး၊ ထင်လုံး ဃနပါ။
ပုံမပျက်လို့၊ ရုံမက်တွယ်တာ။
သြ-ပုံပျက်တော့၊ မရုံမက်မတွယ်တာ။

၃။ ရသခတ်သား၊ ပရမတ်တရားအပေါ်မှာ။
အခဲအတုံး၊ ထင်လုံးဃနပါ။
ပုံမပျက်လို့၊ ရုံမက်တွယ်တာ။
သြ-ပုံပျက်တော့၊ မရုံမက် မတွယ်တာ။

၄။ သြဇာခတ်သား၊ ပရမတ်တရားအပေါ်မှာ။
အခဲအတုံး၊ ထင်လုံး ဃနပါ။
ပုံမပျက်လို့၊ ရုံမက်တွယ်တာ။
သြ-ပုံပျက်တော့၊ မရုံမက် မတွယ်တာ။

၅။ သဒ္ဓါခေတ်သား၊ ပရမတ်တရားအပေါ် မှာ။
အခဲအတုံး၊ ထင်လုံး ဃနပါ။
ပုံမပျက်လို့၊ ရုံမကွဲတာ။
(ဩ)–ပုံပျက်တော့၊ မရုံမကွဲ မတွယ်တာ။

**တရား အဆုံးသတ်ရန်**

ဧဝံ၊ ဤသို့။ ပကာသိတံ၊ မကျဉ်း မကျယ် အလယ်မဇ္ဈိမ သဘောအဝကို ထင်ရှားစွာ ဟောပြအပ်သော၊ အနိစ္စာ ပုခံ၊ လောက လက်နက်တို့နှင့် တုဘက်မပြင် နှိုင်းယှဉ်၍ မရသော အနိစ္စအချက် ဓမ္မလက်နက်တော်ကြီးကို၊ ဝေါ၊ တရားနာပရိသတ်အပေါင်း သင်သူတော်ကောင်းတို့သည်၊ သံဂဟာဣထ၊ ဒိဋ္ဌိရန်ကောင် အမြစ်နိုင်အောင် ကိုင်ဆောင် ပွါး များနိုင်ကြပါစေကုန် သတည်း။

**သာဓု—သာဓု—သာဓု**

**လိုရာ လိုရာ ချဲ့ထွင်၍ ထင်မြင်အောင်**
**ဟောပြောကြပါကုန်**

# ပြီး၏

———၀———

# ၆—ပွတ်ဖန်များ သစ်သားမီးဖြစ် တရားခွန်း

—— ၀ ——

ဒုက္ခသစ္စံ န ဂဏှန္တိ၊ ကာမံ သာရေတိ မညိတွာ။
ဓနာ မန္ဒာ သမ္ဗုဒါဝ၊ ကာမင်္ဂါရေသု ဒဿရေ။

မန္ဒာ၊ ရှေ့ရေး နောက်ရေး ထောက်မတွေးဘဲ ကလေး အသွင် ဘေးမမြင်၍ ပုထုဇဉ်ဂိုဏ်း တုယှဉ်၍ မနှိုင်းလောက် အောင် နှုံခြင်တိုင်း နှုံ၍ နေကြကုန်သော။ ဓနာ၊ ပုံခါ ဆန်ခါ သံသရာဝယ် ခန္ဓာဝန်ထွင်း မလွတ်ကင်းနိုင်ကြသဖြင့် နှစ် မွန်းခါ နေကြကုန်သော များလှသောင်းပြောင်း သတ္တဝါ အပေါင်းတို့သည်၊ ကာမံ၊ ရေးခြစ် မထင် အာကာခွင်သို့၊ ရှာလျှင် မတွေ့ အခါခါပင် မွေ့ကြသော်လဲ ကမ္ဘာမှာ ဘဂ ဝါပါ သတ္တဝါကုန်တောင် မပြေ့ပေဘူး လူ အတွေ့နတ် အ ငွေ့၊ ငတ်သရွေ့ မစနိုင် ခဏမပိုင် ချုပ်ပျက်ဆုံးဒါကြောင့် ချလက်မှိုင် အဟုတ်ယမက် မရုန်းကြပေမဲ့ ခယမွှာ ဝယ မွှာမို့ အစရှာလို့ မတုံးလောက်အောင် ငါတို့ လက်သုံး ကာမဆိုတဲ့ ထိကရုံးတွေကို၊ သာရေတိ၊ ချစ်အာသဝ ပြစ် ခွါလို့မရနိုင်အောင် တကယ့်ကို အနှစ်သာရဟူ၍။မညိတွာ၊ အစွဲအလန်း အသဲကြွမ်းမတ အမြဲတန်း မှတ်ထင်ကြပါကုန် သည် ဖြစ်၍၊ ဒုက္ခသစ္စံ၊ မုဆိုးကျော့ကွင်း နှောင်အိမ် တွင်းမှ လွတ်ကင်း၍လာ ရွှေဟံသာသို့ ချမ်းသာလေရာ ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့၊ န ဂဏှန္တိ၊ ကွဲ့ပါးစောင်း

တီး ဆားတီနည်းသို့ ပုံမှီးအသွင် မဝင်စိတ်ဇော ရှင်ပင် ဟောလည်း ကျောက်ချော ရေပက် လိပ်တောင်တက်သို့ ယက်ကန် ယက်ကန် ဂရုက်ပျံဝယ် တက်ဆန် လေပြား သဘော်အားလည်း မသွားခလုပ် နောက်ပြန်ခုတ်သို့ သုတ်သုတ် မပြေ ငုတ်တုတ်သာ ငေးကြကုန်လျက် လှုပ်လှုပ် က လေးမျှ မရွေ့ကြလေကုန်၊ ကာမဂုဏ်ရေသု၊ မြင်,ကြား,နံ, လျက်, တွေ့ထိချက်က စနက်ယူဆောင် ပုလောင်ထန်ပြင်း မာန်သွင်း သမျှ ကာမဝဋ္ဋ၊ မီးချည်းပုတ္တိုရွ သာလျှင်။ သဗ္ဗဒါဝ၊ ဖြစ်လေရာရာ ကမ္ဘာဘာလည်း သံသာဒီလှိုင်း ဘဝတိုင်း ဘဝတိုင်း၌သာလျှင်။ ဒယှရေ-ဒယှန္တိ၊ ရှေ့မဆုံး နောက်မဆုံး တရှောက်လုံး ပမ်းစရာ လမ်းတာတခွင် ကမ်း မမြင်ဘဲ ကိုယ့်ညှင်မသွတ် လက်လွတ်ဆရာ ရှာပါသော် လဲ တွေ့နိုင်ဘဲကြောင့် ဝေခွဲစရာ အစစ်အမှန် တရားတွေကို နသွလွဲခါ တဆစ်တရံမျှ မပွါးကြဒါကြောင့် နေမြဲသာ ဖွတ် အကြံ မှားမှားပြီး ဟော-လက်စသတ်တော့ **မွတ်ဖန်များ** **သစ်သာ၊ မီးဖြစ်** သကဲ့သို့ နေကြလေကုန် သတည်း။

တကာ ခ,ရေ (ဘုရား) ကမ္ဘာသူ ကမ္ဘာသားတွေ လက်ကိုင်သားပြီး ခံစား စံစားလာကြသော ကာမဝဋ္ဋ အပုပ္ပတ္တိ၏ သူ့အမှုသွား နှင့် သူ့အလာ အတိုင်း သူဖြစ်နေ ကြပုံကို မသိကြ၍ အဋ္ဌနှင့် အဋ္ဌနိ ညီခြင်တိုင်းညီ၍ အ တိုင်းမသိ ဗွန့်လွှတ် ဗွန့်လွှတ်လာခဲ့ကြရတဲ့ အံစည်ကို ယခု မျက်မြင်နှင့်ထောက်ပြီး သိလောက်အောင် ဟောကြစို့နော် (မှန်ပါဘုရား)

အပါယ်အစရှိသော သံသရာဘေးတွေကို ရှောင်ရေးနှင့် နောက်ရေး မထောက်မတွေး တတ်တော့ တယောက်က ပြောပေးဒါက ဟဲ့ နှင့်နှသေး ကိုယ့်စိတ်ကို အားမပေး တဲ့ပြင် ဟဲ့ ငါနှသေး အဲဒါလို နှသေး နှသေးနဲ့ အမှုကို မ တွေးဘဲ ကြေအေးနေလိုက်ကြဒါ တကမ္ဘာလုံးလိုလို ထင် ပါရဲ့နော် (မှန်ပါ ကိုယ့်ကိုယ်ကို အနုကလေးချပြီး ကြေ အေး နေကြဒါ အများကြီးထင်ပါ ဘုရား)

ဘယ်ကမ္ဘာအတွင်း ဘယ်မင်းစံစား ဘယ်ဘုရားလက် ထက်ကြမှ ရင့်တော်မူကြလိမ့်မှန်းနော် (မပြောတတ်ပါဘူး ဘုရား)

**ပညာ်ရာ ခေတ်ပါ** ဆိုဒါလို ဥပမာကို ပြောကြစို့၊ တ ယောက်သောကလေးဟာ ပြေးရာမှ အဝိုင်းလွဲပြီး ဘိုင်းခနဲ လဲသွားတဲ့အခါ လိမ္မာတဲ့ အမိခမြာက မသိမသာ စကား ဆီးပြီး ဟဲ့ ငါ့သားကြီး ခုန်လိုက်ထာ ပေါ့ပါပေ့ကွာလို့ ဆိုလိုက်တော့ မငိုမရှိုက်ခြင်တဲ့ပြင် ကြည်ကြည် လင်လင် နှင့် ရွှင်ရွှင်သော စိတ်နှစ်လုံးဖြင့် ပြုံးတောင်လာသေး မဟုတ် လား တကာခ,ရ (မှန်ပါ ပြုံးတောင်လာပါ ဘုရား)

အသိ အလိမ္မာ နည်းပါးတဲ့ အမိကတော့ သတိမရ တ ကယ် မတွေးမိတော့ဘဲ အမယ်လေး ငါ့သားကလေး လဲ လိုက်ထာ သေပါပေါ့ သေပါပေါ့လို့ ပြောလိုက်တော့ က လေးမှာ အမောဆိုက်ကပ်၍ စိတ်ဓာတ်ကို ရှော့ချလိုက်ရာ ပြော့ကျသွားသဖြင့် ချော့မရအောင် ငိုတော့ဒါပေါ့ တကာ

ခ,ရ (မှန်ပါ ငိုခြင်ရက် လက်တို့ဆိုသလို ဖြစ်သွားတော့ ဒါ ပေါ့ ဘုရား)

**အေး......** အဲဒါလိုဘဲ တကာခ,ရ **လဲတဲ့ ကလေး ရှိုရ ငိုရ** ဆိုဒါ အဓိသာ ပဓာနဖြစ်သလို သူများနုသေးတယ်ဆို လို့ အနုကလေး တွေးပြီး ကြေအေး နေကြ၊ သူများက နု သေးတယ်ဆိုလို့ အနုကလေး အမှတ်နှင့် ကြေနပ်နေကြ "ဒီလို ကြေအေးနည်းကို သေဆေးကြီးလို ကြောက်ရမယ်၊ ဒီလို ကြေနပ်နည်းကို အသေကပ်ကြီးလို ကြောက်ရမယ်" တကာခ,ရ (မှန်ပါ ကြောက်ရပါလိမ့် ဘုရား)

အသိဉာဏ်က ပါးရှား ဘုရားကို မထောက်ဘဲ သာ သနာ အခါကောင်း အခွင့်ကောင်းကြီးကိုလဲ မရှုမတွေးဘဲ နုသေးတယ်ပြောလိုက်ရင် အဝိဇ္ဇာရဲ့ နဂိုရှိသဘောအလိုက် ပကတိခေတ် အကြိုက်မို့ မောဟခေတ် လိုက်သွားတတ် တယ်၊ မောဟခေတ် လိုက်သွားရင်လဲ အားရှော့ ချလိုက် တတ်တယ်၊ အားရှော့ ချလိုက်ရင်လဲ ပြော့ကျ ရော့ကျ သွားတတ်တယ်၊ ပြော့ကျ ရော့ကျသွားရင်လဲ ပေါ့ဆဆ ဖြစ်သွားတတ်တယ်၊ ပေါ့ဆဆဖြစ်သွားရင်လဲ နှစ်လား မြုပ် လားနှင့် ဘယ်တော့မှ လှုပ်ရှားနိုင်တော့မှာ မဟုတ်ဘူး၊ အသူးသတိထားလိုက်နော် (မှန်ပါ အထူး သတိထားရပါ လိမ့် ဘုရား)

စင်စစ်ကတော့ ဘာမှမဟုတ်ဘူး ခံစားမှု စံစားမှု ဆို တဲ့ ကာမဂုဏ်ကို အနှစ်ထင်ပြီး မသွတ်ခြင်ဘဲ့ အမှောင်

ခါတ်ကလေးက တောင်ကပ် မြောက်ကပ်နှင့် တောက်တဲ့ကပ် ကပ်နေဒါ ရှိဒါဘဲ၊ အဲဒီ တဏှာ, ဒိဋ္ဌိ, အညီခါတ်က လေး လှည့်ပတ်နေပုံကို ကြွပ်ကြွပ် စဉ်းစားနော် (မှန်ပါ ကြွပ်ကြွပ် စဉ်းစားဘို့ အချက်ကြီးပါ ဘုရား)

ကမ္ဘာ အသင်္ချေ ဘဝအသင်္ချေက အလိုရှိသမျှ တွေ့ကြုံ ခံစားခဲ့ကြသော အာရုံ ငါးဖြာ ချမ်းသာ စည်းစိမ် အကြိမ်ကြိမ် အခါခါ များစွာသောအစဉ်တွေကို ဥပမာတင်ရမယ် ဆိုလျှင် အဇဋာအပြင် ကောင်းကင်ကြီးမှာ ရေးခြစ်၍ မ ထင်လာသကဲ့သို့ ဘာတခုမှပြောပြစရာ မရှိတော့ပါဘူး တ ကာခ,ရ (မှန်ပါ စမ်းသန်း ရှာဖွေလို့ မရတော့ပါ ဘုရား)

မရေမတွက်နိုင်သော ဘဝတွေက ခံစားခဲ့ရဒါလေ အရေ မရ အဖတ်မရနဲ့ ကြွာလှပေါ့၊ တော်ပါပြီ တန်ပါပြီ ဝပါပြီ အီပါပြီလို့များ ရှိရဲ့လား (မှန်ပါ ဘယ်တော့မှ ဝတယ် အီတယ်လို့ ရှိမှာ မဟုတ်ပါ ဘုရား)

မဝ မအီလာတဲ့ပြင် တိုးတိုးသာ ဆာတယ် ဆိုပါတော့ လေ (မှန်ပါ ဘုရား)

အတို့ဂုဏ္ဍနည်းအားဖြင့် သူ့အလိုကတော့ ကမ္ဘာတွေ ဆုံးလို့ သဏ္ဍာဝါတွေဘုံးလို့ ဘုရားဘဂဝါတွေ အကုန်လုံး ကုန်သွားတောင်မှ ပြေ့ဝတော့မှာ မဟုတ်ပါဘူးနော် (မှန်ပါ မီးခိုးမဆုံး မိုယ်းမဆုံး ဆိုဒါလိုပါဘဲ ဘုရား)

## လူအတွေ့ နတ်အငွေ့

၁။ စတုဝတီ၊ ကာမရှိန်၊ စည်းစိမ် လူတို့လို။

၂။ ယာမာဘက်ရမ်း၊ လက်စန်းတုသီ၊ ရယ်သည့်နိမ္မာ၊
ကြည့်ခါပရ၊ နိမ္မိတ၊ ပြီးကြကောစိဆို။

နတ်ပြည်ခြောက်ဘုံ၌ ကာမဂုဏ်ကို ခံစားကြသည်မှာ စတုမဟာရာဇ်နတ်ဘုံနှင့် တာဝတိံသာ နတ်ဘုံမှာကား ကာမဂုဏ်ကို လူတို့လိုဘဲ ခံစားကြသတဲ့။

ယာမာဘုံမှာတော့ အာလိင်္ဂနမတ္တ, ဘက်ရမ်း နမ်းရှုံ့ခါမျှနှင့် ကာမဂုဏ်ကိစ္စ ပြီးစီးကြသတဲ့။

တုသိတာဘုံမှာတော့ ဟတ္ထာမသနမတ္တ လက်ဆွဲ သုံးသပ်လိုက်ရုံမျှနှင့် ကာမဂုဏ်ကိစ္စ ပြီးစီးကြသတဲ့။

နိမ္မာနရတိဘုံမှာတော့ ဟသိတမတ္တ ရယ် ရွှင် ဟာသပြုံးလိုက်ရုံမျှနှင့် ကာမဂုဏ်ကိစ္စ ပြီးစီးကြသတဲ့။

ပရနိမ္မိတ ဝသဝတ္တီ ဘုံမှာတော့ ဩလောကိတမတ္တ ကြည့်ရှုလိုက်ရုံမျှနှင့် ကာမဂုဏ်ကိစ္စ ပြီးစီးကြသတဲ့။

**“ဤကား ဋီကာပြ ကောစိ, ဝါဒ, အလိုတည်း။”**

၁။ ကောစိဝါဒ၊ မြစ်ပယ်ချ၊ ညွှန်ပြ တနည်းမှာ။

၂။ နတ်ခြောက်ရွာကို၊ လူတို့လို၊ မိန့်ဆို ဋ္ဌကထာ။

နတ်ပြည်ခြောက်ထပ်စလုံးအကျန် ကာမဂုဏ်ကို ခံစား

သုံးဆောင်မှီဝဲ ပေါင်းဘော်ကြဒါ လူတို့လိုဘဲ နဲနဲမှ မထူး ကြပါဘူးတဲ့။

**"ဤကား အဋ္ဌကထာနှင့် စိန့်ညီးငိုကာ ဝါဒဘည်း"**

ကဲလေ ရှိပါစေတော့ သူတို့ဟာ သူတို့ ဘယ်လိုဘဲ ခံစား ခံစား တယောက်နှင့်တယောက် ကြွေနပ် သွားကြဒါ လိုရင်းဘဲ ကိုယ်နှင့်လဲ ဘာမှဆိုင်ဒါ မဟုတ်တော့ နှပ်ဆေ့ တိုင်း ပြောနေရင်လဲ မောရုံပါဘဲ တကာခ,ရ (မှန်ပါကာမ ဂုဏ်အရာဟာ လွန်စွာ ဆန်းကျယ်ပါ ဘုရား)

တဘဝမှ တဘဝသို့ ပြောင်းရွှေ့ ယူလာခဲ့ကြ နိုင်ဒါမျိုး လဲ မဟုတ် ထိုဘဝ ထိုအခိုက် အတန့်မှာဘဲ ချုပ်ပျက်ပြော် ၍ မြူလောက်မှ ယူဘောက်လို့ မရသဖြင့် လက်လွှတ်လက် လွှတ်ပြီး ထားပြစ်ခဲ့ကြရဒါတွေဟာ အစလဲ ရှာမရ အဆုံး လဲ ရှာမရနှင့် ကြာလှကြပါပြီ တကာခ,ရ (မှန်ပါ ကြာလှ ပါပြီ ဘုရား)

လယ်ယာမိုးစံးမြေ ရွှေငွေ ကျောက်သံ ပတ္တမြား သား မယား စည်းစိမ် အကြွမ်ကြံမ် အဖုံဖုံ အမျိုးမျိုးသော ကာမ ဂုဏ်တွေဟာ တဒင်္ဂ တနပ်စာ တခါသုံး တခါဖြုန်းမို့ ဘယ့်လောက် ထိကရုံးတွေနှင့် တူသလဲ ထိကရုံးများ မြင် ဘူးရဲ့လား (မှန်ပါ အမိန့်ရှိပါ ဘုရား)

ထိကရုံးဆိုဒါ လူတို့အသားနှင့် သွားထိလိုက်ရင် ထိမိ သည့်တပြိုင်နက် အခံရခက် မနှစ်သက်ရှာလို့ထင့် တွန့်ချိပ် လိပ်ခွေ မ ရွှင်လန်းသောအနေနှင့် ညှိုးကြေတွေကျ ကြည့်

မလှအောင် ယိုယိမွမွကလေး ဖြစ်သွားရတယ် မဟုတ်လား (မှန်ပါဘုရား)

ဇာတ်ခနဲ ထိလိုက်ရင် ဖြုတ်ခနဲရှုန်းသွားလို့ ရို့ ထိကရုံး ပင်လို့ ခေါ်ရသလို တကာခတို့ ငါတို့ အနှစ်အသား ထင် ပြီး ခံစားနေကြတဲ့ အာရုံ ငါးပါး ကာမဂုဏ် တရားတွေ လဲ ခံစားတုံး ခံစားဆဲမှာပင် အရာမထင် အလိုကင်း၍ အို မင်း ယိုယွင်း ပျက်စီးခြင်းသို့ အတင်းရောက် အတင်းတိုး အတင်းညှိုး နေကြရတဲ့ ထိကရုံးမျိုးတွေ မဟုတ်လား တ ကာခ,ရ (မှန်ပါ ထိကရုံးမျိုးတွေပါ ဘုရား)

အဲဒါလို အနှစ်သာရ အနိုင်အမာ မဟုတ်တဲ့ အကြောင်း ကိုလဲ ကောင်းကောင်းကြီး သိရမယ် သိထားရင်ဘဲ စိတ် အစွဲ အလန်းဟာ တခြမ်းက ရော့နေပြီ ပေါ့နေပြီလို့ မှတ်၊ အသိဉာဏ် ရသလောက်ရ၍ ရော့သွား ပေါ့သွားရင်လဲ မနဲပါဘူး သက်သာခွင့်ရပြီလို့ ဆိုရတယ်၊ ဒိဋ္ဌိအစွဲ ကြတ်ခဲ တင်းလင်းကြီးသာ ဖြစ်မနေစေနှင့် ဟုတ်မှန်ဒါကို သိရင် မဟုတ် မမှန် ဒါဟာ အလိုလို ကင်းကွာ၍ ချမ်းသာမှုကြီးလဲ အပြီးတိုင် ဆိုက်ရောက်လာတော့ဒါပေါ့၊ ဥပမာ ရွှေဟင်္သာ ငှက်မင်းသည် မုဆိုး၏ လက်တွင်းက လွတ်ကင်း လာရသ လို ဝိဇ္ဇာ တည်းဟူသော ပညာမြေမင်းဟာ ဒိဋ္ဌိ တည်းဟူ သော မုဆိုးလက်တွင်းက အပြီးတိုင် လွတ်ကင်းရောမဟုတ် လား (မှန်ပါ လွတ်ကင်းပါရော ဘုရား)

ယခုလိုမှာခါ ဒီလို ချမ်းသာမှုကြီးကို မသိကြတော့ ပေါ့ ပေါ့ဆဆ ဖြစ်နေကြပုံကို မိမိကိုယ်မိမိ သတိမထားကြဘူး

သနားစရာဘဲနော်၊ တချို့ကလဲ ကျွဲပါးစောင်းတီးတော့ နား ငြီးသလိုဖြစ်နေကြသကိုး တကာ ခ,ရ (မှန်ပါ ကျွဲပါးစောင်း တီး ဖြစ်နေကြဒါလဲ အများကြီးရှိနေကြပါလိမ့်ဘုရား)

တချို့ကလဲ ဒိဋ္ဌိပြုတ်ရန်အချက်မို့ ဘယ်သူ့ကိုမှ မငဲ့ ကွက်ဘဲ တကယ့်တရားနှင့် တကယ်သား တော့ဆက်လိုက် ပလား ဆိုမှဖြင့် ပြုတ်ထွက်သွားမလို အသာပေးပြီး ငါက လေးပျောက်သွားမှာကို စိုးရိမ်ရှာလို့ထင်ပါရဲ့ အကြည် တ ရားကို မနသိ မပွါးနိုင်တော့ဘဲ တိ ဆားနှင့် တို့လိုက်သလို နေထင်ပါရဲ့နော် မှန်ပါ တိဆားနှင့်တို့လိုက်သလို ပုဂ္ဂိုလ် လဲ ရှိခြင် ရှိပါလိမ့်အုံး ဘုရား)

တချို့ကလဲ **ရွှေယပ်တောင် ကိုင်ကာဓဟော ကြောက မကြား** ဆိုဒါလို ဘုရားအဆူဆူတွေနှင့်တကွ သာဝက အ ပေါင်း သူတော်ကောင်းတွေ ဟောတော်မူလိုက်ကြဒါ တ သောသောနေအောင် နိဗ္ဗာန်ပေါက်ဇော အဆရောက်ဟော သော်လဲ ကျောက်ချော ရေပက်လို့ တစက်ကမှ မတင်ရစ် သလို ပုဂ္ဂိုလ်လဲ ရှိခြင်ရှိလိမ့်အုံးမယ် ထင်တယ် (မှန်ပါ ရှိပါလိမ့်အုံး ဘုရား)

တချို့ကလဲ **သိပ်ကလေး တောင်မြင့်ကြီးတက်** ထာလို လောကပြုကြရိုး ညာဏဝိပ္ပယုတ် ကာမကုသိုလ်မျိုးကလေး နှင့် နိဗ္ဗာန် တည်းဟူသော တောင်မြင့်ကြီး တက်လိုက်ကြဒါ လူ့ပြေကပြန်, နတ်ပြေကပြန်, ယက်ကန် ယက်ကန်နှင့် အ ထက်မဆန်နိုင်ဘဲ ပက်လက်ကြီး လန်လန်ကျ နေကြတယ်။

ထန်လန်ကျမှာပေါ့ လိပ်ကလေးမှာ သူ့များလို ကုတ်စရာ ဖက်စရာလက်သဲက ထက်ထက် ချွန်ချွန် မပါဒါလို ယခုလဲ ဝိပဿနာ တည်းဟူသော လက်သဲက ကုတ်ဖြစ် ဖက်ဖြစ် အောင်ထက်ထက် ချွန်ချွန် မပါဘဲကိုး။ ဒါ့ကြောင့် လိပ်က လေး တောင်တက်နေဒါနဲ့ မတူဘူးလား (မှန်ပါ အလွန် တူ ပါ ဘုရား)

တချို့ကလဲ **အညာဆန်တဲ့ သင်းဘောကြီး** လို ကာမာ ဝစရကုသိုလ်မျိုးမှမက မဟဂ္ဂုတ်ကုသိုလ် တည်းဟူသော အညာဆန် သင်္ဘောကြီးနှင့် နိဗ္ဗာန် တည်းဟူသော အညာ ပြေသို့ သမထ တန်ခိုး ဈာန်သမာဓိတွေ စက်ကုန် နှိုးပြီး အမျိုးမျိုး ခုတ်မောင်းလိုက်ကြဒါ သံသရာ တည်းဟူသော ရေချောင်းဂရက်ပျံ့ထဲမှာ ယက်ကန် ယက်ကန်နှင့် အထက် သို့ မတက် မဆန်နိုင်ကြဘဲ ဖြာပွာ့ပြေကျချည်း လန်လန် ကျကျလာကြရတယ်၊ လန်လန်ကျကျလာရမှာပေါ့ ကာမာ ဝစရကုသိုလ်စက်အဟုန်က တဒင်္ဂမျှဖြစ်၍ မဟဂ္ဂုတ် ကု သိုလ် စက်အဟုန် က ဝိက္ခမ္ဘနသောက်သာ အားရှိဒါကိုး၊ လောကုတ္တရာကုသိုလ်စက်အဟုန်မျိုးလို သမုစ္ဆေဒမဟုတ် တော့ အညာဆန် သင်္ဘောကြီး လန်လန်ကျသလိုနေမှာပေါ့ တကာခ,ရ (မှန်ပါ အညာဆန်သင်္ဘောကြီးနှင့် တထေဝါ ထဲပါ ဘုရား)

အောင်မယ် . တကာခ,ရေ တချို့ကလဲ **တာထမ်** ပြီးမှ **တာထမ်ဧ့** လို့ ပြောကြသေးတယ်၊ ထစ်ခြင် လိုက်ကြဒါ လွှန်ရော ဘာတွေရှောက်ထစ် နေကြတယ်မသိဘူး နေရာက

ရွှေ့ရွှေ့ပြီး ထစ်ရင် တော်ပါသေးရဲ့ အခုတော့ သူ့ဘို့ထစ်ထာက နေရာက လက်လေးသစ် တဝါးမှ မရွေ့ဘဲနဲ့ အထစ် စကား ပြောတော့ ခက်ပေဘူးလား (မှန်ပါ ခက်ပါဘုရား)

ဥပမာ ဘာနဲ့ဘူလဲဆိုတော့ ဈေးက ဘိန်းစား လှေ သမား ပြောတဲ့ စကားလိုနေပြီ ဘိန်းစား လှေသမားပြောတဲ့ **စကား ကြားဘူးရဲ့လား** (မှန်ပါ အမိန့်ရှိပါ ဘုရား)

ကိုယ်က ဘိန်းမူးနေလို့ လှေကိုသမ်း**ဖြောင့်**အောင် ပြုပြင် မပေးနိုင်၍ လှေက မြစ်လယ်ကြော မှာ မြောခြင်ရာမြော သွားခြင်ရာသွားနေတုံးအခါ သူတကာ လှေတွေက ရှောင်ရှောင်သွားကြဒါ ရေသံ လှေသံကို ကြားရတော့ သူကလှေ ပေါင်းကွတ်ကလေး ထဲက ဘိန်းယစ်ရင်း ''**မောင်မောင့် လှေ လာပြီလို့ ပြောလိုက်ပါကွယ်**' လို့ မှာလိုက်သေး သတဲ့။ တခါ တခါ ကုန်းပေါ်က လူတွေသွားကြ လာကြဒါ အသံကို ကြားရ မြင်ပြန်ရတော့လဲ လှေပေါင်းကွတ်က လေးထဲက ဘိန်းယစ်ရင်း ''**မောင်မောင့်လှေ လာပြီလို့ ပြောလိုက်ကြစမ်းပါနော်**'' အဲဒါလို ဘိန်းအဆိပ်ကလေး တမှေးမှေးနှင့် ဘိန်းသံကလေးပေးကျက် ဘိန်းစိတ်ကလေး တရေးရေးနဲ့ တွေးတွေးပြီး အေးအေးကြီး မှာကြား မှာ ကြား လွှတ်လိုက် သတဲ့၊ သူ့လှေကဖြင့် နေရာကတောင် မရွေ့သေးဘူးပေါ့လေ တကာခတို့ တတွေ ဒိလိုဖြစ်နေကြ သင်ပါရဲ့ (မှန်ပါ သည်အတိုင်းဘဲတင်ပါ ဘုရား)

အဖြင်းဆုံး အညံ့ဆုံး ဒိဘဝမှာ ရုပ်,နာမ်ကို ဟုတ်မှန်စွာ သိနိုင်တဲ့ ကလျာဏပုထုဇဉ်, စူဠသောတာပန်၊ နောက်ဘဝမှာ မဟာသောတာပန် မဖြစ်မနေရ အန္ဓအထစ်မှ ကလျာဏ အထစ်သို့ မရွှေ့ရွှေ့အောင် ရွှေ့ထစ်မယ်ဖြင့် မရှိဘူး အခုတော့ လူ့ပြေ ထစ်ခြင်သေးသလိုလို•နတ်ပြေ တက်ထစ်လိုက်ခြင်သေး သလိုလို ဗြဟ္မာ့ပြည်တက်ပြီး အထစ်ကြီး ထစ်နေခြင်သေး သလိုလို အသိဉာဏ်နှင့် မထစ်ဘဲ အလွဲချည်း ထစ်ထစ်နေကြလို့ ဒိနေရာက လက်တဆစ်မှ မရွှေ့နိုင်ကြတဲ့ အထစ်သမားတွေကိုး တကာခ,ရ (မှန်ပါ နေရာက လက်တဆစ်မှ မရွှေ့ကြတဲ့ အထစ်သမားကြီးတွေပါ ဘုရား)

အေး .. ဒါ့ကြောင့် အထစ် မှန်မှန်နှင့် နိဗ္ဗာန် ရောက်ကြောင်း ဆရာကောင်း အင်မတန်လိုတယ်၊ အမြစ်နှင့် တကွ ဒိဋ္ဌိကို ပယ်တိနိုင်ဘို့အကြောင်း ဆရာကောင်းအင်မတန်လိုတယ်၊ ဆရာကောင်း ရှာရမယ် တကာခ,ရ (မှန်ပါ ဆရာကောင်း ရှာရပါလိမ့် ဘုရား)

ဆရာရှာ ဆိုသော်လဲ ပုထုဇဉ်တို့ရဲ့ညဉ် ကိုယ့်အထင်ကလေး မလွှတ်ဘဲနဲ့ ရှာနေရင်လဲ ဘယ်တော့မှ ဆရာတွေ့မှာ မဟုတ်ဘူး၊ ယခုကာလမှာ ဆရာရှာကြပုံ ဥပမာကား မိမိက နိဗ္ဗာန်ကို လေးဒေါင့်ကလေးလို့ ထင်ထားပြီး ဆရာရှာသွားတော့ ဆရာက နိဗ္ဗာန်ဆိုဒါ လေးဒေါင့်မဟုတ်ဘူး ရှစ်မြှောင့်ဘဲ ဆိုရင် ဟင် .... ဒိဆရာ နေရာမကျသေး၊ သူထင်တဲ့အတိုင်း နိဗ္ဗာန်ဆိုဒါ လေးဒေါင့်ဘဲလို့ ပြောမှ သ

ဘောကျ ဒိဆရာမှ နေရာကျ။ မိမိက နိဗ္ဗာန်ဆိုဒါ နိနိက လေးလို့ထင်, ဆရာကိုမေးတော့ နိဗ္ဗာန်ဆိုဒါ နိနိမဟုတ်ဘူး နက်နက်ကလေးဘဲဆိုရင် ဟင်......ဒိဆရာ နေရာမကျသေး၊ သူထင်တဲ့အတိုင်း နိဗ္ဗာန် ဆိုဒါ နိနိကလေးဘဲလို့ ပြောမှ သဘောကျ ဒိဆရာမှ နေရာကျ။

အဲဒါလိုပုထုဇဉ်ညည် ကိုယ့်အထင် ကိုယ့်အသိကလေး နှင့် တိုက်တိုက်ကြည့်လို့ ကိုယ့်သဘောနှင့် တိုက်မိမှယူ ထိုသူ အမှန် မရ ဆရာမတွေ့ပြကတေ့ ပုထုဇဉ် ဘုရားရှင် သာဝကဘို့နှင့် တွေ့သော်လဲ တိုက်ကြည့်သမား ဆိုင်ကြည့်သမားမို့ မှားမြဲတိုင်းမှား သွားမြဲတိုင်းသွားရ ရှာလေ သတည်း။

အေး-ဆရာရှာပုံ လွဲပြီးနေရင် ငရဲမီးတွေ ဘယ်တော့မှ ငြိမ်းမှာမဟုတ်ပေဘူး အထူးသတိထား ကြပ်ကြပ် စဉ်းစားပြီး ကိုယ့်အသိ ကိုယ့်အထင်ကလေးကို တော်တဲ့ နေရာ ပုံထားလိုက်နော် (မှန်ပါ ကိုယ်ထင်ဒါတွေဟာ လွဲမှာ ချည်းထဲပါ ဘုရား)

၁။ မြင်ပြန် မြင်မှား၊ ပွတ်ဖန်များ၊ သစ်သားမီးဖြစ်ပုံ။

စက္ခုဝိညာဉ် နာမ်တရားက မြင်ဒါကို ငါကမြင်တယ်,ထို မြင် သိမှု နာမ်တရားကိုပင် ငါ့အသိလို့ သိမ်းပိုက်လိုက်ပြန် တယ် သည်တော့ မြင်ပြန်လဲ မြင်မှားကြီးဖြစ်၍ အတ္တ,အတ္တ နိယသိုတဲ့ဒိဋ္ဌိမီးဟာမျက်စိပေါက်က ဟုန်းခနဲ ဟုန်းခနဲ ထ

ထပြီး တောက်ရောမဟုတ်လား (မှန်ပါ မျက်စိပေါက်က ဗိဒ္ဓိမီးတောက်လောင်ခံရပါ ဘုရား)

ပွတ်ဖန်များတော့ သစ်သားက မီးဖြစ်လာရ ဆိုဒါလို မီးပွတ်ကျည်နှင့် မီးပွတ်ခုံ၊ မီးပွတ်ဆုံနှင့် မီးပွတ်ညှပ် မီးခတ်နှင့် မီးကျောက်၊ သူတို့ချင်း ထိရောက်ကြတော့ မီးပေါက် မီးပွင့်ကလေးတွေ ပေါ်လာကြရ ဈေးက သုံးစွဲကြတဲ့ အရာဌာနတွေပေါ့လေ။

ပွတ်ခုံ ပွတ်ဆုံပေါ်မှာ ပွတ်ကျည် ပွတ်ညှပ်နှင့် ကျိပ်ပွတ်လိုက်တော့ မီးဖြစ်ပြီး လောင်စာမှာ စွဲတော့ဒါပေါ့လေ မီးခတ်နှင့်ကျောက်လဲ သည်အတိုင်းဘဲ မဟုတ်လား (မှန်ပါ သည်အတိုင်းပါဘဲ ဘုရား)

စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ ဟာဒယဝတ္ထု ဟု ဆိုအပ်သော ဝတ္ထုရုပ်ခြောက်ပါးက ပွတ်ခုံ ပွတ်ဆုံ သစ်သား ကျောက်များနှင့်တူစေ၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ ဟု ဆိုအပ်သော အာရုံခြောက်ပါးက ပွတ်ကျည် ပွတ်ညှပ် မီးခတ်များနှင့် တူစေ၊ စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှါဝိညာဉ်၊ ကာယဝိညာဉ်၊ မနောဝိညာဉ် ဟု ဆိုအပ်သော ဝိညာဉ် ခြောက်ပါး တို့နှင့်တကွ ငါငါ ဟူသော ဗိဒ္ဓိ အထင် အမြင် များက မီးပေါက် မီးပွင့် တွေနှင့် တူစေ၊ အပါယ် အစရှိသော သံသရာမှာ ခန္ဓာအစဉ်တွေက

လောင်စာများနှင့် တူစေ၊ အဲဒါလိုဖြစ်နေတယ် မဟုတ်လား တကာခ,ရ (မှန်ပါ အလွန်တူပါ ဘုရား)

မြင်ရာမှာ နာမ်,ရုပ်ကို မသိတော့ ဒိဋ္ဌိရဲမီး အလောင်ခံရရင် မျက်စိပေါက်က မျက်စိအပူကောင် ဖြစ်မနေ ပေဘူးလား (မှန်ပါ အပူကောင် ဖြစ်ရပါ ဘုရား)

စက္ခုဝိညာဏ်က ရုပ်တရား စက္ခုဝိညာဉ် မြင်, သိ စိတ်ကလေးက နာမ်တရား၊ ထို မြင်.သိ,မျက် ရုပ်,နာမ်ထဲမှာ ငါလဲမပါ ငါ့ဟာလဲမဟုတ် ဟောဒါလို ဝိပဿနာဉာဏ် အုပ်စိုးမိ၍ ဒိဋ္ဌိရဲမီး အလောင်မခံရရင် မျက်စိ အအေးကောင်ဖြစ်ကရော မဟုတ်လား (မှန်ပါ မျက်စိ အအေးကောင် ဖြစ်ရပါ ဘုရား)

၂။ ကြားပြန် ကြားမှား၊ ပွတ်ဖန်များ၊ သစ်သားမီး ဖြစ်ပုံ။

ကြားရာမှာလဲ နာမ်, ရုပ်ကို မသိတော့ ဒိဋ္ဌိရဲမီး အလောင်ခံရရင် နားပေါက်ကလဲ နားအပူကောင် ဖြစ်မနေပေဘူးလား (မှန်ပါ အပူကောင် ဖြစ်နေရပါ ဘုရား)

သောတဝိညာဏ်က ရုပ်တရား၊ သောတဝိညာဉ် ကြား သိ စိတ်ကလေးက နာမ်တရား၊ ထိုကြားသိ,ပျက်.ရုပ်, နာမ်ထဲမှာ ငါလဲမပါ ငါ့ဟာလဲမဟုတ်၊ ဟောဒါလို ဝိပဿနာဉာဏ် အုပ်စိုးမိ၍ ဒိဋ္ဌိရဲမီးအလောင် မခံရရင် နားအအေးကောင် ဖြစ်ကရော မဟုတ်လား (မှန်ပါ နားအအေးကောင် ဖြစ်ရပါ ဘုရား)

၃။ နံပြန် နံမှား၊ ပွတ်ဖန်များ၊ သစ်သား မီးဖြစ်ပုံ။

နံရာမှာလဲ နာမ်,ရုပ်ကို မသိ၍ ဒိဋ္ဌိရဲမီးကြီး နှာခေါင်းပေါက်က တောက်လောင်ခံနေရရင် နှာအပူကောင်ကြီးဖြစ်မနေ ပေဘူးလား (မှန်ပါ နှာ အပူကောင်ကြီး ဖြစ်နေရပါဘုရား)

ဃာနဝတ္ထုက ရုပ်တရား၊ ဃာနဝိညာဉ် နံ့,သိ စိတ်ကလေးက နာမ်တရား၊ ထို နံ့ သိ,ပျက် ရုပ်,နာမ်ထဲမှာ ငါလဲမပါ ငါ့ဟာလဲမဟုတ် ဟောဒါလို ဝိပဿနာဉာဏ် အုပ်စီးမိ၍ ဒိဋ္ဌိရဲမီး အလောင် မခံရရင် နှာအအေးကောင် ဖြစ်ကရော မဟုတ်လား ( မှန်ပါ နှာအအေးကောင် ဖြစ်ရပါရောဘုရား)

၄။ လျက်ပြန် လျက်မှား၊ ပွတ်ဖန်များ၊ သစ်သား မီး ဖြစ်ပုံ။

လျက်ရာမှာလဲ နာမ်,ရုပ်ကိုမသိ၍ ဒိဋ္ဌိရဲမီးကြီး လျှာပေါက်က တောက်လောင် ခံနေရရင် လျှာအပူကောင်ကြီး ဖြစ်မနေပေဘူးလား (မှန်ပါ လျှာအပူကောင် ဖြစ်နေရပါဘုရား)

ဇိဝှါဝတ္ထုက ရုပ်တရား၊ ဇိဝှါဝိညာဉ် လျက်သိ စိတ်ကလေးက နာမ်တရား၊ ထို လျက်သိပျက် ရုပ်,နာမ် နှစ်ပါးထဲမှာ ငါလဲမပါ ငါ့ဟာလဲမဟုတ် ဟောဒါလို ဝိပဿနာဉာဏ် အုပ်စီးမိ၍ ဒိဋ္ဌိရဲမီးကြီး အလောင် မခံရရင် လျှာ

အအေးကောင် ဖြစ်ရော မဟုတ်လား (မှန်ပါ လျှာအအေး ကောင် ဖြစ်ရပါ ဘုရား)

၅။ ထိပြန့်ထိမှား၊ ပွတ်ဖန်များ၊ သစ်သား မီးဖြစ်ပုံ။

တွေ့ထိရာမှာလဲ နာမ် ရုပ်ကို မသိ၍ ဒိဋ္ဌိရဲမီးကြီး ကိုယ် ပေါ်က တောက်လောင်ခံနေရရင် ကိုယ် အပူကောင်ကြီး ဖြစ်မနေပေဘူးလား (မှန်ပါ ကိုယ်အပူကောင် ဖြစ်နေရပါ ဘုရား)

ကာယဝတ္ထုက ရုပ်တရား၊ ကာယဝိညာဉ် ထိသိစိတ် ကလေးက နာမ်တရား၊ ထို ထိသိပျက် ရုပ်၊နာမ် နှစ်ပါး ထဲမှာ ငါလဲ မပါ ငါ့ဟာလဲ မဟုတ် ဟောဒါလို ဝိပဿနာ ဉာဏ် အုပ်စိုးမိ၍ ဒိဋ္ဌိရဲမီးကြီး အလောင်မခံရရင် ကိုယ် အအေးကောင် ဖြစ်ကရော မဟုတ်လား ( မှန်ပါ ကိုယ် အအေးကောင် ဖြစ်ရပါရော ဘုရား)

၆။ ကြံပြန် ကြံမှား၊ ပွတ်ဖန်များ၊ သစ်သား မီးဖြစ်ပုံ။

ကြံသိရာမှာလဲ ရုပ်၊နာမ်ကို မသိ၍ ဒိဋ္ဌိရဲမီးကြီး စိတ် ပေါ်က တောက်လောင် ခံနေရရင် စိတ်အပူကောင်ကြီး ဖြစ်မနေပေဘူးလား (မှန်ပါ စိတ်အပူကောင်ကြီးဖြစ်နေရပါ ဘုရား)

ဟဒယဝတ္ထုက ရုပ်တရား၊ မနောဝိညာဉ် ကြံသိ စိတ် ကလေးက နာမ်တရား၊ ထို ကြံသိပျက် ရုပ်၊နာမ် နှစ်ပါး ထဲမှာ ငါလဲမပါ ငါ့ဟာလဲ မဟုတ်၊ ဟောဒါလို ဝိပဿနာ ဉာဏ်အုပ်စိုးမိ၍ ဒိဋ္ဌိရဲမီးကြီး အလောင်မခံရရင် စိတ်အ

အေးကောင်း ဖြစ်ကရောမဟုတ်လား (မှန်ပါ စိတ်အအေး ကောင်းဖြစ်ရပါဘုရား)

ဒါ့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်ကြီးမှာ—

နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မံပိ သမနုပဿာမိ၊ ယေန သတ္တာ ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ။ ယထာယိဒံ ဘိက္ခ ဝေ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာ သတ္တာ ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ၊ ဟု ဟောတော်မူသည်။

**အနက်ကား** ..... ဘိက္ခဝေ၊ ရဟန်းတို့။ ယထာ ဣဒံ သော မိစ္ဆာ ဒိဋ္ဌိယထာ၊ ဤမိစ္ဆာဒိဋ္ဌိ ကဲ့သို့။ တထာ၊ ထို့အတူ။ ယေန၊ အ ကြင် မိစ္ဆာဒိဋ္ဌိမှတပါးသော တရားကြောင့်။ သတ္တာ၊ သတ္တ ဝါတို့သည်။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်စီး သည်မှ။ ပရမ္မရဏာ၊ သေသည်မှနောက်၌။ အပါယံ၊ ချမ်း သာကင်းရာဖြစ်သော။ ဒုဂ္ဂတိံ၊ မကောင်းသော သူတို့၏ လားရာဖြစ်သော။ ဝိနိပါတံ၊ ပျက်စီး၍ ကျရာဖြစ်သော။ နိရယံ၊ ငရဲဘုံ၌။ ဥပပဇ္ဇန္တိ၊ ဖြစ်ရကုန်၏။ ဘိက္ခဝေ၊ ရဟန်း တို့။ အညံ၊ မိစ္ဆာဒိဋ္ဌိမှ တပါးသော။ ဧကဓမ္မံပိ၊ တခုသော အပါယ်ငရဲဘုံသို့ ကျရောက်စေတတ်သော ထိုတရားကိုမျှ လည်း၊ အဟံ၊ ငါဘုရားသည်။ န သမနုပဿာမိ၊ မြင်တော်မမူ။

ဘိက္ခဝေ၊ ရဟန်းတို့။ မိစ္ဆာဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိ အစ ရှိသော မိစ္ဆာ အယူနှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်သော။

သတ္တာ၊ သတ္တဝါတို့သည်။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်စီးသည်မှ။ ပရမ္မရဏာ၊ သေသည်မှ နောက်၌။ အပါယံ၊ ချမ်းသာကင်းရာဖြစ်သော။ ဒုဂ္ဂတိံ၊ မကောင်းသောသူတို့၏ လားရာဖြစ်သော။ ဝိနိပါတံ၊ ပျက်စီး၍ ကျရာ ဖြစ်သော။ နိရယံ၊ ငရဲဘုံ၌။ ဥပပဇ္ဇန္တိ၊ ဖြစ်ရကုန်၏။

ဤပါဠိတော်ကို ထောက်ဆ၍ သက္ကာယဒိဋ္ဌိနှင့် တကွ မိစ္ဆာဒိဋ္ဌိဟူသမျှတွေဟာ အပါယ် ငရဲသို့ ဖြစ်ချတတ်တယ် ဆိုဒါ တထစ်ချ မှတ်ရမယ်နော် (မှန်ပါ ဘုရား)

ဒိဋ္ဌိမီးမှတပါး အပါယ်လေးပါးသို့ ပြေးသွား ကျရောက်အောင် ပို့ဆောင်နိုင်သောတရားတပါးကိုမှ ငါဘုရား မြင်တော်မမူဘူး ဟူလို။

မီးနှင့် မီးချင်း၊ ပို့ဆောင်နှင်း၊ မီးချင်းကျေးဇူးပြု။

မိမိအဇ္ဈတ္တမှာ ဒိဋ္ဌိမီးရှိမှ ဗဟိဒ္ဓဖြစ်သောငရဲမီးထဲသို့ ဆွဲချ ကျရောက်နိုင်တယ်။ ဆောင်ကျဉ်းနိုင်တယ်၊ မိမိအဇ္ဈတ္တမှာ ဒိဋ္ဌိမီး မရှိလျှင် ဘယ်မှာ ဗဟိဒ္ဓ ငရဲမီးဘုံထဲသို့ ဆွဲချ ဆောင်ကျဉ်းနိုင်ပါတော့မလဲ။ ဒါ့ကြောင့် မီး, မီးချင်း မ ဆောင်ကျဉ်းနိုင်အောင် မီး, မီးချင်း ကျေးဇူး မပြုနိုင်အောင် မိမိအဇ္ဈတ္တ ဒိဋ္ဌိမီးကိုသာ အရေးကြီးစွာ ငြိမ်းသတ် ဖြစ်ဘို့ လိုဒါဘဲ ဒကာခ,ရ (မှန်ပါ အရေးကြီးလှပါဘုရား)

**အရင်း လဲတော့ အဖျား ထင်းဖြစ်** ဆိုဒါလို ငရဲမီးကို ဘာမှကြောက်ဘို့ မလိုဘူး ဒိဋ္ဌိမီးကိုသာ ပိုပြီးကြောက်ရမှာ မဟုတ်လား (မှန်ပါ သူလိုရင်းကြီးပါ ဘုရား)

အေး......ဒါကြောင့် မျက်စိအပူကောင်, နားအပူကောင် နှာအပူကောင်, လျှာအပူကောင်, ကိုယ်အပူကောင်, စိတ်အပူကောင်, မဖြစ်စေဘဲ မျက်စိ အအေးကောင်, နားအအေးကောင်, နှာအအေးကောင်, လျှာအအေးကောင်, ကိုယ်အအေးကောင်, စိတ်အအေးကောင် ဖြစ်ရအောင် အဆင်းအမျိုးမျိုးမြင်သောအခါ, အသံအမျိုးမျိုးကိုကြားသောအခါ, အနံ့အမျိုးမျိုးကို နံသောအခါ, အရသာအမျိုးမျိုးကို လျက်ခဲစားသောက်သောအခါ, အတွေ့အထိ အမျိုးမျိုးကို တွေ့ထိသောအခါ, အာရုံအမျိုးမျိုးကို ကြံသိသောအခါ, ယခင်က ဟောခဲ့တဲ့အတိုင်း နာမ်,ရုပ် တရားနှစ်ပါး ဖြစ်ပေါ် လာကြဒါပါကလားလို့ မကြာမကြာ ဆင်ခြင်လိုက်ရမယ်နော် (မှန်ပါဆင်ခြင်ရပါလိမ့် ဘုရား)

ခြောက်ဒွါရ ခြောက်ဌာနမှာ ရုပ်ကိစ္စ,နာမ်ကိစ္စတွေ ဖြစ်နေကြဒါကို ငါ့ကိစ္စ, သူ့ကိစ္စ, မဖြစ်စေနှင့် ရုပ် အမှုသွား နာမ်အမှုသွား ဖြစ်နေကြဒါကို ငါ့အမှုသွား သူ့အမှုသွား မဖြစ်စေနှင့် ရုပ်ကို မဆင်ခြင်မိတဲ့အခါ နာမ်ကို ဆင်ခြင် မိစေရမယ်၊ နာမ်ကို မဆင်ခြင်မိတဲ့အခါ ရုပ်ကို ဆင်ခြင်မိစေရမယ်၊ ဒီလိုသိ ဒီလိုမြင်• ဒီလိုဆင်ခြင်နိုင်မှသာ အပူကောင် အဖြစ်မှလွတ်၍ အအေးကောင်အဖြစ်သို့ ရောက်မှာ မဟုတ်လား (မှန်ပါ ဘုရား)

ကဲကဲ ဒါဖြင့် အပူကောင် အအေးကောင် ခွဲပြအုံးမယ် အကုန်လိုက်ကြ လိုက်ကြ။

## အပူကောင်နှင့် အအေးကောင်ခွဲပုံ ဆောင်ပုဒ်များ

၁။ မြင်းတုံး မြင်းဆဲ၊ ငါသူ့ခွဲ၊ ငရဲမီးလောင်၊ အပူကောင်။
မြင်းတုံး မြင်းဆဲ၊ နှာမ်ရုပ်ကွဲ၊ ငရဲမီးမလောင်၊ အအေးကောင်။

၂။ ကြွားတုံး ကြွားဆဲ၊ ငါသူ့ခွဲ၊ ငရဲမီးလောင်၊ အပူကောင်။
ကြွားတုံး ကြွားဆဲ၊ နာမ်,ရုပ်ကွဲ၊ ငရဲမီးမလောင်၊ အအေးကောင်။

၃။ နံ့တုံး နံ့ဆဲ၊ ငါသူ့ခွဲ၊ ငရဲမီးလောင်၊ အပူကောင်။
နံ့တုံး နံ့ဆဲ၊ နာမ်,ရုပ်ကွဲ၊ ငရဲမီးမလောင်၊ အအေးကောင်။

၄။ လျက်တုံး လျက်ဆဲ၊ ငါသူ့ခွဲ၊ ငရဲမီးလောင်၊ အပူကောင်။
လျက်တုံး လျက်ဆဲ၊ နာမ်,ရုပ်ကွဲ၊ ငရဲမီးမလောင်၊ အအေးကောင်။

၅။ ထိတုံး ထိဆဲ၊ ငါသူ့ခွဲ၊ ငရဲမီးလောင်၊ အပူကောင်။
ထိတုံး ထိဆဲ၊ နာမ်,ရုပ်ကွဲ၊ ငရဲမီးမလောင်၊ အအေးကောင်။

၆။ ကြိတုံး ကြိဆဲ၊ ငါသူတွဲ၊ ငရဲမီးလောင်၊
အပူကောင်။
ကြိတုံး ကြိဆဲ၊ နာမ်,ရုပ်ကွဲ၊ ငရဲမီးမလောင်၊
အအေးကောင်။

## တရားအဆုံးသတ်ရန်

ဣတော၊ ဤနေ့ ဤရက် ဤအချိန်ကာလ ဤအခါသမယမှ။ ပဋ္ဌာယ၊ နာခံမှတ်သားပွါးများရသမှု အစပြု၍။ တော၊ ထိုကလျာဏပုထုဇဉ် ရှင်သောတာပန် အဖြစ်သို့ စင်စစ် ဧကံ အမှန်ရောက်လို ဆန္ဒပိုသည့် ပုဂ္ဂိုလ် ခြားနား အသိအားဖြင့် နာကြားရောက်လာကြသော အများတကာ တရားနာတို့သည်။ ဆသု ဒွါရေသု၊ ခြောက်ပေါက်တံခါး ခြေပါးဒွါရ ခြောက်ဌာနတို့၌။ ဇုဆုံ၊ တဟုန်းဟုန်း တပြောင်ပြောင် အမြဲတောက်လောင်၍နေသော။ နိရိယဂ္ဂိံ၊ ငါမြင် ငါကြား, ငါနံ, ငါလျက်, ငါထိ, ငါကြံ, ငါ့ဟာမှန်ဟု အဖန်ဖန်ယူတွဲ အလွဲဘောက်ပြန် ဒိဋ္ဌိဆိုတဲ့ ငရဲမီးလျှံကြီးကို။ ဣမံ၊ ယခုသာသနာ လျှင်မြန်စွာ။ ဥပသမေန္တု၊ ဝိပဿနာ ဉာဏ်ထူး စန့်တကူးပမာ ရေဇလာဖြင့် တလေတခါ မဝေလာအောင် အသေအချာ ငြိမ်းသတ်ပြီးလျှင် အေးခြင်းကြီး အေးကြလေ၍ အအေးကောင်ထီး အအေးကောင်မကြီးတွေ ဖြစ်ကြပါစေကုန်သတည်း။

သာဓု—သာဓု—သာဓု

ပြီးပြီ

———○———

# ၇—နိုးလျက်နှင့်ဝေး တရားခွန်း

—— ၀ ——

ဓမ္မရာသိံ နံ ဒုက္ခန္တိ၊ ကိမိဝ သကာ မာသန္တိ။
သယံ ယထာ သစက္ခုန္နံ၊ တေနာသန္တောပိ နုရောဝ။

မဟာဇနာ၊ နိဗ္ဗာန်ကိုစိတ်မသန်ဘဲ ဗိမ္ဗာန်ရဲလို့ အထဲမပါ အကဲမှာ သူကတောင် သာပြန်သတဲ့ တထွာဉာဏ်အပါး ငါတမာန်ပွါးကြ ဘုန်လျက် တရားရှာသူ ရှင်လူအများ ဝွသမားတို့သည်။ သကံ–သကေန၊ မိမိနှင့်။ အာသန္တိ၊ စိတ်သန်ဖွ့တကယ်တွေးလိုက်ရင်ဖြင့် နိဗ္ဗာန်ဟာ တယ်မဝေးပါဘု အလွယ်ကလေး ခတ်ကမ္ဗဗ္ဗာန်းဉာဏ်နှင့် ဖြတ်လမ်းမှန်မှန် ခရီးဆလိုက်တော့ ပရမတ်နန်းစံ အပြီး ရစေနိုင်လို့မို့ အလွန့်အလွန် အလွန်ပင်နီးလှစွာသော။ ဓမ္မရာသိံ၊ ကံ,စိတ်, ဥတု,အာဟာရရုပ် လေးခုသမုဗ္ဗာန် ဇိမ်ခေါ် ဆို ငါကိုယ်ထင်မှု အတွင်းပြုခါ နေကြတဲ့ ပရမတ်အရု ခတ်အနုကလေးတွေကို။ နံ ဒုက္ခန္တိ၊ ဘာလား ညာလား ဝါမကြွားနှင့် ငါတကားကားခါ အထင်လွဲလို့မို့ မြင်ဘဲ မမြင်နိုင်ကြလေကုန်။ ဝါ၊ ဝေးမကြီး ခါးတိုးပြီး အားကြိုးခါ ရှာနေကြသလို ချာချာဝေ မတွေးသကြတော့ဘဲ ကြာကြာလေ ဝေးဝေးပြီး ရေးရေးကလေးမှ မမြင်ကြလေကုန်။ ကိမိဝ၊ ဥပမာပုံဆို အဘယ်လိုနည်း ဟူမူကား။ သ,စက္ခု၊ ကိုယ်ပိုင် ကိုယ်ဆိုင် ကိုယ်တိုင်လက်သုံး ကိုယ့်မျက်စိကြီး နှစ်လုံးကို။ သယံ၊ မိမိသည်။ နံ ဒုက္ခတိ ယထာ၊ ကြည့်ခြင်းတိုင်းကြည့်

ပေတော့ ကြည့်လေပင် ဝေးလို့ရို့ သိသိကလေးမျှ မမြင်ရသကဲ့သို့သာလျှင်တည်း။ တေန၊ ကိုယ့်မျက်စိပင် ကိုယ်ကြည့်လျှင်လည်း ကိုယ်မမြင်ရ ထို့တူပမာနကြောင့် သာလျှင်။ လောကော၊ စားကောင်း သောက်ကောင်း နိဗ္ဗာန်တောင်းလို့ အာညှောင်းရုံလျှင် မောဖတ်တင်သည့် အမြင်မှောက်မှား လူအများသည်။ ခမ္မေန၊ ပရမတ်မျက်စိ တချက်ကြည့်လျှင် အပျက်ထိ၍ ထက်သည့် ဥာဏ်ဓါး ရန်အများကို ဖယ်ရှားနိုင်ကြောင်း တရားတည်းဟူသော လက်နက်ကောင်းကြီးနှင့်။ ဝါ၊ မုံ့ညက်ဆင့်ခတ် ဝါဠမ်း ဖတ်သလိုမပြတ်မပြတ် အထပ်ထပ်လျှင် တပ်အပ်ထင်ထင် ကိုယ်၌တင်၍ ကိုယ်တွင်ရှုစား ကိုယ်ကျင့်တရားကြီးနှင့်။ အတိ အာသန္နေ၁ပိ၊ ကိုယ်မှ ထက်ကြပ် အပြီးကပ်လျက်ရို့ အလွန့်အလွန် အလွန်ပင် နီးစပ်၍ နေငြားပါသော်လည်း။ အတိ ဒူရေ၀၊ မျက်စိနှင့် နှာခေါင်းကလေး နီးလျက်နှင့် ဝေးကြသလို အရေးမဝင် ရှေးအမြင်အတိုင်း ကလေး အသွင်ရိုင်းရိုင်းပြီး ဝေးခြင်တိုင်း ဝေး၍ နေကြလေ၏တကား။ ဝါ၊ တရားပျောက်တော့ ကိုယ်မှာရှာ တရားရှာတော့ ကိုယ်မှာတွေ့ အလိုပြေ့ဘို့ ကိုယ်တွေ့ကြုံမည် ပုံသည်ပမာ အရှိသားပါကာလ ယုံကြည်စွာသတိမထားခဲ့မိလို့ရို့ ဂတ်မှားစရာခရိုးအဆက်ဆက် တွေးလိုက်ပြန်တော့ အသိသားအခါခါ မီးစနက် မွှေးမိဒါကြောင့် ဟော-တို့တတွေမှာနော် (နီးလျက်နဲ့ဝေး) ကြရလေတော့ သတည်း။

တကာ့ညွှန့်ရေ (ဘုရား) ယနေ့ညတော့ နိဗ္ဗာန် တရားတော်ကြီးနှင့် ခရီးမဝေးဘဲ အနီးကလေး ဖြစ်ပါလျက်နှင့်

နိုးသလောက်ပင် ခရီး အထောက် အဆက် ဝေးနေကြပုံကို အပုံ အလင် ပုံတင်၍ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှား အောင် ဟောရလိမ့်ထင်ပါလား (မှန်ပါ ဘုရား)

ငါတို့ ဗုဒ္ဓဘာသာ ဗမာလူမျိုးတွေဟာ စကားပြီ နား လယ် အချုပ်ကစ၍ ငယ်ငယ် ကြီးကြီး ထိုးထိုးမမ ပုပု ခချ မှ မကျန် ဆိုဒါလို တောင်းလိုက်ကြတဲ့ နိဗ္ဗာန် ပွက်ပွက်ကို ညဲ့လို့ ရများ ရကြလေပလား မပြောတတ်ပါဘူး အရပ် ထဲ ရောက်ပြီး ရကြပလား မရကြသေးဘူးလား မေးစမ်း ရင် ဘယ်လိုများပြောကြလိမ့်မှန်းနော် (မှန်ပါ တောင်းရင် ရတတ်တယ် ပြောကြမှာပေါ့ ဘုရား)

ကဲ သူများထားပါအုံး တကာညွှန့်ကော ရပလား မရ သေးဘူးလား (မှန်ပါ ရ,မရ မသိသေးပေါင် ဘုရား)

အို အသက် ဘယ်လောက်ရှိပလဲ (လေးဆယ်ကျော် ငါးဆယ်အတွင်းပါ ဘုရား)

ဟင်-အုံ့ဩတယ် ခုထက်ထိ မသိသေးဘူးလေ အနို့ ရဒါ မရဒါ ကိုယ့်ဟာကိုမှ မသိရင် ဘယ်လှည်းသမားက ဝင်သိပေးအုံးမှာလဲ ခက်သကိုး (မှန်ပါ ဒီလို ခက်ခက် နေရ တော့ဒါပါပဲ ဘုရား)

ဒါဖြင့် တကာညွှန့်တို့ တောင်းကြတဲ့ နိဗ္ဗာန်ဟာ ရှေး က အဘွားကြီးတောင်းတဲ့ နိဗ္ဗာန်မျိုးလို ဖြစ်နေထင်ပါရဲ့ (မှန်ပါ အဘွားကြီး တောင်းတဲ့နိဗ္ဗာန် အမိန့်ရှိပါအုံးဘုရား)

မြေးကလေးက အဘွားကြီးကို နိဗ္ဗာန် မေးသတဲ့။

မေး။ အမေကြီးရယ် အမေကြီးဟာ နိဗ္ဗာန် ကိုယ်တိုင် ကိုယ်ကြွပ် ရောက်ရပါလို၏။ နိဗ္ဗာန် ကိုယ်တိုင် ကိုယ်ကြွပ် ရောက်ရပါလို၏လို့ ဆိုဆိုပြီး တောင်းလိုက်ထာ အဲဒီနိဗ္ဗာန် ဆိုဒါ ဘယ်လိုများ နေပါသလဲ အမေကြီးရယ်။

ဖြေ။ ဟဲ့–နိဗ္ဗာန် ဆိုဒါငါ့အရသောက်တဲ့ ဆေးလိပ်က မီးခိုးကလေးတွေ လွင့်ပါး ပျောက်ပျက်သွားဒါလိုဘဲ။

မေး။ မီးခိုးလို လွင့်ပါးပျောက်ပျက်သွားဒါဖြင့် အမယ်လေး အမေကြီးနိဗ္ဗာန်က ကြောက်စရာကြီးပါလား။

ဖြေ။ ဟဲင်–သူများတောင်းလို့သာ တောင်းရ ငါလဲ ခတ်ကြောက်ကြောက်ဘဲဟဲ့။

အဲဒါလို တကာညွှန့်တို့လဲ သူများ တောင်းလို့သာ တောင်းရ ခတ်ကြောက်ကြောက်ထဲကဘဲထင်ပါရဲ့(မှန်ပါ ခတ်ကြောက်ကြောက်ထဲ ရောက်နေ ထင်ပါ ဘုရား)

ခတ်ကြောက်ကြောက်ရှိမှာပေါ့ လောကီကုသိုလ်ဉာဏ်ကလေးက တလွှာလောက်ရှိဒါကိုး ဒီတလွှာလောက် အဟုန်ကလေးကြောင့် သုံးဆဲ့တဘုံ ငှဆုံကို ရရပြီး ငကျူ့ငကျူ ပြန်ခဲ့ကြရဒါ သံသရာမှာ ငပါးပုါး ငကြွားကြွား ငသမားကြီးတွေ ဖြစ်နေကြမဟုတ်လား (မှန်ပါ ငသမားတွေ ဖြစ်နေကြရပါ ဘုရား)

ငါကလေးကို ၎င်းတုတ်ထားပြီး တခြားမှာ တရေးရှာနေရင် ဘယ်ခါမှ နိဗ္ဗာန် မရဟု တထစ်ချ မှတ်လေ။

ရှေးအခါကာလ ခါသမယကာ ရောဟိတဿ အမည်ရှိသော ရသေ့ရဟန်းပျိုကြီး တယောက်ဟာ လောက၏ ဆုံးရာသို့ အလွန်ရောက်ခြင်လွန်းလို့ မိမိအဘိညာဉ် တန်ခိုးဖြင့် တဟုန်ထိုး ဈာန်ယာဉ်စီးပြီး ကောင်းကင် ခရီးက သွားသတဲ့။

အဘိညာဉ်တန်ခိုးကလဲ ဘက်လောက် မြန်သလဲ ဆိုတော့ ထန်းပင်ရိပ်တခုကို မြားဖြတ်၍ ပြေးသလောက်ကြာလျှင် ယူဇနာ တသန်း နှစ်သိန်း သုံးထောင် လေးရာ ငါးဆယ် အသျှား အနံ့ကျယ်သော စကြဝဠာကြီးတခုကို ထုတ်ခြင်း လျှိုပေါက် အဆုံးသို့ ရောက်အောင် ပြေးသွားနိုင်သတဲ့။

ထို ရောဟိတဿ ရဟန်းပျို ယောက်ျားသည် မနေ မနားဘဲ အားကုန်ခွဲခါ အနှစ်တရာကာလပတ်လုံး ပြေးသွားငြားသော်လဲ လေးကျွန်းတမြင့်မိုရ်၊ လေးကျွန်းတမြင့်မိုရ် ထိုထိုစကြဝဠာ အဆုံးသို့ မရောက် မတွေ့ခဲ့ဘဲ မိမိအသက်တမ်းစေ့၍ လမ်းခရီးအကြားတွင် အသက်သေပြီး ဗြဟ္မာ့ပြည်သို့ ရောက်လေသတဲ့။

ယခု ငါဘုရား မြတ်စွာဘုရားလက်ထက်တော်ရောက်တဲ့အခါ ရောဟိတဿ နတ်သားဖြစ်၍ လောက၏ ဆုံးရာဌာနသို့ ရောက်နိုင် မရောက်နိုင် မေးလျှောက်သော အခါ သခ်ါရ

လောကဏ်၏ ဆုံးရာ နိဗ္ဗာန်ကိုရှာ၍ သေချာစွာ ပြတော်မူလိုသော မြတ်စွာဘုရားသည်။

အပိစ ခွါဟံ အာဝုသော ဣမသ္မိံ ယေဝ ဗျာမ မတ္တေ ကဠေဝရေ သသညိမှိ သမနကေ လော်ကဉ္စ ပညပေမိ၊ လောက သမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓ ဂါမိ ဉ္စ ပဋိပဒန္တိ။ ဟု ဟောတော်မူသည်။

အာဝုသော၊ လောကဏ်၏ဆုံးရာ နိဗ္ဗာန်ကိုရှာသော ငါ၏ ချစ်သား ရောဟိတဿနတ်သား။ အပိစ၊ လောကိ ယာဉ် ရထား မဆိုထားဘိ ပဏ္ဍိ အချုန် ဗျာန် အဘိညာဉ် တန်ခိုး အမျိုးမျိုး အစားစားနှင့် ဘယ်လို သွားသွား ထိုသို့ပင် မရောက်နိုင်ငြားသော်လည်း။ ဗျာမမတ္တေ၊ အနည်းငယ်မျှ မပြောပလောက်သည့် တလန်မျှလောက်သော။ သသညိမှိ၊ သညာနှင့်တကွသော။ သ မနကေ၊ စိတ်နှင့်တကွဖြစ်သော။ ဣမသ္မိံ ယေဝ ကဠေဝရေ၊ မျက်မြင်ကြောင်တောင် ဤကိုယ်ကောင်၌သာလျှင်။ လောကဉ္စ၊ သင်္ခါရလောက ဟု ဆိုအပ်သော ဒုက္ခသစ္စာ တရားကြီးကိုရင်း။ လောက သမုဒယဉ္စ၊ သင်္ခါရလောက ဟု ဆိုအပ်သော ဒုက္ခသစ္စာ၏ အကြောင်းဖြစ်သော သမုဒယသစ္စာ တရားကြီးကိုရင်း၊ လောကနိရောဓဉ္စ၊ သင်္ခါရလောက ဟု ဆိုအပ်သော ဒုက္ခသစ္စာ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန် ဟု ဆိုအပ်သော နိရောဓသစ္စာ တရားကြီးကိုရင်း၊ လောကနိရောဓဂါမိနိဉ္စ ပဋိပဒံ၊ သင်္ခါရလောက ဟု ဆိုအပ်သော ဒုက္ခသစ္စာ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့် ဟု ဆိုအပ်သော မဂ္ဂသစ္စာ တရားကြီးကို

၎င်း။ အဟံ၊ ငါဘုရားသည်။ ပညပေမိ၊ ပိုင်းခြားသတ်မှတ် ဟောကြား ပညတ်တော်မူပေ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ ရောဟိတဿ နတ်သားအား လေးပါးသစ္စာ ကိုယ်၌သာယူ မိန့်တော်မူ၏။

**ဤပါဠိတော်၏ အဓိပ္ပါယ်ကား၊** ရုပ်,နာမ် ဟု ဆိုအပ်သော ဒုက္ခသစ္စာကို၎င်း။ လောဘ ဟု ဆိုအပ်သော သမုဒယ သစ္စာကို၎င်း၊ နိဗ္ဗာန် ဟု ဆိုအပ်သော နိရောဓသစ္စာ သစ္စာကို၎င်း၊ မဂ္ဂင် ရှစ်ပါး ဟု ဆိုအပ်သော မဂ္ဂသစ္စာကို ၎င်း၊ ဤ သစ္စာလေးပါး မြတ်တရားကို တလန်မျှလောက်ပင် မျက်မြင်ကြောင်တောင် ဤကိုယ်ကောင်၌ သာလျှင် မတွေ့ တွေ့အောင် ရှာရမည် ဟူလို။

## နိဗ္ဗာန်ဆိုဒါ ခရီးမဝေးဘူး အနီးကလေး

မသိဒါမှန်သမှ ရုပ်ဒုက္ခသစ္စာ၊ သိဒါမှန်သမျှ နာမ်ဒုက္ခ သစ္စာ အဲဒီ ရုပ်,နာမ် ဒုက္ခသစ္စာတရားဟာ ဘယ်မှာလဲ တကာညွှန့်ရ (မျက်မြင်ကြောင်တောင် ဤကိုယ်ကောင် မှာပါ ဘုရား)

သာယာသမျှ နှစ်သက်သမျှ ခင်မင်သမျှ တွယ်တာသမျှ လောဘ သမုဒယသစ္စာ၊ အဲဒီ လောဘသမုဒယသစ္စာကော ဘယ်မှာလဲ (မျက်မြင်ကြောင်တောင် ဤကိုယ်ကောင်မှာပါ ဘုရား) “**ဤကား လောကီသစ္စာနှစ်ပါးတည်း**”

သမုဒယသစ္စာ ချုပ်ငြိမ်း ရုပ်သိမ်း၍ အငြိမ်းကြီး ငြိမ်း ဒါ အအေးကြီး အေးဒါ နိဗ္ဗာန် ဟု ဆိုအပ်သော နိရောဓ

သစ္စာ၊ အဲဒီ နိဗ္ဗာန် နိရောဓသစ္စာကော ဘယ်မှာလဲ (မျက်မြင် ကြောင်တောင် ဤကိုယ်ကောင်မှာပါ ဘုရား)

ထို နိဗ္ဗာန် သို့ ရောက်ကြောင်းအရ ပွါးများမှု ဟု ဆိုအပ်သော မဂ္ဂင်ရှစ်ပါးက မဂ္ဂသစ္စာ၊ အဲဒီ မဂ္ဂသစ္စာကကောဘယ် မှာလဲ ( မျက်မြင် ကြောင်တောင် ဤကိုယ်ကောင် မှာပါ ဘုရား။

ဒါဖြင့် နိဗ္ဗာန်ဆိုဒါ မသိရင်ခရီးဝေး သိရင်အနီးကလေး ပေါ့ တကာညွှန့်ရ (မှန်ပါ မသိရင် ခရီးဝေး သိရင် အနီးက လေးပါ ဘုရား) "**ဤကာ၌ လောကုတ္တရာသစ္စာ နှစ်ပါး တည်း**"

ဒါ့ကြောင့် သန္တိလက္ခဏာရှိသော အမြိုက်ပရမတ်နိဗ္ဗာန် ဓာတ်ကြီးဟာ မျက်မြင်ကြောင်တောင် ဤ ကိုယ်ကောင်ကို အာရုံ၏ အဖြစ်ဖြင့် အမှီသဟဲ အငွဲပြုပြီး ဖြစ်ရသောကြောင့် ဂေါစရဇ္ဈတ္တ အမည်ရကြောင်းကို ကောင်းကောင်းကြီးဖွင့် ဆိုတော် မူထားဒါ မူလဋီကာကြီးမှာလဲ အထင်အရှားဘဲ ရှိတယ် တကာညွှန့်ရ (မှန်ပါ ဘုရား)

အဲဒါလို နိဗ္ဗာန် တရားတော်ကြီးဟာ အလွန်နီးနေပါ လျက်နှင့် ဆရာသမားထံ ကျကျနန နည်းမခံဘဲ သွားလိုက် ကြဒါ တောထဲ တောင်ထဲ တော်တော်ကြာ မံချိုတယ်နှင့် ကျောက်ပူမီပြီးသာ ပြန်ခဲ့ရ ဘာတခုမှလဲ နေရာမကျခဲ့။

တချို့ကလဲ ထိုင်လိုက်ရတဲ့ သမထ ဂူထဲ လိုဏ်ထဲ နူလာ သာစွဲပြန်ခဲ့ရ ဘာတခုမှ နေရာမကျခဲ့၊

တချို့ကလဲ စိတ်ထဲမှာ ဘယ်လိုနိမိတ် အာရုံတွေကို ထင်မြင်လာတယ် မသိဘူး ကမ္မဋ္ဌာန ဝိပ္ပလ္လာသဖြစ်နေ၍ ရူးနှမ်းကြီး ရင့်ရင့်နှင့် ဘယ်ဗိုင်းမှ မဝင်တော့ဘဲ ဘဝင်မြင့်သူ မြင့်နေကြ၏။

တချို့ကလဲကမ္မဋ္ဌာန်းထိုင်တော့မယ်လုပ်မှ အသုဘရဲ့လွမ်းသလိုလို ဘာလိုလိုနှင့် ခတ်ရှိုရှိုကလေး ပြန်ခဲ့ရသူကလဲတမျိုး။

တချို့ကလဲ ရှေးဦးစွာ စိတ်ထဲမှာ ဘာတွေပေါ် လာသလဲ ဆိုတော့ ကမ္မဋ္ဌာန်းထိုင်လိုက် ထိုင်လိုက်ခြင်း ငယ်ကျိုးငယ်နာတွေ ပေါ် လာဒါနဲ့ အသာထပြန်ခဲ့ရသူကလဲ ပြန်ခဲ့ရ၏

သြ-တလောကလုံး တရားရှာနေကြဒါ ဝါးမကြီး ခါးထိုးပြီး ရှာနေတဲ့ အဖိုးအိုကြီးနှင့် မတူဘူးလား တကာညွှန့်ရ (မှန်ပါ ဝါးမကြီး ခါးထိုး ရှာနေသလိုပါ ဘုရား)

ဝါးမကြီး ကိုယ့်ခါးကိုထိုးပြီး ရှာနေမှဖြင့်လဲ့ ကြာလေဝေးဘို့ဘဲ မဟုတ်လား (မှန်ပါ ကြာလေ ဝေးတော့ဒါပါဘဲဘုရား)

တရားဘော်ကြီးကလဲ နိဗ်လိုက်ထာ ကပ်လို့ ဘယ်လောက် နီးပါသလဲဆိုဒါ ပြောတောင် မဖြစ်လောက်အောင်ဘဲ ဘယ်ပြောဖြစ်မလဲ ကိုယ်ခဲ ကိုယ်တုံး ကိုယ်သယ်ကြီးလုပ်သားဒါကိုက တရားခဲ တရားတုံး တရားထယ်ကြီးဖြစ်နေဒါကိုး သည်တော့ ဘယ်လောက် ဝေးပါတယ်လို့လဲ ပြောမဖြစ်ဘူး နီးသလောက်ဘဲ ဝေးတယ်လို့ ပြောဘို့ဘဲ

မဟုတ်လား (မှန်ပါ နီးသလောက်ဘဲ ဝေးတယ်လို့ ပြောရမှာပါဘဲ ဘုရား)

ဥပမာ ကိုယ့်မျက်စိဟာ ကိုယ်နဲ့ ဘယ့်လောက် နီးသလဲ သို့ပေမဲ့ ကိုယ့်မျက်လုံး ကိုယ့်မျက်ခွံကို ကိုယ်ကြည့်လို့ မမြင်ရသလိုပေါ့ အလွန်နီးကပ်နေတဲ့ ကိုယ့်မျက်လုံးကို ကိုယ့်မျက်စိနှင့် ကိုယ့်ဟာကို ကြည့်လို့များ မြင်ရပါ့မလား တကာညွှန့်ရ (မှန်ပါ မမြင်ရပါ ဘုရား)

ကဲ-ကိုယ့်မျက်စိကို မြင်ဘို့ ဘယ့်လောက် ခဲရင်းသလဲ ကိုယ့်မျက်စိကို မြင်ခြင်လျှင် မှန်နှင့် ထောင်ကြည့်လိုက်တန်းခနဲ မြင်ရဗျော ဟော, မှန်ထောင် ကြည့်လိုက်တော့ ကိုယ့်မျက်စိကို မြင်ဘို့ ဘယ့်လောက် လွယ်လိုက်သလဲ (မှန်ပါ မြင်ရခြင်တော့လဲ အလွယ်ပါ ဘုရား)

တနည်း ကိုယ့်မျက်စိနှင့် ကိုယ့်နားရွက်ကလေးဟာ အခနီးကလေးကပ်လို့ပေါ့ သို့ပေမဲ့ လှဲ့လှဲ့ကြည့်နေရင် ချာချာလယ်ပြီး မူးထိုးလဲ သေရင်သာသေမယ် ကိုယ့်နားရွက်ကို ကိုယ့်မျက်စိကဖြင့် ဒီလိုကြည့်နေရုံနဲ့တော့ မမြင်ရဘူးနော် (မှန်ပါ မမြင်ရပါ ဘုရား)

ခုတင်ကလို မှန်နှင့်ထောင်ပြီး ကြည့်လိုက်တော့ကော ကြောင်ကြောင်ကြီး မမြင်ရပေဘူးလား (မှန်ပါ ကြောင်ကြောင် မြင်ရပါ ဘုရား)

အေး......နိဗ္ဗာန်တရားတော်ကြီး ဆိုဒါလဲ သည်အတိုင်းဘဲ မံသမျက်စိ ကိုယ့်ပကတိ အသိကလေးနှင့်သာ ရှာက်

ကြည့် ဖျောက်ရှာနေ သေရင်သာသေ ကြာလေ ဝေးလေ မမြင် မတွေ့လေ။ ရုပ်,နာမ် ဒုက္ခသစ္စာကိုမြင်အောင် ဝိပဿနာ ဉာဏ်မှန်နှင့် ထောင်ကြည့်တတ်မှ မျက်မြင် ကြောင် တောင် ဤကိုယ်ကောင်မှာ အလင်းရောင်ရောက် အမှောင် ပျောက်သကဲ့သို့ မဘောက်မပြန် လေးကိစ္စမှန်ပြီး မြန်မြန် ကြီး တွေ့ရ မြင်ရပါရော တကာ့ညွှန့်များ (မှန်ပါ ဘုရား)

ထို နိဗ္ဗာန်တရားတော်ကြီးကို ငါကလေးက တားဆီး ထားလို့ မတွေ့ရဒါ မဟုတ်လား (မှန်ပါ နိဗ္ဗာန်တရားကြီး ငါကလေးက တားဆီးထားပါ ဘုရား)

နိဗ္ဗာန် တရားတော်ကြီးကို ငါကလေးက ကာကွယ်ထား လို့ မမြင်ရဒါမဟုတ်လား (မှန်ပါ ငါကလေးတခုက ကာ ကွယ်ထားပါ ဘုရား)

နိဗ္ဗာန်တရားကြီးနှင့် ငါကလေး တလုံးထဲ ခြားနေတယ် မဟုတ်လား (မှန်ပါ နိဗ္ဗာန်ဘုရား ငါတလုံးသာ ခြားနေပါ ဘုရား)

ဒီ—ငါကလေးတခုကို ဖယ်ရှား ကြည့်လိုက်ရင် နိဗ္ဗာန် ကို ဘွားခနဲ မမြင်ပေဘူးလား (မှန်ပါ မြင်ရမှာပါ ဘုရား)

ငါဆိုဒါ တခြားမဟုတ်ဘူး ရုပ်တရား,နာမ်တရား နှစ် ပါးအပေါ်မှာ မဟုတ် မတရား စွဲဆိုယူမှား ကပ်ညိနေတဲ့ သက္ကာယဒိဋ္ဌိကို ဆိုလိုတယ်။ ကဲ-သက္ကာယဒိဋ္ဌိ၏ အဓိပ္ပါယ် ကို ခပ်တိုတို ပြောပြမယ် နားထောင် နားထောင်။

သန္တော ကာယော သက္ကာယော၊
သက္ကာယေ ပဝတ္တာ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။

သန္တော၊ ထင်ရှားရှိသော။ ကာယော၊ ရုပ်အပေါင်း, နာမ်အပေါင်း, ရုပ်ကိုယ်, နာမ်ကိုယ်တည်း။ သက္ကာယော၊ ထင်ရှားရှိသော ရုပ်အပေါင်း, နာမ်အပေါင်း, ရုပ်ကိုယ်, နာမ်ကိုယ် **အရကား** ခန္ဓာ ငါးပါး ရုပ်, နာမ် နှစ်ပါး ရ၏။

သက္ကာယေ၊ ထင်ရှားရှိသော ရုပ်အပေါင်း, နာမ်အပေါင်း ရုပ်ကိုယ်, နာမ်ကိုယ်၌။ ပဝတ္တာ၊ ဖြစ်သော။ ဒိဋ္ဌိ၊ မှားသော အယူတည်း၊ သက္ကာယဒိဋ္ဌိ၊ ထင်ရှားရှိသော ရုပ်အပေါင်း နာမ်အပေါင်း, ရုပ်ကိုယ်, နာမ်ကိုယ်၌ဖြစ်သော မှားသော အယူ။ **အရကား** ဒိဋ္ဌိ စေတသိက် ရ၏။

**အဓိပ္ပါယ်ကား......** စွဲဆိုအပ်သော ရုပ်အပေါင်း, နာမ်အပေါင်း, ရုပ်ကိုယ်, နာမ်ကိုယ် ကား ထင်ရှားရှိ၏။ စွဲဆိုတတ်သော ဒိဋ္ဌိစေတသိက်လည်း ထင်ရှားရှိ၏။ မိမိယူသော ငါ ငါ၏ဥစ္စာ စသော အခြင်းအရာကား ထင်ရှားမရှိချေ၊ ဤကား...... အဋ္ဌကထာ ဋီကာလာ ဝိဂြိုဟ်နှင့်တကွ အဓိပ္ပါယ် ပြတည်း။

**မေး၊** သက္ကာယဒိဋ္ဌိသည် ရှိဒါကို စွဲသလား၊ မရှိဒါကို စွဲသလား။

**ဖြေ၊** ရှိသောတရားကို ရှိသောတရားက မရှိသောအခြင်းအရာအားဖြင့် စွဲလေသည်။

## ဝိဂြိုဟ် တနည်းသော်ကား

သန္တော ကာယောတိ ပဝတ္တာ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။

ကာယော၊ ငါ-ငါ၏ကိုယ်သည်။ သန္တော၊ ထင်ရှား ဧကန် အမှန်ရှိ၏။ ဣတိ၊ ဤသို့။ ပဝတ္တာ၊ မဟုတ်ဘဲနှင့် လွဲလွဲ ချော်ချော် ဖြစ်ပေါ်သော။ ဒိဋ္ဌိ၊ အယူလွဲ အယူမှား အယူမတရားကြီးတည်း။ သက္ကာယဒိဋ္ဌိ၊ ငါ-ငါ၏ကိုယ်သည် ထင်ရှား ဧကန် အမှန်ရှိ၏ဟု ၊မဟုတ်ဘဲနှင့် လွဲလွဲချော်ချော် ဖြစ်ပေါ်သော အယူလွဲ အယူမှား အယူမတရားကြီး။

**အဓိပ္ပါယ်ကား**….စွဲဆိုအပ်သောကိုယ်သည်သက်သက် မရှိ ဘိက်မရှိ အလျှင်းမရှိချေ။ ဤကား ပိဋကတ္တယပါရဂူ ဖြစ်တော်မူကြသော ရှေးရှေးသော သဒ္ဒါကျမ်းတတ် ဆရာ မြတ်ကြီးတို့ မိန့်ဆိုတော်မူကြသော ဝိဂြိုဟ်နှင့်တကွ အဓိပ္ပါယ်ပြတည်း။

**မေး**။ သက္ကာယဒိဋ္ဌိဆိုဒါ ရှိဒါကို စွဲသလား မရှိဒါကို စွဲသလား။

**ဖြေ**။ သက်သက်မရှိ ဘိတ်မရှိ အလျှင်းမရှိဒါကို စွဲဆိုလေသည်။

ပဌမဝိဂြိုဟ်အရ ကာယသဒ္ဒါသည် ထင်ရှားရှိသော ရုပ်အပေါင်း, နာမ်အပေါင်း, ရုပ်ကိုယ်, နာမ်ကိုယ်,ကို ဟော၏။ ဒုတိယဝိဂြိုဟ်အရ ကာယသဒ္ဒါသည် တိတ္ထိတို့ ကြံဆအပ်သော ထင်ရှားမရှိသော ကိုယ်ကို ဟော၏။

စင်စစ်မှာ ထင်ရှားရှိသော ရုပ်,နာမ်ကို အမှီပြု၍ သူစွဲဆိုသော အခြင်းအရာကား ထင်ရှားမရှိဟု မှုလဋီကာမှာ ဖွင့်ဆိုသောကြောင့် ဈေဝိဂ္ဂဟာ နောက်ဝိဂ္ဂဟာ နှစ်ခုလုံးမှာ အညာပတ္တိနည်းအားဖြင့် အနက် အဓိပ္ပါယ် အရောက်မှု အတူတူပင် ဖြစ်တော့သည်။

**စုစုချုပ် အဓိပ္ပါယ်ကား** ... အဋ္ဌကထာ,ဋီကာ ဆရာတို့ မိန့်ဆိုအပ်သော ကာယသဒ္ဒါပြ ကိုယ်အရသည် ထင်ရှားရှိသော ရုပ်ကိုယ်,နာမ်ကိုယ်, ဝါ ပရမတ်ကိုယ်, အမျှားထင်မှား နေကြသော ကိုယ်ကား ထင်ရှား မရှိသော အပေါင်းအရ သဏ္ဍာန် အခြင်းအရာနှင့် ထင်ရသောကိုယ်၊ ဝါ-သက္ကာယဒိဋ္ဌိ အစွဲ ညီရုံမျှသော ပညတ်ကိုယ် နှစ်မျိုး ရှိ၏ဟုမှတ်။

ထို့ကြောင့် ကိုယ်ကို ရေးသားကြသောအခါ ယ,သတ်၍ ရေးသော ကိုယ်သည် ထင်ရှားရှိသောကိုယ်-ထင်ရှားမရှိသောကိုယ် ဟု နှစ်မျိုးမှတ်။

ကံအရာ၌ ဝ,ကိုဖြုတ်၍ ကိုဟု သုံးစွဲရာ၌လည်း ဥပမာ "စက္ခုနာ ရူပံ ပဿတိ" အဆင်းကို မျက်စိဖြင့်မြင်၏ဟု အနက်ရ၏။ အဆင်းကို ဟူသော ဝ,ဖြုတ်ထားသော ကံပုဒ်အရ ကိုသည် ထင်ရှားရှိ၏။ "ဘတ္တံ ဘုဉ္ဇတိ" ထမင်းကို စား၏ဟု အနက်ရ၏။ ထမင်းကို, ဟူသော ဝ, ဖြုတ်ထားသော ကံပုဒ်အရ ကိုသည် ထင်ရှားမရှိ၊ ဤသို့ ဝ,သတ်ကိုလည်း ထင်ရှားရှိသော ဝ,သတ် ကိုဝ်၊ ထင်ရှား မရှိသော ဝ,သတ်ကိုဝ် နှစ်မျိုး ဟုမှတ်။

ထိုကဲ့သို့ အဥ္စကထာ, ဋီကာတို့ဆိုသော ကိုယ်၏ သဘော သဘာဝနှင့် တကွ လောကမှာ အခေါင်းကြီးအစည်းကြီး အနေနှင့် ထင်မြင်နေကြသော ကိုယ်ကို မိမိဉာဏ် ဝင်မကြည့်နိုင်ကြ၍ ကာယသဒ္ဒါဟော ရုပ်ကိုယ်, နာမ်ကိုယ်ကလေး တဖက်သတ်ကြည့်ပြီး လယ်တီ ဆရာတော်ကြီးက "အနတ္တာ-ကိုယ်မဟုတ်ကုန်"ဟု အနက်ပေးဒါ ရုပ်ကိုယ်, နာမ်ကိုယ်ကို မဟုတ်ဘူး မရှိဘူး ဆိုရက် မနေပေဘူးလားလို့ ဉာဏ်ပါမွှားကလေးနှင့် ပြောခြင်ကြသေး တချို့က။

သူထင်နေတဲ့ အခေါင်းသဏ္ဍာန် ကိုယ်မျိုးလဲ မဟုတ်ဘဲနှင့် ကာယသဒ္ဒါ ရုပ်ကိုယ်,နာမ်ကိုယ်ကို ဆိုထားပါလျက်နှင့် ကြောင်ပနဲ့က ငါမရှိ,ကိုယ်မရှိဆိုဒါဟုတ်နိုင်ပမလား ရုပ်ကိုယ်, နာမ်ကိုယ်တွေကို ပယ်ရက်များ နေကြလေလားဟု သဒ္ဒါဉာဏ်နီကလေး ရောင်ဝါးနှင့် အထင်မှားပြီး တချို့က ပြောကြသေး။

ဤအရာ ပြယုဂ်အမျိုးမျိုးကို ထုတ်ပြော နေလျှင်
ဆုံးသဘော ရောက်တော့မည် မဟုတ်ပေ။

ဤကဲ့သို့ ယ,သတ် ဝ,သတ် ကိုယ်နှစ်ရပ်ကို လိုအပ် မလိုအပ် မသိတတ်၍ အမှတ်လွဲချော်ပြီး ဆင်ဝင်ကတော်ကြောင့် ကျကြီးသော်လဲ သူ့ (လွ^း)သူ လွတ်အောင်ကျော်ဇောတ်မှု လိမ့်မည်ဟု တွ°၊ သင်တကာညွှန့်သည်။ ဂဏာယိ၊ မှတ်လေလော။

အေး..... သဏ္ဍာယဒိဋ္ဌိဆိုဒါ မဟုတ်မမှန်သည်ကို ဟုတ်

မှန်သော အခြင်းအရာ ကလေးနှင့် လုပ်ကြံပြီး စွဲဆို တတ်တယ်လို့ တထစ်ချ မှတ်ရမယ်နော် (မှန်ပါ ဘုရား)

ထိုသက္ကာယဒိဋ္ဌိ အယုတ်ကို အကျယ် ထုတ်လိုက်တော့ နှစ်ဆယ်သချာ် ရှိပြန်တယ် တကာဉ္စနံ့ရ (မှန်ပါ ဘုရား)

သက္ကာယဒိဋ္ဌိ နှစ်ဆယ်အရ မှတ်လွယ်အောင် တိုတိုပြောကြစို့။

၁။ ရုပ်ထဲမှာ ကိုယ်ရှိတယ်၊ ကိုယ်ထဲမှာ ရုပ်ရှိတယ်၊ ကိုယ်နှင့်ရုပ် အတူတူ၊ ကိုယ်နှင့် ရုပ်နှင့် တခြားစီ။
၂။ ဝေဒနာထဲမှာ ကိုယ်ရှိတယ်၊ ကိုယ်ထဲမှာ ဝေဒနာ ရှိတယ်၊ ကိုယ်နှင့် ဝေဒနာနှင့် အတူတူ၊ ကိုယ်နှင့်ဝေဒနာနှင့် တခြားစီ။
၃။ သညာထဲမှာ ကိုယ်ရှိတယ်၊ ကိုယ်ထဲမှာ သညာ ရှိတယ်၊ ကိုယ်နှင့် သညာနှင့် အတူတူ၊ ကိုယ်နှင့် သညာနှင့် တခြားစီ။
၄။ သင်္ခါရထဲမှာ ကိုယ်ရှိတယ်၊ ကိုယ်ထဲမှာ သင်္ခါရ ရှိတယ်၊ ကိုယ်နှင့် သင်္ခါရနှင့် အတူတူ၊ ကိုယ်နှင့် သင်္ခါရနှင့် တခြားစီ။
၅။ ဝိညာဉ်ထဲမှာ ကိုယ်ရှိတယ်၊ ကိုယ်ထဲမှာ ဝိညာဉ် ရှိတယ်၊ ကိုယ်နှင့်ဝိညာဉ်နှင့်အတူတူ၊ ကိုယ်နှင့်ဝိညာဉ် နှင့် တခြားစီ။

ဒါဒိလို ခန္ဓာငါးပါးတို့၌ တပါး တပါးလျှင် လေးချက် လေးချက်စီ စွဲချက်ထင်သောကြောင့် ပေါင်း သက္ကာယဒိဋ္ဌိ

အကျယ် နှစ်ဆယ် ပွါးလာပြန်တယ် မဟုတ်လား (မှန်ပါ သက္ကာယဒိဋ္ဌိနှစ်ဆယ်ရှိပါ ဘုရား)

ထို သက္ကာယဒိဋ္ဌိ နှစ်ဆယ်ဟာ နှယ်နှယ်မမှတ်နှင့်နော် အပါယ်လေးရပ်သို့ ခြေးကပ် ကျရောက်အောင် ပို့ဆောင် နေဒါ လက်သယ်ကိုရှာလိုက်တော့ ဒိကိုယ်တော်ကျော့တွေ့ ဘဲ မဟုတ်လား (မှန်ပါ သူတို့ပါဘဲ ဘုရား)

ဒါ့ကြောင့်လဲ အဂ္ဂိုဏ္ဍိုရ်အဋ္ဌကထာမှာ ဖွင့်ဆိုတော်မူ ပေဒါဘဲ။

ယထာ ဟိ မုဂ္ဂမာသပ္ပမာဏာပိ ပါသာဏာ သက္ခ ရာ ဥဒကေ ပတိတေ ဥပရိ ပိလာ မာနာ နာမနတ္ထိ ဧကေန္တံ ဟေဋ္ဌာဝ ပဝိသန္တိ၊ ဧဝမေဝ အန္တမသော သက္ကာယဒိဋ္ဌိပိ သဂ္ဂံ ဥပနေတုံ သမတ္ထာ နာမ နတ္ထိ၊ ဧကန္တံ အပါယေသု ယေဝ နိမုဇ္ဇာပယတိတိ။

## ထိုပါဠိ၏ အနက်ကား

ဟိ၊ သက္ကာယဒိဋ္ဌိ နှစ်ဆယ်က အပါယ်ချရာ ဥပမာ ဆောင်၍ ထင်ရှားအောင်ပြဦးအံ့၊ မုဂ္ဂမာသပ္ပမာဏာပိ၊ မ ပြောပဲလောက် ငယ်စွာ့ခေါက်ဆုံး ပဲနောက်လုံးပမာဏ အ တိုင်းအရှည် ရှိကြသည်လည်း ဖြစ်ကုန်သော။ ပါသာဏာ သက္ခရာ၊ ကျောက်ခဲ ကျောက်နှစ် ကျောက်စရစ် တို့သည်။ ဥဒကေ၊ ရေ၌။ ပတိတေ၊ ညင်ညင်သာသာ ထင်စွာသတ် မှတ် ပြစ်ချအပ်ကုန်သည်ရှိသော်၊ ဥပရိ ပိလာ မာနာနာမ၊ အထက်သို့ မြော်ကိုး ပေါ်ရိုးတဖန် ထုံးစံ မည်ကုန်သည်၊

နှုတ္တိယထာ၊ လုံးဝဥသံ အလျှင်းမရှိကုန်သကဲ့သို့။ ကေန္တိ၊ မဘောက်မပြန် အမှန်စင်စစ်။ ဟောဒ္ဓာဝ၊ မိမိသဘောရင်း ဆောင်ရာ အောက်သို့ သာသျှင်။ ပဝိသန္တိ ယထာ၊ ဝင် ရောက်မကြွာ လျှင်ခွာသုတ်သုတ် အပြေးမြုပ်ကုန်သကဲ့သို့။ ဧဝမေဝ၊ ကျောက်မှန်ရေနစ် ပေါ်ခေတ်မရှိ မြေထိဆောင် ယူ ဤနည်းအတူသာလျှင်။ အန္တမသော၊ ယုတ်သော ပိုင်း ခြား အတိုအားဖြင့်။ သက္ကာယဒိဋ္ဌိမိ၊ ငါငါ, ငါ့ကိုယ် ငါ ဟာဆို၍ အပိုထင်ညီ နှစ်ဆယ်သော သက္ကာယဒိဋ္ဌိသည် လည်း။ သဗ္ဗံ၊ တဒင်္ဂချမ်းသာ နတ်ခြောက်ရွာကို။ ဥပနေတုံ၊ မရောက်ရောက်အောင် ပို့ဆောင်ခြင်းငှါ။ သမတ္ထာ နာမ၊ သတ္တိတန်ခိုး စွမ်းနိုင်ရိုးမည်သည်။ နတ္ထိ၊ တစွယ် တလမ်း တခြမ်းတစ်မျှ အလျှင်းမရှိခြေ။ ကေန္တိ၊ မကွေ့မကောက် မဘောက်မပြန် အမှန်စင်စင်သော်ကား။ အပါယေသု ယေဝ၊ ကိုယ်နှင့်ဆိုင်ရာ ကိုယ့်ဥစ္စာဖြစ်သော အောက်ရွာနယ်ပုံ အ ပါယ်ဘုံတို့၌သာလျှင်။ နိမုဇ္ဇာပယတိ၊ ဒိဋ္ဌိကျော်ခဲ အောက် သို့ဆွဲ၍ ပေါ်မြဲမနေ ရှောခနဲ နစ်မြုပ်စေ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ နှစ်ဆယ်သီးသီး သက္ကာယဒိဋ္ဌိမိး၏ အပြစ်ကြီး ကို ဤနည်းကျကျ သိအပ်လှပေသတည်း။

အဓိပ္ပါယ်အကျဉ်း လိုရင်းကိုပြောရလျှင် ကျောက်မျိုး မှန်က ရေ၌ချသော် အသက်ပေါ်ရန် ထုံးစံသဘော မရှိ သောလုံးလုံး ရုန်းရုန်း နစ်ကျ ပမာထားသို့ နှစ်ဆယ် မှုတ သက္ကာယဂိုယင်းဒိဋ္ဌိလည်း ကျော်၏သဘောကြီးငယ်သော ဟု တွေးတောစဉ်းစား ယုံမှားဘွယ်မှာ မရှိရာသို့ အောက်

ရွာ ပါယ်တွင် နယ်တခွင်၌ အစဉ်ဖြစ်ချ နစ်မြုပ်ရသည့် မူလအောက်ဆွဲ သဘောတည်း။

ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ ကျောက်ခဲ ကျောက်စရစ်များဟာ ရေမှာနစ်မြုတ်တတ်တဲ့ အောက်ဆွဲ အောက်တွဲ အောက်မြဲသဘောသာ အမှန်ရှိတယ် မဟုတ်လား တကာညွန့်ရ (မှန်ပါ ကျောက်ခဲအောက်ဆွဲ သဘောတခုသာ ရှိပါတယ် ဘုရား)

အေး-ဒါကြောင့် အင်္ဂုတ္တိုရ်အဋ္ဌကထာကြီး ဥပမာနှင့်တကွ သက္ကာယဒိဋ္ဌိ၏ အပြစ် ကြီးကျယ်ပုံကို မိန့်ဆိုတော်မူတဲ့ စကားရပ်အတိုင်း ပရမတ်သဘောဆိုဒါ အကျိုးပေးသော အစဉ် မဘောက်မပြန် သူ့သဘောနှင့်သူ မှန်နေဒါကိုလဲ သေသေချာချာ စဉ်းစားကြည့်ရမယ် တကာညွန့်ရ (မှန်ပါ စဉ်းစားရပါလိမ့် ဘုရား)

တချိုကလဲ ငါ့ဖွဲ့ကိုယ်ဖွဲ့ သက္ကာယဒိဋ္ဌိက သုဂတိဘုံဘဝသို့လဲ မပို့ဆောင်နိုင်၊ အပါယ်သို့လဲ မချနိုင်၊ အကယ်၍ သက္ကာယဒိဋ္ဌိက အပါယ်ကို ချနိုင်ပါတယ် ဆိုရင် ပုထုဇဉ်တွေဟာ ဘယ်တော့မှ ငရဲက ကျတ်ရတော့မှာ မဟုတ်ဘူးပေါ့လို့ ပြောသူကပြော သဘောနှယ်သေးပါဘိနော်..... (မှန်ပါ ဘုရား)

အဲဒါ အ,ဒါ နှ,ဒါ မသိဒါ၊ သနားစရာပေါ့လေ၊ ဒီလို ထင်ခါ တခါ နတ်ပြည် ဗြဟ္မာ့ပြည်သို့ သွားရဒါ မီးအိမ်ပျံကြီးများ လွှတ်လိုက်သောအခါ မှိုင်းအားကောင်းလို့ တက်

နေပြား သော်လဲ တက်တုံး တက်ဆဲမှာဘဲ အောက်ကျမဲ့ သဘောကြီးဟာ အပြီးပါသွားဒါလို ကုသိုလ် အဟုန်က လေး မှိုင်းအားကောင်းသမို့ အထက်ဘုံသို့ တက်လို့သာ ခဏခေတ္တတက်နေရ သက္ကာယဒိဋ္ဌိအောက်ဆွဲ အောက်တွဲ အောက်မြဲ သဘောကြောင့် ပရမတ်သဘောမို့ ဘယ်သော အခါမှ အောက်မချခြင်ပါဘူးလို့ တန့်ရပ် ပျက်ယွင်းဘောက် ပြန်ခြင်း မရှိဘူးဟာ တကာညွှန့်ရ (မှန်ပါ အငိုက်ရိုက်ဘို့ စောင့်နေပါ ဘုရား)

ဒါဖြင့် အငိုက်ရိုက်ဘို့ အမြဲစောင့်နေတဲ့ သက္ကာယဒိဋ္ဌိကို သူကလက်ချက် မဦးခင် ကိုယ်က အရင်တွယ်လိုတ်မှနေရော ကျမှာ မဟုတ်လား (မှန်ပါ ကိုယ်က အရင်တွယ်လိုက်မှ နေရာကျတော့မှာပါ ဘုရား)

အေး တရားပျောက်တော့ ကိုယ်မှာရှာ တရားရှာ တော့ ကိုယ်မှာတွေ့ ဆိုဒါလို တရားတွေ့အောင် ကိုယ်မှာ ဘဲ ရှာရလိမ့် မဟုတ်လား (မှန်ပါ ကိုယ်မှာ ရှာရပါလိမ့် ဘုရား)

၁။ အသက်ပျောက်မှ မဂ်ရောက်မယ်။
၂။ ကိုယ်ပျောက်မှ ဖိုလ်ရောက်မယ်။

ယခု တလောကလုံးဟာ ကိုယ်ထယ်ကြီးထဲမှာ တသက် မှ တခါသော အသက်ကလေး အနေနှင့် ယူထားကြတဲ့ ဇီဝ စွဲ ဒိဋ္ဌိဆိုဒါရှိတယ်မဟုတ်လား (မှန်ပါထင်နေကြပါဘုရား)

အကောင်နှင့် အထယ်နှင့် တကယ့်ကိုယ့် တကယ့်ငါ၊ တကယ့်သတ္တဝါလို့ စွဲသိုသားကြတဲ့ သဏ္ဌာန်ဒိဋ္ဌိကော ရှိတယ်မဟုတ်သား (မှန်ပါ ကျိတ်ခဲတင်းလင်း အပြင်းအထန် သန်သန်ကြီး ယူသားကြပါ ဘုရား)

**ပါးစပ်နှောက် နှခေါ** ဆိုဒါလို ပြောသိုခေါ် ဝေါ်ရုံမျှ မကတဲ အမြဲအစွဲ အသက်ဆက်ကထဲက အသက်နှင့် ကိုယ် မြဲပါစေလို့ ဆိုပြီး ဒါလို့တောင် ဆုတောင်းကြ၊ လောက စကား သာမည ထား၍ တကယ်သား မဟုတ်ပါလားလို့ ရုပ်သား နာမ်သားနှင့် တကယ်စမ်းကြည့်တတ်တော့ ဒိဟာ ထဲတွင် အမြဲနှစ်နေကြ မဟုတ်လား (မှန်ပါ နှစ်နေကြပုံကို ပြောလို့တောင် ကုန်နိုင်စရာ မရှိပါ ဘုရား)

ကဲ—အသက်ကလေး စစ်တမ်း ထုတ်ကြည့်ကြစို့။

မိမိကိုယ်ရှယ်လို့ ခေါ်ဆိုရတဲ့ ဝဏ္ဏတခုမှာ ကိုင်စမ်းကြည့်လိုက်တော့ မပူလျှင် အေး၊ မအေးလျှင် ပူ၊ ဆိုတဲ့ သဘောငွေ့ သဘောသေ့ကလေးတွေ မတွေ့ဘူးလား (တွေ့ပါ ဘုရား)

အဲဒီ ပူသဘောလေ့၊ ပူသဘောငွေ့၊ အေးသဘောလေ့၊ အေးသဘောငွေ့၊ ဟာလေးတွေကို ဘုရားက ဘာလို့ ဟောသလဲ (တေဇောဓာတ် ရုပ်ကလာပ်လို့ ဟောတော်မူပါတယ် ဘုရား)

အဲဒီ တေဇောဓာတ် ရုပ်ကလာပ်ဟာ ရှိန်ရှိန် သုတ်သုတ် သိမ့်သိမ့်လှုပ်မျှ ခဏမနား ပူပျက် အေးပျက် တဖွါးဖွါးဖြစ်

တဖွါးဖွါးပျက်နေရဒါ အမှန်ဖြစ်ရတော့ စင်စစ်မြဲတယ်လို့ ဆိုမလား မမြဲဘူးလို့ဆိုမလား (ခဏမစဲ တဖွဲဖွဲပျက်ရလို့ မမြဲပါ ဘုရား)

ဒါဖြင့် ဒိရူပက္ခန္ဓာမှာလဲ တကာညွန့်တို့ ထင်နေကြတဲ့ တသက်တခါသေ အသက်ကလေး မဟုတ်သေးဘူး ရှာမရ သေးဘူးပေါ့ (မှန်ပါ မဟုတ်သေးပါ ဘုရား)

ကဲ–အသက်မှရှာမတွေ့ရင် ကိုယ် ရှာလိုက်ကြအုံးပို့။

ပင်း တော့ဓာတ် ရူပက္ခန္ဓာတွေဟာ ဘယ်လို ဖြစ်နေ ကြပါသလဲဆိုတော့ ရှားမီးခဲကြီး တခဲဟာ ရှေ့မှာ ရှိနေရာ ၏။ ထိုရှားမီးခဲကြီးကို တဘူ့ာ လေးသစ်ခန့် အကွာလောက် က နေပြီး လက်ဝါးနှင့် ကပ်လိုက်တော့ ပူရှိန် ပူဒိုး ပူမျိုး ပူငွေ့ကလေးတွေ လက်ဝါးမှာ ရှိန်ရှိန် ရှိန်ရှိန်နှင့် တိုးလာ တယ် မဟုတ်လား (မှန်ပါ ပူရှိန်ကလေးတွေ တိုးလာပါ ဘုရား)

အဲဒီ ပူရှိန် ပူငွေ့ကလေးတွေဟာ မီးခဲနှင့်လက်ဝါး စပ် ကြားမှာ နေရာမလွတ် တင်းကြမ်းအပြည့် ထင်ရှား ရှိတယ် နော် (မှန်ပ၊ တင်းကြမ်းအပြည့်ရှိပါ ဘုရား)

ထိုကဲ့သို့ တင်းကြမ်းအပြည့် ရှိပင် ရှိသော်လဲ အခဲနဲ့ ဒခ တုံးနဲ့ အလုံးနဲ့ အပြားနဲ့ကော ကိုင်စမ်း ဖမ်းယူ၍ ပြနိုင်ပါ့မ လား (မှန်ပ၊ ဒီလိုတော့ မပြနိုင်ပါ ဘုရား).

အဲဒါလိုဘဲ ကိုယ်ယ်ရလို့ ခေါ်ဆိုရတဲ့ ပုရိုး ပုဌွေ့ ပုဓလေ့ ပုဂ္ဂိန်ဟူသော တေဇောဓာတ် ရူပက္ခန္ဓာကိုလဲ ဘယ်မှာ အခဲအလုံး အဘုံး အတစ် အနှစ် အမာ သဏ္ဌာဝါ, ငါကိုယ်ခုယ်လို့ ပြောဆို ပြသနိုင်ပါတော့မလဲ (မှန်ပါ မပြနိုင်ပါ ဘုရား)

ဒါဖြင့် ဒီ တေဇောဓာတ် ရူပက္ခန္ဓာမှာလဲ တကာညွှန့်တို့ ထင်နေတဲ့ ကိုယ်ကောင်ကလေးဟာ ရှာလို့ မတွေ့တော့ဘူးပေါ့ (မှန်ပါ မတွေ့တော့ပါဘုရား)

သည့်မှတပါး အာရုံ အမျိုးမျိုးတွေနှင့် နေ့တိုင်း နေ့စဉ် တွေ့နေရတယ်၊ ဒါလို တွေ့ကြုံတိုင်း တွေ့ကြုံတိုင်း ကောင်းတယ်မကောင်းဘူးဆိုတဲ့ ခံစားမှုကလေးတွေ မပေါ်လာဘူးလား (မှန်ပါ ခဏခဏပေါ်လာပါ ဘုရား)

အဲဒီ ခံစားမှုသဘောကလေးတွေကို ဘုရားက ဘာလို့ ဟောသလဲ (ဝေဒနာက္ခန္ဓာလို့ဟောတော်မူပါတယ် ဘုရား)

ဒီ ကောင်းခံစား မကောင်းခံစား ဆိုတဲ့ ဝေဒနာက္ခန္ဓာတွေလဲ မရပ် မနား မတန့်စားဘဲ ဘွားခနဲ ဘွားခနဲပျက် အသစ် အသစ် ခဏခဏ ခံစားပျက်သဘောမျိုးမို့ တကာညွှန့်တို့ထင်နေကြတဲ့ တသက်မှ တခါသေမျိုးအသက်ကော ဟုတ်ပါ့မလား (မဟုတ်ပါ ဘုရား)

ထိုဝေဒနာဓာတ်ကလေးကို မျက်စိနှင့်ကြည့်လို့လဲမမြင်ရ လက်နှင့် ကိုင်စမ်းလို့လဲ မတွေ့ရ ဒါဖြင့် တကာညွှန့်တို့

ထင်နေကြတဲ့ ကိုယ်ကောင်ကလေးကော ဟုတ်ပါ့မလား (မဟုတ်ပါ ဘုရား)

သည်မှတပါး အာရုံအမျိုးမျိုးတွေနှင့် တွေ့တိုင်း ကြုံတိုင်း ဒါပါဘဲ, ဒါညာဘဲလို့ မှတ်တတ်တဲ့သဘောကလေးကော ဖြစ်ပေါ်မလာဘူးလား (ဖြစ်ပေါ် လာပါ ဘုရား)

အဲဒီ မှတ်မှုသဘောကလေးကို ဘုရားက ဘာလို့ ဟော သလဲ (သညာက္ခန္ဓာလို့ ဟောပါ ဘုရား)

ဒီ သညာက္ခန္ဓာကလေးလဲ မှတ်ပြီး ဘယ်လောက်မှ မကြာဘူး မှတ်ပျက်သဘောကလေးမျှရို့ တကာညွန့်တို့ ထင်နေကြတဲ့ တသက်မှာ တခါ သေဆိုတဲ့ အသက်ကလေး များ ဟုတ်ရဲ့လား (မဟုတ်ပါ ဘုရား)

ဒင်း သညာခတ်ကလေးကိုလဲ ဒြပ်သဏ္ဍာန်အကောင် အထည်နှင့် မပြနိုင်သောကြောင့် တကာညွန့်တို့ ထင်နေကြ တဲ့ ကိုယ်ကောင်ကော ဟုတ်ပါ့မလား (မဟုတ်ပါဘုရား)

သည်မှတပါး ကိစ္စအမျိုးမျိုးကို စေ့ဆော် ပေးတတ်တဲ့ သဘောကလေးကော မပေါ် လာဘူးလား (ပေါ် လာပါ ဘုရား)

အဲဒီ စေ့ဆော်တတ်တဲ့ သဘောကလေးကို ဘုရားက ဘာလို့ ဟောသလဲ (သင်္ခါရက္ခန္ဓာ လို့ ဟောတော်မူပါ ဘုရား)

ဒီ သင်္ခါရက္ခန္ဓာကလေးတွေလဲ စေ့ဆော် တိုက်တွန်းပြီး ဖြတ်ခနဲ စေ့ဆော်ပျက် တရားမျိုးရို့ တကာညွှန့်တို့ ထင်နေကြတဲ့ တသက်မှ တခါသေဆိုတဲ့ အသက် ကလေးကော ဟုတ်ပါ့မသား (မဟုတ်ပါ ဘုရား)

ဒါဖြင့် အရိပ်အရောင်ကလေးနှင့် ကိုယ်ကောင်ကလေး ကော ဟုတ်ပါ့မသား (မဟုတ်ပါ ဘုရား)

သည့်မှတပါး အာရုံအမျိုးမျိုးတွေကို ကြံတတ် သိတတ် တဲ့ သဘောကလေးတွေကော ခဏမပြတ် အခါခါ အထပ် ထပ် ဖြစ်ပေါ် မလာပေဘူးလား (ဖြစ်ပေါ်လာကြပါဘုရား)

အဲဒီ ကြံသိသဘောကလေးတွေကို ဘုရားက ဘာလို ဟောသလဲ (ဝိညာဏက္ခန္ဓာလို့ဟောပါ ဘုရား)

ဒီ ဝိညာဏက္ခန္ဓာ သိမှု နာမ်ခေတ်အရုကလေးတွေကိုလဲ ဖြတ်ခနဲ ဖြတ်ခနဲ သိပျက်သဘောကလေးမှရို့ တကာညွှန့် တို့ ထင်နေကြတဲ့ တသက်မှတခါသေမျိုး အသက်ကလေး များ ဟုတ်ပါ့မလား (မဟုတ်ပါ ဘုရား)

ဒါဖြင့် ဒီ သိမှု နာမ်ခေတ် အရုကလေးတွေဟာ ဖြူဖြူက လေးတဲ့ ညိုညိုကလေးတဲ့ လုံးလုံးကလေးတဲ့ ပြားပြားက လေးတဲ့လို့ အဆင်းအနေသဏ္ဌာန်ကလေးအနေနဲ့ကောဟုတ် ပါ့မလား (မဟုတ်ပါ ဘုရား)

သို့ တကာညွှန့်တို့ ထင်နေကြတဲ့ သူရောင် ငါရောင်သဏ္ဌာ ဝါ ကိုယ်ကောင်ကလေးများကော ဟုတ်ပါ့မလား (မဟုတ် ပါဘုရား)

ဒါဖြင့် ဒီအသက်ကောင် ကိုယ်ကောင်ကလေးဆိုဒါ ခန္ဓာငါးပါးထဲမှ ရှာမတွေ့ရင် တခြားသွားရှာတော့ တွေ့အုံးမှာလား တကာညွှန့်ရ (မှန်ပါ တခြားဆိုတော့ သာမတွေ့တော့ပေါ့ ဘုရား)

အေး-ဘုရားကလဲ ခန္ဓာငါးပါးသာ ရှိသတဲ့ ယခု ပြောသလို ခန္ဓာငါးပါးထဲ ရှာကြည့်လိုက်ပြန်တော့လဲ အသက်ကလေး ကိုယ်ကောင်ကလေးရယ်လို့ဖြင့် အလျှင်း ရှာလို့ မတွေ့ ထို ခန္ဓာ ငါးပါး၏ ပြင်ဘက်တခြားမှာလဲ ရှာမတွေ့ ဩ-လက်စသတ်တော့ သက္ကာယဒိဋ္ဌိဆိုဒါ အပို စွဲနေဒါကိုး တကာညွှန့်ရ (မှန်ပါ အပိုစွဲထားဒါပါ ဘုရား)

အဲဒီ ခန္ဓာငါးပါး ဒုက္ခသစ္စာ တရားကြီးကို တခြားမှာ သွားရှာနေရအုံးမှာလား ဗိုနားတင်ဘဲ မဟုတ်လား (မှန်ပါ အနီးကလေးပါ ဘုရား)

သမုဒယသစ္စာဆိုဒါကော အဝေးကြီးမလား ဘယ်တိုင်းပြေ လိုက်ရှာနေရအုံးမှာလဲ (မှန်ပါ ဒီထဲတင်ပါ ဘုရား)

တကယ်ရှိ အဟုတ်ရှိ တရားကိုမြင်၍ အပိုစွဲ သက္ကာယဒိဋ္ဌိ လွင့်စင်ချုပ်ငြိမ်းမှု နိရောဓသစ္စာ နိဗ္ဗာန်ဆိုဒါကော (ဒီကိုယ်နားမှာပါဘဲ ဘုရား)

ဆင်ခြင်မှု ထင်မြင်မှု ပွါးများမှုဆိုတဲ့ မဂ္ဂသစ္စာကြီးကကော ဘယ်တခြားသွား ပွါးနေသေးသလဲ (ဒီကိုယ်မှာ ပွါးများဒါပါဘဲ ဘုရား)

ယခင်က အတိုချုပ်အားဖြင့် ဟောပြောခဲ့တဲ့ ခန္ဓာ ငါးပါးတို့တွင် တေဇောဓာတ် ရူပက္ခန္ဓာ တခုကို ရှုလိုက်ရင်

ဘဲ အသက်ရယ်လို့ ရှာမရဘူး ဒဲဒီလို အသက်ကလေး ပျောက်သွားမှ မဂ်ရောက်မှာကိုး တကာညွှန့်ရ (မှန်ပါ အသက်ပျောက်မှ မဂ်ရောက်မှာပါ ဘုရား)

ဝင်း တေဇောခါတ် ရုပ်ကဗ္ဗန္ဓာတခုကို ရှုလိုက်ဘော့ ကော ကိုယ်ပျောက်လို့ ဖိုလ်ရောက်ကရော မဟုတ်လား (မှန်ပါ အသက်ပျောက်မှလဲ ဖိုလ်ရောက်မှာပါ ဘုရား)

ကဲ ဒါဖြင့် နိဗ္ဗာန်တရားဟာ မလွယ်လိုက်လား (မှန်ပါ ရှာတတ်တော့ အလွယ်ပါ ဘုရား)

ဩ-တချို့ကလဲ တရားလွယ်လွယ်ပြောပြန်တော့ ဘုရား ဟောတဲ့တရား ဒါလောက် လွယ်လွယ်ပြောဒါ ဟုတ်နိုင်ပါ့ မလားဆို၍ ပေါ့စားစား ထင်ပြီး အားမထုတ်ခြင်ကြ ပြန် ဘူး တကာညွှန့်ရ (မှန်ပါ ဒီလိုပုဂ္ဂိုလ်တွေလဲ အများကြီး ပါ ဘုရား)

သို့ ခက်အောင် ဟောပြန်တော့လဲ ဒါလောက်ခက်တဲ့ တ ရား တို့နှံ့ဖြင့် လားလားကမှ မတော်သေးဘူးဆို၍ စိတ် ခါတ်ကလေး တွန့်တို ငြိုငြင်ပြီး အားမထုတ်ခြင်ပြန်ဘူး တ ကာညွှန့်ရ (မှန်ပါ အမျိုးမျိုးပါဘဲ ဘုရား)

တခါတလေ ညီးတောင် ညီးမိသေးတယ်။

တကယ်ဆို ဘယ်လိုမှ ရဘူး။

ပရိယာယ် အဖြာဖြာနှင့်၊ မာယာတွေ စိတ်မှာပူး၊ ခတ်တဲ့ လချူး။

မှန်ပါ ဒိလိုဟာနဲ့ တွေ့တော့လဲ ဒိလို ညီးတို့ကောင်းတော့ ဒါပါဘဲ ဘုရား)

ဒီလိုဟာကို အသာဖယ်ထားပြီး ဟိုလိုဟာတွေ ကြည့်ဟောရ ပြောရတော့မှာပေါ့လေ (မှန်ပါ စိုင်းပြင်ဘက်ကနေတဲ့ သူကိုတော့ အရေးယူတို့ မလိုပါ ဘုရား)

အေးအေး ကိုယ့်မှာင်ကိုသာ ဆုံးမပြီး ခန္ဓာ ငါးပါးထဲက တပါးပါးကို အသက်ကောင် အထင်ကလေး, ကိုယ်ကောင် အထင်ကလေး, ဇီဝစွဲဒိဋ္ဌိ အတ္တစွဲဒိဋ္ဌိ ကင်းလွတ်အောင်သာ ရှုကြည့် ဆင်ခြင်၍ တွင်တွင်ကြီးသာ အားထုတ်ပေတော့ ကိုယ်စွဲရှိရင်လဲ အသက်စွဲညိမယ်, အသက်စွဲရှိရင်လဲ ကိုယ်စွဲညိမယ်။ ကိုယ်စွဲပြုတ်ရင်လဲ အသက်စွဲပြုတ်မယ်, အသက်စွဲပြုတ်ရင်လဲ ကိုယ်စွဲပြုတ်မယ်။ အဲဒါလို သူတို့နှစ်ခုက အချင်းချင်း စပ်နေကြသကိုး တကာညွှန့်ရ (မှန်ပါ တခုရှိရင် တခုလဲရှိ တခုမရှိရင် တခုလဲ မရှိတော့ပါ ဘုရား)

တကာညွှန့်ရေ (ဘုရား) ခန္ဓာငါးပါး အစဉ်အတိုင်း မြန်မာလိုသက်သက်နှင့် ဆောင်ပုဒ် မှတ်ချက်ကလေးတွေ ရလွယ် မှတ်လွယ်အောင် ချပေးခဲ့မယ် ကဲ-ကဲ အားလုံး လိုက်ကြစမ်း လိုက်ကြစမ်း။

**ဆောင်ပုဒ်များ**

၁။ ဘောက်ပြန်ပျက်မြဲ၊ သက်စွဲဖြုတ်ပယ်။
ဒိဋ္ဌိပိုစွဲ၊ ကိုယ်ဘဲမတွယ်။

အသက်ပျောက်မှ၊ မဂ်ရောက်ကြမယ်။
ဩ–ကိုယ်ပျောက်မှ၊ ဖိုလ်ရောက်မြန်မြန်လွယ်။
၂။ ခံစားပျက်မြဲ၊ သက်စွဲဖြုတ်ပယ်။
ဒိဋ္ဌိပိုစွဲ၊ ကိုယ်ဘဲမတွယ်။
အသက်ပျောက်မှ၊ မဂ်ရောက်ကြမယ်။
ဩ–ကိုယ်ပျောက်မှ၊ ဖိုလ်ရောက်မြန်မြန်လွယ်။
၃။ မှတ်သားပျက်မြဲ၊ သက်စွဲဖြုတ်ပယ်။
ဒိဋ္ဌိပိုစွဲ၊ ကိုယ်ဘဲမတွယ်။
အသက်ပျောက်မှ၊ မဂ်ရောက်ကြမယ်။
ဩ–ကိုယ်ပျောက်မှ၊ ဖိုလ်ရောက်မြန်မြန်လွယ်။
၄။ စေ့ဆော်ပျက်မြဲ၊ သက်စွဲဖြုတ်ပယ်။
ဒိဋ္ဌိပိုစွဲ၊ ကိုယ်ဘဲမတွယ်။
အသက်ပျောက်မှ၊ မဂ်ရောက်ကြမယ်။
ဩ–ကိုယ်ပျောက်မှ၊ ဖိုလ်ရောက်မြန်မြန်လွယ်။
၅။ ကြံသိပျက်မြဲ၊ သက်စွဲဖြုတ်ပယ်။
ဒိဋ္ဌိပိုစွဲ၊ ကိုယ်ဘဲမတွယ်။
အသက်ပျောက်မှ၊ မဂ်ရောက်ကြမယ်။
ဩ–ကိုယ်ပျောက်မှ၊ ဖိုလ်ရောက်မြန်မြန်လွယ်။

## တရားအဆုံးသတ်ရန်

ဩွကာ၊ အကျဉ်းနယသင်္ခေပဖြင့် ဤယခုဟောပြလိုက်သော။ သန္ဓမ္မံ၊ ဒိဘဝ ဒိခဏက အတည်တကျ ဒိဋ္ဌကို ဒိလို သိကြလျှင်ဖြင့် ဘယ်ဘဝကြကျ ဘယ်တော့ကမှ အယူမချော် မစောင်းလောက်တဲ့ တကယ့်သူတော်ကောင်း အစစ်

တစည်ထဲဖြစ်နိုင်သော သဘောကျစ်လစ် တရားနှစ်ကို။ သုဓာနိတ္ထာ၊ အမြဲဆင်ခြင် ကောင်းစွာ သိမြင်ကြကုန်သည်ဖြစ်၍။ ဗဟု၊ တရားနာသူများဗိုလ်လူတို့သည်။ ဝိသတိယာ၊ အကျယ်ထုတ်လျှင် နှစ်ဆယ်သရုပ် အတိုင်းအရှည်ရှိသော။ သက္ကာယဒိဋ္ဌိယာ၊ အပါယ်ဝန်ကြွေး ရောရှုပ်ထွေးလျက် မှေးယှက်ဘိစီး သက္ကာယဒိဋ္ဌိ ဘေးကြီးမှ။ ပမုစ္စန္တု၊ ခန္ဓာ ငါးထစ် ဉာဏ်ကုန်လှစ်သဖြင့် စင်စစ်မသွေ ကျွတ်လွတ် ထွက်မြောက်နိုင်ကြပါစေ ကုန်သတည်း။

**သာဓု—သာဓု—သာဓု**

**အကျယ်ဟောပြော ရန် လွယ်ပြီ**

# ပြီးပြီ

———○———

# ၈—ချစ်ကြိုးလိမ် တရားခွန်း

—၁—

အသုဘံ သုဘသညာယ၊ ဝါယမန္တိ ပုထုဇ္ဇနာ။
ဒိဝါ ရတ္တိံ စ တံ ကာလံ၊ ခေပေတွာ ဘောသု မုယှရေ။

ပုထုဇ္ဇနာ၊ ကိလေသာဟုန် ကိုယ်လုံးထုံ၍ မြူးခုံ ပျော်ရွှင် ပုထုဇဉ်များ တို့သူငါစား တို့သည်။ အသုဘံ၊ သူ့ခန္ဓာ၊ ကိုယ့်ခန္ဓာ ပုပ်အံစရာ အပုတ်လှိုင်လှိုင်ရှိ တစိုစိုနှင့် ပြီးဒါကြောင့် သုတ်မနိုင် ယိုထွက်စီးနေတဲ့ အသုဘကောင်ပုတ် စက်ဆုတ် စရာကြီးတွေကို။ သုဘသညာယ၊ ချောသတဲ့ လှသတဲ့ နှစ် သတဲ့လို့ စိတ်တွဲရာ ထင်မှတ်တတ်သော သုဘ ဆိုတဲ့ သညာခေတ်ဖြင့်။ ဝါ၊ သုဘဆိုတဲ့ သညာခေတ်ကြောင့်။ ဝါ ယမန္တိ၊ စားမလို ဝါးမလို တရားဆို မြူမသန်းကြဘဲ ကျိုး ပမ်း အားထုတ် အရေးလုပ်ခါ နေကြလေကုန်၏။ ဝါ၊ မဝနိုင် မမုန်းနိုင် အဆုံးတိုင် ဘယ်ခါ မမှုန်းနိုင်တော့ဘဲ ညှင်းပမ်း နှိပ်စက် အာရုံတွေ အပိတ်ခက်လို့မို့ ကာမဂုဏ် အဆိတ် တက်ခါ နေကြလေကုန်၏။ ဒိဝါ စ၊ ဒေါင်းဖလ်ရပ်နှ သူရိန် နေမင်း ထွန်းလင်းလှစွာ နေ့အခါ၌၎င်း။ ရတ္တိံ စ၊ လမင်း စန္ဒာ တာရာနက္ခတ် ပိုင်းရံပတ်လျက် အေးခေတ်ကြည်သာ ညဉ့်အခါ၌၎င်း။ တံ ကာလံ၊ သောင်းမက သန်းမကအောင် ဂဏန်းချခါ အတိုးမပြတ်လောက်တဲ့ အခင်မတန်ထူး မြတ်လှ စွာသော ထိုအချိန်ကာလကြီးတွေကို။ ခေပေတွာ၊ ရင့်သန် စွာ ကျင့်ကြံစရာ ခွင့်ကံကြုံမှာ အသင့်ဖန်လာ တွေ့လျက်နှင့်

ရှုံးမှာကြောင့် ဓလေ့တံထွာ နေ့ရက်တွေ ဖြုံးဖြုံးပြီး ကုန်ဆုံး ကြစေကုန်လျက်။ တေသုံ၊ ပြသမျှ ခုခေတ် လူ့ဘဝတွင် သုခကြီး ထင်ကြ၍ ချစ်ခင်အာရုံ ကာမဂုဏ်တွင်း ထိုကျော့ကွင်းတိုရှိ၍။ မုယှရေ မုယှနှိ၊ ကြောက်စရာ ထိတ်စရာ အဝိဇ္ဇာစနစ် မျိုးဒါကြောင့် စိတ်တဏှာ အချစ်တွေ တိုးတိုးပြီး ဟော .... တို့တတွေမှာကွယ် ရစ်မျိုး ညစ်ခိုး(**ချစ်ကြိုးသိမ်**) ရှုပ်ခါနေကြလေကုန် သတည်း။

မောင်တင်ရေ (ဘုရား) ယနေ့ညတော့ မောင်တင်တို့ ငါတို့ ပုထုဇဉ်တွေ ဘဝတိုင်း ဘဝတိုင်း တပေပေနှင့် အထွေထွေ ယှက်ရောလျက် တမက်မောမော တသောသော နေအောင် အတောမသတ် အထပ်ထပ်ခံစားနေကြတဲ့ **ချစ်ကြိုးသိမ် တရားကို** စကားပလ္လင်ထားပြီး ထင်ရှားအောင် ဟောရလိမ့် မဟုတ်လား (မှန်ပါ ဟောရပါလိမ့် ဘုရား)

အောင်မယ် မောင်တင်တို့ ငါတို့တတွေ ပုထုဇဉ်တွေလို့ ဆိုဒါ အခေါ်ကလေးဖြင့် ရင်သလိုလိုပါလားဟေ့ (မှန်ပါ ရင်သလိုလိုပါတဲ့ ဘုရား)

ပုထုဇဉ် ပုထုဇဉ်နှင့် အခေါ်ကလေးရင်သလိုလို ထင်ရသော်လဲ အဓိပ္ပါယ်ကတော့ ဒီလိုကိုးကွဲ။

၁။ ပုထုကိလေသေ ဇနေန္တီတိ ပုထုဇ္ဇနာ။
၂။ ပုထု အဝိဟတ သက္ကာယဒိဋ္ဌိကာတိ ပုထုဇ္ဇနာ။
၃။ ပုထု နာနာ သတ္ထာရာနံ မုခုဓုလ္လောကိကာတိ ပုထုဇ္ဇနာ။

၁။ ပုထုဇ္ဇနလေသော၊ များစွာသော ကိလေသာ တို့ကို။ ဇနေန္တိ၊ ဖြစ်စေတတ်ကုန်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ **ပုထုဇ္ဇနာ**၊ ပုထုဇဉ် မည်ကုန်၏။

၂။ ပုထု အဝိဟတသက္ကာယဒိဋ္ဌိကာ၊ မပယ်မသတ် မခွါအပ်သေးသော ငါငါ ငါငါနှင့် များစွာသော သက္ကာယ ဒိဋ္ဌိ လက်ကိုင်ရှိကြကုန်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ **ပုထုဇ္ဇနာ**၊ ပုထုဇဉ် မည်ကုန်၏။

၃။ ပုထု နာနာ သတ္ထာရာနံ၊ တပါးမကများလှစွာသော ဆရာတို့၏။ မုခမုလ္လောကိကာ၊ မျက်နှာကို မော်၍ တမြော်မြော် ကြည့်တတ်ကုန်၏။ ပါ၊ ဆရာကိုသာ အမြဲရှာ၍ အခါခါ မြော်ရတတ်ကုန်၏။ ဣတိ-တသ္မာ၊ ထိုသို့ ဆရာရှာလုံး ဆရာမြော်လုံး မဆုံးနိုင်မှု သတ္တဝါဖုကြောင့်၊ **ပုထုဇ္ဇနာ**၊ ပုထု ဇဉ် မည်ကုန်၏။

ဤ အဋ္ဌသာလိနီ အဋ္ဌကထာကြီး မိန့်ဆိုထုတ်တော်မူ သော ဝိဂြိုဟ် သုံးပုဒ်၏ အကျဉ်းချုပ် အဓိပ္ပါယ်ကတော့။

၁။ များစွာကိလေ၊ ဖြစ်တတ်စေ၊ ခေါ်လေ ပုထုဇဉ်။
၂။ သက္ကာယရှိ၊ များဒိဋ္ဌိ၊ ခေါ်၏ ပုထုဇဉ်။
၃။ ဆံရာအများ၊ မြော်တတ်ငြား၊ မှတ်သား ပုထုဇဉ်။

စိတ်အစဉ်၌ အမြဲပြုတ် စွဲကပ်ညှောင်းပမ်း ညှိုးနွမ်း လောင် မြိုက် အပူတိုက်တတ်သော လောဘကိလေသာ, ဒေါသ ကိ လေသာ, မောဟကိလေသာ, မာနကိလေသာ, ဒိဋ္ဌိကိလေ

သာ, ဝိစိကိစ္ဆာကိလေသာ, ထိနကိလေသာ, ဥဒ္ဒစ္စကိလေသာ, အဟိရိက ကိလေသာ, အနောတ္တပ္ပကိလေသာ, ပေါင်းကိလေသာ ဆယ်ပါး။

ဒီ ကိလေသာတွေကို မြောက်များစွာ အခါခါ အထပ်ထပ် မပြတ်မပြတ် ဖြစ်စေတတ်သောကြောင့် ပုထုဇဉ်လို့ ခေါ်သတဲ့ မောင်တင်ရ (မှန်ပါ ဘုရား)

သည်မှတပါးလဲ ငရဲသွားကြောင်း ဒုစရိုက် အပေါင်းတို့၏ ခိုအောင်းကြရာ သူရဲ,တဏှာ တို့၏ အမြဲနေရာ လိုဏ်ဂူကြီးပမာဖြစ်သော သက္ကာယဒိဋ္ဌိ များစွာရှိသောကြောင့်လဲ ပုထုဇဉ်လို့ ခေါ်သဘဲ့ (မှန်ပါ ဘုရား)

သည်မှတပါးလဲ သံသရာမှ လွတ်ထွက်နိုင်အောင် လက်ကိုင်တရား မရနိုင်ပြား၍ တပါးမက များလှစွာသော ဆရာတို့၏မျက်နှာကို အခါခါ မြော်ရပါသော်လဲ အပါယ်မှ စိတ်ချရလောက်အောင် တရားခမ္ဗ ဟောပြနိုင်သော ဆရာကို မတွေ့ခဲ့ရ မကြုံခဲ့ရသဖြင့် ယခုထက်ထိ ဆရာမြော်ရမှုကိစ္စ ဆရာရှာရမှုကိစ္စ မဆုံးနိုင်ကြသောကြောင့်လဲ ပုထုဇဉ်လို့ ခေါ်ရသတဲ့ (မှန်ပါ ဘုရား)

သည်မှတပါးလဲ အဋ္ဌကထာကြီးများမှာ ပုထုဇဉ်ရဲ့ ဂုဏ်ပုဒ်တွေကို ထုတ်ဆိုထားဒါဟာ အများကြီးဘဲ ရှိသေးတယ်။ သို့သော်လဲ ဒီသုံးပုဒ်လောက်ကိုသာ အတိုချုပ် မှတ်ပေတော့ ဒါ့ကြောင့် ပုထုဇဉ် ပုထုဇဉ်နှင့် ပါဠိဘာသာနှင့် ယှဉ်ပြီး ခေါ်ထားလို့ ရင်သလိုလိုရှိပေမဲ့ အနက် သဘော

ထောက်စာကြည့်လိုက်လျှင် ကြောက်စရာအတိ ရှက်စရာတွေ အပြည့်ပါလားဟာ မောင်တင်ရ (မှန်ပါ ရှက်စရာအတိနှင့် ကြောက်စရာအပြည့်ပါ ဘုရား)

ခန္ဓာကိုယ် အသိုးအပုတ်ကို ကတိုးထုပ်လို မှတ်ထင်ပြီး နေ့စဉ် ရက်ဆက် သူ့အတွက်နှင့်သာ ကိစ္စပြီးနေရ အချိန်ကာလ အားရတယ်ဘဲ မရှိဘူး တရားဓမ္မဆိုရင် ချိုနဲ့လား မေးရမတတ် ထိုဘဝ ဤဘဝ မုန်းနိုင်ဘို့ ဝ,နိုင်ဘို့ဆို ဝေးရော မြွေပွေးအဆိပ် ငယ်ထိပ်ရောက်အောင် တက်လာရင် ဘယ်ဆေးချက်မှ မဝင်နိုင်ဒါလို စိတ်အစဉ်တွေ ဖြစ်ခြင်းတိုင်းဖြစ်, နစ်ခြင်းတိုင်းနစ်နေကြဒါ ကိုယ်တွေဒိဋ္ဌိ မျက်မြင်မှာ အထင်အရှားဘဲ မဟုတ်လား (မှန်ပါ အလွန်ထင်ရှားပါဘုရား)

ဒါဖြင့် ပုထုဇဉ်ဆိုဒါ ရှက်စရာအတိနှင့် ကြောက်စရာအပြည့်ကို ပုထုဇဉ်ခေါ် တယ်ဆိုဒါ သေသေချာချာ မှတ်လိုက်ပေတော့နော် (မှန်ပါ ဘုရား)

အဲဒီ ပုပ်နံလောင်ကျွမ်းမှု ကိလေသာဘေးကြီး, သက္ကာယဒိဋ္ဌိဘေးကြီး, အပါယ်ဘေးကြီး, အသူးထူးသော ဆရာရှာရမှု နဲ့နာသဏ္ဍာရ သြလောကနဲ့ဘေးကြီးဆိုတဲ့ ဘေးအမျိုးမျိုးတွေဟာ တွေးလိုက်တိုင်း မသက်သာဘူးနော် (မှန်ပါ ဘုရား)

ယခုအခါဟာ ဒိဘေးကြီးတွေနှင့် ကင်းလွတ်အောင် တရားကို ပွါးများဆင်ခြင် အားထုတ်နိုင်တဲ့ အခါကြီး ဖြစ်ပါ

လျက်နှင့် မောင်တင်တို့တတွေ မွှေမွှေလျှော့လျှော့ ပေါ့ပေါ့ တန်တန်နှင့် နေလိုက်ကြဒါ ၊ သိန်း,သန်း,ကုဋေ, ပေးဝယ်လို့ မရနိုင်တဲ့ သာသနာ့အချိန်ကောင်း ကာလကောင်း အခိုး တန်ကြီးတွေ ဘယ့်လောက် နှစ်မြောစရာ ကောင်းသလဲဟာ မောင်တင်ရ (မှန်ပါ နှစ်မြောစရာ အချိန်ကာလကြီးတွေပါ ဘုရား)

လူ့စည်းစိမ်ဆိုတဲ့ သုခလိမ်, သုခကောက်, သုခမှောက် သုခမှား, ကလေး အတွက်ကြောင့် အချိန်ကောင်း အခါ ကောင်း အခွင့်ကောင်းကြီးတွေ အခိုက်အတန့်မှာ စားခါ သောက်ခါ ပျော်ရွှင်ခါနှင့် သားကလေးနဲ့ ချစ်ကြိုးလိမ် မယားကလေးနဲ့ ချစ်ကြိုးလိမ်, သမီးကလေးနဲ့ ချစ်ကြိုးလိမ်, မြေးကလေးနဲ့ ချစ်ကြိုးလိမ်, လှည်းကလေးနဲ့ ချစ်ကြိုးလိမ်, နွားကလေးနဲ့ ချစ်ကြိုးလိမ်, ဆဲဒါလို အဘိုးထိုက် အဘိုးတန် တဲ့ အချိန်တွေကို အလကား ဖြုန်းဖြုန်းပြစ်နေကြတယ်မဟုတ် လား (မှန်ပါ ဘုရား)

အေး ... ဒါကြောင့်။

၁။ ဗာလ,ရာဂ၊ ဂါမ စည်းစိမ်၊
ခံစား စံစား၊ အံမျှားခွက်သိမ်၊
အရိုးကိုကိုက်၊ ခွေးမိုက်ပုံညွှန်၊
လွတ်နိုင်ဘဲ၊ ငွဲမြဲတပိန်ပိန်၊
ဦးကလိမ်၊ ဉာဏ်တိန် ဉာဏ်သွားမှိန်။
မယားနဲ့,သားနဲ့ ချစ်ကြိုးလိမ်။

၂။ နေဝင် နေထွက်၊ နေ့ရက်ကြွမ်ကြွမ်၊
ကာမဗွက်ထဲ၊ ထွက်ဘဲသူစိမ်၊
မစင်ပျော်ပိုက်၊ ဝက်မိုက်ပုံချိန်၊
ရှုံ့နိုင်ဘဲ၊ စွဲမြဲတပိန်ပိန်၊
မယ်ကလိမ်၊ ဉာဏ်တိန် ဉာဏ်သွားမှိန်။
သမီးနဲ့, မြေးနဲ့ ချစ်ကြိုးလိမ်။

၃။ ခါတ်ချဉ်း, ဟပ်ရင်း၊ ငတ်တင်းမတိန်၊
ပုထုဇဉ်မျိုး၊ ညှင်သိုးအရှိန်၊
ဆားငံရေသောက်၊ နွားနောက်ပုံချိန်၊
ဝ,နိုင်ဘဲ၊ စွဲမြဲ တပိန်ပိန်၊
မောင်မယ်ကလိမ်၊ ဉာဏ်တိန် ဉာဏ်သွားမှိန်။
အလုပ်နဲ့, အရှုပ်နဲ့ ချစ်ကြိုးလိမ်။

တကိုယ်လုံး တကောင်လုံး အသုဘတုံးကြီး အစစ် ဇော်ဖြစ်နေပုံကို စိစစ်၍ ကြည့်နိုင်မှ တင့်တယ်ဘွယ်ရာ မင်္ဂလာ သုဘ တခုမှ ရှာကြိုလို့ မရပါကလားဆိုဒါ အထင် ရင့်ပြီး ဘဝင်မြင့်နေတဲ့ ချစ်ကြိုးလိမ် စိတ်ကလေး နှိပ်ဖေး ဆုံးမလို့ ရမှာကိုး မောင်တင်ရ (မှန်ပါ့ ဘုရား)

## ဝိသုဒ္ဓိမဂ်လာ အသုဘတရား ဂါထာ

ယထေဝ မတသရီရံ၊ ဇီဝံပိ အသုဘံ တထာ။
အာဂန္တုကာ·လင်္ကာရေန၊ ဆန္နတ္တာ တံ န ပါကဋံ။

မတ သဒ္ဒိရှုံ၊ ဗုဘိနာမ်ရုပ် အမြန်ချုပ်၍ နံ့ပုတ်ညှို့ပေါင် သူသေကောင်သည်။ အသုဘံ ယာထေဝ၊ ထွေ့ဘွယ် ရွံ့ဘွယ် ပရိသတ်သယ်မှာ မတင့်တယ်စွ အသုဘအစစ် ဧကံ ဖြစ်သကဲ့သို့သာလျှင်။ တထာ၊ မခြားတမူ အလားတူစွာ၊ ဇီဝံပိ၊ အဖြူ,အညို,အဖိုအမ, အလှအဆိုး, အမျိုးယုတ်မြတ်, ငယ်လပ်ကြီးရွယ်,အသွယ်သွယ် အစားစား အသက်ရှင်၍ နေသော ခန္ဓာကိုယ်များသည်လည်း။ အသုဘံ။ ကိုးပေါက်ဒွါရ အမာဝမှ နေ့ရောညရော ဒလဟောယိုကျ တားမရသဖြင့် အသုဘတရားမျှ အမှန်သာတည်း။ အာဂန္တုကြား လက်ာရေနှ၊ အပေါ်ယံတွင် အဌါးဆင်၍ အမွှန်းတင်အပ်သော အာတ်တန်ဆာ ပန်းနံ့သာနှင့် ဒွါရရာ အဖုံဖုံ အလုံးရုံဖြင့်။ ဆန္ဒဩဇာ၊ လိမ်းကျံတင်လွှမ်း အသွင် ဆန်းအောင်ဆင်မြန်းဖုံးကွယ် အပ်သည့်၏ အဖြစ်ကြောင့်။ တံ၊ ထို မူရင်းဇာတိ ပကတိညစ်ပုတ် စက်ဆုပ်ဘွယ်အစစ် အသုဘအဖြစ်သည်။ န ပါကဋံ။ အမြင်အားဖြင့် မထင်ရှားလေစွတကား။ န ပါကဋံ၊ ဖုံးလိုက် ဖိလိုက် ဘယ်လိုပင် မသိထိုက်အောင် ပြုသော်လဲ ပကတိစရိုက်တခုကိုဖြင့် ကြည့်လိုက်တိုင်း ရွံ့စရာ မစင်ပမာ ပုတ်အသိုးကိုလ ခင်မင်စရာ ထုပ်ကတိုးကဲ့သို့ **ဟုတ်နိုးနိုး** နှင့်သာ ပြီးရပ့ါတော့သတည်း။

ဒီ ဂါထာရဲ့ အဓိပ္ပါယ်ကတော့ အလွယ်ပါဘဲ ညှီနံ့ပုတ်ပေါင် သူသေကောင်ဟာ ပရိသတ်အသယ်မှာ မတင့်တယ်စွ အသုဘအစစ် အမှန် ဖြစ်သလို ငါတို့ပုပ္ပုဂ္ဂိုလ် မြင်မြင် သမျှ လူရှင်ရယ်လို့ ခေါ်ရတဲ့ ကိုယ်ကာယ တွေလဲ

ကိုးပေါက်ဒွါရ အဓမာဝကာ နေ့ရော,ညရော ဒလဟောယိုကျ နေရသဖြင့် အသုဘအခြေအနေမှာ သူသေနှင့်သူရှင် မြူအခွင်မှ မခြားဘဲ အဘူတပုဂ် တသားထဲမှတ်ရမယ်တဲ့ မောင်တင်ရ (မှန်ပါ့ သေသူနှင့် ရှင်သူ အတူတူပါဘဲဘုရား)

အေး....အသုဘကို သုဘထင်နေတဲ့ စိတ်ခေတ်ကလေးကို ခန္ဓာကိုယ်အတွင်းက အမြစ်ပြုတ်အောင် ပယ်မထုတ် နိုင်သေးသော်လဲ ဩ....တကယ်တော့ မဟုတ်ပါဘဲကလား အပုတ်အသိုးကို အထုပ်ကတိုးကဲ့သို့ ဟုတ်နိုးနိုးသာ ထင်ရ စင်စစ်ကတော့ အသုဘသာ အမှန်ပါကလားလို့ ဉာဏ်နှင့် ဝင်စားကြည့်မှ ချစ်ကြိုးလိမ် ခေတ်ကလေးဟာ တွန့်သွားမှာကိုး (မှန်ပါ မပယ်နိုင်ခြားသော်လဲ ရိပ်မိ ထားရင်လဲ အကျိုးထူး မနဲ များလှပါ ဘုရား)

ကဲ ပါဠိစကားတွေကို အသာသားပါဦး ဗမာစကား သက်သက်နှင့်ဘဲ အသုဘတရား သုံးဆဲ့နှစ်ပါးကို သံဝေဂ ထင်သွားအောင် အကြမ်းစားနည်းအားဖြင့် တခုစီ တခုစီ ခွဲခြားပြီး ပွါးများ ဆင်ခြင်လိုက်ကြအုံးစို့လား မောင်တင်ရေ့ (မှန်ပါ ဝိပဿနာ မလုပ်ခင် စိတ်ခေတ်မှာ သမာဓိကလေး ဝင်လာအောင် ဆင်ခြင် ပွါးများဘို့ ကောင်းလှပါဘုရား)

ဒါဖြင့် နားထောင်ဟေ့ နားထောင်။

## ဒွတ္တိံသကာရယ အသုဘ ဆောင်ပုဒ်များ

၁။ ဆံပင်အရပ်၊ ကိုယ်တခုမှာ၊ ညစ်ကျုမှိုတွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။

၂။ မွှေးညှင်းအရပ်၊ ကိုယ်တခုမှာ၊ ညစ်ကျု မှိုတွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။

၃။ ခြေလက်သည်းရပ်၊ ကိုယ်တခုမှာ၊ ညစ်ကျုမှိုတွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။

၄။ ထက်အောက်သွားရပ်၊ ကိုယ်တခုမှာ၊ ညစ်ကျု မှိုတွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။

၅။ အရေအရပ်၊ ကိုယ်တခုမှာ၊ ညစ်ကျုမှိုတွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။

၆။ အသားအရပ်၊ ကိုယ်တခုမှာ၊ ညစ်ကျုမှိုတွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။

၇။ အကြောအရပ်၊ ကိုယ်တခုမှာ၊ ညစ်ကျုမှိုတွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။

၈။ အရိုးအရပ်၊ ကိုယ်တခုမှာ၊ ညစ်ကျုမှိုတွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။

၉။ ခြင်ဆီအရပ်၊ ကိုယ်တခုမှာ ညစ်ကျုမှိုတွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။

၁၀။ အညှို့အရပ်၊ ကိုယ်တခုမှာ၊ ညစ်ကျုမှိုတွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။

၁၁။ နှလုံးအရပ်၊ ကိုယ်တခုမှာ၊ ညစ်ကျုမှိုတွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။

၁၂။ အသည်းအရပ်၊ ကိုယ်တခုမှာ၊ ညစ်ကျုမှိတ္တွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။
၁၃။ အမြေးအရပ်၊ ကိုယ်တခုမှာ၊ ညစ်ကျုမှိတ္တွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။
၁၄။ အပြင်အရပ်၊ ကိုယ်တခုမှာ၊ ညစ်ကျုမှိတ္တွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။
၁၅။ အဆုတ်အရပ်၊ ကိုယ်တခုမှာ၊ ညစ်ကျုမှိတ္တွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။
၁၆။ အူမအရပ်၊ ကိုယ်တခုမှာ၊ ညစ်ကျုမှိတ္တွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။
၁၇။ အူသိမ်အရပ်၊ ကိုယ်တခုမှာ၊ ညစ်ကျုမှိတ္တွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွက်ကောင်းစွတကား။
၁၈။ အစာသစ်ရပ်၊ ကိုယ်တခုမှာ၊ ညစ်ကျုမှိတ္တွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။
၁၉။ အစာဟောင်းရပ်၊ ကိုယ်တခုမှာ၊ ညစ်ကျုမှိတ္တွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။
၂၀။ ဦးနှောက်အရပ်၊ ကိုယ်တခုမှာ၊ ညစ်ကျုမှိတ္တွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။
၂၁။ သည်းခြေအရပ်၊ ကိုယ်တခုမှာ၊ ညစ်ကျုမှိတ္တွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။
၂၂။ သလိပ်အရပ်၊ ကိုယ်တခုမှာ၊ ညစ်ကျုမှိတ္တွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။
၂၃။ ပြည်ရေအရပ်၊ ကိုယ်တခုမှာ၊ ညစ်ကျုမှိတ္တွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။

၂၄။ သွေးရေအရ၊ ကိုယ်တခုမှာ၊ ညစ်ကျုံးမှီတွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။
၂၅။ ချွေးရေအရ၊ ကိုယ်တခုမှာ၊ ညစ်ကျုံးမှီတွယ်၊ ပုတ်မျိုးကြွယ် ရွံဘွယ်ကောင်းစွတကား။
၂၆။ အဆီခဲရ၊ ကိုယ်တခုမှာ၊ ညစ်ကျုံးမှီတွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။
၂၇။ မျက်ရည်အရ၊ ကိုယ်တခုမှာ၊ ညစ်ကျုံးမှီတွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။
၂၈။ ဆီကြည်အရ၊ ကိုယ်တခုမှာ၊ ညစ်ကျုံးမှီတွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။
၂၉။ တံတွေးအရ၊ ကိုယ်တခုမှာ၊ ညစ်ကျုံးမှီတွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။
၃၀။ နှပ်ရေအရ၊ ကိုယ်တခုမှာ၊ ညစ်ကျုံးမှီတွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။
၃၁။ အစေးအရ၊ ကိုယ်တခုမှာ၊ ညစ်ကျုံးမှီတွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။
၃၂။ ကြှင်ငယ်ဖူးရ၊ ကိုယ်တခုမှာ၊ ညစ်ကျုံးမှီတွယ်၊ ပုတ်မျိုးကြွယ်၊ ရွံဘွယ်ကောင်းစွတကား။

ဇွဲ ..... ယခု ရွတ်ပြ လိုက်သော သုံးဆဲ့နှစ်ပါးသော ကောဋ္ဌာသအရကို တခုစီ ခွဲခြားပြီး အသုဘကမ္မဋ္ဌာန်းတရား ပွါးများရန် ဆောင်ပုဒ် အတိုချုပ်ကလေးတွေကိုကျက်ထားဘို့ သိတ်ကောင်းတယ် မောင်တင်ရ (မှန်ပါ ရထားဘို့ အလွန်သင့်လျော်ပါ ဘုရား)

သံဝေဂဉာဏ်နှင့် ဝင်စားပြီး ဆံပင်တခုကိုဘဲ ရှုကြည့် ဆင်ခြင်လိုက်မယ်ဆိုရင် ထင်မြင်သန့်ရှင်း၍ ပွါးများခြင်း ကိစ္စကြီး ပြီးစီးနိုင်ပါတယ် (မှန်ပါ ပြီးစီးနိုင်ပါ ဘုရား)

ကဲ အသုဘအနေနဲ့ ကြည့်စမ်းပါအုံး ဆံပင်မှာ အာကာယ ၍ နှာခေါင်းနှင့် နမ်းကြည့်လိုက်မယ်ဆိုရင် ညှီညှီစို့စို့ သို့မဟုတ် ခတ်အဲ့အဲ့ ဒါ့ထက်လွန်လျှင် ခတ်ခြင်ခြင် ထို့ ပြင် သူ့အလျောက် ခတ်အောက်အောက်၊ အဲဒါလို ပကတိ မတင့်မတယ် မဖွယ်မရာ စက်ဆုပ်စရာ အပုတ်နံ့တွေဟာ ဆံပင်၏အတွင်းရော အပြင်ပါ ဘယ်နေရာမှ မလွတ် အနံ့ အပြား နှာခေါင် မှာ တွေ့ရပေဘူးလား (မှန်ပါ အထင် အရှား နံရမှာပါ ဘုရား)

အေး .....ဆံပင်ကလေး တခုမှာတောင် ရွံစရာ အပုတ် မျိုးတွေ ဒါလောက်ရနေသေးဒါ ကြွင်းတဲ့ကောဋ္ဌာသရမှာ ဘယ်ပြောစရာ ရှိတော့မလဲ၊ ထို့ထက်ကဲကဲပြီး တသဲသဲ အနံ့ထွက်နေမှာ အမှန်မဟုတ်လား (မှန်ပါ သူ့ထက်သူ ကဲတော့မှာပါ ဘုရား)

ကဲ....ဝိပဿနာဉာဏ် ဝင်စားပြီး ခေတ်လေးပါးနှင့် ခွဲကြည့်ကြဦးစို့။

၁။ ဆံပင်အစ၊ ဦးနှောက်ကျ၊ ဝိသ ပထဝီခေတ်။
၂။ သည်းခြေအစ၊ ကျင်ငယ်ကျ၊ ဍွါရ အာပေါခေတ်။
၃။ သန့်၊ ဇိ၊ ဍု၊ ပါ၊ ဤလေးဖြာ၊ မှတ်ပါတေဇောခေတ်။

၄။ ဥဒ်,အ,ကုဝ်,ကောဋ္ဌ၊ အင်,အသ်တစ်၊ ခြောက်ဖြစ်
ဝါယောဓာတ်။

ယခင် သုံးဆဲ့နှစ်ပါးသော ကောဋ္ဌာသတို့တွင် ဆံပင်အစ, ဦးနှောက် အဆုံးရှိသော နှစ်ဆယ်ရကို ပထဝီဓာတ် လွန်ကဲထင်ရှားသောကြောင့် အကြမ်းအားဖြင့် ပထဝီဓာတ် နှစ်ဆယ်ဟူ၍မှတ်။

သည်းခြေအစ, ကျင်ငယ် အဆုံးရှိသော တဆဲ့နှစ်ပါးရကို အာပေါဓာတ် လွန်ကဲ ထင်ရှားသောကြောင့် အကြမ်းအားဖြင့် အာပေါဓာတ် တဆဲ့နှစ်ပါး ဟူ၍မှတ်။

တကိုယ်လုံး တကောင်လုံးကို လောင်ကျွမ်း ဖုတ်မြိုက်၍နေသော **သန္တပ္ပနတေဇော**။ အိုမင်း ယိုယွင်း ဆွေ့ပါးခြင်းကို ဖြစ်စေတတ်သော **ဇီရဏတေဇော**။ အစာဟောင်းရကိုပြင်းထန်စွာ ပူလောင်မှုဟူသော **ဍဟနတေဇော**။ အစာသစ်တို့ကို ကျက်ကြေ ချေချတတ်သော **ပါစကတေဇော**။ ပေါင်း တေဇောဓာတ် လေးပါးဟူ၍မှတ်။

အထက်သို့ ဆန်တက်သော ဥဒ္ဓင်္ဂမဝါယော, အောက်သို့ ရုံဆင်းသော အဓောဂမဝါယော, ဝမ်းတွင်း၌ ကိန်းအောင်း ခိုကပ်သော ကုစ္ဆိသယဝါယော, အူမ၏အတွင်း၌ တည်နေသော ကောဋ္ဌာသဝါယော,အင်္ဂါကြီး,ငယ် အသွယ်သွယ် တို့၌ တကိုယ်လုံး တကောင်လုံး အနှံ့အပြား ကိန်းအောင်း တည်နေသော အင်္ဂမင်္ဂါနုသာရီဝါယော, ထွက်သက်, ဝင်သက် ဟု ဆိုအပ်သော အဿာသ ပဿာသဝါယော, ပေါင်း ဝါယောဓာတ် ခြောက်ပါးဟူ၍မှတ်။

အဲ ...အကြမ်းအားဖြင့် ပထဝီခါတ်–၁၀။ အာပေါခါတ် ၁၂–ပါး။ တေဇောခါတ် ၄·ပါး။ ဝါယောခါတ် ၆·ပါးနှင့် တခြားစီ ခွဲကြည့်လိုက်ပြန်တော့ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူ တပါး,ယောကျ်ား, မိန်းမ ရယ်လို့ ဘယ်မှာ ရှာလို့ရပါ တော့မလဲ မောင်တင်ရ (မှန်ပါ မရတော့ပါ ဘုရား)

ကဲ–ဆံပင်တခုကိုဘဲ ပရမတ်အရ ခါတ်အနှသို့ ရောက် အောင် တဆင့်တိုးပြီး ရှုလိုက်ကြအုံးဗို့။

ဆံပင်လို့ ခေါ်ရတဲ့ ဝတ္ထုမှာ လက်နှင့်ကိုင်ကြည့်တော့ လုံးခု လုံးခုနှင့် မာမှု နူးညံ့မှု ကလေးတွေ မတွေ့ဘူးလား (မှန်ပါ တွေ့ရပါ ဘုရား)

အဲဒါ ဆံပင်ဟုတ်သလား ပထဝီခါတ်သာ အမှန်ဟုတ် သလား (ဆံပင်မဟုတ်, မာမှု, နူးညံ့မှု ပထဝီခါတ်သာ အ မှန် ဟုတ်ပါတယ် ဘုရား)

ပြင်း ဆံပင်ကလေး ရောင်ရောင် ထင်လောက်အောင် လုံးဖွဲ့သားတဲ့ ဖွဲ့စေးမှု အာဗန္ဓနသဘောကလေးတွေ ထင် ရှားရှိတယ်မဟုတ်လား (မှန်ပါ ထင်ရှားရှိပါ ဘုရား)

အဲဒီ......အာဗန္ဓန သဘောကလေးတွေဟာ ဆံပင် ဟုတ် သလား၊ အာပေါခါတ်သာ အမှန်ဟုတ်သလား (မှန်ပါ အာ ပေါခါတ်သာ အမှန်ဟုတ်ပါတယ် ဘုရား)

ဒင်း ဆံပင်လို့ ခေါ်ရတဲ့ ဝတ္ထုကို ကိုင်ကြည့်လိုက် သောအခါ ပူပူ အေးအေး နွေးနွေး သဘောကလေးတွေ မတွေ့ဘူးလား (တွေ့ရပါ ဘုရား)

အဲဒီ......ပူပူ အေးအေး နွေးနွေး သဘောကလေးတွေ ဟာ ဆံပင်ဟုတ်သလား၊ တေဇောဓာတ်သာ အမှန် ဟုတ် သလား (မှန်ပါ တေဇောဓာတ်သာ အမှန်ဟုတ်ပါတယ် ဘုရား)

ငင်း ဆံပင်လို့ အခေါ်ခံရတဲ့ ဝတ္ထုကို ဥပါဒ်,ဋ္ဌီ,ဘင် မစေ့မီအတွင်း ထောက်ခံနေတဲ့ သဘောကလေးတွေ ထင် ရှားရှိတယ် မဟုတ်လား (မှန်ပါ ထင်ရှားရှိပါ ဘုရား)

အဲဒီ ထောက်ခံနေမှု သဘောကလေးတွေဟာ ဆံပင် ဟုတ်သလား ဝါယောဓာတ်သာအမှန်ဟုတ်သလား (မှန်ပါ ဝါယောဓာတ်သာ အမှန် ဟုတ်ပါတယ် ဘုရား)

ငင်း ဆံပင်လို့ သမုတ်ထားတဲ့ ဝတ္ထုကို ကြည့်လိုက် သောအခါ မဲမဲဖြူဖြူ သဘောကလေးတွေကို မမြင်ရဘူး လား (မှန်ပါ မြင်ရပါ ဘုရား)

အဲဒီ မဲမဲဖြူဖြူ သဘောကလေးတွေဟာ ဆံပင် ဟုတ်သ လား ဝဏ္ဏဓာတ်သာ ဟုတ်သလား (မှန်ပါ ဝဏ္ဏဓာတ်သာ အမှန်ဟုတ်ပါတယ် ဘုရား)

ငင်း ဆံပင်ခေါ်တဲ့ ဝတ္ထုကို အကယ်၍ နမ်းကြည့်လိုက် လျှင် ညှီညှီစို့စို့ အနံ့ သဘောကလေးတွေကို မနံရပေ ဘူးလား (မှန်ပါ နံပါ ဘုရား)

အဲဒီ ညှီညှီစို့စို့ အနံ့ သဘောကလေးတွေဟာ ဆံပင်

ဟုတ်သလား ဂန္ဓခါတ်သာ အမှန် ဟုတ်သလား (မှန်ပါ ဂန္ဓဓါတ်သာ အမှန်ဟုတ်ပါတယ်ဘုရား)

ဂုင်း ဆံပင်လို့ ထင်ရတဲ့ဝတ္ထုကို အကယ်၍ လျှာနှင့် တို့ကြည့်လိုက်သျှင် ငံကျိကျိ ဖန်ကော့ကော့ သဘောက လေးတွေကို မ လျက် မိ ပေဘူးလား (မှန်ပါ လျက်မိ ပါ ဘုရား)

အဲဒီ..... ငံကျိကျိ ဖန်ကော့ကော့ သဘောကလေးတွေ ဟာ ဆံပင်ဟုတ်သလား ရသဓါတ်သာအမှန်ဟုတ်သလား (မှန်ပါ ရသဓာတ်သာ အမှန်ဟုတ်ပါတယ် ဘုရား)

ဂုင်း ဆံပင်လို့ ခေါ် တွင်နေတဲ့ ဝတ္ထုမှာ ပြန့်နှံ့နေတဲ့ အသိ အစေးကလေးတွေ ထင်ရှား မရှိဘူးလား (မှန်ပါ ထင် ရှား ရှိပါ ဘုရား)

အဲဒီ အသိ အစေး သဘောကလေးတွေဟာ ဆံပင် ဟုတ်သလား၊ ဩဇာဓါတ်သာ အမှန်ဟုတ်သလား (မှန် ပါ ဩဇာဓါတ်သာ အမှန်ဟုတ်ပါတယ် ဘုရား)

အဲဒါလို ဆံပင်လို့ဆိုတဲ့ ဝတ္ထုတခုကို ကိုင်စမ်းကြည့် လိုက်ပြန်တော့လဲ ဆံပင်ကို မကိုင်မိ မာမှု နူးညံ့မှု ပထဝီ ဓါတ် ပရမတ်တွေကိုသာ ကိုင်မိ၊ ကြည့်လိုက်ပြန်တော့လဲ ဆံပင်ကိုမမြင်ရ မဲမဲဖြူဖြူ အဆင်း ဝဏ္ဏဓါတ် ပရမတ်ကို သာ မြင်ရ၊ နမ်းကြည့်လိုက်ပြန်တော့လဲ ဆံပင်ကိုမနမ်းမိ ညှီညှီပုပ်ပုပ် အောက်အောက် အဲ့အဲ့ အနံ့ ဂန္ဓဓါတ်ပရ မတ်ကိုသာ နမ်းမိ၊ လျှာနှင့် တို့ကြည့်လိုက်ပြန်တော့လဲ ဆံ

ပင်ကို မလျက်မိ ငံငံပေါ့ပေါ့ ဖန်ဖန်ကော့ကော့ အရသာ ခေါ်တ်ပရမတ်ကိုသာ လျက်မိ၊ ဒါဖြင့် ဆံပင်ဆိုဒါ တကယ် ရှိ မဟုတ်ဘူးပေါ့ မောင်တင်ရ (မှန်ပါ တကယ်ရှိမျိုးမဟုတ် ပါ ဘုရား)

ကဲ ဒါဖြင့် ရုပ်ခေါ်တ်ရှစ်ပါးကို တခြားစီ အသီးသီး ခွဲ ကြည့်လိုက်တော့ ဆံပင်ဆိုဒါ စိတ်ထင်ခါမျှဘဲ မဟုတ်လား (မှန်ပါ စိတ်ထင်ခါမျှပါ ဘုရား)

သည်တော့ ယခင်ပြောခဲ့တဲ့ အထင်ခံ အမှန်ရှိ သဘော တွေက ရုပ်တရား၊ ဆံပင်လို့ ထင်ဒါက နာမ်တရား၊ ရုပ် နာမ် နှစ်ပါးသာ အမှန်ကြံ ဟုတ်တယ် ဆံပင်ဆိုဒါ တ ကယ်မဟုတ်ဘူး ဆိုဒါ မထင်ရှားဘူးလား (မှန်ပါ ထင်ရှား ပါ ဘုရား)

ကြွင်းကျန်သော ကိုယ်အစိတ်အပုကိုလဲ ရုပ်ခေါ်တ်တွေ နှင့် ခွဲရှုလိုက်ရင် ဆံပင်အတိုင်း မြင်ဘို့ဘဲ မဟုတ်လား မောင်တင်ရ (မှန်ပါ သည်အတိုင်းပါဘဲ ဘုရား)

ဒါဖြင့် ဆံပင်လို့ တကယ်ထင်ပြီး မဟုတ်ဘဲနှင့် အစွဲ ကြီးစွဲ အလွဲကြီး လွဲနေကြဒါ ဘယ့်လောက် ရယ်စရာ ကောင်းသလဲ ဘာမှမရှိတဲ့ အဇဋ္ဌာပြင်ကျယ် ကောင်းကင် လယ် ထိးထိးကြီး ကြည့်ပြီး မုန်းစရာ ချစ်စရာထင်၍ လက် ခုပ် လက်ဝါးတီးခါ ရန်ဖြစ် ချစ်ခင် တ ရွှင်ရွှင် တသော သောနှင့် ရယ်မောပြောဆိုနေတဲ့ အရူးကြီးနဲ့ ဓတူဘူးလား

မောင်တင်ရ (မှန်ပါ ကောင်းကင်ကို ကြည့်ပြီး ရယ်မော ပြောဆိုနေတဲ့ အရူးကြီးနဲ့မခြား တသားထဲတူလှပါဘုရား)

အရူးနဲ့မတူဘဲ ရှိပါ့မလား အဆင်များ အမြင်များ အမှတ်များ အစွဲများ ဆိုတဲ့ ဝိပလ္လာသတရားတွေက အများပြ ထားတော့ အားမရ တင်းမတိန်နိုင်အောင် ချစ်ကြိုးတွေက အမျိုးမျိုး လိမ်ရှုပ်နေကြသကိုး (မှန်ပါ ဘုရား)

ကြည့်ပါလား လူ့ပြေမှာ ချစ်ကြိုး လိမ်ရဒါ အားမရ လို့ ရံဘန် ရံခါ နတ်ပြေတက်ပြီး ချစ်ကြိုးလိမ်လိုက်, ရံ ဘန် ရံခါ ငြပ္ဗြာပြေမှာ တက်ပြီး ချစ်ကြိုး လိမ်လိုက်, အောင်မယ် တကိုယ်လုံး တကောင်လုံး ချစ်ကြိုးတွေ လိမ် ရှုပ်နေလိုက်ကြဒါ လှုပ်တောင် မလှုပ်နိုင်အောင် ပါလားဟာ မောင်တင်ရ (မှန်ပါ အမျိုးမျိုးချစ်ကြိုးတွေ လိမ်နေကြပါ ဘုရား)

ဒီချစ်ကြိုးတွေ ပွေရှုပ်နေတဲ့ အတွက်ကြောင့် မကောင်း တဲ့ တရားဆိုး တရားယုတ်ကိုလဲ မဆင်ခြင်နိုင် ကောင်းတဲ့ တရားမြတ်ကိုလဲ မထင်မြင် နိုင်ဘဲ ပုထုဇဉ်တွေဟာ အရူး အသွင် ဖြစ်မနေဘူးလား (မှန်ပါ အရူးအသွင် ဖြစ်နေကြပါ ဘုရား)

မကောင်းတဲ့တရားကိုလဲ မရိပ်မိ ကောင်းတဲ့တရားကို လဲ မရိပ်မိလို့ ဒိဋ္ဌိအလိုနှင့် အများတွေလဲ ပိုနေကြတယ် မဟုတ်လား (မှန်ပါ အများတွေလဲ ပိုနေကြပါ ဘုရား)

ပညတ်နယ်မှာ မရှိတဲ့တရားကိုလဲ မဆင်ခြင်မိ ပရမတ်နယ်မှာ ရှိတဲ့တရားကိုလဲ မထင်မြင်မိ၊ ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ မရှိတဲ့ တရားကိုလဲ မရိပ်မိ၊ ရုပ်,နာမ် နှစ်ပါးဆိုတဲ့ ရှိတဲ့တရားကိုလဲ ဘိတ်မသိ၍ ဒိဋ္ဌိအလို အမှား ပိုနေကြလို့ အပါယ်ထိုထို ဥတဟို ဖြစ်နေကြဒါပေါ့ဟာ မောင်တင်ရ (မှန်ပါ အပါယ်ထိုထို ဥတဟို ဖြစ်နေကြပါဘုရား)

အဲဒါလို ဖြစ်နေတဲ့ ပုထုဇဉ်တို့ရဲ့ အမှုသွား စဉ်းစားကြည့်လိုက်တော့ ရှက်စရာအတိနှင့် ကြောက်စရာ အပြည့်တွေကို နဲနဲမှ သတိမရကြဘူး ယခုအခါမှာသတိရ၍ သိကြဘို့ တော်လှပြီ မောင်တင်ရ (မှန်ပါ သတိရ သိကြဘို့ အချိန်တော်ပါပြီ ဘုရား)

မောင်တင်ရေ (ဘုရား) သံဝေဂ သတိရ သိကြအောင် ခါးပိုက်ဆောင် မှတ်ချက် အတိုချုပ်ဆောင်ပုဒ်ကလေးတွေ နှုတ်တိုက်ချပေးအုံးမယ် ကဲကဲ လိုက်ကြစမ်း လိုက်ကြစမ်း။

## သံဝေဂ ဆောင်ပုဒ်များ

၁။ မကောင်းဒါကိုလဲ မဆင်ခြင်၊ ကောင်းဒါကိုလဲ မထင်မြင်၊ အရူးအသွင် ပုထုဇဉ်၊ ပျော်ရွှင်မဝ ရူးလုံးထ၊ ရှက်လဲ မရှက်ကြ။

၂။ မကောင်းဒါကိုလဲ မရိပ်မိ၊ ကောင်းဒါကိုလဲ ဘိတ်မသိ၊ ဒိဋ္ဌိအလိုအမှားပို အောက်ကိုဆွဲချ၊ပါယ်လေးဝ၊ ကြောက်လဲ မကြောက်ကြ။

၃။ မရှိဒါကိုလဲ မဆင်ခြင်၊ ရှိဒါကိုလဲ မထင်မြင်၊ အရှူးအသွင် ပုထုဇဉ်၊ ပျော် ရွှင်မဝ ရှူးလုံးထ၊ ရှက်လဲ မရှက်ကြ။

၄။ မရှိဒါကိုလဲ မရိပ်မိ၊ ရှိဒါကိုလဲ ဘိတ်မသိ၊ ဒိဋ္ဌိ အလို အမှားပို၊ အောက်ကိုဆွဲချ ပါယ်လေးဝ၊ ကြောက်လဲ မကြောက်ကြ။

၅။ မဟုတ်ထာကိုလဲ မဆင်ခြင်၊ ဟုတ်ထာကိုလဲ မထင်မြင်၊ အရှူးအသွင် ပုထုဇဉ်၊ ပျော် ရွှင်မဝ ရှူးလုံးထ၊ ရှက်လဲ မရှက်ကြ။

၆။ မဟုတ်ထာကိုလဲ မရိပ်မိ၊ ဟုတ်ထာကိုလဲ ဘိတ်မသိ၊ ဒိဋ္ဌိအလို အမှားပို၊ အောက်ကိုဆွဲချ ပါယ်လေးဝ၊ ကြောက်လဲ မကြောက်ကြ။

## တရား အသုံးသတ်ရန်

ရှမေ၊ ဤ တရားနာလာ များဒိုလ်ပါ တို့သည်။ ထံ၊ ထိုယခုဟောကြားအပ်သော သဘောသွား ပရမတ် တရားမြတ်ကို။ ဘာဝေတွာ၊ ဖြောင့်တန်း ဉာဏ်မြင် ပွါးဆင်ခြင်၍။ ပုထုဇ္ဇန ဂေါတ္တံ၊ ရှက်စရာအတိ ကြောက်စရာအပြည့် ဖြစ်၍နေသော ပုထုဇဉ်၏ အနွယ်ကို။ အဘိဘဝိတွာ၊ လွှမ်းမိုး နှိပ်စက် အတင်းဖျက်၍၊ အရိယ ဂေါတ္တံ၊ အရိယာဇာတ်

အနွယ်မြတ်သို့။ ပဋိပတ္တိ၊ ရုပ်,နာမ် အစဉ် အမှန်မြင်၍ ပုထုဇဉ် ညင်ကောက် စရိုက်ပျောက်အောင် လွယ်ကူစွာ ဆိုက်ရောက်နိုင်ကြပါစေကုန် သတည်း။

သာဓု—သာဓု—သာဓု

အကျယ်သဘောကို မိမိဉာဏ်ဖြင့် တွေးတော၍
ဟောပြောကြပါကုန်

ပြီးပြီ

―――o―――

# ၉—သူငယ်ပြန် တရားခွန်း

——၀——

ပါပံ တုမှေ ပဇဟေထ၊ ဓာတျာ ဒိဋ္ဌာဘိ ဖိဿတ္တံ၊
ဝယော ဝုဍ္ဎာ နိဝတ္တေန္တိ၊ တရုဏာဘာဝ မာဂတာ။

ဘောဂန္တော၊ မောဘွယ် ပမ်းဘွယ် စခန်းသွယ်၍ နေကြကုန်သော နောက်ဘွယ် နောက်ဖျား နောက်ပြန်သွား၍ နေကြတဲ့ အို ....သံသရာ သူငယ်ပြန်သမားတို့၊ တုမှေ၊တဏှာ၏ လက်အောက်က တရက်လောက်ကမှ ထွက်ပေါက်ကို မရနိုင်ကြသဖြင့် မရှက် မကြောက် မော်ကြွားပြီး မက်သလောက် ပျော်ပါးခါနေကြတဲ့ သင်လူအများ သူငယ်ပြန်သမားတို့သည်။ ပါပံ၊ ကာယကံ သုံးချက် ဝစီကံ လေးတွေ မနောကံသုံးသွယ် အပါယ်ရောက်ကြောင်း မကောင်းမှု မိုက်ဒုစရိုက်တွေကို။ ပဇဟေထ၊ အတင်းတကယ် အကင်းတွယ်အောင် ရှင်းပယ်လိုက်ကြပါကုန်လော့။ ပါပံ၊ လောက ဓမ္မ နှစ်ဌာနတွင် အကျိုးဘာမျှ ရှာမရတဲ့ ငါကွတော့ ဘယ်လို သူကတော့ဘယ်ပုံ သင်းကတော့ ဘယ့်နှယ်နှင့် ကဲ့ရဲ့ရောင် အမှုအခင်းတွေကလဲ ပေါ်လိုက်ပါဘိ လက်မလယ်အောင် သူ့အတင်းတွေ ပြောပြောပြီး အများသဘောရှု အမှားကြောခုလို့မို့ အပေါင်းအသင်း ဘုတွေနှင့် ခေါင်းချင်း ရုရုပြီး မကောင်းသတင်းတခု ကဲ့ရဲ့ခြင်းဆိုတဲ့ ဝစီဒုစရိုက်မှုတွေကို။ ပဇဟေထ၊ မဖွင့် မလှစ်ကြပါနှင့် အသင့်ဖြစ်အောင်–စွန့်ပြစ်လိုက်ကြပါကုန်လော့။ ပါပံ၊

မယားကိုစိတ်ဆိုး သားကိုဩိုး၍ သွီးကိုမဲ မြေးကိုဆဲလျက် စိတ်ထဲမှာတချက် သဘောမကျဒါကြောင့် ကြိတ်ခဲခဲ အမျက်ဒေါ ထထပြီး အက္ကောသ ဆိုတဲ့ ဝစီဒုစရိုက်မှုတွေကို။ ပဇဟောထ၊ မာန်မိဿ ၁ မလာမဝဲရအောင်ပ ဉာဏ်ဝိစ္ဆာခမွှာ တွဲပြီး တခါထဲ စွန့်ပစ်လိုက်ကြပါကုန်လော့။ မယံ၊ သင်တို့ ငါ့ဒိုတတွေသည်။ ဇာတျာ ဒိဋ္ဌာဘိ ဇိဃ္ဃစ္ဆာ၊ ဒုက္ခဇာတိ စ၍လက်ချက် သူ့အတွက်ကြောင့် မှုတွက် မအေး တဖြေးဖြေး တဆင့်ဆင့် ရင့်သည်ထက် ရင့်သည်၏ အဖြစ်သို့။ အာဂတာ၊ အတွင်မနား အမြင်အားဖြင့် ထင်ရှားစွာ ရောက်၍ လာကြကုန်၏။ တထာပိ၊ ထိုသို့ပင် တနေ့ထက် တနေ့ တရွေ့ရွေ့နှင့် တမြွေမြွေ တဆင့်ဆင့် ရင့်သည်ထက် ရင့်သည်၏ အဖြစ်သို့ အသင့်မှန်စွာ ရောက်၍ပင်လာကြပါကုန်သော်လည်း၊ ဝယောဝုဍ္ဎာ၊ အသက်ကြီးသလေ့ ခရီးမရောက်ကြကုန်ဘဲ မီးတောက်တွေ ဆယ်ပြန် ပွါးနေကြတဲ့ သူငယ်ပြန်သမား တို့သည်။ တရုဏာဘာဝံ၊ လူသာကြီးလို့ စိတ်ကငယ် ဘိစ္ဆုနအရွယ်မို့ သက်ကြားဆို နွားဇိုနှင့် မြက်နု ပုံကိုသာ ရှုကြပေတော့ နှိပ်ကွပ်မနေ ဟိုသမုတွေကြောင့် စိတ်ခေတ်တွေ အလိုလိုညှုပြီး ပျို့နုသည်ထက် ပျို့နုသည်၏ အဖြစ်သို့သာလျှင်။ နိဝတ္တေန္တိ၊ ကလေးအရွယ် ရှေးအနွယ်လို သေးငယ်၍သာ လာကြကုန်၏။ တရုဏာဘာဝံ၊ သံသရာ နယ်တလွှားမှာဖြင့် ဖန်ခါခါတကယ် မနားရအောင် ခန္ဓာတွေ အကျယ် ပွါးပွါးပြီး အငယ်စားကလေး၏ အဖြစ်သို့သာလျှင်။ နိဝတ္တေန္တိ၊ အပါယ် တခါးချိပ်တွေကို တကယ်သား မပိတ်နိုင်ကြဒါက ထိပ်စရာခမွှာ

အာသဝတွေကြောင့် စိတ်ချစရာ ရှာမရပါကလ ဒါနကလဲ မီးသွေးရောင် သီလကလဲ ခတ်ကြောင်ကြောင် ဘာဝနာ ကတော့ အရှချောင်ချောင် စိတ်ပုလောင် သဘောရှိင်းတွေ ကြောင့် ရိပ်ဖြူဘောင် ဇော မလှိုင်း နိုင်ကြတော့ဘဲ နိဗ္ဗူ သောင် ကြောနိုင်းပြီး မြောမြဲတိုင်း မြော၍ နေကြလေ ကုန်၏။ တရုဏာဘာဝံ၊ သိုသိတ်မနေ ယခုအဖြစ် တွေး လိုက်ကြပေတော့ ထိုဟိုက်နေ အမှုညစ်အကြေးတွေကြောင့် ကိုယ်စိတ်စေ သမုဝနှုတွေးတွေးပြီး အနုအထွန်ကလေး ၏ အဖြစ်သို့သာလျှင်။ နိဝတ္ထော့၊ အဘိဓမ္မတ္ထာ နယ်အမှန် ကို တွေ့ကြသော်လဲ ဝိပဿနာ တကယ်အကြံ မလေ့ကြ ဒါကြောင့် မိထပ်ခါ ဆယ်ပြန်မေ့မေ့ပြီး ဟော ... တို့တတွေ မှာနေဘ် သူငယ်ပြန် ၍ သာ နေကြလေကုန်သတည်း။

တကာလူရေ (ဘုရား) တကာလူတို့ ငါတို့တတွေဟာ လူ့ပြေမှာ ရနေကြပြားသော်လဲ တော်တော်ကြာ ဒို့ကြိုးက တင်းကနဲ ဆွဲချလိုက်တော့ ငရဲမှာ ရှောခနဲ ပါသွားကြရ၊ နတ်ပြေမှာ ထပ်နေကြပြားသော်လဲ တော်တော်ကြာ ဒို့ ကြိုးက တင်းခနဲ ဆွဲချလိုက်တော့ ငရဲမှာ ရှောခနဲ ပါသွား ကြရ၊ ဗြဟ္မာ့ပြေမှာ ရနေကြပြားသော်လဲ တော်တော် ကြာ ဒို့ကြိုးက တင်းခနဲ ဆွဲချလိုက်တော့ ငရဲမှာ ရှောခနဲ ပါသွားကြရ၊ ဒီလိုဖြစ်မနေကြဘူးလား (မှန်ပါ သည်အ တိုင်း အမှန်ဖြစ်နေကြပါ ဘုရား)

လူ့ပြည်မှာ ခေတ္တစံ, တော်တော်ကြာ အပါယ်ထံ သူ ငယ်ပြန်လိုက်၊ နတ်ပြည်မှာခေတ္တစံ တော်တော်ကြာအပါယ်

ထံ သူငယ်ပြန်လိုက်၊ ဖြူပွဲခွပြည့်မှာ ခေတ္တခဏ တော်တော်ကြာ အပါယ်ထံ သူငယ်ပြန်လိုက်၊ ဆဲဒါလို အပြန်ပြန် အလှန်လှန် အဖန်ဖန် ပြန်ပြန်ကျကျ နေကြလို့ရို့ တကာလူတို့ ငါတို့ ပုထုဇဉ်မှန်သမျှတွေကို သူငယ်ပြန် သမားတွေလို့ ဆိုထိုက်ပေဘူးလား (မှန်ပါ ဆိုသင့် ဆိုထိုက်ပါ ဘုရား)

ကဲ......သူများကို ထားပါဦး တကာလူတော သူငယ်ပြန် တုံးဘဲလား (မပြောတတ်ပါဘူး ဘုရား)

အို .. နေစမ်းပါအုံး မပြောတတ်ရအောင် အသက်က ဘယ်လောက်ရှိပလဲ (ငါးဆယ်ကျော်ပါ ဘုရား)

ဟင် .... အံ့သြတယ် ငါးဆယ်ကျော် ခြောက်ဆယ်တွင်း ရောက်လို့တောင် မသိသေးဘူးလား သူငယ်ပြန်ဒါ မပြန်ဒါ ကိုယ့်ဟာကိုယ်မှ မသိရင် ဘယ်သူက ဝင်သိပေးအုံးမှာလဲ ခက်သကိုး (မှန်ပါ နဲနဲတော့ ပြန်သေးထင်ပါ ဘုရား)

အလို....သာခက်ပြန်သကိုး နဲနဲပြန်ဒါလဲ အပြန်ဘဲ များများကြီး ပြန်တော့လဲ အပြန်ပါဘဲ တကာလူရ၊ အမှုပေါ် အောင် ရှော့မထားပါနဲ့တော့ ရောဂါကို ကွယ်ဝှက်ထားရင် ဆေးကုသာ ခက်မှာ ကိုယ့်မှာသက်သာခွင့် မရပေဘူး ဒါဖြင့် ဘယ်ဘဝကျမှ သူငယ်ပြန် လက်စ သိမ်းလိမ့်မှန်းနော် (မဆိုနိုင်ပါဘူး ဘုရား)

သူငယ်ပြန်ခြင်တဲ့ အထင်များ အမြင်များ စိတ်, စေတသိက် တရားကလေးတွေကလဲ အခဲနဲ့ အတုံးနဲ့ မဟုတ်တော့ ခန္ဓာကိုယ်ထဲက ဆွဲငင်ကောက်ယူပြစ်လို့လဲမဖြစ် မကောင်း

တဲ့ တရားယုတ်တွေ နိုင်တို့ သွားကြတော့လို့ ပါးစပ်က နှုတ်ထုတ်လိုက်ရုံနဲ့လဲ မရ။ အနုနဲ့မရလို့ တခါအကြမ်းနဲ့ ရိုက်နှက် ပုတ်ခတ် ထုတ်ပါသော်ကော ဆိုရင်လဲ ဘယ် ချောင်ကြား ကပ်နေတယ် မသိ စမ်းသန်း ရှာဖွေလို့လဲမတွေ့ အင်္ဂေါ့ အရောင်မျှတောင် မမြင်ရ သည့်တော့ ဘယ့် လောက် တန်ခိုးချောက်သာနဲ့ တူသလဲ တကာလူရ (မှန်ပါစမ်းသန်း ရှာဖွေလို့လဲ မရတော့ တန်ခိုးချောက်သာနဲ့ တူလှပါ ဘုရား)

အဲဒီလို အတုံးအတစ်နဲ့ မဟုတ်တော့ ပယ်ထုတ် စွန့်ပစ် ဘို့ဟာ ခဲရင်းဘူးလား (မှန်ပါ ခဲရင်းလှပါ ဘုရား)

အတုံးအတစ်ကြီးမျိုး မဟုတ်လို့လဲ ပယ်ဘို့ရာ သိတ်မခဲ ရင်းပြန်ဘူးတဲ့၊ ဥပမာ-မျက်စိလယ်နေသောသူဟာ မျက်စိ လယ်ခြင်တော့လဲ လွယ်လွယ်ကလေးနဲ့ လယ်သွားဒါတဲ၊ မျက်စိလယ်ပြေပျောက်ခြင်တော့လဲ ချာခနဲဆို လွယ်လွယ် ကလေးနဲ့ဘဲ ပြေပျောက်သွားပြန်ဒါတဲ၊ အတုံးအတစ်ကြီးနဲ့ လယ်နေရဒါလဲ မဟုတ်။ အတုံး အတစ်ကြီးနဲ့ ပြေပျောက် သွားရဒါလဲမဟုတ်၊ သည့်တော့ မလွယ်ဘူးလား (မှန်ပါ လွယ်ပါ ဘုရား)

အေး ... အဲဒါလိုဘဲ လူရော နတ်ပါ ဖြဟ္မာမကျန် အမှန် ကို မသိကြသေးရင် မျက်စိလယ်ကြစတမ်းပေါ့ အမှန်ကို သိ ရင် သိတဲ့တမြိုင်နက် နေ့၊ ရက်၊ နာရီ၊ အချိန် ဆွဲမနေဘဲ ရှင်း ခနဲ လင်းခနဲ ပြေပျောက်သွားဒါဘဲ ဒါ့ကြောင့် လယ်ခြင် လဲ စိတ်ထဲတင် အလယ်ပြေပျောက်ခြင်လဲ စိတ်ထဲတင် စိတ်

ထဲက လွဲပြီး ဖြစ်ထာမဟုတ်ပါဘူး တကာလျှရ (မှန်ပါ စိတ်ထဲတွင် ဖြစ်ရဒါပါ ဘုရား)

ထိုကဲ့သို့ အထင်မှားမှု အမြင်မှားမှုဆိုကဲ့ ဒိဋ္ဌိမျက်စိလယ်တရ မပြေသေးလျှင် ဆယ်ပါးသော ဒုစရိုက်မှုတွေလဲ တပေပေ တတေတေနှင့် အညွန့်တွေ ဝေနေအောင် ဖြစ်တတ်တယ်ဆိုဒါ တထစ်ချ မှတ်ရမယ်နော် (မှန်ပါ ဘုရား)

## ဒုစရိုက်ဆယ်ပါး မှတ်သားရန်

၁။ ပါ,ဒိန်,ကာမေ၊ ဤသုံးတွေ၊ မှတ်လေ ကာယကံ။

၂။ မုသာ, ပိသု, ဖရု, သမ္ဖပ်၊ ဤလေးရပ်၊ ခေါ်မှတ် ဝစီကံ။

၃။ ဘိဇ္ဈာ,ဗျာပါ, ယူမိစ္ဆာ၊ သုံးဖြာ မနောကံ။

၄။ ကာယသုံးလီ၊ ဝစီလေးလုံး၊ မနောသုံး၊ ပေါင်းရုံး ဒုဆယ်တန်။

ပါဏာတိပါတ,အဒိန္နဒါန်,ကာမေသုမိစ္ဆာစာရ,ပေါင်း ကာယကံ ၃-ပါးတည်း။

မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ ပေါင်း ဝစီကံ၄-ပါးတည်း။

အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ ပေါင်း မနောကံ ၃-ပါးတည်း။

ဤ သုံးရပ်ကို ပေါင်းသော် ဒုစရိုက် ဆယ်ပါး ဖြစ်သတည်း။ ကမ္မပထမြောက်ခဲ့လျှင် အကုသလကမ္မပထဘာရေး ဆယ်ပါးဟူ၍လည်း ခေါ်၏။

တရားကိုယ်အားဖြင့် ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါး၊ ပေါင်း ၇-ပါးမှာ စေတနာစေတသိက် ရ၏။ အဘိဇ္ဈာ အရမှာ လောဘ စေတသိက် ရ၏။ ဗျာပါဒအရမှာ ဒေါသ စေတသိက် ရ၏။ မိစ္ဆာဒိဋ္ဌိအရမှာ ဒိဋ္ဌိစေတသိက် ရ၏။

## ပါဏာတိပါတကံကိုပြုရာ၌ လိုလပယောဂသည် ၆-ပါးရှိ၏

၁။ သာ, အာ, နိဿ, ထာ၊ ဝိဇ္ဇာ, ဣဒ္ဓိ၊ ခြောက်ပါးရှိ၊ မှတ်သိ ပယောဂ။

၂။ ကိုယ်တိုင်ခိုင်းစေ၊ ပြစ်လေ မြဲမှတ်၊ အတတ် တန်ခိုး၊ ဤခြောက်မျိုး၊ ကောက်ရိုးနက်အဓွ။

မိမိကိုယ်တိုင် သတ်ခြင်း သာဟတ္ထိကပယောဂ, သူတပါးကို ခိုင်းစေ၍ သတ်ခြင်း အာဏတ္တိကပယောဂ, လက်၌ရှိသောဝတ္ထုနှင့် လွှတ်ပစ်၍သတ်ခြင်း နိဿဂ္ဂိယ ပယောဂ, အမြဲတည်အောင် ရွေ့ပြောင်း၍ မရသော တွင်းတူးခြင်း ကျင်းတူးခြင်း စသည်ကို ပြုလုပ်၍ သတ်ခြင်း ထာဝရ ပယောဂ, ဂါထာမန္တရား ဆေးဝါး အင်းအိုင် တတ်နိုင်ဒဏ်ပြန် အဘန်ဘန်စီမံ၍ အတတ်နှင့်သတ်ခြင်း ဝိဇ္ဇာမယ ပယောဂ, မျက်စောင်းထိုးသိုက်ရုံမျှနှင့် သူတပါးကို သေ

စေတတ်သော ကံ၏ အကျိုး တန်ခိုးအမျိုးမျိုးတို့ဖြင့် သတ်ခြင်း ဣဒ္ဓိမယ ပယောဂ ဤ ၆ ပါး တပါးပါးဖြင့် သတ်၍ သေခဲ့လျှင် ကံမြောက်တော့သည်ဟုမှတ်။

**အဒိန္နာဒါနကံကိုပြုရာ ခိုးခြင်း ၂၅-ပါးရှိ၏**

၁။ နာနာဘဏ္ဍပဉ္စက။
၂။ ဧကဘဏ္ဍပဉ္စက။
၃။ သာဟတ္ထိကပဉ္စက။
၄။ ပုဗ္ဗပယောဂပဉ္စက။
၅။ ထေယျာဝဟာရပဉ္စက။ ဤသို့ ပဉ္စကငါးပါး ငါးလီ ၂၅-ဖြစ်သည်။

ထိုပဉ္စကငါးပါးတို့တွင် နာနာဘဏ္ဍပဉ္စက အရကား .....

၁။ အာ, ဟ, အ, ဣ၊ ဌာကိုထည့်၊ ငါးဖြာ ပဉ္စက။

အာဒိယန, ဟရဏ, အဝဟရဏ, ဣရိယာပထဝိကောပန, ဌာနာစဝန ဤငါးပါးကိုယူ။

**အဓိပ္ပါယ်ကား**.... တရားဆင်၍ ခိုးခြင်းကို အာဒိယန ခိုးခြင်းဟု ဆို၏။ ဆောင်ယူခဲ့သော သူတပါး ပစ္စည်း ခိုးယူခြင်းကို ဟရဏခိုးခြင်းဟု ဆို၏။ မိမိထံ၌ သူတပါးတို့က အပ်နှံ၍ထားသော ဘဏ္ဍာကို ငါမယူပြီဟု ညင်းပယ်၍ ခိုးခြင်းကို အဝဟရဏခိုးခြင်း ဟုဆို၏။ ဘဏ္ဍာကိုဆောင်သော သူနှင့်တကွ ခြိမ်းချောက်ရိုက်နှက် ပုတ်ခတ်၍ ဣရိ

ပုထ်ကို ဖျက်ဆီး၍ ခိုးခြင်းကို ဣရိယာပထဝိကောပန ခိုးခြင်း ဟုဆို၏။ ကျည်းကုန်း၌တည်သော ဘဏ္ဍာကို တည်နေရာအရပ်မှ ရွေ့လျောစေ၍ ခိုးခြင်းကို ဌာနာစဝန ခိုးခြင်း ဟုဆို၏။ ဤကား နာနာဘဏ္ဍပဉ္စကတည်း။

ဧကဘဏ္ဍပဉ္စကသည်လည်း အာဒိယန တရားဆင်၍ ခိုးခြင်း, ဟရဏ—ဆောင်အပ်သောဘဏ္ဍာကိုခိုးခြင်း, အဝဟရဏ-အပ်နှံ၍ထားသော ဘဏ္ဍာကိုခိုးခြင်း, ဣရိယာပထ ဝိကောပန—ဣရိယာပုထ်ကိုဖျက်၍ခိုးခြင်း, ဌာနာစဝန တည်ရာမှ ရွေ့လျောစေ၍ခိုးခြင်း, ဤသို့ နာနာဘဏ္ဍပဉ္စကနှင့် တူ၏။ နာနာဘဏ္ဍပဉ္စကကား ..... အရှင်ရှိသော သဝိညာဏက, အဝိညာဏက နှစ်ပါးစလုံးနှင့် သက်ဆိုင်သည်။ ဧကဘဏ္ဍပဉ္စကကား .....အရှင်ရှိသော သဝိညာဏကနှင့်သာ သက်ဆိုင်သည်။ ဤကား ပဉ္စကနှစ်ပါး အထူးပင်တည်း။

**သာဟတ္ထိကပဉ္စကအရကား....**

၂။ သာ,အာ,နိသ်,အတ်၊ ဓု-ငါးရပ်၊ သိမှတ်ပဉ္စက။
သာဟတ္ထိက, အာဏတ္တိက, နိဿဂ္ဂိယ, အတ္ထသာဓက, ဓုရနိက္ခေပ, ဤငါးပါးကိုယူ။

**အဓိပ္ပါယ်ကား....** မိမိကိုယ်တိုင် ခိုးခြင်းကို သာဟတ္ထိက ခိုးခြင်း ဟုဆို၏။ သူတပါးကို စေခိုင်း၍ ခိုးခြင်းကို အာဏတ္တိက ခိုးခြင်း ဟုဆို၏။ ကင်းခွန်အကောက်ထားရာ

အရပ်၏ အတွင်း၌နေ၍ ဘဏ္ဍာကို အပသို့ ပြစ်ချ၍နှုတ်၍ ခိုးခြင်းကို နိဿဂ္ဂိယ ခိုးခြင်း ဟုဆို၏။ အကြင်အခါ စွမ်းနိုင်အံ့ ထိုအခါ ခိုးခြေဟု စေခိုင်း၍ ထိုစေခိုင်းစည်၌ပင် မခိုးမိရှေးအဘို့က ကံမြောက်နှင့်သော ခိုးခြင်းကို အဏ္ဏတ္တိကသင်္ကေ ခိုးခြင်း ဟုဆို၏။ အပ်နှံ၍ထားအပ်သော ဘဏ္ဍာ ငှါး ရမ်း၍ထားသော ဘဏ္ဍာ ဘဏ္ဍာစား ထိုက်သော ပစ္စည်း စသည်တို့ကို ငါမပေးပြီ ဟု ဝန်ချ၍ခိုးခြင်းကို ဓုရနိက္ခေပ ခိုးခြင်း ဟုဆို၏။ ဤကား သာဟတ္ထိကပဉ္စကတည်း။

**ပုဗ္ဗပယောဂပဉ္စက အရကား....**

၃။ ပုဗ်,သ,သံ,သင်၊ နိ ငါးအင်၊ မှတ်ခြင် ပဉ္စက။

ပုဗ္ဗပယောဂ, သဟပယောဂ, သံဝိဓာဝဟာရ,သင်္ကေတကမ္မ, နိမိတ္တကမ္မ, ဤငါးပါးကိုယူ။

**အဓိပ္ပါယ်ကား** သူတပါးကို စေခိုင်းရာ၌ စေခိုင်းသောခဏ ပုဗ္ဗပယောဂ၌ပင် ကံမြောက်သော ခိုးခြင်းကို ပုဗ္ဗပယောဂခိုးခြင်း ဟုဆို၏။ လယ်ယာကိုင်းကျွန်း အိမ်ဝန်း ခြံကာ စသည်ပြုလုပ်၍ ထားသော ကံသင်းမှတ်တိုင် စသည်တို့ကို နေရာမှရွှေ့ပြောင်းခြင်း တည်နေရာမှ ရွှေ့လျောစေခြင်း စသည်ပြု၍ ခိုးသည်ရှိသော် ရွှေ့ပြောင်းသောပယောဂခဏ၌ပင် ကံမြောက်သော ခိုးခြင်းကို သဟပယောဂ ခိုးခြင်း ဟုဆို၏။ တိုင်ပင်ညီညွတ်၍ခိုးကြခြင်းကို သံဝိဓာဝဟာရ ခိုးခြင်း ဟုဆို၏။ ဤ ခိုးခြင်းကား တိုင်ပင်

ညီညွတ်၍ တယောက်ယောက်က ကိုင်ယူလိုက်၍ နေရာမှ ရွေ့သည်နှင့်တပြိုင်နက် အားလုံးတိုင်ပင်ရာ ပါသူတို့သည် ကံထိုက်ကုန်၏။ နံနက်အခါ ညအခါ နေ့အခါ စသည် အချိန်းအချက်ထား၍ ခိုးခြင်းကို သင်္ကေတကမ္မခိုးခြင်း ဟုဆို၏။ ထိုစေခိုင်းသောအချိန်အတိုင်း မှချခိုးသည်ဖြစ်အံ့ အချိန်းအချက် ထားသောသူမှာ ချိန်းချက်သောခဏ၌ပင် ကံထိုက်၏။ မျက်စိမှိတ်ခြင်း,လည်ညိမ့်ခြင်း, စသည် အမှတ်ပြု၍ ခိုးခြင်းကို နိမိတ္တကမ္မ ခိုးခြင်း ဟုဆို၏။ မျက်စိမှိတ်ခြင်း လည်ညိမ့်ခြင်း စသည်ကို ပြုလိုက်သည်နှင့် တယောက်က မရှေးမနှောင်း ခိုးယူအံ့၊ အမှတ်ပြုသော သူမှာ ပြုလိုက်သောခဏ၌ပင် ကံထိုက်လေ၏။ ဤကား ပဉ္စပယောဂပဉ္စကတည်း။

### ထေယျာဝဟာရပဉ္စက အရကား

၄၊ ထေယျာ,ပသယှာ၊ ပရိကပ္ပါနှင့်၊ ပဋိစ္ဆန္နာ၊ ဆုံးကုသာ၊ ငါးဖြာ ပဉ္စက။

ထေယျာဝဟာရ၊ ပသယှာဝဟာရ၊ ပရိကပ္ပါဝဟာရ၊ ပဋိစ္ဆန္နာဝဟာရ၊ ကုသာဝဟာရ ဤငါးပါးကိုယူ။

**အဓိပ္ပါယ်ကား......** အလေးချိန်မမှန်, တောင်းတင်းမမှန် အသပြာမမှန်,စသည် စဉ်းလဲလှည့်ပတ်၍ ခိုးခြင်းကိုဋ်း၊ အိမ်ငန်း အိမ်ခြေ တိုက်နံရံ စသည်တို့ကို လှိုဖြတ် ဖေါက်ထွင်း၍ ခိုးခြင်းကိုဋ်း, ထေယျာဝဟာရ ခိုးခြင်းဟုဆို၏

လွှမ်းမိုးနှိပ်စက် အနိုင်အထက်ပြု၍ ခိုးခြင်းကို ပသယှာဝ ဟာရ ခိုးခြင်း ဟု ဆို၏။ အရပ်ကို ဖြစ်စေ, ဘဏ္ဍာကို ဖြစ်စေ, ကြံဆ၍ခိုးခြင်းကို ပရိကပ္ပါဝဟာရခိုးခြင်း ဟု ဆို၏၊ သူတပါးတို့၏ ပိုင်ထိုက်သို့သွား၍သိလျှင် ပေးမည်၊ မသိလျှင် ငါပြန်မပေးပြီ ဟု ယူခြင်းသည် အရပ်ကို ကြံဆ၍ ခိုးခြင်းမည်၏။ ကြံအပ်သော အရပ်လွန်လျှင် ကံမြောက်တော့သည်။ ပုဆိုးကို အလို့ရှိ၍ ခိုးယူသည်ရှိသော် ပုဆိုးဘဲဖြစ်အံ့ ကံမြောက်တော့သည်၊ အကယ်၍ သေတ္တာ ဖါ ပချုပ်၌ ချိဖြစ်နေအံ့ ကံမမြောက်သေး ချိမှန်းသိလျက် အပသို့ ထုတ်ဆောင်ယူသွားအံ့ ကံမြောက်တော့သည်။ ဤကား အရပ်ကို မှတ်ပုံနှင့် ဘဏ္ဍာကို မှတ်ပုံအထူးပေတည်း။ ခေတ္တခဏ ချထားသော သူတပါးပစ္စည်းကိုမြင်၍ နောက်မှ ငါယူမည် ဟု ဖုံ ဖျက်မှိုက်ဘို့ဖြင့် ဖုံးအုပ်ကွယ်ကာ၍ ခိုးခြင်းကို ပဋိစ္ဆန္နာဝဟာရခိုးခြင်း ဟု ဆို၏၊ လိပ်စာကမ္ပည်းပြောင်း၍ ခိုးခြင်းကို ကုသာဝဟာရ ခိုးခြင်း ဟု ဆို၏၊ ဥပမာ သူတပါး အဘို့ မိမိကလိုခြင်၍ သူတပါး၏ မဲလိပ်ကမ္ပည်းကို မိမိ-မိမိ၏ မဲလိပ်ကမ္ပည်းကို သူတပါး ဤသို့ မဲလိပ်ကမ္ပည်းခြင်း လဲပြောင်း၍ ခိုးသည် ဟု မှတ်။ ဤကား ထေယျာ ဝဟာရ ပဉ္စကတည်း။

ပဉ္စက ငါးပါးကို ပေါင်းခဲ့သည်ရှိသော် ခိုးခြင်း ၂၅-ပါး ဖြစ်သတည်း။

ကာမေသုမိစ္ဆာစာရကံအရာ မသွားလာအပ်သော အဂမနီယဝတ္ထု ၂၀-အရကား။

၁။ မာ-ပိ, မာပိ၊ ဘ နှင့် ဘာ၊ ဉာဂေါတ်ဓမ်သသာ။

၂။ ဓ-သန်-ဘော-ပ၊ ဩ-ဩ-ဓ၊ ကမ္မဒါမှဟာ။

၃၊ နှစ်ကျိပ် မများ၊ သွားလာကြား၊ ယောကျ်ား ကံ မြောက်ရာ။

မာတုရက္ခိတ အမိစောင့်ရှောက်သောမိန်းမ, ပိတုရက္ခိတ အဘစောင့်ရှောက်သောမိန်းမ, မာတာပိတုရက္ခိတ မိဘ နှစ်ပါး စောင့်ရှောက်သော မိန်းမ, ဘဂိနီရက္ခိတ အမ ညီမ စောင့်ရှောက်သောမိန်းမ, ဘာတုရက္ခိတ မောင်ကြီး မောင်ငယ် စောင့်ရှောက်သောမိန်းမ, ဉာတိရက္ခိတ ဆွေမျိုး စောင့်ရှောက်သောမိန်းမ, ဂေါတ္တရက္ခိတ အနွယ်တူ စောင့်ရှောက်သော မိန်းမ, ဓမ္မရက္ခိတ သီတင်းသုံးဘော် စောင့်ရှောက်သောမိန်းမ, သပရိဒဏ္ဍာ မင်းတို့သတ်မှတ်၍ ဒဏ်ထားအပ်သော မိန်းမ, သာရက္ခာ ထိမ်းမြားမည့်သူ အစောင့်အရှောက်ရှိသောမိန်းမ။

ဓနက္ကီတာ ဥစ္စာဖြင့် ဝယ်ယူထားသောမိန်းမ, ဆန္ဒဝါသိနီ၊ အလိုတူ၍နေသောမိန်းမ, ဘောဂဝါသိနီ စည်းစိမ်ပေး၍ နေသောမိန်းမ, ပဋဝါသိနီ အဝတ်ပုဆိုး ပုဝါ တန်ဆာ ပေး၍နေသောမိန်းမ, ဩဒပတ္တကိနီ ရေခွက်၌ လက်ပုံချ၍ မိဘ နှစ်ပါး ထိမ်းမြားထားသော မိန်းမ, ဩဘဋစုမ္ဗဋာ ခေါင်းဖုကိုချ၍နေသော မိန်းမ, ဓဇာဟဋာ စစ်တိုက်ရာမှ ဆောင်အပ်သော မိန်းမ, ကမ္မကာရီဘရိယာ အမှုလုပ် လည်းဟုတ်, မယားလည်းဟုတ်သောမိန်းမ, ဒါသိဘရိယာ

ကျွန်မလည်း မဟုတ် မယားလည်း မဟုတ်သော မိန်းမ, မုဟုတ္တိကာ တမဟုတ် တခဏမျှပေါင်းဘော်ရသော ပြည့်တန်ဆာ မိန်းမ။

ဤ နှစ်ကျိပ်သော မိန်းမတို့ကို ယောကျ်ားတို့သည် မသွားလာအပ်သောကြောင့် အဂမနီယဝတ္ထု ဟု မှတ်အပ်ကုန်၏၊ သွားလာလွန်ကျူးခဲ့သော် ကံထိုက်၏။ ယောကျ်ားတို့မှာ မိမိမယားကလွဲလျှင် ကံမြောက်သည် ဟူသော တထစ်ချ မှတ်လေ။

## မိန်းမတို့မှာ ထိုက်မထိုက် အထူးကား

၁။ မိန်းမတို့မှာ, သ သာ နှစ်တန်၊ ၈-ဆန်-ဘောပ၊ ဩဩ၈၊ ကမ္ဘဒါမုဟာ။

၂။ ကြွင်းကျန် ၅စ်ယောက်၊ သွားလာရောက်၊ မမြော်သူလို့မှာ။

သပရိဒဏ္ဍာ, သာရက္ခာ, ဓနက္ကိတာ, ဆန္ဒဝါသိနီ, ဘောဂဝါသိနီ, ပဋဝါသိနီ, ဩဒပတ္တကိနီ, ဩဏ္ဍူရမ္ဘဋ္ဌာ, ဓဇာဟဋ္ဌာ, ကမ္မကာရီဘရိယာ, ဒါသီဘရိယာ, ငဟုတ္တိကာ ဤတကျိပ်နှစ်ယောက်သော မိန်းမတို့သည် တပါးသော ယောကျ်ားတို့နှင့် သွားလာခဲ့သော် မိမိတို့မှာ ကံမြောက်ကုန်၏။ ယောကျ်ားတို့မှာမူ ဆိုဘွယ်မရှိ။

ကြွင်းကျန်သော မာတုရက္ခိတ, ပိတုရက္ခိတ, မာတာပိတုရက္ခိတ, ဘဂိနီရက္ခိတ, ဘာတုရက္ခိတ, ဉာတိရက္ခိ

တ, ဂေါတ္တရက္ခိတ, ဓမ္မရက္ခိတ, ဤ ၅စ်ယောက်သော မိန်းမ တို့သည် ယောကျ်ားတို့နှင့်သွားလာခဲ့သော် မိမိတို့မှာ ကံမမြောက် ကံမထိုက်ဘူန် ယောကျ်ားတို့မှာကား ကံထိုက်ဘက်ကချည်းသာ မှတ်လေကုန်။

## ဝစီကံအရာ အကျဉ်းမှတ်ရန်ကား

မဟုတ်မမှန် လုပ်ကြံ၍ ပြောဆိုခြင်း မုသာဝါဒ, သူနှစ်ယောက် တို့၏ အချစ်ကို မုန့်မုန့်ညက်ညက် ကြေပျက်အောင် ချေဖျက် ပြောဆိုခြင်း ပိသုဏာဝါစာ, အလွန်ကြမ်းထမ်းစွာ ပြောဆို ဆဲရေးခြင်း ဖရုသဝါစာ, သိတာ မိဖ ယားကို ဆောင်ယူခြင်း အစရှိသော သက်သက် အကျိုးမရှိသော ပြဇာတ် ထိုးဇာတ် ဒဏ္ဍာရီ ဝတ္ထုစသည်ကို ပြောဆိုခြင်း သမ္ဖပ္ပလာပ, ဤလေးပါးသော ဝစီဒုစရိုက် တို့တွင် ဖရုသဝါစာအရ။

## ဆဲရေးခြင်း ဆယ်ပါး ဟူသော်ကား .....

၁။ ဇာတိ နာမ ဂေါတ္တကမ္မံ၊ အာဗာဓံ သိပ္ပံလိင်္ဂခြင်း၊

၂။ အာပတ်ကိလေ၊ အက္ကောသော၊ ဆယ်တွေဆဲရေးခြင်း။

ဇာတိ၊ ယုတ်သော အမျိုးမြတ်သော အမျိုးအားဖြင့်ဆဲရေးခြင်း, နာမ ယုတ်သော အမည် မြတ်သော အမည်အားဖြင့် ဆဲရေးဖြင်း, ဂေါတ္တ ယုတ်သော အနွယ် မြတ်သောအနွယ် အားဖြင့် ဆဲရေးခြင်း, ကမ္မ ယုတ်သော အမှု

မြင်သောအမှုအားဖြင့် ဆဲရေးခြင်း, အာဗာဓ ယုတ်သော အနာ မြတ်သောအနာအားဖြင့် ဆဲရေးခြင်း, သိပ္ပ ယုတ်သောအတတ် မြင့်သောအတတ် အားဖြင့် ဆဲရေးခြင်း, လိင် ယုတ်သောအသွင်သဏ္ဌာန် မြတ်သော အသွင်သဏ္ဌာန်အားဖြင့် ဆဲရေးခြင်း။

အာပတ္တိ ယုတ်သော အာပတ် မြတ်သော အာပတ်ဖြင့် ဆဲရေးခြင်း, ကိလေသ ယုတ်သော ကိလေသာအားဖြင့် ဆဲရေးခြင်း, အက္ကောသ ယုတ်သော အခေါ် မြတ်သော အခေါ် အားဖြင့် ဆဲရေးခြင်း,

**အဓိပ္ပါယ် အကျဉ်းကား**......သင်ကား သူတောင်းစားမျိုးဘဲ စသည်ဖြင့် ဆဲရေးခြင်းသည် ယုတ်သောအမျိုးအားဖြင့် ဆဲရေးခြင်း မည်၏။ သင်ကား သူဌေးသူကြွယ်မျိုးကြီးဘဲ စသည်ဖြင့် ဆဲရေးခြင်းသည် မြတ်သော အမျိုးအားဖြင့် ဆဲရေးခြင်း မည်၏။

သင်ကား ကျေး ကေန်း အမည်ရပေသည်၊ သတိုးမင်းလှ အမည်ရပေသည် စသည်ဖြင့် ယုတ်သော အမည် မြတ်သော အမည် အားဖြင့် ဆဲရေးပုံကိုသိလေ။

သင်ကား ချင်းရိုင်း ကရင်ရိုင်းအနွယ်, မင်းတိုးသိပေါ် အနွယ် စသည်ဖြင့် ယုတ်သော အနွယ် မြတ်သော အနွယ် အားဖြင့် ဆဲရေးပုံကိုသိလေ။

သင်ကား ပန်းမှိုက်သွန်သမား ကုန်သည်သမားစသည် ဖြင့် ယုတ်သော အမှု မြတ်သောအမှုအားဖြင့် ဆဲရေးပုံကိုသိလေ။

အလွန်အခံရခက်သော အနာရောဂါတို့နှင့် ဆဲရေးခြင်း အလွန်အခံရသက်သာသော မြင်းသချိုက်အနာနှင့် ဆဲရေးခြင်း ဤသို့ ယုတ်သောအနာ မြတ်သောအနာကို သိလေ။

သင်ကား ကြူထရံယက်တတ်သောသူ အိုးလုပ်တတ်သောသူ စသည်ဖြင့်ရင်း ဖေဒင်တတ်သောသူ စာတတ်သောသူ စသည်ဖြင့်ရင်း ဤသို့ယုတ်သောအတတ် မြတ်သောအတတ်ဖြင့် ဆဲရေးပုံကို သိလေ။

သင်ကား တထွာတမိုက်မျှတဲ သင်ကား ခွန်အားဗလကောင်းလှပေရဲ့ စသည်ဖြင့် ယုတ်သောအသွင်သဏ္ဍာန် မြတ်သောအသွင်သဏ္ဍာန်အားဖြင့် ဆဲရေးပုံကို သိလေ။

အလုံးပုံသော အာပတ်တို့ဖြင့် ဆဲရေးခြင်း သင်ကား သောတာပန်ကြီးတဲ ရဟန္တာကြီးပေကိုး စသည်ဖြင့် ဆဲရေးခြင်း ဤသို့ယုတ်သော အာပတ္တိ မြတ်သော အာပတ္တိတို့ဖြင့် ဆဲရေးပုံကို သိလေ။

သင်ကား လောဘသမားတဲ ဒေါသသမားတဲ မောဟသမားတဲ စသည်ဖြင့် ယုတ်သောကိလေသာဖြင့် ဆဲရေးပုံကို သိလေ။ ကိလေသာ ဟူသည် အယုတ်သာရှိ၍ အမြတ်မရှိဟု သိလေ။

သင်ကား ခွေးတဲ, နွားတဲ, နင့်အမေ, နင့်နှမ စသည်ဖြင့်ရင်း သင်းကား လူလိမ္မာကြီးပေကိုး ပညာရှိကြီးပေကိုး စသည်ဖြင့်ရင်း ဤသို့ယုတ်သောအက္ကောသ မြတ်သောအက္ကောသ အားဖြင့် ဆဲရေးပုံကို သိလေ။

## မနောဘုံ သုံးပါးအကျဉ်းကား

သူတပါး၏ စိုးစိမ်ချမ်းသာကို ငါ့ဟာဖြစ်လျှင် ကောင်းလေစွ ဟု ကြံစည်တတ်သော အဘိဇ္ဈာ, သူတပါး တို့၏ အသက် ခန္ဓာ ချမ်းသာစိုးစိမ် ဂုဏ်သိမ် တန်ခိုး မှိန်ညှိုး ပျက်စီး လျော့ကျမှု ကောင်းလေစွ ဟု ကြံစည်တတ်သော ဒေါသ ဟု ဆိုအပ်သော ဗျာပါဒ, မဟုတ်မမှန် ဖောက်ပြန်သောအားဖြင့် ရှုတတ် မြင်တတ်သော မိစ္ဆာဒိဋ္ဌိ။

သူတပါး စိုးစိမ်ချမ်းသာ ပြည့်စုံခြင်း၌ ကြည်လင်စွာ ထားတတ်မှုသည် အနဘိဇ္ဈာ မည်၏။ အလောဘ စေတသိက်တည်း။ သူတပါး၏ အသက်စိုးစိမ် ကြီးပွါး ထွားကြိုင်းခြင်းကို အလိုရှိခြင်းသည် အဗျာပါဒ မည်၏။ အဒေါသ စေတသိက်တည်း။ အကြောင်းတရား အကျိုးတရား တို့ကို မဖောက်မပြန် အမှန် သိမြင်ခြင်းသည် သမ္မာဒိဋ္ဌိ မည်၏။ အမောဟ အမည်ရှိသော ပညိန္ဒြေ စေတသိက်တည်း။

ဤကာယဒုစရိုက် သုံးပါး, ဝစီဒုစရိုက် လေးပါး, မနော ဒုစရိုက် သုံးပါး, ပေါင်း ဒုစရိုက် ဆယ်ပါးတို့မှ ရှောင်ကြဉ် လွတ်ကင်းမှုကို သုစရိုက် ဆယ်ပါး ဟု ဆို၏။ ကုသလ ကမ္မပထတရား ဆယ်ပါး ဟူ၍လည်း ခေါ်၏ဟု မှတ်။

တကာလူရေ ဒီ ဒုစရိုက်တွေဟာ ဘယ်မှာအမြစ်တွယ်ပြီး ဖြစ်နေကြရသလဲ ဆိုတော့ ငါဆိုတဲ့ သက္ကာယဒိဋ္ဌိ တခုမှာ အကုန်ရပြီး အမြစ်ကြီးတွယ်လျက် ဖြစ်နေကြတယ်

လို့သာ မှတ်ရလိမ့်မနေ့ (မှန်ပါ ဒိဋ္ဌိတခုမှာ အကုန်ရနေကြပါ ဘုရား)

ဒိဋ္ဌိငြိမ်းမှ ဒုစရိုက်တွေ လက်စသိမ်းမှာကိုး (မှန်ပါ ဒိဋ္ဌိငြိမ်းမှ ဒုစရိုက်လက်စသိမ်းမှာပါ ဘုရား)

မဂ်ဖိုလ်အသားလျော်စွာ ဒိဋ္ဌိငြိမ်းလို့ ဒုစရိုက် လက်စသိမ်းမှနေရာကျမှာ သို့မဟုတ်သျှင် ဒါနပြုပြန်လဲ ဖြူဖြူစင်စင်မရ သီလဆောက်တည်ပြန်တော့လဲ လူးတီးလူလဲ, ဘာဝနာပွါးများပြန်တော့လဲ လုံးခုခုဘဲ, ကြည့်စမ်းလေ ဒါနတခုပြုတဲ့အခါမှာ ပေးလှူလိုသော စေတနာ နာမ်ပရမတ်အနိစ္စခတ်ကလေးမှန်း မသိတော့ ငါကပြုတယ် ငါလှူတယ်မဖြစ်ပေဘူးလား (မှန်ပါ ငါလှူတယ် ဖြစ်နေပါဘုရား)

ငါလှူတယ် ဖြစ်နေရင် စီးစိမ် ချမ်းသာကို တောင့်တလျက် ငါခံစား ငါစံစားခြင်မှု တဏှာပဏ္ဏနာတွေ မဖြစ်ပေဘူးလား (မှန်ပါ ဖြစ်လာပါဘုရား)

ဒါလို ဒိဋ္ဌိတဏှာ ပဏ္ဏနာအညစ်တွေ ဖြစ်လာကြတော့ ဒီ ဒါနဟာ မီးသွေးရောင်ကျသွားရောပေါ့လေ (မှန်ပါ မီးသွေးရောင် ဖြစ်သွားပါ ဘုရား)

ဒီမီးသွေးရောင်ဒါနဟာ ဘယ်အခါ နိဗ္ဗာန်ကို ပို့ဆောင်နိုင်လိမ့်မလဲ။

## ဒါ့ကြောင့် အဋ္ဌကထာကြီးများ၌ ....

သစေ ဝဋ္ဋံ သမ္ပတ္တိံ ပတ္ထေတွာ ဝဋ္ဋနိဿိတ ဝသေန မိတ္တာဒဵ၀ပိတံ ဟောတိ၊ ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ နော ဝိဝဋ္ဋံ။ ဟု မိန့်တော်မူကြသည်။

ဝဋ္ဋသမုတ္တိ၊ လူ့နတ်ဗြဟ္မာ ချမ်းသာရိပ်ညိမ် ဝဋ်စီးစိမ်ကို။ ပဌွေတွာ၊ လိုလားတောင့်တ အားကျကြ၍။ ဝဋ္ဋနိဿိတ ဝသေန၊ ဝဋ်ဆင်းရဲကို ကြိတ်ခဲရော်ရည့် အမြဲမှီသည့်၏ အစွမ်းအားဖြင့်။ မိစ္ဆာဂဟိတံ၊ မကောင်းကိုပင် အကောင်းထင်၍ အမြင်မှောက်မှား စိတ်ကိုထားခြင်းသည်။ သစေ ဟောတိ၊ အကယ်၍ကား ဖြစ်ပါငြားအံ့။ ဝဋ္ဋမေဝ၊ သုခလိမ် သုခကောက် သုခမှောက် သုခမှား ဝဋ်တရားကို သာလျှင်။ ဒဠှာဟရိတုံ၊ မြဲတ်အောင် မျောအောင် ပို့ဆောင်ခြင်းငှါ။ သက္ကောတိ၊ လောကီခရိုင် စွမ်းဆောင်နိုင်၏။ ဝိဝဋ္ဋံ၊ သုခစစ် သုခမှန်ဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို။ အာဟရိတုံ၊ မရောတ်ရောက်အောင် ပို့ဆောင်ခြင်းငှါ။ နေ၀ သက္ကောတိ၊ လောကုတ္တရာခရိုင် သူ့နယ် သူ့ပိုင် သူ့ခရိုင် မဟုတ်လို့ မစွမ်းနိုင်တော့သည် သာလျှင်တည်း။

အေး ဤ အဋ္ဌကထာကြီးများကို ထောက်ထားပြီး နိဗ္ဗာန်သွား ဒါနဖြစ်အောင် ဒိဋ္ဌိတဏှာ ပဏ္ဏနှာ မီးသွေးရောင် မဖြစ်ရအောင် အရေးကြီးသကိုး တကာလူရ (မှန်ပါ အရေးကြီးပါ ဘုရား)

နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတို့ ဒါနပြုကြသောအခါ ဘာဝနာရေအိုးကြီး လေးလုံးကို အမြဲ သုံးစွဲပြီး ပြုတော်မူလေ့ ရှိကြသတဲ့ တကာလူတို့ မှတ်ထားကြနော် (မှန်ပါ ဘုရား)

**ဘာဝနာခရေအိုးကြီး လေးလုံးဆိုသည်ကား......**

၁။ စိရနိရန်၊ သက္ကဿွံ၊ သ သမ် ဤလေးမျိုး။
၂။ ကောင်းမှုဖြာဖြာ၊ ပြုသောခါ၊ လောင်းပါ လေးရေအိုး။

စိရကာရ ဘာဝနာ, နိရန္တရ ဘာဝနာ, သက္ကစ္စ ဘာဝနာ, သသမ္ဘာရ ဘာဝနာ--ဤသို့ကောက်ယူပါ။

**အဓိပ္ပါယ် အကျဉ်းကား**

ရှည်မြင့်စွာသော ကာလပတ်လုံး မဂ်, ဖိုလ် နိဗ္ဗာန်ကိုသာ ရည်သန်တောင့်တခြင်း တည်းဟူသော စိရကာလ ဘာဝနာ, ထို ဝန္ဓမှ လွတ်မှုနိဗ္ဗာန်ကို အာရုံပြု၍ ကုသိုလ်ကောင်းမှု အဝုဝု တို့ကို မပြတ်မလပ် အဆပ်ထပ် ပြုခြင်း တည်းဟူသော နိရန္တရ ဘာဝနာ, အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ် တို့ကို အမှန်အတိုင်းသိ၍ မွန်မွန်မြတ်မြတ် ရိုသေလေးမြတ် တုပ်ဝပ် ကျိုးနွံခြင်း တည်းဟူသော သက္ကစ္စ ဘာဝနာ, ရုပ်,နာမ် နှစ်ပါးတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်ကို ကွက်ကွက်ကွင်းကွင်း ထင်လင်းစွာ သိမြင် ဆင်ခြင်ခြင်းဆိုတဲ့ ဝိပဿနာဉာဏ်အလင်းဖြင့် ခြံရံခြင်းတည်းဟူသော သသမ္ဘာရ ဘာဝနာ, ဤသို့လျှင် ဘာဝနာ ရေအိုးကြီးလေးလုံးရှိသတည်း။

ဆဲဒီ ဘာဝနာ ရေအိုးကြီး လေးလုံး တို့တွင် ရုပ်,နာမ် အနိစ္စဉာဏ်ဖြင့် ခြံရံခြင်း ဆိုတဲ့ သသမ္ဘာရ ဘာဝနာ

ရေအိုးကြီးတခုဟာ လွန်စွာ အရေးအကြီးဆုံးပေါ့ တကာ လူရ ကုသိုလ်ကောင်းမှုကို ပြုသောအခါ ပြုတိုင်း ပြုတိုင်း ထို သသန္တာရဘာဝနာ ရေအိုးကြီးနှင့် လောင်းမိရဲ့လား (မလောင်းမိဘူးပါ ဘုရား)

ဟင်....ဒါဖြင့် ဘယ်ရေပူအိုးတွေနှင့် လောင်းနေပါလိမ့် ကော ဒို့မှတချာ ဆိုတဲ့ တောင့်တခြင်း ပဌနာ ရေပူအိုး တွေနှင့် လောင်းရက်နေထင်ပါရဲ့ (မှန်ပါ လောင်းနေကြ ရေပူအိုးကြီးတွေနှင့် လောင်းမြဲတိုင်း လောင်းရက်နေ ထင် ပါ ဘုရား)

အင်း......ရေအိုး အလောင်းလွဲနေရင်ဖြင့် ငရဲမှာ သူငယ် ပြန်, လူ့ပြည်မှာ သူငယ်ပြန်ရဒါ အားမရလို့ နတ်ပြည်မှာ တက်ပြီး သူငယ်ပြန်, နတ်ပြည်မှာ သူငယ်ပြန်ရဒါ အားမရ လို့ ပြဟ္မာပြည်တက်ပြီး သူငယ်ပြန်, ဒီ သူငယ်ပြန် နေရမှု ကိစ္စဟာ ဘယ်တော့မှ လက်စသတ်တော့မှာ မဟုတ်ဘူး တကာလူရ (မှန်ပါ သူငယ်ပြန်မှု ဆုံးတော့မှာ မဟုတ်တော့ ပါဘူး ဘုရား)

ဆုံးပါတော့မလား ဒါနကလဲ ဒို့မှိမ်းသွေးချောင် သီလ ကလဲ ဒို့မှိက ခတ်ကြောင်ကြောင်၊ ဘာဝနာကလဲ ဒို့မှိက အရှချောင်ချောင်ကိုး၊ ဘာဝနာ အရှချောင်ချောင် ဖြစ်နေပုံ ကြည့်စမ်းပါလား ဝိပဿနာဘာဝနာ အလုပ်ကို ငါ့ငုပ် တုတ်နှင့် လုပ်နေလျှင် ဘယ့်လောက် ဒို့မြိုကြီးပြွတ်လိုက် မယ်၊ မပြွတ်တဲ့ပြင် ဒို့မှိကလေးကဖြင့် ရိတောင် ရိခြင်လိမ့်

ဒုံး တကာလူရ (မှန်ပါ ရုပ်နာမ်က တခြား၊ ငါက ငါ့အ တိုင်းဘဲဆိုရင် ရှိတောင် ရှိခြင်ပါလိမ့် ဘုရား)

ငါ့ဒုပ်တုတ်နှင့်ဖြင့် ဘာလုပ်လုပ် နေရာမကြွ ခန္ဓာကိုယ် က စရပ်ပျက်ကြီးနှင့်တူတယ်၊ သက္ကာယဒိဋ္ဌိက တစ္ဆေနှင့် တူတယ်၊ လောကမှာ တစ္ဆေချောက်တတ်တဲ့ စရပ်ပျက် ကြီး တခု ရှိတယ်ဆိုပါတော့ ဒီစရပ်ပျက်ကြီးကို တစ္ဆေ မချောက်အောင် ဘယ်လိုများလုပ်မလဲ တကာလူရ (မှန်ပါ သပိတ်သွတ်ရလိမ့်ဆင်ပါ ဘုရား)

အင်း.....တဆိတ်ဆို သပိတ်အားကိုး တဆိတ်ဆို သ ပိတ်အားကို၊ တစ္ဆေအကြီးစားဖြစ်နေလျှင် သပိတ်ကလေး သွတ်ရုံနှင့် မရဘူးဗျို။

စရပ်ပျက်ကြီးကို ဖျက်ဆီး မီးရှို့လိုက်မှ ပြာကျ သွား တော့ ခိုစရာ ကပ်စရာ မကျန်လျှင် နောက်တဖန်ချောက်နိုင် ပါဒုံးမလား (မှန်ပါ မချောက်နိုင်တော့ပါဘူး ဘုရား)

အေး....ဒါကြောင့် ခန္ဓာကိုယ် စရပ်ပျက်က သက္ကာယ ဒိဋ္ဌိတစ္ဆေ ထွက်ထွက် အချောက်မခံရအောင် ဝိပဿနာ ဉာဏ် မဟ္ဘာန်တော်ကြီးနှင့် အပြီးနှင်ထုတ်၍ စရပ်ပျက်ကို မီးဖုတ်မှ နေရာကျတော့မကိုး (မှန်ပါ စရပ်ကို ဖျက်သိမ်းမှ တစ္ဆေချောက် ငြိမ်းမှာပါ ဘုရား)

အဆင်းအမျိုးမျိုးကို မြင်သိတဲ့အခါ ငါကမြင်တယ် ငါ က မြင်တယ်လို့ အထင် ရောက်နေလျှင် စက္ခုပေါက်က

သက္ကာယဒိဋ္ဌိ တရွှေချောက်ခံရ၏။ မြင်ဒါ စက္ခုဝိညာဉ်က ပကတိသဘာဝ ကိုင်စမ်းဖမ်းမရ, မြင်သိ အနိစ္စ၊ မြင်သိ အနိစ္စ ဟောဒါလို ဆင်ခြင်လိုက်ရင် စက္ခုပေါက်က သက္ကာယဒိဋ္ဌိ တရွှေချောက် ငြိမ်းရောမဟုတ်လား (မှန်ပါ ငြိမ်းပါရော ဘုရား)

အသံ အမျိုးမျိုးကို ကြားတဲ့အခါ ငါက ကြားတယ် ငါက ကြားတယ်လို့ အထင် ရောက်နေလျှင် သောတပေါက်က သက္ကာယဒိဋ္ဌိ တရွှေချောက် ခံရ၏။ ကြားဒါ သောတဝိညာဉ်က ပကတိသဘာဝ ကိုင်စမ်း ဖမ်းမရ, ကြားသိအနိစ္စ ကြားသိအနိစ္စ ဟောဒါလို့ ဆင်ခြင်၍ ထင်မြင်လိုက်ရင် သောတပေါက်က သက္ကာယဒိဋ္ဌိ တရွှေချောက် ငြိမ်းရောမဟုတ်လား (မှန်ပါငြိမ်းပါ ဘုရား)

အနံ့ အမျိုးမျိုးကို နံရတဲ့အခါ ငါကနံတယ် ငါကနံတယ်လို့ အသင်ရောက်နေလျှင် ဃာနပေါက်က သက္ကာယဒိဋ္ဌိ တရွှေချောက် ခံရ၏။ နံဒါဃာနဝိညာဉ်က ပကတိသဘာဝ ကိုင်စမ်း ဖမ်းမရ၊ နံသိ အနိစ္စ နံသိအနိစ္စ ဟောဒါလို ဆင်ခြင်၍ ထင်မြင်လိုက်ရင် ဃာနပေါက်ကသက္ကာယဒိဋ္ဌိတရွှေချောက် ငြိမ်းရောမဟုတ်လား (မှန်ပါ ငြိမ်းပါရော ဘုရား)

အရသာအမျိုးမျိုးကို လျက်ရတဲ့အခါ ငါက လျက်တယ် ငါကလျက်တယ်လို့ အထင်ရောက်နေလျှင် ဇိဝှါပေါက်က သက္ကာယဒိဋ္ဌိတရွှေချောက် ခံရ၏။ လျက်ထာ ဇိဝှါဝိညာဉ်က ပကတိသဘာဝ၊ကိုင်စမ်းဖမ်းမရ၊ လျက်သိအနိစ္စ လျက်သိအနိစ္စ၊ ဟောဒါလို ဆင်ခြင်၍ ထင်မြင်လိုက်ရင်ကော ဇိဝှါ

ပေါက် သက္ကာယဒိဋ္ဌိ တစ္ဆေချောက် မငြိမ်းပေဘူးလား. (မှန်ပါ ငြိမ်းသွားပါ ဘုရား)

အတွေ့ အမျိုးမျိုးကို တွေ့ထိတဲ့အခါ ငါက တွေ့ထိတယ် ငါက တွေ့ထိတယ်လို့ အထင်ရောက်နေလျှင် ကာယပေါက်က သက္ကာယဒိဋ္ဌိတစ္ဆေချောက်ခံရ၏။ တွေ့ထိဒါ ကာယဝိညာဉ်က ပကတိသဘာဝ ကိုင်စမ်း ဖမ်းမရ, ထိသိအနိစ္စ ထိသိအနိစ္စ၊ ဟောဒီလို ဆင်ခြင်၍ ထင်မြင်လိုက်ရင်ကော ကာယပေါက်က သက္ကာယဒိဋ္ဌိ တစ္ဆေချောက် မငြိမ်းပေဘူးလား (မှန်ပါ ငြိမ်းသွားပါ ဘုရား)

ရှိအာရုံ မရှိအာရုံ အမျိုးမျိုးကို ကြံသိတဲ့အခါ ငါက ကြံတယ် ငါကသိတယ်လို့ အထင်ရောက်နေလျှင် မနောပေါက်က သက္ကာယဒိဋ္ဌိ တစ္ဆေချောက်ခံရလေ၏။ ကြံသိဒါ မနောဝိညာဉ်က ပကတိသဘာဝ ကိုင်စမ်း ဖမ်းမရ, ကြံသိ အနိစ္စ ကြံသိအနိစ္စ ဟောဒီလို ဆင်ခြင်၍ ထင်မြင်လိုက်ရင်ကော မနော ပေါက်က သက္ကာယ ဒိဋ္ဌိတစ္ဆေချောက် မငြိမ်းပေဘူးလား (မှန်ပါ ငြိမ်းသွားပါရော ဘုရား)

အဲဒါလို ဝိပဿနာ ဆင်ခြင်မှုဆိုကဲ့ သသင်္ခါရ ဘာဝနာကြီးတခု နေရာကျနေလျှင် ဒါနပြုရာလဲမှန် သီလဆောက်တည်ရာလဲဟန် ဘာဝနာကို ပွါးများရာလဲ ငါမခ မခံ နည်းမှန် လမ်းမှန်ကျ၍ ဝိဝဋ္ဋမျိုးချည်းဖြစ်ကုန်ရောပေါ့ တကာလူရ (မှန်ပါ ဝိဝဋ္ဋမျိုးချည်း ဖြစ်ကုန်ပါ ဘုရား)

တကာလူရေ (ဘုရား) ဒွါရခြောက်ပေါက်က သတ္တာယ ဒိဋ္ဌိ တနွယ် မချောက်နိုင်အောင် ဝိပဿနာ ဆောင်ပုဒ်မန္တာန်တော်ကြီးတွေနှင့် တခါ နှင်ထုတ်လိုက်ကြခုံးစို့...... ကဲကဲ လိုက်ကြ လိုက်ကြ။

၁။ စက္ခုရူပ တိုက်ဆိုင်ကြ၍ သိကပိညာဉ် မြင်တိုင်းပင် ဆင်ခြင်အနိစ္စ။

၂။ သောတသဒ္ဒ တိုက်ဆိုင်ကြ၍ သိကပိညာဉ် ကြားတိုင်းပင် ဆင်ခြင်အနိစ္စ။

၃။ ဃာနဂန္ဓ တိုက်ဆိုင်ကြ၍ သိကပိညာဉ် နံတိုင်းပင် ဆင်ခြင်အနိစ္စ။

၄။ ဇိဝှါရသ တိုက်ဆိုင်ကြ၍ သိက!ပိညာဉ် လျက်တိုင်းပင် ဆင်ခြင်အနိစ္စ။

၅။ ကာယဖောဋ္ဌဗ္ဗ တိုက်ဆိုင်ကြ၍ သိကပိညာဉ် ထိတိုင်းပင် ဆင်ခြင်အနိစ္စ။

၆။ မနောဓမ္မ တိုက်ဆိုင်ကြ၍ သိကပိညာဉ် ကြံတိုင်းပင် ဆင်ခြင်အနိစ္စ။

(ဆင်ခြင်ဝဋ်ဒုက္ခ၊ ဆင်ခြင်အနတ္တ ဟု အဖျား ချက်ပြောင်းလဲ၍ဆို)

## တရားအဆုံးသတ်ရန်

ရှုဓ၊ ဤခါကာလ ဤသမယ၌။ အာဂန္တုကာ၊ တရားနာလာကြ များတကာ တကာမတို့သည်။ ဆ သုဒ္ဓါနေသူ၊

ခြောက်ပေါက်ဒွါရ ခြောက်ဌာနတို့၌။ ဥပ္ပန္နံ၊ အမြဲ မပြတ် ပေါ် ဖြစ်တတ်သော။ သက္ကာယဒိဋ္ဌိံ၊ ကြောက်သေချောက် လေ သက္ကာယဒိဋ္ဌိ တရွေ့ကို။ ဥဂ္ဂါဋေန္တု၊ ခန္တာ ကိုယ် ယုတ် ဇရပ်ရပ်မှ ဝိပဿနာဉာဏ် မန္တာန်မှုတ်၍ နိုင်နိုင် နင်းနင်းကြီး နှင်ထုတ်ကြပါစေတုန်သတည်း။

**သာဓု—သာဓု—သာဓု**

**လိုရာလိုရာအဓိပ္ပါယ်ကို အကျယ်**

**ဟောပြောကြမကုန်**

**ပြီးပြီ**

# ၁၀–စိတ်ကြီးဝင် တရားခွန်း

—— ၀ ——

ဧဟိ မာဂမ္ဗ ဟောစိတ္တ·ဒုဗ္ဗုဒ္ဓိ ဒါနိ မာသရ။
အနုသာသိယ တမဟံ·နေဿာမိ သုခမုတ္တမံ။

ဟောစိတ္တ၊ အပြစ်မမြင် အနှစ်သင်၍ ချစ်ခင်မေ့မူး ဟဲ့ စိတ်အရူး။ ဝါ၊ ဘယ်ကမ်းဆိုက်ဆိုက် ပတ်ကြမ်း တိုက်သလို စရိုက်အိုကြောင့် အမိုက်မိုလ်မှူး အချူးရှေ့သွား အမှား ရှေ့ဆောင် အချောင်ကိုလိုလား အများကိုဘုပ၍ သူခကို ရှောင်ခွါမလို့လဲ ရောင်ချာချာ လောင်စာ မအေးစေဘို့ ကြောင်တာတာ ဆောင်ခါ တွေးလိုက်ပြန်တော့ နောင်ခါ လာ နောင်ခါဈေးဟဲ့လို့ မသင့်အရေး အခွင့်ပေး နှင့် တွေးလုံးပွေလို့ အတွေ့တွေ့ ခက်လှတဲ့ ကိန်းတွေကြောင့် နေပစေ လက်စမသိမ်းနိုင်အောင် အသိမ်းမရှိတဲ့ ချည်ခင် အရှင်မရှိတဲ့နွား အစည်းမရှိတဲ့ ဝါးကဲ့သို့ သွားခြင်ရာသွား ပြေးခြင်ရာပြေး ငေးခြင်ရာငေး၍နေတဲ့ ဟယ် ...စိတ်ရိုင်းကလေးရဲ့။ ဧဟိ၊ အမှားတွေကွဲ မသွားလေနဲ့ မသွားလေနဲ့ဟဲ့လို့ တရားနဲ့ခေါ် မင်း လာခဲ့ပါလေ။ ဝါ၊ ဘာတဲ့ ညာတဲ့ စာမချဲ့နဲ့ မင်း လာခဲ့ပါလော။ ဟော်စိတ္တ၊ မေ့ခြင်ရာမေ့ မူးခြင်ရာမူး ရူးခြင်ရာရူး မိုက်ခြင်ရာမိုက် ငိုက်ခြင်ရာငိုက်၍နေတဲ့ ဟဲ့ စိတ်မိုက်ကလေးရဲ့။ ဝါ၊ ဘယ်တုံးကစ ဘယ်ဘဝကမှ ဟောဒီစိတ်တဘုံး အနယ်မကျခဲ့လို့ အပါယ်က မလွတ်နိုင် ဇွတ်မနိုင် အတန်တန် သွား၍

နေတဲ့ ဟယ် ..... စိတ်ပျံ့သွားကလေးရဲ့။ မာဂဓ၊ အမှား
စရိုက် တအားစိုက်ပြီး မင်း မသွားလိုက်ပါလင့်၊ ဝါ၊ အ
ရင်း အဖျား မစဉ်းစားဘဲ မင်း မသွားလိုက်ပါလင့်။ ဟော
စိဿ၊ အမှု မအေးဘွယ် အမယ်မင်း တ,ရပေလိမ့် စတု
ဘေး အသွယ်သွယ် အပါယ် မကင်းစရာ့တွေကြောင့် နု
သေးတယ် ငါ့မှာနုသေးတယ်လို့ အငယ် စာရင်းကလေး
ချုချုပြီး သေမင်း၏ ခံတွင်းဝသို့ ဆင်းရသည့်တိုင်အောင်
တလလ တသသ တကြွကြွနှင့် ဖိမရ နှိပ်မရ တဆိတ်ကမှ
ဖေးမရတဲ့ ဟဲ့ စိတ်ခါးမြကလေးရဲ့။ ဝါ၊ နင့်စိတ်နှင့် နင့်
ကိုယ် ဖွင့်ဆိုဘို့ မသင့်တော့ဘူး နင့်ကိုယ်နင်နှစ် နင်မချစ်
လို့ နင်နှစ်သို့ကာ နင်စိမ်လျက် နင်သည်ဟာန် စရိုက်အကြမ်း
ဓမ္မတွေကြောင့် နင်ပလိဥ္စာတ် အမိုက်လမ်းပြုပြုပြီး အစစ
အရာရာမှာ ဥကျစရာပါ အခမ္မအခါခါ ခဏခဏ မကြာ
မကြာ ပိတ်မလုံအောင် ပြေး၍ နေတဲ့ ဟယ် .... စိတ်သူပုန်
ကောင်ကလေးရဲ့။ ဒုဋ္ဌမို၊ စာပေါင်းသိုက်အာရုံ ကလိမ်
ချုံ့သော အရုပ်တော၌၊ ဝါ၊ ချစ်ပါ မုန်းပါ ပြောဆိုလာ
သို့ ဝိုင်ယာလက်စကား ဝေတ်ခွက်မှာ ကြားရသလို မှားစ
ရာ့ အဖုံဖုံ တဲ့မဘဲ့အာရုံ၌။ မာသုရ၊ အတွင်းရန် ခလုပ်
တွေကို နှိုင်းကန်၍ ဖြုတ်တော့မယ် ကဲ မင်းအကြံ မရှုပ်
လာနှင့်။ ဝါ၊ ကလေကလွင့် မနေသင့်ပြီ အခြေခံမြင့်စရာ
အများသဘောကြည့်ကြည့်ပြီး မင်းအမှားကြော မကလိ
လိုက်ပါနှင့်။ ဒါန်-ဤဒါန်၊ ကြောင်းကျိုးပုံညီ ဓုလ္လာဘ်နှင့် ရုံ
ညီလေတော့ ရုံလေတော့ တွေ့ကြုံလေတော့ တွေ့လေတော့
ပွါးများလေတော့ ပွါးလေတော့ဟု အသော့ မြန်စွာ ကံ

ကြွမ္ဘာအငွေ့ဖန်လာလို့တွေ့ကြပြေ ါ် ဘယ်နေ့မှခဲမယ် ဘယ်လမှခဲမယ်ဘယ်ဘဝမှ ခဲမယ်လို့ အချိန်တွေကို မဆွဲတော့ဘဲ တရှိန်ထဲတက်လိုက်စရာ ဤယခုအခါ၌။ ဝါ၊ရေမြင့်ကြာမြင့် အခါသင့်ပေါ်ဘဂဝါအရှင့်သာသနာ အောင့်မြေ နင်းတော့မဟဲ့လို့ အချောင်မနေ အတင်းပင် ဟောယခု မြန်မြန်သာလျှင်။ အဟုံ၊ ဝိသုဒ္ဓိနန်း အထက်တန်းသို့ တက်လှမ်းရော် ရည်ရွှဲမဲ့ငါသည်။ ဝါ၊ လျပ်ပေါ်လော်လီ မတော်ပြီဟုလောကီ စိတ်ကလေး ဖိနှိပ်ခါ တွေးတွေးပြီး လောကုတ္တရာ တည်းဟူသော စိတ်ကြီးဝင်မည် ငါယောဂီသည်။ တုံ၊ စိတ်သာ ရှင်စော ဘုရားဟောမို့ လောဘဟိတ်ပူး သင်စိတ်ရှူးကို။ ဝါ၊ စိတ်သာရှင်စော ဘုရားဟောမို့ ဒေါသဟိတ်မှိုင်း သင်စိတ်ရိုင်းကို။ ဝါ၊ စိတ်သာရှင်စော ဘုရားဟောမို့ မောဟဟိတ်မှေး သင်စိတ်ကလေးကို၊ အနုသာသယ၊ နှိမ်ဟဲ့ နှိမ်ဟဲ့လို့ နှိမ်ဖက်ခါ အပျော်အထုံ ဝါသနာအကျင့်ကိုဖြင့် အချိန်မဲ့စရာ အဘော်ကြုံလာလို့လဲ မဝန့်တော့ပါဘူး တော်ရုံသာချင့် သင့်ရုံသာနေ ဖြစ်တန်စေတော့လို့ သံဝေဂအုပ်စီး ဆုံးမပြီး၍။ ဝါ၊ လေးဌာနအပါယ်မြေမှာ ပေတရာလို ဘဝဘဝါ ကျင့္ဒေကုဋ္ဌာ မရေသာအောင် နေရာဘဲမလပ် ခြေရာတွေလဲထပ်လှပေါ် ရှစ်ရပ်ပါယ် ဒေါင်မပိုင်းရအောင် ရစ်ပတ်တွယ် မှောင်မပိုင်းစေဘို့ မနိုးညှိမ်ပစေ အချိန်တွေနှင့် ပိုင်းဦးပြီး စိတ်ရိုင်းကိုနှင် စိတ်ယဉ်ကို မွေးတော့မဟဲ့လို့ ဘေးအရပ မှေးမခုရအောင် တွေးရှုမိစီး ဆုံးမပြီး၍၊ ဉဏ်မ်၊ မြတ်လှစွာသော၊ ဝါ၊ လူ့စည်းစမ် နတ်စည်းစိမ် ဖြဟ္မာမင်းကြီးရဲ့ စည်းစိမ်တွေ

ကို မီးရှိန်လိုထင်မှတ်မှ အမွှန်အမြတ် ဟူ၍ သမုတ်အပ်သော။ စိတ္တံ၊ ကိုယ်ဘိ ရင်ဘိ တကာယ်သိမှ ပယ်မည့် ဉာဏ်မှူး စိတ်ခေတ်ထူးကို။ ဝါ၊ ကြည်ကြည်လင်လင် ရွှင်ရွှင်ပြုံးပြုံး နှင့် အစဉ်ပင် မရသေသဲ့ အမြင်ခဏမှာတော့ တဒင်္ဂ ပဟာန် ထို့ထက်ပင် အမြင်သန့်တော့ ဝိက္ခမ္ဘနပဟာန် ငွဲငွဲမြဲမြဲ ရဲရဲဝံ့ဝံ့ ခွန့်ခွန့်စားစား ပွါးများခါ အားထုတ်လေ က အမြစ်ပါခုတ်ချေချနိုင်တဲ့ သမုစ္ဆေဒပဟာန်၊ ဤပဟာန် သုံးရပ်တို့ဖြင့် တန်ဆာဆင်အပ်သော မွန်မြတ် ထိပ်ဆုံး စိတ်နှစ်လုံးကို။ သုခုမ၊ စိတ်တွေ ဉာဏ်တွေ ရှိန်အငွေ့မို့ သိမ်မွေ့ကြည်လင် ခေတ်မှန်ပြင်ကြီးဆီသို့သာလျှင်၊ ဝါ၊ ဘယ်ပုံ ဘယ်ဟန် ဘယ်သဏ္ဌာန်မှ ရှာမရတဲ့ သဘာဝ အာရုံ မှုံမှုံရေးရေး သေးသေးမျှင်မျှင် ဆင်ခြင်နိုင်မှ အ နယ်ကျုံ့ ပရမတ္ထသွာပုံ ခေတ်အာရုံကြီးဆီသို့ သာလျှင်။ နေသောမိ၊ မသိသိအောင် မမြင်မြင်အောင် မပေါက်ပေါက် အောင် မရောက်ရောက်အောင် တမြို့ တသောင် ကူးတို့ ပေါင်းလို ပို့ဆောင်လိုက်ပါတော့အံ့သတည်း။ ဝါ၊ ဟော ဒီမှာနေ ဟောဒီမှာထိုင် ဟောဒီမှာစား ဟောဒီမှာနားလို့ မို့ အမှားသူပုန်ကောင်ကို တံခါးလုံအောင် ပိတ်ရမတဲ့ အ ဆိတ်သိးကာမာ နှင်မကြိုက်နဲ့တဲ့လို့ ရိပ်ကြီးရာ အတွင် ဆိုက်တဲ့အောင် သိပ်သည်းစွာ အမြင်ဆိုက်ဆိုက်ပြီး (**ဓိတ်ကြီးသာဝေ**)လိုက်ရပေတော့အံ့သတည်း။

မောင်ခိုရေ (ဘုရား) ယခုရွတ်ဆိုလိုက်တဲ့ ပဋ္ဌာန်နိဂုဟ ဂါထာတော်ကြီးကို အနက်နှင့် တကွ အရကျက်ပြီး နေ့

တိုင်း ညတိုင်း မိမိစိတ်ဓာတ်ကလေးကို ယဉ်ကျေးအောင် ဆုံးမဘူး မကောင်းဘူးလား ( မှန်ပါ အရကျက်ပြီး စိတ်ဓာတ်ကလေးကို အမြဲနှက်နေတို့ အလွန်ကောင်းပါဘုရား)

ဥပမာ—ခုန်ကျနေတဲ့ ဆင်ကြီးကို ချွန်းတောင်း လက်နက်ဘို့ဖြင့် အမြဲတနံ့ ထိုးဆွ ဆုံးမနိုင်မှ တော်ရုံကလေးကျဆိုဒါလို ဒါတောင် တခါတခါ သခင်ကို အလစ်သုတ်ခြင်သေးဆိုဘဲ မောင်ခိုတို့ ငါတို့ စိတ်ဓာတ်ကလေးလဲ တရားနှင့် နှိပ်ကွပ် အုပ်ချုပ်နေရင်းတောင် အလစ်အလစ် သုတ်သုတ် သွားသေးတယ် မဟုတ်လား (မှန်ပါ စိတ်ယုတ်ကလေးဟာ အလစ်သုတ်နေပါဘုရား)

အလစ်သုတ်မှာပေါ့ လောဘနိယအာရုံ ဒေါသနိယအာရုံ မောဟနိယအာရုံတွေ အပေါ်မှာ ဝဋ်ဒုက္ခအပြစ်ကြီးတွေ မမြင်တော့ အနှစ် အသားတွေ ထင်နေဒါကိုး ဒုက္ခအပြစ် မမြင်လို့ သုခအနှစ် ထင်နေမှဖြင့်လဲ မိုက်မဲတဲ့စိတ်ဆိုး စိတ်ကြမ်း စိတ်သရမ်းတွေက ဘယ်ကမ်းဆိုက်ဆိုက် ပတ်ကြမ်း တိုက်ကုန်ကြတော့ဒါပေါ့ ( မှန်ပါ စိတ်ဆိုး စိတ်ကြမ်း စိတ်သရမ်းတွေက ဘယ်ကမ်းဆိုက်ဆိုက်ပတ်ကြမ်းတိုက်နေကြပါ ဘုရား)•

ပတ်ကြမ်းမတိုက်ဘဲ ရှိပါ့မလား တဏှာအမိုက်ကောင် ကပိုလ်မျိုး မာနအရူးကောင်က ရှေ့သွား ဒိဋ္ဌိ အမှားကောင်က ရှေ့ဆောင်နေဒါကိုး၊ သူရှေ့ဆောင်နေမှဖြင့်လဲ နောင်ခါလာမှ နောင်ခါချေး ဆိုသလို စိတ်ဓာတ်ကလေး အရှုံး

ပေးပေးပြီး လုံးထွေး လုံးထွေးနဲ့ ဖြစ်နေရတော့ ဒါပေါ့ (မှန်ပါ ဒိဋ္ဌိစိတ်ခေတ်ကလေးကို အရှုံးပေးနေရလို့ လုံးထွေးကြီး ဖြစ်နေကြပါ ဘုရား)

ဒိဋ္ဌိစိတ်ခေတ်ကလေး အရှုံးပေးပြီး လုံးထွေးကြီး ဖြစ်နေမှာပေါ့ တရား တည်းဟူသော အမေး အမေ မရှိကြဘဲ ကိုး တရား တည်းဟူသော အဖေး အမ အထိမ်း ကြိုးက လေးမှ မရှိကြရင်လဲ ဖရိုဖရဲ အထိမ်းတဲ့ကြိုးမရှိတဲ့ ချည်ခင် ရှုပ်ကိုဘာလုပ်လို့မှ မဖြစ် တော်ရာ လွှင့်ပစ်ထုတ်၍ မီး ဖုတ်လိုက်ရသလို စိတ် တည်းဟူသော ချည်ခင်ရှုပ်သူတော် ကောင်းများ စက်ဆုပ်တော်မူကြသဖြင့် ဘယ်နေရာမှ အ သုံးမကြပါဘူး မောင်ခိုရ (မှန်ပါ ပကတိ စိတ်ခေတ်က လေးဟာ အထိမ်းမရှိတဲ့ ချည်ခင်နဲ့ အလွန်တူပါ ဘုရား)

လောကမှာ အရှင်မရှိတဲ့နွားများဟာ ဟိုအခင်းဝင်စား ဒီအခင်းဝင်စား တော်တော်ကြာတော့ ဟိုသူက ဓားနှင့် ခုတ်လိုက် ဒီသူက ဒုတ်နှင့်ပေါက်လိုက် တနေ့ကျ သွေးရဲရဲ သံရဲရဲနှင့် မရှုမလှ ပြန်ခဲ့ မဟုတ်လား (မှန်ပါ သွေးရဲရဲ သံ ရဲရဲနှင့် ပြန်ခဲ့ရပါ ဘုရား)

သွေးရဲရဲ သံရဲရဲနှင့် မရှုမလှပွဲတွေတွေ ပြန်ခဲ့ရမှာပေါ့ အုပ်ထိမ်းသူ အရှင်သခင်က မရှိဘဲကိုး မောင်ခိုတို့ ငါတို့ တ တွေမှာလဲ စိတ်ခေတ်ကလေးကို အုပ်ထိမ်းသူ ဘုရား တ ရားတော် တည်းဟူသော အရှင်သခင် မရှိရင် သူသွားခြင် ရာသွား သူစားခြင်ရာစား ဆိုသလို တမားမား တမဲမဲနှင့် အသွားမှငဲ့အောင် ရှစ်ပြည်ထောင် ငရဲမှာ အိုးမဲခဲ အိုးမဲတုံး

ဖြစ်ပြီး သွေးရဲရဲ သံရဲရဲနှင့် အမှန်ဘဲ ပြန်ခဲ့ရလိမ့်၊ မဟုတ်လား (မှန်ပါ အရှင်မရှိတဲ့ နွားအဘိုင်းပါဘဲ ဘုရား)

မြစ်ထဲမှာ ရှိကြတဲ့ ဝါးတွေလဲ အစည်းမရှိ ပကတိ ဖရိုဖရဲ နေကြရင် တော်တော်ကြာ လေတခါဖြေ့ မခံဘူး မြောခြင်ရာမြော မြုပ်ခြင်ရာမြုပ်ပြီး ဝဲစုပ်ကျုန်တော့ဒါဘဲမဟုတ်လား´(မှန်ပါ ဝဲစုပ်ခံကြရပါ ဘုရား)

ဝဲစုပ်ခံရမှာပေါ့ အစည်းအဖွဲ့ကြီးက မရှိဘဲကိုး၊ အဲဒါလိုဘဲ မောင်ခိုတို့ ငါတို့ တတွေဟာလဲ မကောင်းရာကိုသာ အမြဲမွေ့လျော် ပျော်ပါး သွားလာ ကျက်စားနေတဲ့ စိတ်ခတ်ကလေးမှာ မြတ်စွာဘုရားတရားတော်တည်းဟူသော အစည်းရှိရင် ရှိရော့ မရှိပလားဆိုမှဖြင့် ကြာမြင့်ရှည်စွာ သံသရာဝဲစလုပ်မှာ အမြဲမြုပ်ပြီး ဝဲစုပ်ခံနေရမှာ အမှန်ဘဲ မဟုတ်လား (မှန်ပါ အစည်းမရှိတဲ့ဝါးအတိုင်းပါဘဲ ဘုရား)

အဲဒီစိတ်ခတ်ကလေးကို ကြပ်ကြပ် ဆုံးမရမယ်နော် နိဗ္ဗာန်အစ တေဇောက ဆိုတဲ့အတိုင်း စိတ်ခတ်ကလေးကို အပူဘိုက်ဘိုက်ပေးနိုင်မှဲ တော်ရုံဘလေးရှိတယ် အပူတိုက်ဆိုဒါ တနေ့သုံးခေါက်လောက် သုံးခေါက်လောက် မိမိကိုယ် မိမိ သင်းချိုင်းကုန်း ပို့ပို့ကြည့် တနေ့သုံးခါလောက် သုံးခါလောက် ငရဲချချကြည့် ဒါမှ စိတ်ခတ်ကလေး ညြိမ်ဝပ် ပိပြားပြီးတရားဘက် ဝင်ဝင်လာမှာကိုး(မှန်ပါ ဘုရား)

စိတ်ဓာတ်ကလေးရဲ့ အကြိုက်သာ လိုက်ပါနေမယ် ဆို ရင် ဘယ်တော့မှ ဖခမိုက်ဟာ ဆုံးတော့မှာ မဟုတ်ဘူး၊ အခ ရင်က အဘိုးကြီးတယောက်က လူငယ်တယောက်ကို ပြောသ တဲ့ "မင်းတို့အရွယ်တော့ကွာ ဝတ်တုံးစားတုံးပ ဟုတ်ကဲ့ ဗျား ဟုတ်ကဲ့ဗျား၊ မင်းတို့အရွယ်တော့ကွာ ကြွားတုံး ဝါ တုံးပ ဟုတ်ကဲ့ဗျား ဟုတ်ကဲ့ဗျား၊ မင်းတို့အရွယ်တော့ကွာ ပျော်တုံးပါးတုံးပ ဟုတ်ကဲ့ဗျား ဟုတ်ကဲ့ဗျား၊ မင်းတို့ အ ရွယ်တော့ကွာ မိုးယံမမြင် လေမမြင် ချစ်ခင်သူနှင့် ဋ္ဌနှိုက်တွဲ ပြီး ယှဉ်နွဲ့ရရင် မိုးယံတောင် ဖိုးရွက်လောက်ထင်တဲ့ အ ရွယ်ပ ဟုတ်ကဲ့ဗျား ဟုတ်ကဲ့ဗျား၊ မင်းတို့ သန်တုံး မြန် တုံး အရွယ်များ တရားအား ထုတ်လိုက်ရကွာ" ဆိုတော့ ဟင့်အင်လို့ ဆိုလိုက်သတဲ့ သည်တော့ သူ့အကြိုက်ပြော နေတော့ ဟုတ်ကဲ့ဗျား ဟုတ်ကဲ့ဗျားလိုက်နေ့ သူ့အကြိုက် မဟုတ်တော့ ဟင့်အဲလို့ဆိုပြီး တွန့်တိုသွားသတဲ့၊

အင်း....တို့ မောင်ခိုလဲ ဟုတ်ကဲ့ဗျား ဟုတ်ကဲ့ဗျားနှင့် ဟင့်အင် သမား ထဲကဘဲ ထင်ပါရဲ့ (မှန်ပါ တယ်လွဲမယ် မဟုတ်လှဘူး ဘုရား)

မောင်ခိုတို့ လူငယ်စုသာ မဟုတ်သေးဘူး အခုင်ကဈေး သယ် အဘိုးကြီးတယောက် ရှိသတဲ့ ရှုတ်ရှုတ်ထွေးထွေး နှပ်ခမ်းမွှေးကလေး တသသနှင့် အိမ်ဆိုင်ဝ,က ထိုင်ပြီး ဝယ်သူကို မြှော်နေခိုက် ဈေးဝယ် လာတဲ့ သူငယ်မက လေး တယောက်က "ဒိလဘက်ခြောက် ဘယ်ဈေးလဲလို့ မေးလိုက်တော့ ဝယ်ခြင်ဝယ် မဝယ်ခြင်နေ ဒိနှပ်ခမ်းမွှေး

တဆယ်သား တပဲကွဲလို့'' ပြောလိုက်သတဲ့ သည်တော့ သူငယ်မကလေးက ဟင် လဘက်ခြောက် ဝယ်ပါ ဘယ့်နှယ်ဟာ နှပ်ခမ်းမွှေးက ဈေးတက်နေပါလိမ့် ဆိုသတဲ့၊ အင်း သူကလဲရှုပ်ရှုပ်ထွေးထွေး သူ့နှပ်ခမ်းမွှေးကိုသာ သူစွဲနေရှာဒါကိုး ပြောပေမှာပေါ့ မောင်ခိုရ (မှန်ပါ့ စိတ်က စွဲရာ ပါးစပ်က ပါသွားဒါကိုး ဘုရား)

အဲဒါလိုဘဲ စိတ်ဓာတ်ကလေးဟာ သူသွားခြင်ရာ သွားရောက်ခြင်ရာရောက် စူးခြင်ရာစူး စိုက်ခြင်ရာစိုက်နေတတ်တယ်ကောင်းရာကိုတော့ အလွန်နည်းပါးပြီး မကောင်းရာကိုသာအများအပြားအားဖြင့် ဆွဲငင်ဆောင်ရွက်နေမှုကိုလဲ သတိပြုဆင်ခြင်ကြရမယ်။

## ဒါကြောင့်

စိတ္တေန နီယတိလောကော၊ စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧက ဓမ္မဿ၊ သဗ္ဗေဝ ဝသမန္ဝဂူ။

လောကော၊ သမုတိပညတ်အားဖြင့် ခေါ်ဆိုအပ်သော လူ, နတ်, ဗြဟ္မာ သတ္တဝါ အပေါင်းကို။ စိတ္တေန၊ ထင်မိထင်ရာ မြင်မိမြင်ရာ လွန့်နွာရှုပ်ထွေး စိတ်ဓာတ်ကလေးသည်။ နီယတိ၊ ယေဘုယျအားဖြင့် အများဘက်သို့ မရောက်ရောက်အောင် ပို့ဆောင်အပ်၏။ စိတ္တေန၊ အပြစ်ဗလဗွေ အညစ်အကြေးမွေး စိတ်ဓာတ်ကလေးသည်။ ပရိကဿတိ၊ မရပ်မစဲ ဖျပ်ခနဲ ဖျပ်ခနဲ အမြဲတွင်တွင် ဆွဲငင်အပ်၏။ သဗ္ဗေဝ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံသော သတ္တဝါမှန်သမျှ အနန္တ

တို့သည်သာလျှင်။ စိတ္တဿ၊ ကြံမှု သိမှု စိတ်ဓာတ်ကလေး ဟုဆိုအပ်သော။ ဧက ဓမ္မဿ၊ အမှန်နည်းပါး အများ များ သော ထိုတခုသောတရား၏၊ ဝသံ၊ သူ့အလို သူ့စရိုက် သူ့ဓာတ်ကြိုက်သို့၊ အနွဂူ၊ ဒေါင်ကျကျ ပြားကျကျ တားမ ရသဖြင့် အစဉ်အပိုက်သာ လိုက်ပါကြရလေကုန်သတည်း။

အဲဒါလို စိတ်ဓာတ်ကလေးရဲ့ အကြောင်း မကောင်းရာ ကိုသာ အမြဲပို့ဆောင် ဆွဲငင်နေပုံကို ပါဠိတော်ကြီးတွေ အကုန်ထုတ်ပြောမနေနိုင်တော့ဘူး၊ ပြောလို့လဲ ဆုံးတော့ မှာ မဟုတ်တော့ အကျယ်ပောနေရင် တရားကြောကြီး ရှေ့မြောပြီး အတောမသတ်ဘဲ ဝေသန္တရာဇာတ်ထက် ကဲ သွားလိမ့်မယ်။ အတိုချုပ်မှာတော့ မောင်ခိုတို့ ငါတို့ စိတ်ဓာတ်ကလေးဟာ တရားနှင့် အနယ်ကျမှ အပါယ်က လွတ်မယ် တရားနှင့်စိတ်ဓာတ်ကလေး အနယ်မကျသေး သမျှဖြင့် အပါယ်က မလွတ်ကြသေးဘူးဆိုဒါသာ တထစ် ချ မှတ်ပေတော့နော် (မှန်ပါ ဘုရား)

အချော့ခက် အမြူခက် ချောင့်တက် ချောင့်တက် တိုးနေ တဲ့ ကလေးဆိုးကို အမျိုးမျိုး ဆုံးမရဒါလို ကလေးဆိုးနှင့် တူတဲ့ စိတ်ရိုင်း စိတ်နုကလေးတွေကို မောင်းနှင်ပြီး ဒိ သုဒ္ဓိဆိုတဲ့ အသက်ဘန်းစိတ်ကြီးတွေ ဝင်ကြမှ နေရာကျ တော့မှာထင်ပါလားဟ မောင်ခိုရ (မှန်ပါ စိတ်ကလေးတွေ ကို မောင်းနှင်ပြီး စိတ်ကြီးတွေ ဝင်ကြမှ နေရာကျတော့မှာ ပါ ဘုရား)

အေး လောကီစိတ်ကလေးတွေကို နှိပ်ပေးပြီး တရားတည်းဟူသော လောကုတ္တရာစိတ်တွေ ဝင်ရအောင် ပို့ဆောင်လိုက်တဲ့ နောက်နောက်က ကုသိုလ်ကံကလေးဟာ ဘယ့်လောက် အဘိုးတန်သလဲ သင့်မှာ သာသနာတော်မြတ်ကြီးနှင့် တွေ့လေတော့ ကြုံလေတော့ဘုရားဆုံးမတော်မူသော ဩဝါဒအချက် တရားနက်ကို မပျက်မကွက် ဆက်ဆက်ကြီး ဆောင်ရွက်လေတော့ ပွါးများလေတော့ ဆင်ခြင်လေတော့လို့ ဒီအခွင့်ကောင်း အရေးကောင်းကြီးကို ပေးလိုက်တဲ့ ကုသိုလ်ကံကလေးဟာ မောင်ခိုရ အလကားပျော်ပါးစားသောက် ကြွားမောက်နေဘို့ရာ ပေးလိုက်ထာမဟုတ်ဘူးနော် (မှန်ပါ ကုသိုလ်ကံကလေးက တရားအားထုတ်ခွင့် ပေးလိုက်ထာပါ ဘုရား)

ယခုလို သာသနာ အခါကောင်း အခွင့်ကောင်းကြီးနှင့် တွေ့ကြုံရအောင် ပို့ဆောင် လိုက်တဲ့ နောက်ဘဝက ကုသိုလ်ကံ တည်းဟူသော ရေက မြင့်ပြန်တော့လဲ တရားကို သိမြင်တဲ့ဉာဏ် တည်းဟူသော ကြာကလဲ မြင့်မှ တော်မယ် မဟုတ်လား (မှန်ပါ ရေမြင့်တော့ ကြာမြင့်ရပါလိမ့်ဘုရား)

ရေက မြင့်လို့မှ ကြာက မမြင့်တော့ကော (ရေမြင့်လို့မှ ကြာမမြင့်တော့ ရေမြုပ်ပြီး ကြာပုတ် သွားမှာပေါ့ဘုရား)

ဒါဖြင့် ကြာမပုတ်ရအောင် သက္ကာယဒိဋ္ဌိ ခွါထုပ်ပြီး ငါပြုတ်မှ တော်မှာ ထင်ပါလားဟော့ (မှန်ပါ သက္ကာယဒိဋ္ဌိ ခွါထုတ်ပြီး ငါပြုတ်ဘို့ အချိန်တော်ပါပြီ ဘုရား)

သတ္တာယဗိဗ္ဗ ပရုခါနီ၊ ဒွါသဗ္ဗ ဗိဗ္ဗ ဂတိကာနီ။

ဒွါသဗ္ဗ ဗိဗ္ဗဂတိကာနီ၊ ခြောက်ဆဲ့ နှစ်ဖြာ မိန္တာ လူဆိုး သူခိုးခေါးပြ အသူမှား ဟူသမျှ တို့သည်။ သတ္တာယဗိဗ္ဗ ပရုခါနီ၊ နှစ်ဆယ်သော သတ္တာယဗိဗ္ဗတရားသာလျှင် ရှေ့သွား မူလ အကြောင်းရင်း ရှိကြလေကုန်၏။

ဤသို့ ပဋိသန္ဓိဒါမင် ပါဠိတော်လာ ဗိဗ္ဗကထာကို မှန်ကန်စွာ သိပါက

မေး။ ခြောက်ဆဲ့နှစ်ဖြာ၊ ယူမိန္တာ၊ သူဟာဘာ့ကြောင့် ဖြစ်သနည်း။

ဖြေ။ သတ္တာယမင်း၊ ရှိတုံလျှင်း၊ ကြောင်းရင်း သူ့ကြောင့် ဖြစ်သတည်း။

**အဓိပ္ပါယ်ကား**.....သတ္တာယဗိဗ္ဗ တခု ရှိလျှင် ၆၂-ပါးသော မိန္တာဗိဗ္ဗတို့နှင့်တကွ အဟောတုက အစရှိသော များစွာသောဗိဗ္ဗကြီးတို့သည် အားလုံးအကုန်ဖြစ်နိုင်ကြကုန်၏။

**ဥပမာဆိုသော်** ဗီဇမျိုးစေ့ရှိလျှင် ဘယ်အရပ် ဘယ်ဌာနဖြစ်မသို ထိုမျိုးစေ့နှင့် တူစွာ အပင်ပေါက်နိုင်သကဲ့သို့ ထို့အတူ သတ္တာယဗိဗ္ဗ အယူမှား မျိုးစေ့တခုရှိသျှင် မိမိနှင့် အမှားဓာတ်တူဖြစ်သော ၆၂-ပါး အလွန်များသော အမှားပင် တို့သည် အရိယာများကို ချန်ထား၍ လူ,နတ်, ပြဟ္မာ သတ္တဝါအရပ်ရပ်တို့၏ သန္တာန်၌ အကုန်ပေါက် ရောက် စီကား ထွားကြိုင်းနိုင်ကုန်၏။ သတ္တာယဗိဗ္ဗတခု

ပြုတ်လျှင်လည်း အားလုံးသော အယူများ ဒိဋ္ဌိ တို့သည် မတွယ် မကပ် မပူး မစပ် နိုင်ကြလေတော့ဘဲ ကင်းပြတ် ချုပ်ငြိမ်း၍ချက်ခြင်းရပ်သိမ်းကြရလေကုန်တော့သတည်း။

## ဒါ့ကြောင့်

သက္ကာယဒိဋ္ဌိ သမုဂ္ဃါတေ နေဝစ၊ဒွါသဋ္ဌိ ဒိဋ္ဌိယော သမုဂ္ဃါတံ ဂစ္ဆန္တိ။

သက္ကာယဒိဋ္ဌိ သမုဂ္ဃါတေ နေဝစ၊ သက္ကာယဒိဋ္ဌိယုတ်ကို နှင်ထုတ်ပယ်ပြစ်နိုင်သဖြင့်သာလျှင်။ ဒွါသဋ္ဌိ ဒိဋ္ဌိယော၊ ခြောက်ဆဲ့နှစ်ဖြာ မိစ္ဆာအယူ အညစ်မြူ တို့သည်။ သမုဂ္ဃါတံ၊ ချုပ်ငြိမ်း ကင်းရှင်း ပျောက်ပျက်ခြင်းသို့။ ဂစ္ဆန္တိ၊ သက္ကာယဒိဋ္ဌိကလေးနှင့် မရှေးမနှောင်း တပေါင်းတည်း သာ လိုက်ပါကြရလေကုန် သတည်း။

အဲဒါလို ပင့်သန္တိဒါမဂ် ပါဠိတော်ကို ထောက်မြော်၍ ကြည့်လိုက်တော့ သက္ကာယဒိဋ္ဌိ တရားဟာ အဆိုးဝါးဆုံး ဖြစ်နေပါကလားဟာ မောင်ခိုရ (မှန်ပါ သူ့အဆိုးဝါးဆုံးပါ ဘုရား)

ဒါဖြင့် အလွန်ဆိုးဝါးတဲ့ သက္ကာယဒိဋ္ဌိကို ပရမတ္ထ သွာပုံ ဓာတ်အာရုံကြီးကြည့်ပြီး အမြစ်ပါ တိလိုက်ကြပို့ရဲ့။

ခန္ဓာကိုယ် တကောင်လုံး ဉာဏ်နှင့် သိမ်းကြုံး ကြည့်လိုက်တော့ မာမှု၊ နူးညံ့မှု၊ တောင့်တင်းမှု၊ ပထဝီဆိုတဲ့ မြေဓာတ်ရုပ်ကလေးတွေဟာ မာမာ၊ မာမာနှင့် သူ့ကိစ္စကလေး

သူဆောင်လျက် ပျက်တော့လဲ မိမိသဘောကို မလွတ်ဘဲ ဆင်းရဲနေဒါလဲသူ, အစိုးမရတဲ့ အနတ္တဆိုဒါလဲ ဒီတရားဘဲ၊ သည်တော့ မာပျက်ဟာ ငါပျက်ဖြစ်မနေစေနှင့်၊ မာဆင်းရဲဟာ ငါဆင်းရဲ ဖြစ်မနေစေနှင့်၊ မာအစိုးမရဟာ ငါအစိုးမရ ဖြစ်မနေစေနှင့်၊ အဲဒါလို မာပျက်အနိစ္စစစ်, မာဆင်းရဲဒုက္ခစစ်, မာအစိုးမရ အနတ္တစစ်ကို ငါလွတ်အောင် ရှုရမယ် မောင်ခိုရ (မှန်ပါ ငါလွတ်မှသက္ကာယ ကွာကျွတ်မှာပါ ဘုရား)

ဖွဲ့စေး ကပ်တွယ်မှု အာပေါဆိုတဲ့ ရေဓာတ်ရုပ်ကလေးတွေလဲ ဖွဲ့ဖွဲ့, ဖွဲ့ဖွဲ့နှင့် သူ့ကိစ္စ သူ့သဘောကလေး သူဆောင်လျက် ပျက်တော့လဲ သူ့သဘောမလွတ်ဘဲ ဆင်းရဲရဒါလဲ သူ, အစိုးမရတဲ့ အနတ္တဆိုဒါလဲ ဒီတရားဘဲ, သည်တော့ ဖွဲ့ပျက်ဟာ ငါပျက် ဖြစ်မနေစေနှင့် ဖွဲ့ဆင်းရဲဟာ ငါဆင်းရဲ ဖြစ်မနေစေနှင့်, ဖွဲ့အစိုးမရဟာ ငါအစိုးမရ ဖြစ်မနေစေနှင့် အဲဒါလို ဖွဲ့ပျက်အနိစ္စစစ် ဖွဲ့ဆင်းရဲ ဒုက္ခစစ်, ဖွဲ့အစိုးမရ အနတ္တစစ်,ကိုလဲ ငါလွတ်အောင် ရှုရမယ်မဟုတ်လား (မှန်ပါ ငါကင်းမှ သက္ကာယ ကွာရှင်းမှာပါ ဘုရား)

ပူမှု,အေးမှု တေဇော ဆိုတဲ့ မီးဓာတ်ရုပ်ကလေးတွေလဲ ပူပူ,ပူပူ အေးအေး, အေးအေးနှင့် သူ့သဘောကလေး သူဆောင်လျက် ပျက်တော့လဲ သူ့သဘောမလွတ်ဘဲ ဆင်းရဲနေရဒါလဲသူ, အစိုးမရတဲ့အနတ္တဆိုဒါလဲ ဒီတရားဘဲ,သည်တော့ ပူပျက် အေးပျက်ဟာ ငါပျက် ဖြစ်မနေစေနှင့်, ပူဆင်းရဲ အေးဆင်းရဲဟာ ငါဆင်းရဲ ဖြစ်မနေစေနှင့်, ပူ အေ

ပိုး မရ အေး အပိုးမရဟာ ငါအပိုးမရ ဖြစ်မနေစေနှင့်, အဲဒါလို ပူ အေးပျက် အနိစ္စစစ်, ပူ အေး ဆင်းရဲ ဒုက္ခစစ်, ပူ အေး အပိုးမရ အနတ္တစစ်ကိုလဲ ငါလွတ်အောင် ရှုရမယ် မဟုတ်လား (မှန်ပါ ငါမစွက်မှ သက္ကာယ ကွာထွက်မှာပါ ဘုရား)

လှုပ်ရှားမှု ဝါယောဆိုတဲ့ လေဓာတ်ရုပ်ကလေးတွေလဲ လှုပ်လှုပ်, လှုပ်လှုပ်နှင့် တသုတ်သုတ် တဖြုတ်ဖြုတ် နေအောင် သူ့သဘော သူ့ကိစ္စကလေး သူဆောင်လျက် ပျက်တော့လဲ သူ့သဘော သူ့ကိစ္စမလွတ်ဘဲ ဆင်းရဲနေရဒါလဲ သူ၊ အပိုးမရတဲ့ အနတ္တဆိုဒါလဲ ဒီတရားဘဲ သည်တော့ လှုပ်ပျက်ဟာ ငါပျက် ဖြစ်မနေစေနှင့် လှုပ်ဆင်းရဲဟာ ငါဆင်းရဲ ဖြစ်မနေစေနှင့်, လှုပ်အပိုးမရဟာ ငါအပိုးမရ ဖြစ်မနေစေနှင့်၊ အဲဒါလို လှုပ်ပျက်အနိစ္စစစ်, လှုပ်ဆင်းရဲဒုက္ခစစ်, လှုပ်အပိုးမရ အနတ္တစစ်ကိုလဲ ငါလွတ်အောင် ရှုရမယ် မဟုတ်လား (မှန်ပါ ငါမရှုပ်မှ သက္ကာယ ကွာပြုတ်မှာပါ ဘုရား)

အေး ဝိပဿနာတရား လက္ခဏာယဉ် သုံးပါးတင်တဲ့ အခါ ငါ့အနိစ္စ,သူ့အနိစ္စ, ငါ့ဒုက္ခ,သူ့ဒုက္ခ, ငါ့အနတ္တ,သူ့အနတ္တဖြစ်၍ ငါပေါ် သူ့ပေါ်မှာ အဖတ်တင်နေတတ်သေးတယ်၊ ငါဟုပ်တုပ်နှင့် ဝိပဿနာအလုပ်ကို အားထုတ်နေမှဖြင့် ငါပြုတ်ဘို့ နေနေသာသာ လှုပ်လှုပ်ကလေးမှတောင် ရှိမှာမဟုတ်ဘူး မောင်ခိုရ (မှန်ပါ ငါဟုပ်တုပ် ကျန်နေရင် အမှန် မရောက်သေးပါဘုရား)

အေးအေး ဝိပဿနာအလုပ်နှင့် ဆိုင်ရာ ယခုဟောခဲ့တဲ့ ပရမတ္ထသွာပုံ ဓာတ်အာရုံတွေဆိုဒါ မှုံမှုံရေးရေး သေး သေး မှျင်မှျင်ဆိုဒါလို ငါရောင် သူရောင် အကောင် အ ထယ်နှင့် ရကောင်းဒါမျိုး မဟုတ်ဘူး သူ့ပကတိသဘာဝ ကလေးတွေက စိတ်တွေ ဉာဏ်တွေ ရှိန်အငွေ့မှာဘဲ ဒိဋ္ဌိ တွေကတော့ ငါရောင် သူရောင် အကောင်အထယ်နှင့်တွေ့ လိမ့်မယ် မဟုတ်လား (မှန်ပါ ဒိဋ္ဌိတွေကတော့ အကောင် အထယ်တွေနှင့် တွေ့မှာပါ ဘုရား)

ဒါဖြင့် ဒိဋ္ဌိတွေကတော့ သူမတွေ့နေရော့ သူတွေ့မှဖြင့် အကောင်အထယ်ကလေးနှင့် စိတ်တွေ ဉာဏ်တွေကတော့ သူမတွေ့နေရော့ သူတွေ့မှဖြင့် အကောင် အထယ် မတွေ့ ဓာတ်ရှိန် ဓာတ်ငွေ့ ဓာတ်အလေ့ ဓာတ်သဘော ဓာတ် ပေါလော ကလေးတွေကိုသာ တွေ့ရဆိုပါတော့ (မှန်ပါ ဓာတ်သဘော ဓာတ်ပေါလော ကလေးတွေသာ တွေ့ရပါ ဘုရား)

ကဲ ဒါဖြင့် ဒီလို ပထဝီဓာတ်, အာပေါဓာတ်, တေဇော ဓာတ်, ဝါယောဓာတ် တွေကို သူ့သဘာဝအတိုင်း ဉာဏ် မျက်စိဖြင့် ကြောင်ကြောင် သိမြင်လျှင် နှစ် ဆယ်သော သက္ကာယဒိဋ္ဌိဟာ ဝင်နိုင်ပါအုံးမလား (မှန်ပါ လွင့်စင်သွား ပါဘုရား)

ယခင် ပါဠိတော် အတိုင်းဆိုလျှင် သက္ကာယဒိဋ္ဌိ လွင့်စင် သွားရင်လဲ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ အယူမှားကြီးတွေကော

ပယ်သတ်ပြီး မဖြစ်ပေဘူးလား (မှန်ပါ ကျွဲကူးရေပါ ဖြစ်ကုန်ပါ ဘုရား)

ဒါဖြင့် ငါကောင် သူကောင်ဟူ၍ မြူစေ့လောက်မှ ရှာမရတော့ဘဲ ငါဖြစ်ဘူးပြီလေလော ငါဖြစ်တုံး ဖြစ်ဆဲလေလော ငါဖြစ်လတ္တံ့လေလော စသည်ဖြင့် အတိတ်, အနာဂါတ်, ပစ္စုပ္ပန်လို့ ဆိုတဲ့ သုံးတန်သောကာလများ၌ ယုံမှားခြင်းတရား ၁၆-ပါးကော ကပ်နိုင်သေးရဲ့လား (မှန်ပါ ငါ၌တယ်ထင်မှ ယုံမှားခြင်း ဝင်နိုင်ဒါမို့ သူတို့လဲ ကင်းကွာ ကုန်ပါရော ဘုရား)

အေး ဒါကြောင့် ရုပ်နှင့် နာမ်တရား နှစ်ပါးကို ဒါလိုသိ ဒါလိုမြင် ဒါလိုဆင်ခြင်နိုင်ရင်ဘဲ အကယ်၍ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို အမြစ်ပါ မတိနိုင်သေးတောင်မှ ဝိသုဒ္ဓိနံ့ ဝိသုဒ္ဓိ ဆိုတဲ့အတိုင်း ဝိပဿနာအလင်း ဉာဏ်မြင်ရှင်း၍ အယူစင်ကြယ်ခြင်း အယူဖြောင့်မှန်ခြင်းဆိုတဲ့ ဒိဋ္ဌိဝိသုဒ္ဓိလမ်းမှန်၍ ထိုသူကို စူဠသောတာပန်လို့ နာမံတံဆိပ်ကို ဘုရား ခပ်နှိပ်ပေးတော်မူတယ်မဟုတ်လား (မှန်ပါ အရိယာအထွေး အငယ်စားကလေး စူဠသောတာပန်လို့ ဘုရားအမည်ပေးတော် မူပါသဘုရား)

မောင်ခိုရေ (ဘုရား) ဒါဖြင့်အဖြင်းဆုံး စူဠသောတာပန်စခန်းသို့ တန်းတန်းမတ်မတ် ဆိုက်ကပ်ရအောင် ခါးပိုက်ဆောင်ထားထိုက်သော ဒိဋ္ဌိဝိသုဒ္ဓိဆောင်ပုဒ်များကို တိုဘိချပေးလိုက်အုံးမယ် ကဲကဲ-ပုဂ္ဂ ခရုမကျန် အကုန် လိုက်ကြစမ်း လိုက်ကြစမ်း။

## ဒိဋ္ဌိဝိသုဒ္ဓိ ဆောင်ပုဒ်များ

၁။ ပထဝီဓာတ်၊ မြေဓာတ်ရုပ်ကို၊ သုံးခုလက္ခဏာ၊ တင်စမ်းပါ၊ သမ္မာဒိဋ္ဌိ၊ မြင်အောင်ကြည့်၊ ဒါမှ ဒိဋ္ဌိဝိသုဒ္ဓိ။

၂။ အာပေါဓာတ်၊ ရေဓာတ်ရုပ်ကို၊ သုံးခု လက္ခဏာ၊ တင်စမ်းပါ၊ သမ္မာဒိဋ္ဌိ မြင်အောင်ကြည့်၊ ဒါမှ ဒိဋ္ဌိဝိသုဒ္ဓိ။

၃။ တေဇောဓာတ်၊ မီးဓာတ်ရုပ်ကို၊ သုံးခု လက္ခဏာ၊ တင်စမ်းပါ၊ သမ္မာဒိဋ္ဌိ၊ မြင်အောင်ကြည့်၊ ဒါမှ ဒိဋ္ဌိ ဝိသုဒ္ဓိ။

၄။ ဝါယောဓာတ်၊ လေဓာတ်ရုပ်ကို၊ သုံးခု လက္ခဏာ၊ တင်စမ်းပါ၊ သမ္မာဒိဋ္ဌိ၊ မြင်အောင်ကြည့်၊ ဒါမှဒိဋ္ဌိ ဝိသုဒ္ဓိ။

—— ၀ ——

## တရား အဆုံးသတ်ရန်

ဣဒါနိ၊ တရားတထုံး နိဂုမ်းခါးပါတ် အဆုံးသတ်ရာ ၌ အခါ၌။ သမ္ဗုဒ္ဓ၊ အမြိုက်အရသာ၊ ဒေသနာကို စေတနာ မောက်မောက် သဒ္ဓါပေါက်၍ ကောင်းမွန်စွာ လာရောက် ကြားနာကုန်သော။ သဗ္ဗေ၊ တရားနာယူ ခပ်သိမ်းသူ တို့သည်။

ဒိဋ္ဌိဝိသုဒ္ဓိ၊ နာမ်ရုပ်နှစ်သင်း ဉာဏ်မြင်လင်း၍ အယူသန့် ရှင်းစင်ကြယ်ခြင်းကို။ ပဋိလာဘန္တု၊ သာသနာဝမှ နောက် မကျအောင် ခဏာပိုင်ပိုင် ရနိုင်ယူနိုင် ကြပါစေကုန် သတည်း။

သာဓု—သာဓု—သာဓု

အကျယ်မှာ ဉာဏ်ပညာ့ဖြန့်၍ကျယ်ပြန့်စွာ
ဟောပြောကြပါကုန်

ပြီးပြီ

———o———

# သက္ကာယဒိဋ္ဌိ ၂၀-သရုပ်အရ

———o———

၁။ ရူပံ အတ္တတော သမနုပဿတိ ရူပဝန္တံ ဝါ အတ္တာနံ အတ္တနိ ဝါ ရူပံ ရူပသ္မိံ ဝါ အတ္တာနံ။

၂။ ဝေဒနံ အတ္တတော သမနုပဿတိ ဝေဒနာဝန္တံ ဝါ အတ္တာနံ အတ္တနိ ဝါ ဝေဒနံ ဝေဒနာယ ဝါ အတ္တာနံ။

၃။ သညံ အတ္တတော သမနုပဿတိ သညာဝန္တံ ဝါ အတ္တာနံ အတ္တနိ ဝါ သညံ သညာယ ဝါ အတ္တာနံ။

၄။ သင်္ခါရေ အတ္တတော သမနုပဿတိ သင်္ခါရဝန္တံ ဝါ အတ္တာနံ အတ္တနိ ဝါ သင်္ခါရေ သင်္ခါရေသု ဝါ အတ္တာနံ။

၅။ ဝိညာဏံ အတ္တတော သမနုပဿတိ ဝိညာဏဝန္တံ ဝါ အတ္တာနံ အတ္တနိ ဝါ ဝိညာဏံ ဝိညာဏသ္မိံ ဝါ အတ္တာနံ။

၁။ ရူပံ၊ ရုပ်ကို။ အတ္တတော၊ ငါကောင် ကိုယ်ကောင်ဟူ၍။ သမနုပဿတိ၊ ရှုတတ် မြင်တတ်၏။ အတ္တာနံ၊ ငါကောင် ကိုယ်ကောင်ကို။ ရူပဝန္တံ ဝါ၊ ရုပ်ရှိ၏ဟူ၍သည်း။ သမနုပဿတိ၊ ရှုတတ် မြင်တတ်၏။ အတ္တနိ ဝါ၊ ငါကောင် ကိုယ်ကောင်၌မူလည်း။ ရူပံ၊ ရုပ်ကို။ သမနုပဿတိ၊ ရှုတတ် မြင်တတ်၏။ ရူပသ္မိံ ဝါ၊ ရုပ်၌မူလည်း။ အတ္တာနံ၊ ငါကောင် ကိုယ်ကောင်ကို။ သမနုပဿတိ၊ ရှုတတ်မြင်တတ်၏။

၂။ ဝေဒနံ၊ ဝေဒနာကို။ အတ္တတော၊ ငါကောင် ကိုယ်ကောင်ဟူ၍။ သမနုပဿတိ၊ ရှုတတ်မြင်တတ်၏။ အတ္တာနံ၊

ငါကောင် ကိုယ်ကောင်ကို၊ ဝေဒနာဝန္တံ ဝါ၊ ဝေဒနာရှိ၏ ဟူ၍လည်း။ သမနုပဿတိ၊ ရှုတတ်မြင်တတ်၏။ အတ္တနိ ဝါ၊ ငါကောင်ကိုယ်ကောင်၌မူလည်း။ ဝေဒနံ၊ ဝေဒနာကို။ သမနုပဿတိ၊ ရှုတတ် မြင်တတ်၏၊ ဝေဒနာယ ဝါ၊ ဝေဒနာ၌မူလည်း။ အတ္တာနံ၊ ငါကောင် ကိုယ်ကောင်ကို၊ သမနုပဿတိ၊ ရှုတတ် မြင်တတ်၏။

၃။ သညံ၊ သညာကို။ အတ္တတော၊ ငါကောင် ကိုယ်ကောင်ဟူ၍၊ သမနုပဿတိ၊ ရှုတတ် မြင်တတ်၏။ အတ္တာနံ၊ ငါးကောင် ကိုယ်ကောင်ကို။ သညာဝန္တံ ဝါ၊ သညာရှိ၏ ဟူ၍လည်း။ သမနုပဿတိ၊ ရှုတတ် မြင်တတ်၏။ အတ္တနိ ဝါ၊ ငါးကောင် ကိုယ်ကောင်၌မူလည်း။ သညံ၊ သညာကို၊ သမနုပဿတိ၊ ရှုတတ်မြင်တတ်၏။ သညာယ ဝါ၊ သညာ၌မူလည်း။ အတ္တာနံ၊ ငါကောင် ကိုယ်ကောင်ကို။ သမနုပဿတိ၊ ရှုတတ် မြင်တတ်၏၊

၄။ သင်္ခါရေ၊ သင်္ခါရတို့ကို။ အတ္တတော၊ ငါကောင် ကိုယ်ကောင်ဟူ၍။ သမနုပဿတိ၊ ရှုတတ် မြင်တတ်၏။ အတ္တာနံ၊ ငါကောင် ကိုယ်ကောင်ကို။ သင်္ခါရဝန္တံ ဝါ၊ သင်္ခါရ ရှိ၏ ဟူ၍လည်း၊ သမနုပဿတိ၊ ရှုတတ် မြင်တတ်၏။ အတ္တနိ ဝါ၊ ငါကောင် ကိုယ်ကောင်၌မူလည်း၊ သင်္ခါရေ၊ သင်္ခါရ တို့ကို၊ သမနုပဿတိ၊ ရှုတတ် မြင်တတ်၏။ သင်္ခါရေသု ဝါ၊ သင်္ခါရ တို့၌ မူလည်း။ အတ္တာနံ၊ ငါကောင် ကိုယ်ကောင်ကို။ သမနုပဿတိ၊ ရှုတတ် မြင်တတ်၏။

**၅**။ ဝိညာဏံ၊ ဝိညာဉ်ကို။ အတ္တတော၊ ငါကောင်ကိုယ်ကောင် ဟူ၍။ သမနုပဿတိ၊ ရှုတတ် မြင်တတ်၏။ အတ္တာနံ၊ ငါကောင် ကိုယ်ကောင်ကို။ ဝိညာဏဝန္တံ ဝါ၊ ဝိညာဉ်ရှိ၏ ဟူ၍သည်း။ သမနုပဿတိ၊ ရှုတတ် မြင်တတ်၏။ အတ္တနိ ဝါ၊ ငါကောင် ကိုယ်ကောင်၌မူလည်း။ ဝိညာဏံ၊ ဝိညာဉ်ကို။ သမနုပဿတိ၊ ရှုတတ် မြင်တတ်၏။ ဝိညာဏသ္မိံ ဝါ၊ ဝိညာဉ်၌မူလည်း။ အတ္တာနံ၊ ငါကောင် ကိုယ်ကောင်ကို။ သမနုပဿတိ၊ ရှုတတ် မြင်တတ်၏။

**ပထမ အချက်ကား** .... ရုပ်သည် ပင်လျှင် ငါကောင် ကိုယ်ကောင်ဘဲ၊ ငါကောင် ကိုယ်ကောင်သည်ပင်လျှင် ရုပ်ဘဲ, ဟု ရုပ်နှင့် ငါကောင် ကိုယ်ကောင် မကွဲမပြား တသားတည်း တခုတည်း အတူယူ၏။ **ဒုတိယအချက်ကား** .... ရုပ်သည် ငါ၏ဥစ္စာဘဲ, ဟု တခြားစီယူ၏။ **တတိယ အချက်ကား**.... ငါ၌ ရုပ်တည်သည် ဟု ယူ၏၊ **စတုတ္ထအချက်ကား**...... ရုပ်၌ ငါတည်သည်ဟု ယူ၏။ ကြွင်း ခန္ဓာ ၄-ပါး နည်းတူမှတ်လေ။

## အကျဉ်းချုပ် ဆောင်ပုဒ်ကား

၁။ ရုပ်နှင့် ငါတူ၊ ငါရုပ်ယူ၍၊ ငါ့မူရုပ်တည်၍၊ ရုပ်ငါတည်၊ စွဲပြီ ဒိဋ္ဌိလေး။

၂။ ဝေဒနာ ငါတူ၊ ငါ့ဝေယူ၍၊ ငါ့မူဝေတည်၊ ဝေ ငါ တည်၊ စွဲပြီ ဒိဋ္ဌိလေး။

၃။ သညာ ငါဟူ၊ ငါ့သညာယူ၍၊ ငါ့မှုသညာတည်၊ သညာ ငါတည်၊ စွဲပြီ ဒိဋ္ဌိလေး။
၄။ သင်္ခါ ငါဟူ၊ ငါ့သင်္ခါယူ၍၊ ငါ့မှုသင်္ခါတည်၊ သင်္ခါ ငါ တည်၊ စွဲပြီ ဒိဋ္ဌိလေး။
၅။ ဝိညာဉ်ငါဟူ၊ ငါ့ဝိညာဉ်ယူ၍၊ ငါ့မှု ဝိညာဉ်တည်၊ ဝိညာဉ် ငါ တည်၊ စွဲပြီ ဒိဋ္ဌိလေး။

ခန္ဓာ ငါးပါး တို့၌ တပါး တပါးလျှင် ၄-ချက် ၄-ချက် စီ စွဲရကား ပေါင်း သက္ကာယဒိဋ္ဌိ (၂၀) ဖြစ်သတည်း။

ဓမ္မသင်္ဂဏီပါဠိတော်၌ ဟောတော်မူအပ်သော သက္ကာယ ဒိဋ္ဌိ (၂၀) အကျဉ်းမှတ်ရန် ပြီး၏။

## ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ သရုပ်အရ

စတ္တာရော သဿတဝါဒါ၊ စတ္တာရော ဧကစ္စ သဿတိကာ၊ စတ္တာရော အန္တာနန္တိကာ၊ စတ္တာရော အမရာဝိက္ခေပိကာ၊ ဒွေ အဓိစ္စသမုပ္ပန္နိကာ သောဠသ သညီဝါဒါ၊ အဋ္ဌ အသညီဝါဒါ၊ အဋ္ဌ နေဝသညီ နာသညီဝါဒါ၊ သတ္တ ဥစ္ဆေဒဝါဒါ၊ ပဉ္စ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒါ၊ ဣမာနိ ဒွါသဋ္ဌိ ဒိဋ္ဌိဂတာနိ ဗြဟ္မဇာလေ ဝေယျာကရဏေ ဝုတ္တာနိ ဘဂဝတာ "ခုဒ္ဒက ဝိဘင်းပါဠိတော်"

စတ္တာရော သဿတဝါဒါ၊ လေးပါးသော သဿတဒိဋ္ဌိတို့ရင်း။ စတ္တာရော ဧကစ္စသဿတိကာ၊ လေးပါးသော ဧကစ္စသဿတဒိဋ္ဌိ တို့လည်းကောင်း။ စတ္တာရော အန္တာ

နတ္ထိကာ၊ လေးပါးသောအနတ္တာနတ္ထိကဒိဋ္ဌိ တို့လည်းကောင်း။ စတ္တာရော အမရာဝိက္ခေပိကာ၊ လေးပါးသော အမရာဝိက္ခေပဒိဋ္ဌိတို့လည်းကောင်း၊ ဒွေ အဓိစ္စသမုပ္ပန္နိကာ၊ နှစ်ပါးသော အဓိစ္စသမုပ္ပန္နဒိဋ္ဌိ တို့လည်းကောင်း၊ သောဠသသညီဝါဒါ၊ တဆဲ့ခြောက်ပါးသော သညီဝါဒဒိဋ္ဌိ တို့လည်းကောင်း အဋ္ဌအသညီဝါဒါ၊ ရှစ်ပါးသော အသညီဝါဒ ဒိဋ္ဌိ တို့လည်းကောင်း။ အဋ္ဌ နေဝသညီနာသညီ ဝါဒါ၊ ရှစ်ပါးသော နေဝသညီနာသညီဝါဒ တို့လည်းကောင်း၊ သတ္တဥစ္ဆေဒဝါဒါ၊ ခုနစ်ပါးသော ဥစ္ဆေဒဒိဋ္ဌိ တို့လည်းကောင်း။ ပဉ္စ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒါ၊ ငါးပါးသောဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ ဒိဋ္ဌိ တို့လည်းကောင်း။ ဣမာနိ ဒွါသဋ္ဌိဒိဋ္ဌိဂတာနိ၊ ဤ ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိ တို့ကို၊ ဝေယျာကရဏော၊ ဝေယျာကရဏ်းဖြစ်သော၊ ဗြဟ္မဇာလေ၊ ဗြဟ္မဇာလသုတ်၌၊ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။

## သဿတဝါဒ ၄-ပါး အဓိပ္ပါယ်ကား

တဘဝကစ၍ ဘဝတသိန်းမျှသာ မြင်နိုင်သောကြောင့် ဘဝတသိန်းမျှသာ သင်္ခါရတရား မမြဲ၊ ဘဝ တသိန်းက လွန်လျှင် မြဲ၏ ဟု ယူခြင်းတပါး၊ သံဝဋ္ဋကပ်၊ ဝိဝဋ္ဋကပ်၊ တကပ်ကစ၍ သံဝဋ္ဋကပ် ဝိဝဋ္ဋကပ် ဆယ်ကပ်မျှသာ သိမြင်နိုင်သောကြောင့် ဆယ်ကပ်မျှသာသင်္ခါရတရားများမမြဲ ဆယ်ကပ်ကလွန်လျှင် မြဲ၏ ဟု ယူခြင်းတပါး၊ ပင်းသံဝဋ္ဋ ဝိဝဋ္ဋကပ် တဆယ်ကစ၍ လေးဆယ်တိုင်အောင် မြင်နိုင်

သောကြောင့် ဤ လေးဆယ်အတွင်းမှာ မမြဲ၊ လွန်လျှင် မြဲ၏ ဟု ယူခြင်း တပါး, သက်သက် မိမိဉာဏ်ဖြင့် ကြံဆ တွေးတောရ၍သော်၎င်း၊ ရုံစမ်း ဆင်ခြင်၍သော်၎င်း၊ အတ္တ သညီရသည် မြဲ၏ ဟု ယူခြင်းတပါး, ဤကား သဿတ ဝါဒ ၄-ပါး၏ အကျဉ်းပြ အဓိပ္ပါယ်တည်း။

## ဧကစ္စသဿတဝါဒ ၄-ပါး အဓိပ္ပါယ်ကား

မိမိသည် ပြဟ္မာ့ပြည်ကလာ၍ ငါသာမမြဲခြေ ကျန်ရစ် သောပြဟ္မာကား မြဲ၏ ဟု ယူခြင်းတပါး, ခိဍ္ဍာပဒေါသိက နတ်သည် မြူးတူး ပျော်ပါးလွန်၍ လူ့ပြည်သို့လာရာ ငါသာ မမြဲ ကျန်ရစ်သော နတ်ကား မြဲ၏ ဟု ယူခြင်း တပါး, မ နောပဒေါသိကနတ်သည် အမျက်လွန်၍ ရှေပြီး လူ့ပြည် သို့ ကျလာရာ ငါသာမမြဲ အချို့နတ်တို့ကား မြဲ၏ ဟု ယူခြင်း တပါး, ရုပ်အတ္တဘောကား မမြဲ နာမ် အတ္တဘောကား မြဲ၏ ဟု ကြံဆ၍ ယူခြင်းတပါး, ဤကား ဧကစ္စသဿတဝါ ဒ ၄-ပါး၏ အကျဉ်းပြ အဓိပ္ပါယ်တည်း။

## အန္တာနန္တိကဝါဒ ၄-ပါး အဓိပ္ပါယ်ကား

ဤ လောကကြီးသည် အဆုံးရှိ၏ ထက်ဝန်းကျင် လုံး၏ ဟု ယူသော အန္တဝါဒိဋ္ဌိကြီး တပါး, ဤလောကကြီးသည် အဆုံးမရှိ ဟု ယူသော အနန္တဝါဒိဋ္ဌိကြီး တပါး, ဤ လော ကကြီးသည် အထက်အောက် အဘို့အားဖြင့် အဆုံးရှိ၏၊ ဖီ လာ အားဖြင့်ကား အဆုံးမရှိ ဟု ယူသော အန္တာနန္တဝါ

ဒိဋ္ဌိကြီး တပါး, မိမိဉာဏ်ဖြင့် သက်သက် ကြံဘန်၍ ဤ လောကကြီးသည် အဆုံးရှိသည်လည်းမဟုတ် အဆုံးမရှိ သည်လည်း မဟုတ် ဟု ယူသော နေဝန္တာနန္တိကဝါဒ ဒိဋ္ဌိကြီး တပါး, ဤကား အန္တာနန္တိက ဝါဒ ၄-ပါး၏ အကျဉ်းပြ အဓိပ္ပါယ်တည်း။

## အမရာဝိက္ခေပဝါဒ ၄-ပါး အဓိပ္ပါယ်ကား

မိမိသည် ကုသိုလ် အကုသိုလ်တရား စသည် တို့ကို အ မှန် အကန် ယထာဘူတဉာဏ်ဖြင့် မသိသည်ဖြစ်၍ အယူ စကား တရားပြဿနာကို မေးသည်ရှိသော် မဟုတ်မမှန် ခြင်း မုသာဝါဒမှ ကြောက်ခြင်းကြောင့် ကုသိုလ်တရား ဟူ ၍လည်း မဖြေ မကြား အကုသိုလ်တရား ဟူ၍လည်း မဖြေ မကြားဘဲ စကားကို ရှောင်လွှဲ၍ တုန်လှုပ် ချောက်ချားစွာ ဖြေကြား ပြောဆိုခြင်း တပါး, ဝွလန်းမှု ဥပါဒါန်ကို ထိပ် လန့် ကြောက်ရွံ့သောကြောင့်၎င်း ရှက်သောကြောင့်၎င်း၊ ယခင်ကအတိုင်း တုန်လှုပ်ပြောဆိုခြင်း တပါး, အယူကို ၎င်း အပြစ်ကို၎င်း ပြ၍မေးသည်ကို ကြောက်သောကြောင့် ၎င်း ရှက်သောကြောင့်၎င်း ယခင်အတိုင်း လှိမ်းလွှဲ တုန် လှုပ်စကားကို ပြောကြား ခြင်း တပါး, မိမိသည် အလွန် အ သိဉာဏ် နည်းပါးသည်ဖြစ်၍ သူတပါးတို့က တမလွန် လောကကို မေးသောအခါ ယခင်ကအတိုင်း ရှိုးတိုးယား တား တောင်မကျ မြောက်မကျ ဥပယ်တမည်ဖြင့် တုန် လှုပ်စွာပြောဆိုဖြေကြားခြင်းတပါး, ဤကား အမရာဝိက္ခေ ပဝါဒ ၄-ပါး၏ အကျဉ်းပြအဓိပ္ပါယ်တည်း။

## အဓိစ္စသမုပ္ပန္နဝါဒ ၂-ပါး အဓိပ္ပါယ်ကား

မိမိသည် အသညသတ်ဘုံမှ ရုတေ၍ လူ့ပြည်သို့ လာခဲ့ရာ ငါသည် ရှေးဘဝက အကြောင်းမရှိဘဲ ဖြစ်ပေါ်လာရ၏ ဟု ဆင်၍ သတ္တဝါ သခ်ါရသည် အကြောင်းကင်း၍ ဖြစ်၏ ဟု ယူခြင်းတပါး, တက္ကိဝါဒအားဖြင့် သက်သက် မိမိဉာဏ်ဖြင့် ကြံဘန်၍ သတ္တဝါသခ်ါရသည် အကြောင်းမရှိဘဲ အကြောင်းကင်း၍ ဖြစ်၏ ဟု ယူခြင်းတပါး, ဤကား အဓိစ္စသမုပ္ပန္နဝါဒ ၂-ပါး၏ အကျဉ်းပြ အဓိပ္ပါယ်တည်း။

## သညီဝါဒ ၁၆-ပါး အဓိပ္ပါယ်ကား

အတ္တဘောသည် ရုပ်ရှိသည်ဖြစ်၍ ရုတ်၏ အထက်၌ မြဲသည်ဟု ယူခြင်းတပါး, အတ္တဘောသည် ရုပ်မရှိသည်ဖြစ်၍ ရုတ်၏အထက်၌ မြဲ၏ ဟု ယူခြင်း တပါး, အတ္တဘောသည် ရုပ် ရှိသည်လည်းဖြစ်၏ ရုပ် မရှိသည်လည်းဖြစ်၏ ဟု ယူခြင်း တပါး, အတ္တဘောသည် ရုပ် ရှိသည်လည်း မဖြစ် ရုပ် မရှိသည်လည်းမဖြစ် ဟု ယူခြင်း တပါး, အတ္တဘောသည် အဆုံးရှိ၏ ဟု ယူခြင်း တပါး, အတ္တဘောသည် အဆုံးမရှိ ဟု ယူခြင်းတပါး, အတ္တဘောသည် အဆုံးရှိသည်လည်းဖြစ်၏ အဆုံးမရှိသည်လည်းဖြစ်၏ ဟု ယူခြင်း တပါး, အတ္တဘောသည် အဆုံးရှိသည်လည်း မဖြစ် အဆုံးမရှိသည်လည်းမဖြစ် ဟု ယူခြင်း တပါး, အတ္တဘောသည် တရတည်းသော သညာရှိ၏၊ ဝါ၊တူသော သညာ

ရှိ၏ ဟု ယူခြင်းတပါး, အတ္တဘောသည် အထူးထူးသော သညာရှိ၏ ဟု ယူခြင်း တပါး, အတ္တဘောသည်နည်းသော သညာရှိ၏ဟု ယူခြင်း တပါး, အတ္တဘောသည် များသော သညာရှိ၏ ဟု ယူခြင်း တပါး, အတ္တဘောသည် စင်စစ် သုခဝေဒနာနှင့် ပြည့်စုံ၏ ဟု ယူခြင်း တပါး, အတ္တဘော သည် စင်စစ် ဒုက္ခဝေဒနာနှင့် ပြည့်စုံ၏ ဟု ယူခြင်း တပါး, အတ္တဘောသည် သုခဝေဒနာ ဒုက္ခဝေဒနာ နှစ်ပါးနှင့် ပြည့် စုံ၏ ဟု ယူခြင်း တပါး, အတ္တဘောသည် ဒုက္ခဝေဒနာမှ တပါး သုခဝေဒနာမှ တပါးသော ဝေဒနာနှင့် ပြည့်စုံ၏ စု တိစိတ်မှ အထက်၌မြဲ၏ဟု ယူခြင်း တပါး, ဤကား သညီ ဝါဒ ၁၆-ပါး၏ အကျဉ်းပြ အမိပ္ပါယ်တည်း။

အသညီဝါဒ ၈-ပါးအရကို ဤသညီဝါဒ ၁၆-ပါး တို့ တွင် အထက် ၅စ်ပါးကို ကောက်ယူလေ၊ သညာ မရှိဟု ယူသည်သာ ထူးတော့သည်။

နေဝသညီ နာသညီဝါဒ ၈-ပါးအရ ကိုသည်း ယခင် သညီဝါဒ ၁၆-ပါးတို့တွင် အထက် ၅စ်ပါးကို ကောက် ယူလေ၊ သညာ ရှိသည်လည်း မဟုတ် သညာ မရှိသည် လည်း မဟုတ်ဟု ယူသည်သာ ထူးတော့သည်။

ခုခုချုပ်မှာ စုတိစိတ်၏ အထက်၌ သေခြင်း မရှိသော ဝါ၊ အမြဲတည်သော အတ္တဘောကို သညာရှိ သညာမရှိ သညာ ရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ် ဟု ယူကြလေ၏။ ဤကား အသညီဝါဒ ၈-ပါး၊ နေဝသညီ နာသညီဝါဒ ၈-ပါး၏ အကျဉ်းပြ အမိပ္ပါယ်တည်း။

## ဥစ္ဆေဒဝါဒ ၇-ပါး အဓိပ္ပါယ်ကား

လူ၏ခန္ဓာကိုယ်အတ္တဘောကို ရည်၍ ဇီဝိတိန္ဒြေ ကြွေသည်မှ နောက်၌ ဤ အတ္တဘောသည် ပြတ်လေ၏။ ပျောက်လေ၏။ ဘာမှ မဖြစ်ဟု ယူခြင်းတပါး, နတ်ပြည်ကျမှ အတ္တဘောသည် ပြတ်၏ ပျောက်၏ဟု ယူခြင်း တပါး, ရူပါဝစရပြဟ္မာဘုံရောက်မှသာ အတ္တဘောသည် ပြတ်၏ ပျောက်၏ ဟု ယူခြင်း တပါး, အာကာသာနဉ္စာယတနပြဟ္မာဘုံသို့ ရောက်မှသာ အတ္တဘောသည် ပြတ်၏ ပျောက်၏ ပျက်၏ ဟု ယူခြင်း တပါး ဝိညာဏဉ္စာယတနဘုံသို့ရောက်မှသာ အတ္တဘောသည် ပြတ်၏ ပျောက် ပျက်၏ ဟု ယူခြင်း တပါး, အာကိဉ္စညာယတနဘုံသို့ ရောက်မှသာ အတ္တဘောသည် ပြတ်၏ ပျောက်ပျက်၏ ဟု ယူခြင်း တပါး, နေဝသညာ နာသညာယတနဘုံသို့ရောက်သော ခန္ဓာချုပ်မှသာ အတ္တဘောသည် ပြတ်၏ ပျောက်ပျက်လေတော့၏ ဟု ယူခြင်း တပါး, ဤကား ဥစ္ဆေဒဝါဒ ၇-ပါး၏ အကျဉ်းပြ အဓိပ္ပါယ်တည်း။

## ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅-ပါး အဓိပ္ပါယ်ကား

အာရုံငါးပါး ကာမဂုဏ်တရားများကို ခံစားရသဖြင့် ထိုကာမဂုဏ်အစုဘို့၌ အလွန်ဘဝမက်မောသည်ဖြစ်၍ ဤ ပစ္စုပ္ပန်၌ပင် အတ္တဘောသည် မြတ်သော နိဗ္ဗာန်သို့ရောက်သည် မည်ပေ၏ဟု ဆိုခြင်း ယူခြင်းတပါး, ပထမဈာန်ကို ရ၍ ထို ဈာန်ချမ်းသာကို ခံစား၍နေရခြင်းသည် သာလျှင်

ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်ရသည်ဟု ဆိုခြင်း ယူခြင်း တပါး, ဤအတ္တဘောသည် ဒုတိယဈာန် ရ၍နေရခြင်းသည်သာလျှင် ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်ရ၏ဟု ဆိုခြင်း ယူခြင်း တပါး, ဤအတ္တဘောသည် တတိယဈာန်နှင့်ပြည့်စုံ၍ နေရခြင်းသည် သာလျှင် ဒိဋ္ဌဓမ္မနိဗ္ဗာန် ဟု ဆိုခြင်း ယူခြင်း တပါး, ဤအတ္တဘောသည် စတုတ္ထဈာန်နှင့် ပြည့်စုံ၍နေရခြင်းကိုသာ ဒိဋ္ဌဓမ္မနိဗ္ဗာန်ဟု ဆိုခြင်း ယူခြင်း တပါး, ဤကား ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅-ပါး၏ အကျဉ်းပြ အဓိပ္ပါယ်တည်း။

ဤသို့လျှင် သဿတဝါဒ ၄-ပါး၊ ဧကစ္စသဿတဝါဒ ၄-ပါး၊ အန္တာနန္တိကဝါဒ ၄-ပါး၊ အမရာဝိက္ခေပဝါဒ ၄-ပါး၊ အဓိစ္စသမုပ္ပန္နဝါဒ ၂-ပါး၊ သညီဝါဒ ၁၆-ပါး၊ အသညီဝါဒ ၈-ပါး၊ နေဝသညီ နာသညီဝါဒ ၈-ပါး၊ ဥစ္ဆေဒ ဝါဒ ၇-ပါး၊ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅-ပါး ပေါင်း ၆၂-ပါး သော မိစ္ဆာဒိဋ္ဌိ ဖြစ်သတည်း။

## ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိသရုပ်ကို အကျဉ်းချုပ် မှတ်ရန် ဆောင်ပုဒ်များကား

၁။ ဘဝတသိန်း၊ တကိန်းဆယ်ကပ်၊ တရပ်လေးဆယ်၊ တသွယ်ကြံဘန်၊ မြဲယူပြန်၊ လေးတန် သဿတ။ "ဤကား သဿတဒိဋ္ဌိ ၄-ပါးတည်း။

၂။ ရဟေပြယ္ဗွာ၊ ခိဍ္ဍာပဒေါ၊ မနောပဒေါသိ၊ တက္ကီတဘို၊ လေးယောက်တို့က၊ အချို့မြဲ၊ အချို့မြဲ၊ ယူစွဲဧကစ္စ။ "ဤကား ဧကစ္စသဿတဒိဋ္ဌိ ၄-ပါးတည်း"

၃။ လောကဆုံး ရှိ၊ ဆုံးမရှိနှင့်၊ ရှိမရှိတည်း၊ ရှိလည်း မဟုတ်၊ မရှိလည်းမဟုတ်၊ သချုပ်သချာ၊ ဤလေးဖြာ၊ အန္တာ နန္တိက။ "ဤကား အန္တာနန္တိကဒိဋ္ဌိ ၄-ပါးတည်း"

၄။ အသူတရား၊ မေးစစ်ပြောသော်၊ မှသားကြောက် ပြန်၊ ဥပါဒါနိလန့်၊ မေးအံ့ကိုထိပ်၊ မိုက်မဲစိတ်ဖြင့်၊ တဆိတ် မတည်၊ ဖြေကြားသည်၊ လေးလီ ဝိက္ခေပ။ "ဤကား အ မရာဝိက္ခေပဒိဋ္ဌိ ၄-ပါးတည်း"

၅။ သည်သတ်မှ၊ ရတိကျနှင့်၊ ကြံဆယူမှု၊ ကြောင်း ကင်းရှု၊ နှစ်ခု အဓိစ္စ။ "ဤကား အဓိစ္စသမုပ္ပန္နဒိဋ္ဌိ ၂-ပါး တည်း။

**တဆဲ့ရှစ်ခု ရှေ့ဦးရှု ယူမှုပုဗ္ဗန္တ**

၆။ အတ္တရုပ်ရှိ၊ ရုပ်မရှိနှင့်၊ ရှိမရှိတည်း၊ ရှိလည်းမဖြစ်၊ မရှိလည်း မဖြစ်ဘိ၊ ရတိနောက်ရှည်၊ အမြဲတည်၊ သညီ စတုက္က။

၇။ အတ္တဆုံးရှိ၊ ဆုံးမရှိနှင့်၊ ရှိမရှိတည်း၊ ရှိလည်းမ ဖြစ်၊ မရှိလည်း မဖြစ်ဘိ၊ ရတိနောက်ရှည်၊ အမြဲတည်၊ သညီ စတုက္က။

၈။ အတ္တဘောမှာ၊ သညာအတူ၊ တမူထူးခြား၊ နည်း များ ရှိဘိ၊ ရတိနောက်ရှည်၊ အမြဲတည်၊ သညီစတုက္က။

၉။ အတ္တဘောမှာ၊ ချမ်းသာတနဲ၊ ဆင်းရဲတဖုံ၊ နှစ်ပါး ရုံဖြစ်၊ နှစ်ပါးလွတ်ဘိ၊ ရတိနောက်ရှည်၊ အမြဲတည်၊ သညီ စတုက္က။

စတုလေးလီ၊ ပေါင်းလိုက်ပြီ၊
သညီဝါဒ၊ သောဋ္ဌသ။

"ဤကား သညီဝါဒ ၁၆ ပါးတည်း"

၁၀။ သညီဝါဒ၊ အစရှစ်ချက်၊ ရုတ်ထက်ရှိ၊ မြဲ၏အညွှာ သညာမရှိ၊ ယူဘိအတည်၊ အသညီ၊ တလီ ရှစ်ဝါဒ။ "ဤကား အသညီဝါဒ ၈-ပါးတည်း"

၁၁။ ၎င်းရှစ်ဖြာ၊ နည်းတူစွာဖြင့်၊ သညာတသီး၊ ရှိလည်း မရ၊ မရှိလည်းမရ၊ နေဝသညီ၊ နာသညီ၊ တလီ ရှစ်ဝါဒ။ "ဤကားနေဝသညီ နာသညီဝါဒ ၈-ပါးတည်း"

၁၂။ လူနတ် ရူပါ၊ အာကာ,ဝိညာ၊ အာကိဉ္စနှင့်၊ နေဝ ဆင့်ကောက်၊ ခုနှစ်ယောက်၊ ပြတ်ပျောက် ဥစ္ဆေဒ။ "ဤကား ဥစ္ဆေဒဒိဋ္ဌိ ၇-ပါးတည်း"

၁၃။ ပဉ္စကာမ၊ ပ,ဒု,တနှင့်၊ စတုတ္ထဈာန်၊ ဤငါးတန်၊ ယူပြန်ဒိဋ္ဌ၊ နိဗ္ဗာန။ 'ဤကား ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅-ပါးတည်း'
လေးဆဲ့လေးခု၊ နောက်ဒွန့်ရှု၊ ယူမှုပရန္တ။

ဆဲ့ရှစ်ပုဗ္ဗန်၊ ပရန်လေးလေး၊ တွက်ရေးသချာ၊ ပေါင်းလိုက်ပါ၊ မိစ္ဆာဒွါသဋ္ဌိ။
သုတ်သီလက္ခန်၊ ကျမ်းဂန်ပါဋ္ဌိ၊ လာရှိသချပ်၊ အကျဉ်းချုပ်၊ ဆောင်ပုဒ်ပြီး နိဋ္ဌိ။

ဤတွင် ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိသချပ်
အပြီးတည်း။

## သုတ္တန်လာ ယုံမှားခြင်း ၁၆-ပါး ဟူသော်ကား

၁။ အဟောသိံ နုခေါ အဟံ အတီတမဒ္ဓါနံ။
၂။ နနုခေါ အဟောသိံ အတီတမဒ္ဓါနံ။
၃။ ကိံနုခေါ အဟောသိံ အတီတမဒ္ဓါနံ။
၄။ ကထံနုခေါ အဟောသိံ အတီတ မဒ္ဓါနံ။
၅။ ကိံ ဟုတွာ ကိံ အဟောသိံ နုခေါ အဟံ အတီတမဒ္ဓါနံ။ "ဤကား အတိတ်ကိုစွဲ၍ဖြစ်သော ငါးပါးတည်း။

၁။ ဘဝိဿာမိ နုခေါ အဟံ အနာဂတမဒ္ဓါနံ။
၂။ နနုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ။
၃။ ကိံနုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ။
၄။ ကထံနုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ။
၅။ ကိံ ဟုတွာ ကိံ ဘဝိဿာမိ နုခေါ အဟံ အနာဂတမဒ္ဓါနံ။ "ဤကား အနာဂတ်ကို စွဲ၍ဖြစ်သော ငါးပါးတည်း"

(၁) အဟံ နုခေါ သ္မိံ၊ (၂) နနုခေါ သ္မိံ၊ (၃) ကိံနုခေါ သ္မိံ၊ (၄) ကထံနုခေါ သ္မိံ၊ (၅) အယံနုခေါ သတ္တော ကုတော အာဂတော၊ (၆) သော ကုဟိံ ဂါမီ ဘဝိဿတိ, ဤကား ပစ္စုပ္ပန်ကို စွဲ၍ဖြစ်သော ခြောက်ပါးတည်း။

**အနက်ကား** အဟံ၊ ငါသည်။ အတီတမဒ္ဓါနံ၊ လွန်လေပြီးသော ကာလ၌။ အဟောသိံ နုခေါ၊ ဖြစ်ဘူးလေပြီလော။

အတီတမဒ္ဒါနံ၊ လွန်လေပြီးသောကာလ၌။ နနုခေါ အဟောသိံ၊ မဖြစ်ဘူးလေသလော။ အတီတမဒ္ဒါနံ၊ လွန်လေပြီးသောကာလ၌။ ကိံနုခေါ အဟောသိံ၊ အဘယ်သို့သောသူ ဖြစ်ဘူးလေသနည်း။ အတီတမဒ္ဒါနံ၊ လွန်လေပြီးသောကာလ၌။ ကထံနုခေါ အဟောသိံ၊ အဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်ဘူးလေသနည်း။ အတီတမဒ္ဒါနံ၊ လွန်လေပြီးသော ကာလ၌။ ကိံ၊ အဘယ်သို့သော သူသည်။ ဟုတ္ဝာ၊ ဖြစ်ပြီး၍။ ကိံ၊ အဘယ်သို့သောသူသည်။ အဟောသိံနုခေါ၊ ဖြစ်ဘူးလေသနည်း။ ဤကား အတိတ် ငါးပါးတည်း။

အဟံ၊ ငါသည်။ အနာဂတမဒ္ဒါနံ၊ အနာဂတ်ကာလ၌။ ဘဝိဿာမိ နုခေါ၊ ဖြစ်ရလတ္တံ့လော။ အနာဂတမဒ္ဒါနံ၊ အနာဂတ်ကာလ၌။ နနုခေါ ဘဝိဿာမိ၊ မဖြစ်ရလတ္တံ့လော။ အနာဂတမဒ္ဒါနံ၊ အနာဂတ်ကာလ၌။ ကိံနုခေါ ဘဝိဿာမိ၊ အဘယ်သို့သောသူ ဖြစ်ရလတ္တံ့နည်း။ အနာဂတမဒ္ဒါနံ၊ အနာဂတ်ကာလ၌။ ကထံနုခေါ ဘဝိဿာမိ၊ အဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်ရလတ္တံ့နည်း။ အနာဂတမဒ္ဒါနံ၊ အနာဂတ်ကာလ၌။ ကိံ၊ အဘယ်သို့သောသူသည်။ ဟုတွာ၊ နောင်ဖြစ်လတ္တံ့ ဖြစ်၍။ အဟံ၊ ငါသည်။ ကိံဘဝိဿာမိ နုခေါ၊ အဘယ်သို့သောသူ ဖြစ်ရလတ္တံ့နည်း။ ဤကား အနာဂတ်ငါးပါးတည်း။

အဟံ၊ ငါသည်။ အသ္မိံနုခေါ၊ ဟုတ်ပါလေ၏လော။ နောနုခေါ အသ္မိံ၊ မဟုတ်လေသလော။ ကိံ၊ အဘယ်သို့

သောသူသည်၊ အသွင် နှင့်ခေါ၊ ငါဖြစ်လေသနည်း၊ ကထံ၊ အဘယ်သို့သော အခြင်းအရာအားဖြင့်၊ အသွင်နှင့်ခေါ၊ ငါဖြစ်လေသနည်း၊ အယံ သတ္တော၊ ဤငါဖြစ်သော သတ္တဝါ အတ္တဘောသည်၊ ကုတော၊ အဘယ်ဘဝမှ၊ အာဂတော နှင့်ခေါ၊ လာခဲ့လေသနည်း၊ သော၊ ထို ငါဖြစ်သော သတ္တဝါ အတ္တဘောသည်၊ ကုဟိံဂါမီ၊ အဘယ်ဘဝသို့ လားရလတ္တံ့သည်၊ ဘဝိဿတိ နှင့်ခေါ၊ ဖြစ်ရလိမ့်မည်နည်း၊ ဤကား ပစ္စုပ္ပန် ခြောက်ပါးတည်း၊ ပေါင်း ၁၆-ပါးတည်း။

## မြန်မာလိုသက်သက် ရေတွက်သောကား

၁၊ ငါသည် ရှေး၌ ဖြစ်ဘူးလေပြီလော။
၂။ ငါသည် ရှေး၌ မဖြစ်ဘူးလေသလော။
၃။ ငါသည် ရှေး၌ အဘယ် အမျိုးအနွယ်အားဖြင့် ဖြစ်ဘူးလေသနည်း။
၄။ ငါသည် ရှေး၌ အဘယ် အဆင်းသဏ္ဌာန် အားဖြင့် ဖြစ်ဘူးလေသနည်း။
၅။ ငါသည် ရှေး၌ အဘယ်သို့သောအဖြစ်က အဘယ်သို့သော အဖြစ်၌ ဖြစ်ခဲ့ဘူးလေသနည်း။

## ဤကား အတိတ်ကာလ၌ ယုံမှားခြင်း ငါးပါးတည်း။

၁၊ ငါသည် နောင်၌ ဖြစ်လတ္တံ့လော၊
၂၊ ငါသည် နောင်၌ မဖြစ်လတ္တံ့လော။
၃၊ ငါသည် နောင်၌ အဘယ်အမျိုးအနွယ်အားဖြင့် ဖြစ်ရလတ္တံ့နည်း၊

၄။ ငါသည် နောင်၌ အဘယ်အဆင်းသဏ္ဌာန်အားဖြင့် ဖြစ်ရလတ္တံ့နည်း။
၅။ ငါသည် နောင်၌ အဘယ်သို့သော အဖြစ်က အဘယ်သို့သောအဖြစ်၌ ဖြစ်ရလတ္တံ့နည်း။

**ဤကား အနာဂတ်ကာလ၌ ယုံမှားခြင်း ငါးပါးတည်း။**

၁။ ငါသည် ယခု ဖြစ်ဆဲဟုတ်လေသလော။
၂။ ငါသည် ယခု ဖြစ်ဆဲမဟုတ်လေသလော။
၃။ ငါသည် ယခု အဘယ် အမျိုးအနွယ်အားဖြင့် ဖြစ်လေသနည်း။
၄။ ငါသည် ယခု အဘယ်အဆင်း သဏ္ဌာန် အားဖြင့် ဖြစ်လေသနည်း။
၅။ ငါသည် ယခု အဘယ်ဘဝက လာခဲ့ရသနည်း။
၆။ ငါသည် ယခု အဘယ်ဘဝသို့ သွားရမည်နည်း။

**ဤကား ပစ္စုပ္ပန်ကာလ၌ ယုံမှားခြင်း ခြောက်ပါးတည်း။**

ဤ တဆဲ့ခြောက်ပါးသော ယုံမှားခြင်း တို့တွင် အတိတ်ကာလ၌ဖြစ်သော ယုံမှားခြင်း ငါးပါးအရ **ပထမ အချက်ကား** သဿတအခြင်းအရာကိုမှီ၍ ဖြစ်၏။ **ဒုတိယအချက်ကား** အကြောင်းကင်းသော အဓိစ္စသမုပ္ပန္နကိုမှီ၍ ဖြစ်၏။ **တတိယအချက်ကား** မင်း, ပုဏ္ဏား, စသော အမျိုးအနွယ် ပဋိသန္ဓေဖြစ်သော ဇာတိလိင်ကို မှီ၍ဖြစ်၏။ **စတုတ္ထ** အ

ချက်ကား အဖြင့်,အနိမ့် အရှည်, အတို စသော သဏ္ဌာနာကာရကို မှီ၍ဖြစ်၏။ **ပဥ္စမအချက်ကား** အဆင့်ဆင့် ဆက်၍ ဖြစ်သော ဇာတ် စသည်ကို မှီ၍ဖြစ်၏ ဟု မှတ်၊

အနာဂတ်ကာလ၌ ဖြစ်သော ယုံမှားခြင်း ငါးပါးအရ **ပဌမ အချက်ကား** သဿတအခြင်းအရာကို မှီ၍ဖြစ်၏၊ **ဒုတိယ အချက်ကား** ဥစ္ဆေဒဒိဋ္ဌိကို မှီ၍ ဖြစ်၏၊ **တတိယ အချက်ကား** လူမင်း, နတ်မင်း စသော ဇာတိလိင်ကို မှီ၍ ဖြစ်၏။ **စတုတ္ထအချက်ကား** ဒီဃရဿ စသော သဏ္ဌာနာကာရကို မှီ၍ ဖြစ်၏။ **ပဥ္စမ အချက်ကား** အဆင့်ဆင့် ဆက်၍ဖြစ်သော ဇာတ် စသည်ကို မှီ၍ဖြစ်၏။

ပစ္စုပ္ပန်ကာလ၌ဖြစ်သော ယုံမှားခြင်း ငါးပါးအရ **ပဌမ အချက်ကား** သဿတ သဏ္ဍာယ အခြင်းအရာကိုစွဲ၍ ဖြစ်၏၊ **ဒုတိယအချက်ကား** ဥစ္ဆေဒ သဏ္ဍာယအခြင်းအရာကို စွဲ၍ဖြစ်၏။ **တတိယအချက်ကား** အမျိုးအနွယ်ကိုမှီ၍ဖြစ်၏။ **စတုတ္ထအချက်ကား** ဒီဃ,ရဿ စသော သဏ္ဌာနာကာရကို မှီ၍ဖြစ်၏၊ **ပဥ္စမအချက်ကား** လာရာဂတိကို မှီ၍ ဖြစ်၏၊ **ဆဋ္ဌမအချက်ကား** သွားရာဂတိကို မှီ၍ဖြစ်သည် ဟု မှတ်။

ဤ ပစ္စုပ္ပန်၌ဖြစ်သော ယုံမှားခြင်း ခြောက်ပါး တို့တွင်လည်း စတုတ္ထအချက်ကိုပြရာ အရှည် အတိုဆိုသော်လည်း ကိုယ်သဏ္ဌာန်၏ အရှည် အတိုကို ဆိုသည် မဟုတ်၊ ပစ္စုပ္ပန် ကိုယ် သဏ္ဌာန်ကို မျက်မှောက်တွင်ဖြစ်၍ မသိသည် မရှိရ

ကား ယုံမှားဘွယ် မရှိချေ။ ထိုကိုယ်တွင်း၌ ရှိသော အသက်ဇီဝကိုသာလျှင် အရှည်လော အတိုလော လေးထောင့်လော ခြောက်မြှောင့်လော ရှစ်မြှောင့်လော တဆဲ့ခြောက်မြှောင့်လော ဟု ယုံမှားလေ၏။ ဤကား သမ္ဗာသဝသုတ်အဋ္ဌကထာ မဟာဋီကာတို့ အဓိပ္ပါယ်အထူးတည်း။

ဤကား ၁၆-ပါးသော ယုံမှားခြင်းတို့ကို မူလပဏ္ဏာသပါဠိတော် သမ္ဗာသဝသုတ်၌ ဟောတော်မူ၏။

## အဘိဓမ္မာလာ ယုံမှားခြင်း ဝိစိကိစ္ဆာ ၈-ပါး ဟူသောကား

(၁) ဗုဒ္ဓေ ကင်္ခတိ။ (၂) ဓမ္မေ ကင်္ခတိ။ (၃) သံဃေ ကင်္ခတိ။ (၄) သိက္ခာယ ကင်္ခတိ။ (၅) ပုဗ္ဗန္တေ ကင်္ခတိ။ (၆) အပရန္တေ ကင်္ခတိ။ (၇) ပုဗ္ဗန္တာပရန္တေ ကင်္ခတိ။ (၈) ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု ကင်္ခတိ။

**အနက်ကား** ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ ကင်္ခတိ၊ ယုံမှား၏။ ဓမ္မေ၊ တရားတော်၌၊ ကင်္ခတိ၊ ယုံမှား၏။ သံဃေ၊ သံဃာတော်၌။ ကင်္ခတိ၊ ယုံမှား၏။ သိက္ခာယ၊ သိက္ခာသုံးပါး၌။ ကင်္ခတိ၊ ယုံမှား၏။ ပုဗ္ဗန္တေ၊ ရှေးအဘို့၌။ ကင်္ခတိ၊ ယုံမှား၏။ အပရန္တေ၊ နောက်အဘို့၌။ ကင်္ခတိ၊ ယုံမှား၏။ ပုဗ္ဗန္တာပရန္တေ၊ ရှေးအဘို့ နောက်အဘို့၌။ ကင်္ခတိ၊ ယုံမှား၏။ ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နေသု၊ ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ကုန်

သော။ ဝါ၊ အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော။ ဓမ္မသု၊ သဘောတရားတို့၌။ ကင်တိ၊ ယုံမှား၏။

## မြန်မာလိုသက်သက် ရေတွက်သော်ကား

(၁) ဘုရား၌ ယုံမှားခြင်း၊ (၂) တရား၌ ယုံမှားခြင်း၊ (၃) သံဃာ၌ ယုံမှားခြင်း၊ (၄) အကျင့်သိက္ခာ၌ ယုံမှားခြင်း၊ (၅) သံသရာ၏ ရှေ့စွန်း၌ ယုံမှားခြင်း၊ (၆) နောက်စွန်း၌ ယုံမှားခြင်း၊ (၇) ရှေ့စွန်း နောက်စွန်း နှစ်ပါးစုံ၌ ယုံမှားခြင်း၊ (၈) ပဋိစ္စသမုပ္ပါဒ်တရား၌ ယုံမှားခြင်း၊ ပေါင်း ၈ပါးသော ယုံမှားခြင်းကို ဓမ္မသင်္ဂဏီပါဠိတော်၌ ဟောတော်မူ၏။

## အကျဉ်းချုပ်လက်ဝ ဆောင်ပုဒ်ကား

၁။ ငါသည်ဖြစ်ဘူး၊ မဖြစ်ဘူးတသွယ်၊ ဘယ်နွယ် မျိုးရင်း၊ ဘယ်ဆင်းသဏ္ဌာန်၊ ဆင့်ဆက်ပြန်၊ ငါးတန် ရှေးယုံမှား။

၂။ ငါသည်ဖြစ်လတ္တံ့၊ မဖြစ်လတ္တံ့ တသွယ်၊ ဘယ်နွယ်မျိုးရင်း၊ ဘယ်ဆင်း သဏ္ဌာန်၊ ဆင့်ဆက်ပြန်၊ ငါးတန် နောင်ယုံမှား။

၃။ ငါသည်ဖြစ်ဆဲ၊ မဖြစ်ဆဲတသွယ်၊ ဘယ်နွယ် မျိုးရင်း၊ ဘယ်ဆင်းသဏ္ဌာန်၊ ဘယ်ထံကလာ၊ ဘယ်သွားမှာ၊ ခြောက်ဖြာ ခုယုံမှား။

၄။ ရှေးငါး နောင်ငါး၊ ခုခြောက်ပါးနှင့်၊ ယုံမှားယွင်း
ဖေါက်၊ ရေတွက်ကောက်၊ ဆဲ့ခြောက်သုတ္တန်လာ။

၅။ ဘုရား တရား၊ သံဃာအားဖြင့်၊ သုံးပါး သိက္ခာ၊
သံသာရှေ့စွန်း၊ နောက်အစွန်းနှင့်၊ အစွန်း နှစ်ရပ်၊
သမုပ္ပါဒ်မှန်၊ ယုံမှားပြန်၊ ရှစ်တန် ဘိဓမ္မာ။

ယုံမှားခြင်း ပြီး၏။

———o———

## ဆုတောင်းခန်း

၁။ ကာမောဃထဲ၊ လယ်မြဲလယ်သော်။
ချစ်ရ မက်ရ၊ ရှက်လှပြီနော်။
ပေါင်းရ ကောင်းမှု၊ တောင်းဆုရည်ရော်။
မဂ်စခန်း အထက်တန်း၊ တက်လှမ်းရစေသော်။

၂။ ဘဝေါဃထဲ၊ လယ်မြဲ လယ်သော်။
လားရ ရောက်ရ၊ ကြောက်လှပြီနော်။
ပေါင်းဆု ကောင်းမှု၊ တောင်းဆု ရည်ရော်။
မဂ်စခန်း အထက်တန်း၊ တက်လှမ်းရစေသော်။

၃။ ဒိဋ္ဌောဃထဲ၊ လယ်မြဲလယ်သော်။
စွဲရလမ်းရ၊ ပင်းလှပြီနော်၊
ပေါင်းရ ကောင်းမှု၊ တောင်းဆုရည်ရော်။
မဂ်စခန်း အထက်တန်း၊ တက်လှမ်းရစေသော်။

၄။ အဝိဇ္ဇော ဿ ဿထဲ၊ လယ်မြဲလယ်သောင်၊
လွဲရ မှားရ၊ များလှပြီနောင်၊
ပေါင်းစုကောင်းမှု၊ တောင်းဆုရည်ရော်၊
မဂ်စခန်း အထက်တန်း၊ တက်လှမ်းရစေသော်၊

ဤတွင် ဟောပုံကျမ်း ပထမတွဲ

# ပြီးပြီ

———o———

ကြည့်ကြပ် ရိုက်နှိပ်သူ
ဆရာတော်ဘုရား၏ တပည့်ရင်း

ကြောင်ပန်း ကျမ်းစာအုပ်ဆိုင်ရာ
**တာဝန်ခံ**

နယ်လှည့် ကြောင်ပန်းဓမ္မကထိက
**အသျှင်ဇနိန္ဒ**
ခင်မကန်-မန္တလေး။

**ဒုတိယတွဲ ထွက်ပေါ် လာပါပြီ**

ဆက်လက် ကြည့်ရှုတော်မူကြပါ။

## ဒိဋ္ဌိပြုတ်လမ်း ဟောပုံကျမ်း

## ဓမ္မကထိက အရှင်ဇနိန္ဒ နောက်ထပ်ကြည့်ရှု၍

## အမှားအမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၀ | ၆ | အမိပ္ပါက် | အမိပ္ပါယ် |
| ၁၃ | ၁၉ | ပြောလေ့ ပြောတာ | ပြောလေ့ ပြောထ |
| | | ဟောလေ့ ဟောတာ | ဟောလေ့ ဟောထ |
| ၄၂၆ | ၁၉ | အနုတ္တအနေနှင့် | အတ္တအနေနှင့် |
| ၂၉ | ၁၀ | ကြုံထိုက်တဲ့အခါ | ကြုံကြိုက်တဲ့အခါ |
| ၃၁ | ၂၃ | မသေသေး ပါရိုးလား | မသေ သေပါရိုးလား |
| ၃၅ | ၂ | လွှမ်းမိုခါရှိသေး | လွှမ်းမိုးခါရှိသေး |
| ၅၂ | ၁၀ | လတ်ရသည်ကို | လာဘ်ရသည်ကို |
| ၃၀ | ၀ | အဇ္ဈတ္တသဏ္ဍာန် | အဇ္ဈတ္တသန္တာန် |
| ၀၃ | ၀ | ကာယဝိဉာဏ် | ကာယဝိညာဏ် |
| ၀၉ | ၅ | ဘယ်ငွောနသို့ | ဘယ်ဌာနသို့ |
| ၉၄ | ၁၅ | ဝရဇီရ | ဝဇီရ |
| ၁၁၆ | ၂၁ | ပြေပြန်နိုင်ဘို့ | ပြောပြနိုင်ဘို့ |
| ၁၂၆ | ၁၀ | စမ်းသန်း | စန်းသပ် |
| ၁၃၂ | ၂၂ | တင်ပါဘုရား | ထင်ပါဘုရား |
| ၁၄၄ | ၃ | နိဗ္ဗာန်ကို | နိဗ္ဗာန် နိဗ္ဗာန် |
| ၁၆၂ | ၆ | ကျောက်ခဲ့ အောက်ဆွဲ | ကျောက်ခဲမှန် အောက်ဆွဲ |
| ၁၆၃ | ၁၀ | တွယ်လိုတ် | တွယ်လိုက် |
| ၁၆၆ | ၁ | ကိုယ်ယ်ရလို့ | ကိုယ်ရယ်လို့ |
| ၁၆၆ | ၁၆ | ဘွာခနဲ | ဘွားခနဲဖြစ် |
| ၁၇၀ | ၆ | အသက်ပျောက် | ကိုယ်ပျောက် |
| ၁၇၀ | ၁၀ | ဩလောကန | ဥလ္လောကန |
| ၂၁၁ | ၁၀ | ဘင်ကား | သင်ကား |

# ဝိပဿနာလူထုသတိ

## အမှားကို ရှောင်၍ အမှန်ကို ဆောင်ကြကုန်လော

**ဝိပဿနာလူထုကြီး မျှော်လင့်တောင့်တ
နေကြသည့်အတိုင်း**

ဤစာအုပ်များကို စက္ကူချော ရောင်စုံချပ်ထူဖုံးနှင့်
(အသျှင်ဇနိန္ဒ)ကိုယ်တိုင် ကြည့်ကြပ်ပြင်ဆင်၍
ရိုက်နှိပ် ပြီးပါပြီ

၁။ ကျေးဒူးရှင် ပဌမ ကြောင်ပန်းဆရာတော်ဘုရားကြီး၏ ဝိပဿနာ ခြောက်ခေါင်ဘွဲ့ကျမ်း။

၂။ ကျေးဒူးရှင် ကြောင်ပန်း ဦးတိဿ ဆရာတော်ဘုရား၏ ဒိဋ္ဌိပြုတ်လမ်းဟောပုံကျမ်းပထမတွဲနှင့်ဒုတိယတွဲ။

၃။ ကြောင်ပန်းတောရ မအူကျွန်း ဦးနန္ဒိယသရေး ခန္ဓာ[illegible] ဟောစဉ်ကျမ်း။

၄။ အသျှင်ဇနိန္ဒ၏ ဟောပုံ ဝိပဿနာဂုဏ်ရည်။

**အောက်ပါဌာနများတွင် ရနိုင်ပါသည်။**

မုံရွာမြို့ စံပြကွက်သစ်ရပ် ကြောင်ပန်းဓမ္မာရုံအနီး
ဝွန်ပျံယက္ကန်းရုံ ဒေါ်ညိမ်းမြ-မအုန်း။

မန္တလေးမြို့ ဈေးချို(စီ)ရုံ ဆိုင်နံပါတ်၊ ၃၈-၃၉၊
ဇမ္ဗူမိတ်ဆွေ ပိဋကတ်စာအုပ်ဆိုင်
ဦးရချမ်းကြွယ်နှင့် သားသမီးများ

မန္တလေးမြို့ ဈေးချို(စီ)ရုံ ဆိုင်နံပါတ် ၁၄-၁၅-၁၆
သမ္မဂ်လာစာအုပ်ဆိုင်